www.burmeseclassic.com



# မဟူရာ

(သွိုင်ကော်)

## နွမ်းလျဖြေမဆည်

အသစ်စက်စက်(အစ/အဆုံး)

www.burmeseclassic.com

www.burmeseclassic.com

# မဟူရာ(လှိုင်ကော်)

## နှမ်းလျှဖြေမခသည်


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၁၃၀၅၀၄

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၀၈၀၅၀၅

၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ

အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET

အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# မဟူရာ

## (ညှိုင်ကော်)

နွမ်းလျှမြမဆည်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

ချစ်စံအိမ် တူတူဆောက်ကာပ
ချစ်ပန်းလျှာ တူတူခူးပါလို့
ချစ်စကားတွေ တူတူပြောချေမပေါ့
တနေ့နေ့ ညင်းလေနှမှာလ
ကန်ရေပြာ ရွှေကြာရွက်တွေ ကြားမှာပြင့်
ချစ်ခြင်းလှေလှော်ကာ ခတ်မယ်လို့
မှန်းဆကာ မျှော်လင့်နေမိခဲ့လေသမျှ
(ခုတော့ကွယ် ...)
ပြော် ...
နှမ်းလျပြေမဆည် ... ။ ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

"လေးလေးတလဲ ... ဟိုဘက်ခြံကလူတွေ ပြောင်းလာတာ ခန့်လေးကိုလဲ ပြောမပြဘူး ..."

"ဟ .. သူတို့ဘာသာ ပြောင်းလာတဲ့ကိစ္စ ... ဘာထူးလို့တဲ့တုံး .. ပြောင်း .. ပြောင်းလာပေါ့ကွ ..."

"ကောင်လေး တစ်ယောက်လောက်ရော မပါဘူးလား လေးလေးရ .. ဘောလုံးကန်ရအောင် .."

"မြင့်ပေါင် မောင်ရော .. အဲဒီမှာ ကောင်မလေးတစ်ယောက်တော့ ပန်းခြံထဲ ဆော့နေတာ မြင်ရတယ်မောင် .. မင်းနဲ့ ဘောလုံးကန်ဖော်ရမယ့် ကောင်လေးတစ်ယောက်တော့ ပါမလာတာ အမှန်ပဲ .. မင်းပဲ အဲဒီကောင်မလေးနဲ့ အိုးပုတ်တမ်း ဆော့ချင်ဆော့ရမှာ .."

"ကျွတ် .. အဲဒါမှ အဆင်မချောတာကြီး ဖြစ်နေရော .."

စိတ်ပျက်လက်ပျက်လေး သူ ညည်းခိုက် လေးလေးသော် သူ့ကို တစ်ချက်ကြည့် ရယ်သည်။ ကားကပေါ်တီကိုကြီး အောက်မှာရပ်ပြီ။ လေးလေးသော် ညည်းတတ်သည့် လေသံမျိုး

www.burmeseclassic.com

www.burmeseclassic.com



ကိုလိုက်တုတုညည်းနေတိုင်း လေးလေးသော်ကတော့ ထိုသို့ရယ်တတ်စမြဲ။ သူ လွယ်အိတ်ကို စလွယ်သိုင်း လွယ်ထားလျက်ပုံဖြင့်ပဲ ကားပေါ်မှ ဆင်းသည်။ နက်ပြာရောင် ပုရာဒိုကားကြီးကတော့ လေးလေးသော်၏ အချစ်ခဲကြီး ဖြစ်တာမို့ တသသ ပွတ်တိုက်ထားလေသမျှ လက်တောက်နေသည်ပါပဲ။ ကားကြီးကိုချစ်သည့်နေရာမှာ ပိုင်ရှင်ထက်ဆိုးသည့် လေးလေးသော်ပါ။ သူ့လွယ်အိတ်ထဲမှ ခေါင်းထောင်ထွက်နေသည့် ပေတံအစွန်းလေးပင် ခြစ်မိသွားမှာမျိုးအထိ အကဲပိုသည့်အဖြစ်။ ခုလည်း ကားကိုနောက်ပြန်ပိတ်လိုက်သံက ကျယ်သွားတာမို့ ...

"ဟ .. ဖြည်းဖြည်း လုပ်ပါကွ .. ကားတံခါးပျက်တော့မှာပဲ .. ပစ္စည်းရိုသေစမ်းပါကွာ .. မင်းနှယ် .."

ဟုလှမ်း၍ ဥစ္စာခြောက်နှင့်နေပြီ ..။ သူကတော့ တစ်ဖက်ခြံကြီးကို လှမ်းကြည့်မိဖြစ်၏။ ခြံကတော့ နာမည်လေးလှလှနှင့် ရှိသည်ပါပဲ ..။ ကျောင်းသွား ကျောင်းပြန် ထိုခြံရှေ့က ကားဖြတ်မောင်းရတာမို့ ရွက်နုဝေ ဆိုသည့် အမည်လှလှလေးကို သူ သဘောကျသည်။ လေးလေးသော်ကတော့ ထုံးစံအတိုင်း ကိုယ့်ပစ္စည်းချည်းပဲ အကောင်းပြောတတ်သည့် အကျင့်ကြီးက ရှိနေတာမို့ ကြာရိပ်မြိုင်ဆိုသည့် ကိုယ့်ခြံအမည်ကိုပဲ ပိုလှသည်ဟု ပြောတတ်ပါ၏။ သူကတော့ နှစ်ခုစလုံးကို ကြိုက်သည်။ ဖေဖေနှင့်မေမေ အမည်ပေးထားပါသည့် ကြာရိပ်မြိုင်ကိုလည်း ကြိုက်သည်။ တစ်ဖက်ခြံက လူသစ်တွေ၏ခြံအမည်လှလှလေးဖြစ်သည့် ရွက်နုဝေကိုလည်း ကြိုက်သည်။ ဘာတဲ့ .. ရွက်နုဝေ ..။ လန်းသစ်သော အမည် ..။ ရွက်နုလေးတွေ ဝေနေသည်ဆိုခြင်းကိုက



လန်းသစ်ခြင်းနှင့် တိုးတက်ခြင်းကို ဖော်ညွှန်းသည်ပဲ ..။ ကဗျာတွေ စာတွေ ဖတ်ရတာ နှစ်သက်မြတ်နိုးသည့် သူ့နှလုံးအိမ်အတွင်းမှာ နူးညံ့သော အတွေးလှလှလေးတွေက နေရာယူယူနေတတ်သည်မှာလည်း အမှန်ပါ။ ခြောက်တန်းကျောင်းသား သူ့ကိုတော့ လေးလေးသော်က ချာတိတ်လေးတစ်ယောက်လို မြင်နေတတ် .. နောက်နေတတ်ပါ၏။ ဒါပေမဲ့ .. သူကတော့ .. သူ့ကိုယ်သူ သိပ်မငယ်လှတော့ပြီဟု လူကြီးတစ်ယောက်၏ စတိုင်လေးကို ဖမ်းချင်ဖမ်းနေတတ်သည့် တည်ကြည်ခန့် ဖြစ်နေပြီ ..။ ဥပမာ .. တစ်ဖက်ခြံကို ပြောင်းလာသည့် လူသစ်တွေက အိမ်သစ်တက်ပွဲတွေ ဘာတွေများ ဖိတ်ပြုလာလျှင် သူ့ကိုပါ တက်ရောက်ဖို့ ဖိတ်ကြားခံရတာမျိုး ဖြစ်ချင်သည်။

အဝတ်သစ်တွေ ဘာတွေဝတ်၍ ထိုအိမ်သစ်ပွဲကို တက်ချင်သည်။ ဟိုမှာကျွေးတာ မွေးတာတွေကို စားချင်သည်။ ပြီးတော့ လူကြီးတွေ၏ လက်ဖက်ဝိုင်းမှာ ဝင်ရောထိုင် စားသောက်နေရင်းဖြင့် လူကြီးတွေ ပြောဆိုသည့် စကားတွေကို ငြိမ်သက်စွာထိုင်ရင်း စိတ်ဝင်စားစွာ နားထောင်နေသည့် ကောင်လေးတစ်ယောက်အဖြစ် လူကြီးစတိုင်လေး ဖမ်းချင်သည်။

ဒါပေမဲ့ .. ဩော် .. ဒါပေမဲ့ .. တစ်ဆက်တည်းမှာလည်း ဘောလုံးကန်ချင်တာ ..။ လူတွေကို နောက်ပြောင်ရွှတ်နောက်ချင်တာတွေကလည်း ငယ်ကျင့်ထဲမှာ ရှိနေသည့် စရိုက်တွေအဖြစ် မြဲတည်နေပြန်ပါသည့်အဖြစ်။

ခုကိစ္စက .. ဟိုဘက်ခြံမှာ ကောင်လေးတစ်ယောက်ရှိ ..။ ကောင်မလေးပဲ ရှိသည်တဲ့ ..။

www.burmeseclassic.com

www.burmeseclassic.com



ရေကူးကန်လှလှပြာပြာလေးလည်း ရှိလျက် ..။ လှပသော ပန်းဥယျာဉ်နှင့်အတူ ကားဂိုဒေါင်သီးသန့်ဖြင့် နှစ်ထပ်တိုက် အဆောက်အအုံလှလှကြီးက ခေတ်မီမီဖြင့် ရှိနေသည်။ ထိုအဆောက်အအုံသစ်ကြီးကို စတင်တည်ဆောက်နေကတည်းက သူ စိတ်ဝင်တစားဖြင့် ကြည့်ကြည့်နေတတ်ခဲ့ဖူးပါ၏။ ပြောင်းလာမည့်သူတွေသည် သဘောကောင်းကြသူများ ဖြစ်ကြလျက် .. သားတစ်ယောက်လည်း ရှိနေသူများ ဖြစ်နေပါစေ .. ဟုလည်း ဆုတောင်းမိတတ်သည်။ ဒါပေမဲ့ .. ခုတော့ .. ထိုဆုတောင်းက မပြည့် ..။

"ဘာလဲ .. အိုးပုတ်တမ်းဆော့ဖို့ ကောင်မလေးကို လှမ်းချောင်းနေတာလား .."

"အို .. ဘာလို့ အိုးပုတ်တမ်း ဆော့ရမှာလဲ ခန့်လေးက .. မိန်းမလျှာမှ မဟုတ်တာ .."

"ဟဲ ဟဲ ဟဲ .."

"ဘာလဲဗျ .. မရယ်နဲ့ဗျာ .."

"ဟ .. ရယ်တာများ .. မင်းခွင့်ပြုချက် ယူရမှာလား ငါက .. ကဲ .. ရယ်တယ်ကွာ .. ရယ်တယ်ကွာ .. ဟဲ ဟဲ ဟဲ .. ဟဲ ဟဲ ဟဲ .."

ဟု အရမ်းရယ်နေတော့ သူ မျက်မှောင်ကုတ်လာသည်။ အလကားနေရင်း ရယ်မောမဆုံး လုပ်ပြနေတာကို သူ မသက်သာချင် ..။ တစ်ခုခုတော့ အကြောင်းရှိနေပြီ ..။

"ကောင်မလေးက ချောတယ်ကွ .. အဟဲ .."



ဟု ပြောရယ်နေတော့မှ သူ သဘောပေါက်လာသည်။

"ဘာလဲ .. သူက ချောတာနဲ့ .. ခန့်လေးက .. အဖော်လုပ်ချင်နေမယ်လို့များ ထင်နေလား .. လုံးဝပဲ .. ခန့်လေးက .. ဘောလုံးကန်ဖော်ပဲ လိုချင်နေတာ .. မေမေက .. ဘောလုံးကွင်းသွားကန်တာကိုလဲ မကြိုက်ဖူး .. ပေးမသွားဘူး .. သိပ်ခက်တာပဲ .. ခြံနီးချင်းလေး ရှိပါတယ် .. အဆင်ကြီးကိုက မချောဘူး ဖြစ်နေတယ် .."

ဟု ပြောပြီး သူ ခေါင်းခါတော့ လေးလေးသော် ရယ်သည်။ ဒီလောက်ကြီး ရယ်နေတော့ သူ မျက်မှောင်ပိုကုတ်လာလျက် ..

"ဘာလဲဗျ .. ရယ်စရာလဲ မပါဘဲနဲ့ .. အလကားနေရင်း ရယ်နေတာပဲ၊ လေးလေးသော် ဒီလောက် ပျော်နေတာ .. ဟိုအကိုခြံမှာ အပျိုချောလေး ပါလာသလား .."

"ပါပါစေလို့ ဆုတောင်းနေတာကွ .. အဟက် .. ဟက် .. မင်းကွာ .. ဘောလုံးမကန်ရလို့ ဘာဖြစ်လဲကွာ .. အပေါင်းအသင်းဆိုတာ ဖွဲ့တတ်ရင် အဆင်ချောပါတယ် .. ကဗျာတွေ စာတွေ ဆွေးနွေးဖော်ရတယ်မှတ်ပေ၊ ငါလို .. မင်းမေမေက .. ဘောလုံးကန်ရင်း ဘာရင်းနဲ့ .. ဒဏ်ရာရမှာကြောက်ရ ဘာရနဲ့ .. ကိုယ့်ခြံထဲ တစ်ယောက်တည်းသော အတော်ဆုံး ဘောလုံးသမားအဖြစ် မင်းက ရှိရှိနေရပြီး ငါက .. အကောင်းဆုံးသော ဂိုးသမားအဖြစ် ရှိနေရတဲ့ ဝဋ်က ငါလဲစေးရသပေါ့မောင် .."

www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း သူက ဘောလုံးကန် ..။ လေးလေးသော်က ဂိုးဖမ်း ..။ ညနေဘက် ထိုသံသရာမှာပဲ ရှိနေရတော့ လေးလေးသော်လည်း ပျင်းရနေချေမည်သာ။ ငြီးငွေ့ရှာချေမည်သာ ..။

"ဟဲ့ .. ဒီနစ်ယောက် အိမ်ထဲကို မဝင်ကြဘူး .. ဘာလုပ်နေကြတာလဲ၊ ခန့်လေးရေ .. ဒီနေ့တော့ သားအတွက် ဒေါ်ကြီး ခေါက်ဆွဲသုပ်ထားတယ် သိလား .. လာ .."

ဟု ဒေါ်ကြီးအေး လက်သုတ်ပဝါနှင့် လက်သုတ်နေရင်း အပြင်လိုက်ထွက်လာမှ သူ အိမ်ထဲဝင်ဖြစ်ပါ၏။

ဖေဖေနှင့် မေမေ အပြင်သွားနေကြသည်တဲ့ ..။ ဒေါ်ကြီးအေးက စကားတပြောပြောဖြင့် မီးဖိုဘက်ကို လျှောက်လာတော့ ကျောင်းဝတ်စုံကို မလဲဖြစ်သေးဘဲ သူနောက်မှ ခုန်ပေါက်လိုက်လာသည်။ ခေါက်ဆွဲသုပ်ကို သူ ကြိုက်သည်။ အထူးသဖြင့် ဒေါ်ကြီးအေး၏ ပုစွန်ခြောက်နိုင်နိုင်ဖြင့် သုပ်သော ခေါက်ဆွဲသုပ်ကို သူ ပို၍ကြိုက်သည်။ မနက်က သူပူဆာခဲ့တာမို့ သူ့ကိုချစ်သော ဒေါ်ကြီးအေး ခမျာ .. သူ ကျောင်းပြန်ချိန်မှာ စားရဖို့ လုပ်ထားပေးရှာသည်ပါပဲ ..။

"ငရုတ်သီးလှော်မှုန့်တွေ သိပ်မထည့်နဲ့နော် ကလေး .. ဒါက .. သားထပ်ထည့်စားချင်ရင် စားနိုင်အောင် ပုစွန်ခြောက်လှော်မှုန့်ဘူးလေး .. ကဲ .. စား .. စား .."

သူ ... ထမင်းစား စားပွဲမှာ လက်ထောက်၍ အသင့်စောင့်နေသည်က စားဖို့ သောက်ဖို့ပါ။ ရေနွေးကြမ်းဖန်ခွက်ကလည်း လက်ဖက်ခြောက်ကို နှမ်းနှင့်ရောလှော်ထားသည့်



လက်ဖက်ခြောက်နံ့လေး တမွှေးမွှေးဖြင့် ရှိနေပြီ ..။ ဒေါ်ကြီးအေး ချပေးသည့် ခေါက်ဆွဲသုပ်ပန်းကန်ကို သူ ခပ်ပေါ်ပေါ် လှမ်းယူရင်းမှ ...

"လေးလေးသော်ရော စားပြီးပြီလား ဒေါ်ကြီး .."

"သူလား .. လက်နှေးမှာ .. စားပြီးပါ့ .. သားရဲ့ဖေဖေနဲ့ မေမေလဲ အပြင်မသွားခင် စားသွားကြပါတယ် .. သား ဖေဖေ မိတ်ဆွေတစ်ယောက်ရဲ့ အိမ်သစ်တက်ပွဲတဲ့ .. ဖိတ်ထားလို့ .. သားရဲ့ ဖေဖေနဲ့ မေမေ သွားကြလေရဲ့ .. ညနေဘက်ဆိုတော့ .. ဟိုမှာ .. နေကြပေဦးမှာပေါ့ .. မနက်က .. အဲဒီအိမ်မှာ အိမ်သစ်တက်ပွဲအတွက် အရဏ်ဆွမ်း ကပ်သေးတယ်လေ .. သား ဖေဖေနဲ့ မေမေတို့ သွားကြသေးတာကောကွယ် .. ခုက .. သူတို့ရဲ့ ရင်းနှီးကြတဲ့ ကုမ္ပဏီလုပ်ဖော်ကိုင်ဖက်တွေကို ထပ်ဖိတ်တယ်ဆိုလား .."

ဟု ပြောလာတော့ သူ ခေါင်းခါသည်။ သူ့ကိုကျတော့ မဖိတ် ..။ သူကလည်း လူကြီးပွဲဆို တက်ချင်သည့်အမျိုး ..။ ဒါ .. မနစ်ကတည်းက .. ထိုရောဂါတက်နေခြင်းပါ .. သူ့ကိုယ်သူ .. ငါးတန်းလည်း တက်ရရော .. အလယ်တန်းကျောင်းသားကြီး ဖြစ်ပြီဆိုကာ စတိုင်တင်းနေသည်ဟု လေးလေးသော်ကတော့ ရယ်သလို မောသလိုဖြင့် နောက်တတ်စမြဲ ..။

"ဟိုဘက်ခြံကလူတွေရော .. ဖိတ်စာပို့ပြီးသွားဟင် .."

သူ စိတ်ဝင်စားစွာ မေးလာတော့ ဒေါ်ကြီးအေး လှမ်းကြည့်သည်။ သူ့ရောဂါကို သိထားတာမို့လည်း သနားနေပုံ

www.burmeseclassic.com



ရပါ၏။ သူ့လိုကလေးတစ်ယောက်ကို ဘယ်သူက တကူးတက ကြီး လာခဲ့ပါ .. ဟု ဖိတ်ပါမည်လဲ .. ဟု တစ်ခါတုန်းကတော့ ဒေါ်ကြီးအေး ပြောဖူးသည်လေ ..။ ဒါပေမဲ့ .. သူကတော့ .. အဝတ်ကောင်းဝတ်လျက် ဖေဖေ့ဘေးမှာ ဖေဖေ့သားအဖြစ် လိုက်ရတာမျိုးကို သဘောကျသည်။ တစ်ခါပဲ ထိုပွဲမျိုးကို တက်ရဖူးသည်။ ဖေဖေ့သူငယ်ချင်း ဒေါက်တာဦးကျော်မင်း၏ မွေးနေ့ပွဲပါ ..။ မေမေလည်း ပါသည်။ သူလည်း ပါသည်။ အန်ကယ်ကျော်က အိမ်၏မိသားစုဆရာဝန် ဖြစ်နေတော့ သူ့ကိုလည်း ချစ်သည်။ သူ့ကိုပါ ခေါ်လာခဲ့ဖို့ တရရမှာသည်။ ဒါကြောင့် သူရောက်ခဲ့ရခြင်း ..။

ဆိုကတည်းက .. ဖိတ်စာတစ်ခုခုတွေ့တိုင်း သူလိုက်ခွင့်ရချေမည်လားဟု ဖေဖေနှင့် မေမေ့ကို မေးကြည့်တတ်စမြဲ ..။ ဖေဖေက .. ဒါ .. ကလေးကိစ္စလား ... ဟု ပြောတတ်လျက် ..။ မေမေကတော့ ထုံးစံအတိုင်း သူ့ဆံပင်လေးတွေကို ဖွဖွသပ်ပေးကာ ..

"သား ကြီးလာတဲ့အခါ .. ဖေဖေ့လုပ်ငန်းတွေ လုပ်ရချိန်မှာ ငြီးငွေ့လောက်အောင်ကို .. အဲ့သလို .. ပွဲတွေတက်နေရမှာ .."

ဟု ပြောတတ်ပါ၏။ သူ .. ဖေဖေ့လို .. လုပ်ကိုင်ဖို့ဆိုတာက နှစ်တွေအများကြီး ကျန်နေသေးသည်ပဲ ..။ သူက .. ဖေဖေ့ဘေးမှာ ဖေဖေ့သားအဖြစ် လိုက်ရတာ .. လူတွေက ..

"ဟာ .. ကိုမြတ်မင်းရဲ့သားက .. လူချောလေးပဲ .. အဖေ တူလေးဗျ .."



"ငါးတန်း ရောက်နေပြီလေ .. စာတော်တယ် .. အင်ဂျင်နီယာလဲ ဖြစ်ချင်သတဲ့ .."

ဟု သူများတွေက သူ့ကို လူချောလေးအဖြစ် ပြောချိန်မှာ ဖေဖေက ရယ်မော၍ ထိုသို့ ကြွားတတ်ခဲ့တာကို .. အန်ကယ်ကျော်၏ မွေးနေ့ပွဲမှာ တစ်ခါပဲ တိုးဖူးခဲ့သည့်နောက်မှာ ဖေဖေ့သားအဖြစ် ဖေဖေ့နောက် လိုက်ချင်သည့် ရောဂါသည် ပို၍ပို၍ ရင့်လာခဲ့သည့် အဖြစ်။

အန်ကယ်ကျော် မွေးနေ့မှာ လူတော်တော်များများက .. သူ့ကို ဖေဖေ့သား အဖြစ် ဂရုတစိုက်ကြည့်ကာ ချီးကျူးခဲ့ကြသည် မဟုတ်ပါလား ..။ ထိုအခါတွင်မှ .. ဖေဖေသည် စီးပွားရေးလောကမှာ လူတွေ၏ လေးစားအထင်ကြီးခြင်းကို ခံရသည့်သူဆိုတာ သူ ပို၍ နားလည်လာခဲ့ရသည်။ မေမေ့ကိုလည်း ဖေဖေ့ဇနီးအဖြစ် လူတွေက အရမ်းကို ဂရုတစိုက် ရှိခဲ့ကြတာ ..။ မေမေ့အလှကို ဖွင့်ဟ၍ ချီးကျူးကြသည့် အမျိုးသမီး တော်တော်များများနှင့် မေမေသည်လည်း ရယ်မော၍ တရင် တနီး စကား ပြောခဲ့ကြတာတွေကို သူ ကြုံခဲ့ရသည် မဟုတ်ပါလား ..။

ခုလည်း .. တစ်ဖက်ခြံက အိမ်သစ်တက်ပွဲတစ်ခုဆို .. သူ စိတ်လှုပ်ရှားစွာဖြင့် မျှော်လင့်စိတ် ဖြစ်လာမိရသည်က .. ဤအိမ်ကိုတော့ .. သူ လိုက်ပါခွင့် ရနိုင်သည် ..။ ဟုတ်သည်။ ရနိုင်သည်။ ဘာကြောင့်ဆို .. အိမ်ချင်းကပ်နေသည်လေ ..။ ခြံချင်းကပ်သည့် အိမ်ပေမို့ .. သူ .. ဝတ်ကောင်းစားလှဖြင့် ဖေဖေ့သားအဖြစ် ဘေးမှာလိုက်ပါခွင့်ဆိုသည့် အခွင့်အရေးကို ရနိုင်သည်။ ဒါပေမဲ့ .. ခက်သည်က .. ထိုအိမ်က အန်ကယ်ကျော်လို အိမ်ရှင်

www.burmeseclassic.com

www.burmeseclassic.com



မျိုးမှ မဟုတ်ချေပဲလေ ..။ သူ့ကို မသိသည့် လူကြီးတစ်ယောက်က .. သူ့ကိုဖိတ်ဖို့ကိစ္စ .. ရှိလာနိုင်ပါ့မည်လား ..။

"ရေချိုးတော့မယ်ဗျာ .."

ဖိတ်စာရောက်တာ မရောက်တာကိုပင် ဒေါ်ကြီးအေး မဖြေဘဲ ရှိနေတော့ သူစိတ်မာတ်ကျလျက် ပြောပြီး စား၍လည်း ကုန်ပြီဖြစ်ပါသည့် ခေါက်ဆွဲသုပ်ပန်းကန်ကို သူ ကိုယ်တိုင်သွား ဆေးသည်။ ဤသည်ကတော့ မေမေ့စည်းကမ်း။ ကိုယ့်ပန်းကန် ကိုယ်ဆေး ..။ အိမ်မှာ အပုလေးရှိမေမဲ့ .. အပုလေး မဆေးရ ..။ ကိုယ်စားသည့် ပန်းကန်ကိုပင် မဆေးချင်သည့် ကောင်လေးတစ် ယောက်အဖြစ် အကျင့်ပါသွားမှာကို မေမေ စိုးရိမ်သည်တဲ့ ..။ လောလောဆယ် အပုလည်းကိုလည်း မမြင်ရ ..။ ဘယ်ရောက် နေသည် မသိ ..။ ခြံနောက်ဖေးများ ရောက်နေသည်လား ..။ ခြံထဲမှာ ဒေါ်ကြီးအေး၏ မီးဖိုချောင်စိုက်ခင်းလေး ရှိသည်လေ ..။ ရေတ်စိမ်းပင်လေးတွေ ..။ မုန်ညင်းခင်းလေးတွေ ..။ ပူစီနံခင်း .. နံနံခင်းလေးတွေ ရှိသည်။ ပဲတိုင်ထောင်ပင် တချို့လည်း ရှိသည် ဘာပဲဖြစ်ဖြစ် ..။ ဒေါ်ကြီးအေး၏ စိုက်ခင်းလေးက ပေါင်းရှင် ရှင်းနှင့် အခင်းလေး လှနေတတ်သည်ပါပဲ ..။

သူ လှေကားထစ်တွေကို နင်းဖြတ်တက်လာနေရင်း မှ စိတ်ဓာတ်ကျနေသည်။ အထူးသဖြင့် ကစားဖော်မရတော့ ဆိုသည့် အသိကြောင့် ဖြစ်နေတာ ဖြစ်ရမည်။

စားခဲ့သည့် ခေါက်ဆွဲသုပ်ထဲမှာ ထပ်၍ဖုန့်ခြော မှုန့်တွေ ဖြည့်စားဖို့ပင် ဤတစ်ခေါက်မှာ သူ မေ့နေသည်ပဲ .. တစ်ယောက်တည်း ကစားဖော်မဲ့ရပါသည့် တစ်ဦးတည်းသော



သားတွေ၏ အဖော်မဲ့ ဝေဒနာနှင့် အဖော်မက် ခံစားမှုတွေကို သူ့လို တစ်ဦးတည်းသော သားတွေသာလျှင် မှုဝေနားလည်ပေးကြ ချေလိမ့်မည် ..။ အံမယ် .. စိတ်ညစ်ညစ်ဖြင့် တွေးမိသည့်အတွေး ကို ပြန်၍ သဘောကျမိပြန်၏။ ဘာတဲ့ .. လှလိုက်သည့်အတွေး။ မျှဝေနားလည်ပေးကြချေလိမ့်မည်တဲ့ ..။ သူ .. ဖတ်ရသည့် ရုပ် တွေထဲက စာသားလေးများနှယ် လှလိုက်ပါသည့် အဖြစ် ..။

ထောင့်ဆုံးအခန်းသည် သူ့အခန်း ..။ သူ့အခန်းထဲ ဝင် ..။ လွယ်အိတ်ကို စားပွဲပေါ်တင် ..။ ပြတင်းအနီးမှာ သွား ရပ်မိသည်။ တစ်ဖက်ခြံကျယ်ကြီးကိုရော .. အိမ်ကြီးကိုရော .. သူမြင်နေရသည် ..။ သံပန်းခတ်ကာထားသော ခြံစည်းရိုးတစ်ဖက် ဆီမှ ခြံကျယ်ကြီး ..။ အထူးသဖြင့် ပန်းခြံလှလှနှင့် ရေကန်ပြာ ပြာက လှနေသည်။

နှစ်ထပ်အိမ်ကြီးကတော့ ခေတ်မီမီဖြင့် ပေါ်တီကို မြင့်မြင့်ကြီးနှင့် ပေါ်တီကိုမှာ တပ်ထားသော မီးဆိုင်းလှလှကြီး တွေ .. အလှဆင်စတီးလ်ခွေ ဂိုင်းဝိုင်းကြီးတွေဖြင့် အမြင်လှနေ သည်ပါပဲ ..။ မှန်ပြတင်းတွေကို ဖွင့်ထားသည် ..။ ခန်းဆီးပြာ ပြာတွေပင် တပ်ထားပြီးနေပြီ ..။ သူ ကျောင်းတက်ဖို့ ထွက်ခဲ့ ရသည့် မနက်ခင်းမှာတုန်းက ဤအိမ်ကြီးသည် တိတ်ဆိတ်စွာ ပြတင်းတွေပိတ်လျက် ကျန်ခဲ့ပါ၏။ ခုကျတော့ .. ပြတင်းတိုင်း ဖွင့်နေလျက် ခန်းဆီးပြာပြာတွေ တလွင့်လွင့်ဖြင့် လှနေပြီ ..။ ပြောင်းလာသည်မှ မကြာရသေး ..။ အားလုံး အသားတကျ ဖြစ်တောင်းချိန်လေးအတွင်းမှာ ပြီးစီးနိုင်ခဲ့ပြီ ဆိုကတည်းက .. အလုပ်သမားတော့ နိုင်နိုင်ရှိချေမည် ..။ ထိုသို့ပဲ သူ တွေးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာတာကတော့ သိသာနေသည်ပါပဲ ..။ ခန်းဆီးပြာပြာတွေသည် ထူထဲသော အအိစတွေ မဟုတ်ပါလားလေ ..။

ခြံထဲမှာ လူသူ မမြင်ရသေး ..။ အဆုံးစွန် ဥယျာဉ်မှူးဆိုတာမျိုးကိုပင် ပန်းခြံထဲမှာ မမြင်ရသေး ..။ ကြည့်ရတာ .. အားလုံး အိမ်ထဲရောက်နေတာ ဖြစ်မည်။ အိမ်ထဲမှာအားလုံးဝိုင်းလုပ်ကိုင်နေကြတာ ဖြစ်မည်။ လူကုန်တက်ကုန် လုပ်နေကြရေမည်ပေါ့။ အိမ်သို့ ပြောင်းလာသည့် နေ့ပေကိုးလေ ..။

ခြံထဲမှာ ကောင်မလေး ဆိုတာကိုလည်း မတွေ့ရသေး ..။ လေးလေးသော်ပြောသည့် အထဲမှာတော့ ကောင်မလေးတစ်ယောက် ဆော့နေတာကို မြင်ခဲ့ရသည်တဲ့။ တော်တော်ချောသည့် ကောင်မလေးတဲ့ ..။ တော်တော်ချောသည့် ကောင်မလေးသည် တော်တော်ရွှာသည့် ကောင်မလေး ဖြစ်နေလျှင်တော့ .. သူနှင့်ပို၍ မျက်နှာကြော တည့်မည်မဟုတ် ..။ ခပ်အေးအေးနေသည့် ကောင်မလေး ဆိုလျှင်တော့ .. လေးလေးသော် ပြောနည်းအတိုင်းပြောရမည်ဆိုလျှင် စာလေးဘာလေး ဆွေးနွေးနိုင်ချေဦးမည် ..။

ဩော် .. ဒါပေမဲ့ ..။ ထိုစဉ်က .. သူသည် ... သူ့ဘဝမှာ .. ယွန်းငွေယုန် ဆိုသည့် ကောင်မလေးတစ်ယောက်သည် .. အရေးပါသော နေရာတစ်ခုမှာ .. ရပ်တည်စေနိုင်ဖို့အတွက် .. ထိုရွှက်နုဝေ .. ဆိုသည့် အိမ်ကြီးကို ပြောင်းရွှေ့ရောက်ရှိလာချေသည်တကား မသိနိုင်ခဲ့သည့်နှယ် ..။

သူ့ဘဝမှာ .. တမ်းတကြေကွဲမှုများကို .. တစ်နေ့မှာ အပ်နှင်းခဲ့ချေမည့် ယွန်းငွေယုန် ဖြစ်နေချေလိမ့်မည်ဟုလည်း မမျှော်လင့်နိုင်ခဲ့ပါချေသည်ကောလေ .. ..။



သိခဲ့ချေလျှင်ကော ..။ ဩော် .. သိခဲ့ချေလျှင်သော်မှ .. ထိုဘဝကို .. သူ .. ဘယ်တော့မှ .. ရှန်းထွက်ပြင်းပယ်ရက်နိုင်ခဲ့ချေမည်မဟုတ် ဆိုတာကို .. သူ .. ပြောင်းရွှေ့ရောက်လာချိန်မှာ .. ခံစားကြေကွဲနေသည့်သူတစ်ယောက်အဖြစ် .. ရှိနေရင်း .. သိနေသည့် တည်ကြည်ခန့် ဆိုသည့် သူတစ်ယောက်၏ အနာဂတ်က .. ကြိုတင်သိနှင့်နေခဲ့ပါချေလိမ့်မည်သာ ဖြစ်ဘား ..။

ထိုနေ့ကတော့ .. တည်ကြည်ခန့် ဆိုသည့် ချာတိတ်လေးတစ်ယောက်သည် .. ပြတင်းပေါက်တွင် ဂဏန်းဝါးလေးတွေ ဖေးတင်ရင်း ခြံကျယ်ကြီးကို ငေးမောကြည့်နေစဉ်မှာ .. အိမ်သစ်တက်ပွဲတစ်ခုကို တက်ချင်စောကြီးနေသည့် .. ကလေးတစ်ယောက်အဖြစ်သာ ရှိခဲ့ရချေသည်ပဲ ...။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

"ဟော … လေးလေးသော် ဖမ်းမမိဘူး … ဂိုးပြီ …"

မြက်ခင်း၏ တစ်ဖက်မြေကွက် နေရာလေးမှာ ဖိနပ်တစ်ဖက်စီကို တစ်နေရာစီ ခြားထားလျက် ဂိုးတိုင်အဖြစ် သတ်မှတ်ကာ ခါးတောင်ကျိုက်လျက် ဂိုးသမားအဖြစ် ရှိနေပါသည့် လေးလေးသော်၏ မျက်နှာကြီး ရှုံ့ကျသွားသည်။ ဤမေ မှာ လေးလေးသော် ကံမကောင်း …။ ခုတစ်ခါ သူသွင်းလိုက်သည့် ဂိုးသည် လေးဂိုးမြောက်ဖြစ်နေသည်။

"နာမည်ပျက်တယ်ကွာ … ဒီလိုမလောက်လေး မလောက်စား ကောင်လေးက … ငါ့လိုလူကို လေးဂိုးတောင် သွင်းနိုင်တယ် ဆိုတာ ဘယ်လောက် ငါညံ့နေပြီဆိုတာ သိသာနေစေတဲ့ အဖြစ်ပဲကွ … ဒီတော့ကာ … ဒီနေ့ကစပြီး … မင်းကန်တဲ့ ဘောလုံးတွေကို ဖမ်းဖမ်းနေရတဲ့ ဂိုးသမားဘဝက ငါ အနားယူဖို့ ဆုံးဖြတ်တယ် … ဒီဆုံးဖြတ်ချက်ကို လုံးဝပြင်ဆင်ဖို့လည်း ငါ့မှာ စိတ်ကူးမရှိဘူး …"



"ဟာ … လေးလေးသော် မညစ်နဲ့ … လေးလေးသော် ဂိုးသမားမလုပ်လို့ ဘယ်သူလုပ်မှာလဲ … ဘာဘမြိုင်ကလဲ အသက်ကြီးနေပြီ … ဂိုးဖမ်းလို့ ဖြစ်မလားဗျ …"

သူ လက်မခံသလို ခေါင်းယမ်းပစ်ရင်းမှ ကျွတ်ခနဲ စုတ်သပ်သည်။

"အဲဒါမှ တကယ့်ကို အဆင်မချောတာကြီး ဖြစ်နေတော့မှာပဲ … မရဘူးဗျာ … ဂိုးစောင့် …"

"မစောင့်ဘူးကွာ … ကဲ … မင်းခြေထောက်လေးတွေ ဘောလုံးကန်တတ်ကတည်းက … ငါ့မှာ မင်းဂိုးသမား ဖြစ်နေရတာ … ဘယ်လောက်ကြာပြီလဲ … မင့်တစ်သက်ကွာ … နည်းသလား … ပျင်းတယ်ကွာ … ကဲ … အပြတ်အသိပေးလိုက်ပါရဲ့ … လုံးဝကို ဂိုးမစောင့်ဘူးကွာ … တိုင်ချင်ရင် … အစ်ကိုကြီးကို သွားတိုင် … ငါ့လက်ဆစ်တွေ နာနေလို့ပါလို့ … ပြောမယ်ကွာ … ကဲ …"

လေးဂိုးအသွင်းခံရတာကို မခံချင်တိုင်း အပြတ်ပြောသည့် လေးလေးသော်ကို သူ မျက်စိစွေ၍ ကြည့်သည်။ မျက်နှာက မှုန်တည်တည် ဖြစ်လာပြီ …။ ဒါပေမဲ့ လေးလေးသော် ကတော့ကို သိပ်မပြောရဲ …။ ပိုဆိုးမည်။ ထထွက်သွားလျှင်အခက် …။ ကြည့်။ ချွတ်ထားသော ဖိနပ်ကို သွားစီးနေပြီ …။ ခါးတောင်းကျိုက်ကိုလည်း ဖြေချကာ ပုဆိုးကို ဆန့်ဆန့်ရန့်ရန့် ဖြစ်အောင် ဝတ်နေပြီ …။ သူ ခါးလေးထောက်ပစ်ကာ …

"လေးလေးသော် … မညစ်နဲ့နော် … ဒါပဲ … ခန့်စိတ်ဆိုးရင် အဆိုးမဆိုနဲ့ … ဖေဖေ့ တိုင်မှာနော် …"

www.burmeseclassic.com

www.burmeseclassic.com



"တိုင်ကွာ.. ငါမှာ ဂိုးစောင့်နတ် ဖြစ်တော့မယ် .. တိုင် .."

ဘာမထိအချိုးဖြင့် လေးလေးသော် ပြန်ပြောကာ တကယ်လည်း သစ်ရိပ်အောက်မှာ သွားထိုင်သည်။ ဆေးပေါ့လိပ်ကို အိတ်ကပ်ထဲမှထုတ်၍ ဂက်စ်မီးခြစ် အပြာလေးကို ဟန်ပါပါ ထုတ်ကာ မီးညှိဖွာပြနေတော့ သူ ဒေါကန်လာသည်။ အဖော်မရှိ၍ညစ္စာ .. လေးလေးသော်က .. အရမ်းကို ဈေးကိုင်နေတော့ စိတ်ထဲခံပြင်းလာရရင်းမှ မျက်ရည်ဝဲတက်လာရပါသည့်အဖြစ်။ ဒီလို ဘောလုံးကန်ဝါသနာကြီးနေသည့် ကီစ္စကို .. နည်းနည်းလောက်တော့ နားလည်ပေးဖို့ ကောင်းသည်ပေါ့ ..။ မေမေကလည်း အပြင်ထွက်ကန်တာမျိုးကို ခွင့်မပြု ..။

"ဘောလုံးချည်းပဲ ကန်ချင်နေတာပဲ .. ပိုးကိုက တော်ရုံ ကြီးတဲ့ ပိုးမဟုတ်ဘူး .. ဂေါ်ဇီလာပိုး .."

လေးဂိုး အပြတ်အသွင်းခံရတာကို ကလေးနှင့်ဖက်၍ စိတ်ကောက်နေသည့် လေးလေးသော် ဆေးလိပ်တဖွာဖွာဖြင့် ထပ်ရှုတ်နေတော့ ဘောလုံးကို သူ ကောက်ကိုင်၍ တဘုတ်ဘုတ် မြေကြီးမှာပုတ်နေရင်း ခပ်ရှူးရှူး ကြည့်မိသည်။

ဘုန်းကျက်အပျက်နှင့် တကယ့်ကိုပဲ လေးလေးသော် ဂ.. ..ဘာပါကာ ငုံးဝကြီးကို ထွက်ဖို့ဆုံးဖြတ်လိုက်ပြီထင် ..။ ဘောလုံးကို ခပ်ရူးရူးတစ်ချက် သူ ငုံ့ကြည့်မိပြန်သည်။ လက်ထဲမှာရှိနေပြီဖြစ်သည့် ဘောလုံး ..။ ဒီလောက် ဝါသနာကြီးရပါသည့် ဘောလုံး ..။ စိတ်ထဲ ပေါက်လာရလျက် မြေပြင်ပေါ်ချ၍ ဖောင်ခနဲမြင်အောင် ကန်ထည့်ပစ်လိုက်တော့ လေးလေးသော်ပင် လန့်ခနဲ ဖြစ်သွားကာ လှမ်းကြည့်လာပါ၏။ မျက်နှာလေး ရဲနေပြီဖြစ်



သည့် သူ့ကိုကြည့်ရင်း သနားပုံဖြင့် ခေါင်းယမ်းပြန်သည်။ ခပ်လေးလေးထသည်။ တကယ်တမ်း သူ ဒေါကန်ခနမှန်း သိတော့လည်း သနားလာပုံရပါ၏။

"ကဲ .. သဘောကွာ .. သဘော .."

ဟု အလျှော့ပေးသံဖြင့်ပြောခိုက် ..၊ ကန်သည့်ဘောလုံးကဖြင့် တစ်ဖက်ခြံထဲထိ ကျော်လွန်ရောက်သွားပြီးနေပြီ ..။ အရှိန်ကလည်း ပြင်း ..။ အပေါ်ကြီးကိုလည်း မြောက်တက်သွားတာမို့ ဘောလုံးကတော့ တစ်ဖက်ခြံထဲ ရောက်သွားပြီးနေပြီ ..။

ဘောလုံးတို့ထုံးစံအတိုင်း ကျသည့်နေရာ မြေပြင်မှာ ငြိမ်နေတာမျိုး မရှိဘဲ ဆက်၍ အရှိန်ဖြင့် ကားထွက်သွားသည်မှ တစ်ဖက်ခြံကျယ်ကြီး၏ ပြာလဲ့လဲ့ရေကူးကန်အနီးမှ မြက်ခင်းစိမ်းပြန့်ပြန့်ကြီးပေါ်ရောက်မှ အရှိန်တန့်ကျသွားပါသည့် အဖြစ် ..။

သူ မျက်မှောင်တွန့်၍ လေးလေးသော်ကို ကြည့်သည်။ ရင်ထဲမှာက ဘောလုံးဖောကပ်နေပြီ။ လေးလေးကို စိတ်တိုစိတ်ကောက်ရင်း ကန်လိုက်မိသည် မဟုတ်ပါလားလေ ..။

"အဲဒါ လေးလေးကြောင့် ဖြစ်ရတာ .. လေးလေး ပြန်သွား ကောက်ပေး .. သား ဘောလုံး ပြန်ကောက်ပေး .."

ဟု စတင်၍ ဂျီကျတော့ လေးလေးသော် မျက်လုံးကြီးပြူး၍ ..

"ဟာ .. ဘယ်နှယ်လုပ် ငါက ခြံထဲသွားကောက်လို့ ဖြစ်မတုန်း ငါ့လူရ .. အဲဒါ .. သူများခြံကွ .. ဒီခြံထဲရှိနေလို့ကတော့ ဟိုမှာမြင်လား .. ဝိတောက်ပင်ပေါ်က ငှက်သိုက် .. နည်းတဲ့အမြင့်ကြီးလား ..

www.burmeseclassic.com



မဆီမဆိုင်တွေ ပြောနေသည့် လေးလေးသော်ကို သူ မျက်မှောင်လေး ပိုတွန့်ကွေးကြည့်မိရင်းမှ ပြုံးမြမြကြီး ကြည့်နေသည့် လေးလေးသော်၏ မျက်နှာကို ပို၍ အမြင်ရှုးချင်လာနေရပါပြီ ..။ ကိုယ့်မှာဖြင့် ဘောလုံးကိစ္စ ရင်ထဲမှာ သောကဖြစ်နေရချိန် လေးလေးသော်က ပီတောက်ပင်မြင့်ကြီးဆီက ငှက်သိုက်ကို လက်ညှိုးထိုးနေသည်။ ဒါ .. လေးလေးသော် စကားကြောင်းပြောင်းတာ ..။

ဒါကို သူ သိသည်။

"ဟာ .. ဘာဆိုင်လဲဗျ .. ထမင်းရေမှု လျှာလွှဲမလုပ်နဲ့ လေးလေးသော် .."

ဟု ပြောတော့ အယ်ခနဲ လေးလေးသော် အသံထွက်လာသည်။ ပြီးတော့ တဟဲဟဲ ရယ်သည်။ ရယ်တာကို ကြည့်မရပါ ဆိုချိန်ကျမှ လေးလေးသော်က တစ်ရယ်တည်း ရယ်နေသည့် အဖြစ်။

"အံမယ် .. ငါ့လူက .. ငါ့ပါးစပ်ထဲက စကားပုံတွေလဲ ယူယူသုံးနေတတ်သကိုးကွ .. အဟေးဟေး .. ဒါပေမဲ့ မောင် .. ဒီတစ်ခါပြောတဲ့ စကားက အဓိပ္ပာယ်ရှိပါတယ် ကောင်လေးရ .. ဒီလိုလေကွ .. အဟမ်း .. ခဏထိုင်စမ်းပါ ခန့်လေးရာ .. ငါ ရှင်းပြတာကို သေချာနားထောင်၊ မင်း လက်ခံလာရစေမယ် .. ကဲ .."

သူ စိတ်ကောက်နေမှန်း .. ဘောလုံးဇောကပ်နေမှန်း သိသည်ထင့် ..။ လေးလေးသော်မှ အချိန်ဆွဲလိုသဖြင့် ပိတောက်ပင်ကြီးအောက်မှာ ထိုင်လည်းထိုင်ချ ..။ သူ့ကိုလည်း အထိုင်



းနှင့် လုပ်နေတော့ သူ ရင်ထဲမဖြောင့် ..။ အကြည့်က တစ်ခြကျယ်ကြီးရှိ မြက်ခင်းပေါ်မှ ဘောလုံးဆီသို့ပဲ တရောက်ည်း ရောက်နေသည်။ ဘောလုံးက လွန်ခဲ့သည့် တစ်ပတ်ကမှ ဖေ ဝယ်လာပေးသည့် ဘောလုံးအသစ်လေး ..။ ဖွေးနေသည် ..။ ခုကျမှ .. ကိုယ့်ဘောလုံးက ပိုဖွေးပြီး ပိုပိုသစ်လာနေသည်ပြင် ခံစားလာရလျက် အနှမြောတိုးလာနေရပါပြီ ..။ သူခေါင်းမ်းကာ ..

"မထောင်ဘူးဗျာ .. မထိုင်ဘူးဗျာ .."

နှင့် ကန့်လန့်တိုက်သံ စတင်ပြုမိပြီ။ လေးလေးသော် းပေါ့လီပ်ကို ရှိုက်ဖွာပစ်လိုက်ပြီးမှ သူ့ကို တောင်းပန်သလိုကြည့်လာပါ၏။

"တောင်းပန်ပါတယ် ခန့်လေးရာ .. အဲဒါ သူများခြံကွ .. ငါ့ခြံထဲရှိတယ်ဆိုရင်ဖြင့် .. စောစောက ပြောပါရောလား .. မင်းကန့်ထည့်လိုက်တဲ့ ဘောလုံး အရှိန်ပြင်းပြီး ဟိုးအပေါ်ကို မြောက်တက် .. ဟိုအပေါ်က ငှက်သိုက်ပေါ် သွားတင်နေဦး .. ငါတက်ယူပေးပါတယ်ကွာ .. ခုဥစ္စာက .. သူများခြံကြီးကွ .. ပြီးတော့ .. သူတို့ကိုလဲ ငါက သိသေးတာ မဟုတ်ဘူး .. မျက်နှာစိမ်းတွေကွာ .. သူတို့မကြိုက်ရင် ဘယ်ကောင်းမလဲ .. ပြီးတော့ .. အပေါက်ဆိုးနေတဲ့သူတွေဆိုရင် .. ငါ အပြောခံ အငေါက်ခံရမှာကွ .. မင်းကျောင်းကပြန်လာတုန်းက ငါ့ပြောခဲ့သေးတယ် မဟုတ်လား .. အဲဒီမှာ အပျိုချောလေးလည်း ရှိချင်ရှိမှာဆို .. ငါက လူပျိုကြီးလေးကွာ .. အပျိုချောလေးက ငါ့လာစွာနေရင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နှယ်လုပ်မလဲ .. တစ်သက်လုံးရှက်နေရမှာနဲ့ သူ့ကို တောင် ငါ အသိဖွဲ့ရဲတော့မှာ မဟုတ်ဘူး .. အဲဒါဆို .. ငါ့အတွက် က .. လာဘ်ပိတ်တာပေါ့ ခန့်လေးရာ .. ဘောလုံးလေး တစ်လုံးပဲကွာ .. အစ်ကိုကြီးကို ပြန်ပူဆာ လိုက်ရင်ပြီးတာ ပဲ .. သူဌေးသားလေးရာ .. နှမြောမနေ စမ်းပါနဲ့ .."

ဟုတ်သော်ရှိ မဟုတ်သော်ရှိ .။ ဘောလုံး အကောက် လွတ်ဖို့အရေး ကြံဖန်ပြောနေပါသည့် လေးလေးသော်ပါ .။

"ဘာလို့ မနှမြောရမှာလဲ လေးလေးရ .. နေ .. မကောက် ပေးချင်နေ .. သားကောက်မယ် .. ခြံထဲမှာလဲ ဘယ်သူ့မှ မြင်ရတာ မဟုတ်ဘူး .. သားအာသာ သား ဘောလုံးပြန် ကောက်တာပဲ .. ခြံနီးချင်းပဲဥစ္စာ .. သူ့ပစ္စည်း ကိုယ့်ခြံ ဝင်ချင်လဲ ဝင်မှာပဲ .. သားဘောလုံး သူ့ခြံထဲရောက်ချင် လဲ ရောက်မှာပဲ .. နေ .. လေးလေး မကောက်ပေးချင်လဲ သဘောပဲ .. သားကတော့ .. သား ဘောလုံးအသစ်လေး နှမြောတယ် .."

ဟု ပြောလည်းပြော .။ တကယ်လည်း ခြံစည်းရိုးကို ကျော်ခွ၍ တစ်ဖက်ခြံထဲ ရောက်လည်း ရောက်သွားရသည်က တည်ကြည်ခန့်ပါ .။ အသက်လေးကလည်း ကလေးပေပဲမို့ ပစ္စည်းဖော်ဖြင့် အကြောက်လည်းမရှိ ဝင်ချသွားခြင်းပါ .။ ဆယ့် တစ်နှစ်အရွယ်ဆိုတာက ပစ္စည်းဖော်ပဲ ရှိသည်ကိုးလေ .။

ဖုတ်ခနဲ မြေပြင်ပေါ် ကျပြီးတာနှင့် ဘောလုံးရှိရာသို့ သုတ်ခြေတင် ပြေးစဉ်ခိုက် ..



"ဟိတ် .. ယူက .. ဘာသဘောနဲ့ .. သူန်လေးတို့ခြံထဲ ဝင်လာရတာလဲ .. ခွင့်မတောင်းဘဲ ဘာလို့ ဝင်ရတာလဲ .."

ဆိုသည့် စကားသံ စူးတူးတူးလေးကို ကြားလိုက် ရသည်နှင့် သူ သိလိုက်ပြီ .။ လေးလေးသော် ပြောသည့် ကောင် မလေးပဲ ဖြစ်ရမည်။ ဘယ်ထောင့် ဘယ်ချောင်ကများ ချောင်း နေသည် မသိ .။ သူ ခြံထဲရောက်လာမှ စူးလာသည့် အသံ .။ ဒါ .. တမင်ညစ်တာ .. ဟု စတင်၍ တွေးမိပြ .။ တကယ်ဆို .. ဘောလုံးကျသည့်ကိစ္စ .. မြင်လျှင်လည်း ကောက်၍ လာပေးနိုင် သည်ပဲ .။ ဒါဆို .. နစ်ယောက်စလုံး အသံပင် ဖွဲ့နေစရာမလို တော့။ အလိုလို .. ခင်ကြမင်ကြနှင့် ရှိသွားနိုင်သည့်ဥစ္စာ .။ ခုကျတော့ .. ကောက်မပေးသည့်အပြင် .. ခုပဲ .. လူခြံထဲရောက် လာချိန်ထိ စောင့်ဖမ်းသည့် သဘောမျိုးပင် ဖြစ်နေသေးသည့် အဖြစ် .။

သူ အသံလာရာကို ကြည့်လိုက်တော့ ရေကူးကန်၏ အရှေ့ဘက်မှာ ရှိနေသည့် အလှစိုက် စဉ့်ချည်သုတ်အိုးကြီး၏ တစ်ဖက်ဆီမှ ထွက်လာပါသည့် ကောင်မလေး .။ တောင်ထန်း ပင်ပေါက်ပေမို့ အလှစိုက်ပန်းအိုး စိမ်းမြမြနှင့် အရွက်ဝိုင်းကား ကားဖားဖားကြီးတွေဖြင့် ရှိနေပါသည့် တောင်ထန်းပင်ပုဝိုင်းကြီး ကြောင့် ကောင်မလေးကို မမြင်ခဲ့ရခြင်းပေပဲဟု တွေးဖြစ်သည်။ ကောင်မလေး .. တကယ့်ကို စောင့်ချောင်းနေခြင်းပေပဲဟုလည်း အမြင်ကတ်စိတ်ဖြင့် နားလည်လာမိရပြန်ပါ၏။

တော်တော် အကျင့်ပုပ်သည့် ကောင်မလေး .။ စိတ်ထဲက စေတနာတုံးမိရပြီ .။ ခပ်တည်တည်လျှောက်လာနေ

www.burmeseclassic.com

www.burmeseclassic.com



သည့် ကောင်မလေးကို မြက်ခင်းပေါ် ရပ်ရင်း သူ ခပ် တင်းတင်း ပြန်ကြည့်ပစ်လိုက်မိရပါပြီ ..။

တစ်ယောက်နှင့် တစ်ယောက် အလျှော့ပေးသည့် အကြည့်လည်း မရှိ ..။ မိတ်ဖွဲ့ကြည့်လည်း မရှိ ..။ အလျှော့မပေးသည့် အကြည့် ..။ ခေါင်းမာကြည့်တွေပဲ ရှိနေသည်။ သူ မသိမသာ နောက်ဘက်ကို တစ်ချက်ကြည့်မိတော့ ခြံစည်းရိုးအစပ်မှာရပ်၍ ပြုံးစိစိကြီး လုပ်ကြည့်နေသည့် လေးလေးသော်ကို မြင်ရတော့ ရင်ထဲပို၍ မခံချင် ..။

အစက .. ငါမပြောဘူးလား .. ဆိုသည့် အကြည့်မျိုးဖြင့် လေးလေးသော် ပြုံးစနဲ့နဲ့ လုပ်ကြည့်နေတာကို ပို၍မခံချင် ..။ ခုမှ လေပြည်လေးထိုး၍ ကောင်မလေးကို ချော့မော့တောင်းပန်ရလျှင် .. လေးလေးသော် .. ပို၍နောက်တော့မှာ သေချာသည်။ ဒေါ်ကြီးအေးကိုလည်း သွားပြောချဦးမည် ..။

ဒေါ်ကြီးအေး၏ ခန့်လေးက .. ကောင်မလေးတစ်ယောက်ကို .. ခခယယဖြင့် ကျကျနန .. တောင်းပန်ပြီး မျက်နှာချိုသွေး ပြန်လာခဲ့ရပါသည်ဟု ..။

သူ .. သိက္ခာကျမည် ..။ ခုအချိန်မှာ .. သူ .. ခပ်တည်တည် ရင်ဆိုင်ပြတာမျိုးကိုပဲ လုပ်ပြမှကို ဖြစ်မည် ..။

ပန်းရောင် ဂါဝန်ရှည်လေးဖြင့် ကောင်မလေးကတော့ အိမ်ပိုင်ရှင်စတိုင်လေးဖြင့် ခေါင်းမော့ ရင်ကော့၍ လာနေသည့် အချိုး ..။

..အသားလေး ဖြူဥဥနိုင်နေလျက် ဂျပန်ဆံတောက် နက်နက်နွဲ့နွဲ့လေးဖြင့် တကယ့်ကို ချောသည့် ကောင်မလေး ..။



မျက်လုံးလေးက မည်းနက်နေသည်။ မျက်ခုံးလေးကလည်း နက်ထင်းနေသည်ပါပဲ ..။ နှာခေါင်းချွန်လေးနှင့် တကယ့်ကို ဂျပန်မလေးနှင့်ပင် တူနေသေးသည့် ကောင်မလေး ..။ နှုတ်ခမ်းထူအိအိလေးကတော့ စူပုပ်ပုပ်နိုင်နေသည်။ အကျင့်ပုပ်သည့် လက္ခဏာပေပဲ .. ဟု သူ တွေးဖြစ်၏။ စူပုပ်နေသည့် နှုတ်ခမ်းလေးကိုသာ ပြုံးထားလျှင် အတော်လေးကို ချစ်ခင်ဖို့ ကောင်းနေသည့် ကောင်မလေးတစ်ယောက် ဖြစ်သွားနိုင်သည်။ ခုဥစ္စာကတော့ .. ရန်ဖြစ်ဖို့ လာနေသည့် ခပ်ဆွာဆွာ အချိုးပဲ ဖြစ်နေသည့်အဖြစ် ..။

ပိုးဂါဝန်ရှည် ပန်းရောင်လေးကြောင့် ကောင်မလေး၏ အရပ်လေးက ပို၍ရှည်နေသယောင် ထင်ရပေမဲ့ ပျောင်းနွဲ့နွဲ့လေး ဖြစ်နေသည့် ဤကောင်မလေးသည် သူ့ထက်တော့ အရပ်ပုနေသည်ဟုပဲ သူ ထင်သည်။ ကိုယ်ကိုပို၍ သူ မတ်လိုက်သည်။ ရင်ကိုကော့ထားလိုက်ကာ ခြေထောက်တွေကို ပို၍ ဖြောင့်ထားလိုက်မိရပါ၏။ ဒါမှ .. သူ့အရပ်က ကောင်မလေး အရပ်ထက်ပို၍ မြင့်သွားချေမည်ပေါ့ ..။ ကောင်မလေးထက် ပို၍ အသက်လည်းကြီးသယောင် ..။ ပို၍လည်း အရပ်မြင့်သယောင် လုပ်ထားရမည် ..။ ဒါမှ .. လိုအပ်လျှင် .. အသက်ကြီးသည့် ကောင်လေးတစ်ယောက်အဖြစ် ကောင်မလေးကို ငေါက်ပစ်နိုင်သည်လေ ..။

"ယူ .. ခွင့်တောင်းရမှာပေါ့ .. ဒီလို ခြံထဲအရမ်းဝင်လို့ရမလား .. အိမ်ထဲမှာ လူကြီးတွေ အိမ်ပြောင်းလာတဲ့နေ့မို့လို့ .. အလုပ်ရှုပ်နေကြတယ် .. သူတို့ကို .. ယူလှမ်းခေါ်လို့ မကြားနိုင်ရင်တောင်မှ .. ငွေယုန်ကတော့ .. အားနေတဲ့လူ ဆိုတော့ .. ကြားနိုင်တယ်လေ .. ယူ့တောလုံး

www.burmeseclassic.com

www.burmeseclassic.com



ကို .. ငွေယုန်လေးက .. ကောက်တောင် ကောက်ပေးနိုင်သေးတယ် .. ကူညီပေးနိုင်သေးတယ် .. ယူက .. စည်းကမ်းမရှိတဲ့သူပဲ .. သူများခြံထဲ ခုလိုကျော်ခွဝင်လာတယ်ဆိုတာ .. ခိုးဝင်တာပဲ သိလား .. ဒက်ဒီက ပြောတယ် .. စည်းကမ်းရှိရမယ်တဲ့ .. ခု .. ယူက .. စည်းကမ်းမရှိတဲ့သူပဲ .."

အံမယ် ..။ သူ့ဒက်ဒီက စည်းကမ်းရှိဖို့ ပြောသည်ဆိုတော့ ..။ ဖေဖေကတော့ သူ့ကို စည်းကမ်းရှိဖို့ မပြောတာကျ နေသည့်အဖြစ် ..။ တော်တော်ဆိုးသည့် ကောင်မလေး။ ဘာတဲ့ ..။ ယုန်လေးတဲ့ ..။ ငွေယုန်လေးတဲ့ ..။ တကယ့်ကို ဖြူကုပ်ကုပ်နှင့် ဖျားနေသည့် ယုန်ဖြူစုတ်လေးနှင့်ပင် တူနေသေးသည့်အဖြစ်။ ကြည့်ရင်း ကြည့်ရင်း ကောင်မလေးကို မေတ္တာတုံးတုံးလာနေရ သည်ပါပဲ ..။ ဘောလုံးလေး ခြံထဲဝင်ကောက်မိတာလေးကိုများ လေတကျယ် မိုးတကျယ်နှင့် ပုံကြီးများချဲ့လိုက်ပါသည့်အချိုး ..။

"ဟုတ်တယ် .. ဘောလုံးလေး ဝင်ကောက်တာပဲ .. ဘာ ဖြစ်လဲ .. ကလေးဆိုတာ .. ကလေးလိုပဲ နေမှာပေါ့ကွ .. သူ့ကိုယ်သူ ဆရာမကြီး ကျနေတာပဲ .. နင်က ငါ့ထက် တောင် ငယ်သေးတယ် .. ငါ့ကို ရိုရိုသေသေ ပြောသင့် တာပေါ့ .. ဘောလုံးကျလာတာ မြင်ရင်လဲ .. ကောက် ပေးပါလား .. ငါ ဘောလုံးကစားနေတာကို နင် အဲဒီ တောင်ထန်းပင်ဝန်းအိုးကြီးကကွယ်ပြီး ချောင်းကြည့်နေလို့ သာ .. ငါ့ဘောလုံး ကျလာတာကို မြင်ရတာပေါ့ .. ဘာ လို့ချောင်းကြည့်နေရတာလဲ .."



တုပြန်၍ သူကလည်း အညံ့မခံ ပြောချလိုက်မိရပြီ ..။ အခြေအနေက တစ်ယောက်နှင့်တစ်ယောက် ခံင်ဖို့နေနေ သာသာ ..။ ရန်ချည်းဖြစ်နေတာမျိုး ဖြစ်နေပြီ ..။

ငွေယုန်လေးကလည်း သူ့ကိုကြည့်သည်။ သူက လည်း ပြန်ကြည့်သည်။ မျက်လုံးလေးတွေ နီလာသည်မို့ မို၍ ကောင်မလေးသည် မျက်လုံးနီလေးနှင့် ဖြစ်နေသည့် ယုန်ပေါက်စန လေး တစ်ကောင်နှင့် တူလာသည်။ ဘာကြောက်စရာရှိသည်လဲ ..။ ဒီလိုပေါက်စနီ ပေါက်စန ပိန်ညှောင်ညှောင်နှင့် ကောင်မလေးကို သူ ကြောက်နေစရာလည်း မလို ..။ ခွင့်ကောင်းနေစရာလည်း မလို ..။ ခုမှ တောင်းနေလည်း ကိုယ်ညှံ့ရာကျသည်။ အရှုံးပေး ရာ ကျသည်။ ကိုယ့်ဘောလုံး ကိုယ်ပြန်ကောက်မည်။ ပြန်မည်။ နောက်ကိုလည်း ဤခြံသို့ သူ ဘယ်တော့မှ မလာ ..။ အဆုံးစွန် .. အိမ်တက်ပွဲလုပ်လျှင်သော်မှ .. သူ့ကို ဖေဖေကို့က ခေါ်လျှင်သော် မှ မလာ ..။ ဘာလုပ်မည်လဲ ..။ ဤမျှထိ လူမှုရေးနားမလည် သည့် ခပ်ညံ့ညံ့ ကောင်မလေးနှင့် သူ အသိလည်း မဖွဲ့ချင်။ ဤ ကောင်မလေး၏ အိမ်ကိုလည်း မလာချင် ..။

"ဟိတ် .. ရပ်လေ .. ဘာလို့ ရှေ့ဆက်လျှောက်တာလဲ .. ရပ် .."

"မရပ်တော့ ဘာလုပ်မလဲ ယုန်ပိန်ညှောင်လေးရဲ့ .."

"ဘာယုန်ပိန်ညှောင်လဲ .. ယွန်းငွေယုန် .. ယွန်းငွေယုန် .."

"ဩော် .. ရွှေငွေယုန် ဟုတ်လား .. ဟာ .. ရွှေတာကိုထည့် ပြီး နာမည်ထဲမှာများ မှည့်ထားရသေးတယ် .. အဟားဟား .. အစက အကောင်းလို့ ထင်မိတာ .. လက်စသတ်တော့ ..

www.burmeseclassic.com



အရှုံးကို .. ရှုံးငွေယုန်ကိုး .. ယုန်ဖြစ်ရတဲ့အထဲ .. ရှုံးရှာနေသေးတယ် .. အဟက်ဟက် ..”

မခံချင်အောင် ပြောလိုက်ရ၍ သူ ရင်ထဲ ပျော်သွားရသလောက် .. ယွန်းငွေယုန် ဆွေ့ဆွေ့ခါကျသွားလေသမျှလည်း သူ အရသာခံ၍ ကြည့်မိသည်။ ကြည့်ပြီးတာနှင့် ဘောလုံးကို ပြေးကောက်တော့ ကောင်မလေးနောက်မှ အံလေးခဲ၍ ပြေးလိုက်လာပါသတည်း ..။ ရေကူးကန်ခပ်နားရောက်ကာ သူ့ဘောလုံးကို ငုံ့ကောက်နေချိန်မှာ ယွန်းငွေယုန် မီလာပါ၏။ သူလည်း မထင်မိ ..။ ကာကွယ်လိုက်ဖို့လည်း အချိန်မရလိုက်မိနိုင်ခင်မှာပဲ ကောင်မလေး သူ့ကို နောက်က ဆောင့်တွန်းပစ်လိုက်ပါပြီ ..။

“ပြောဦး .. ငွေယုန့်ကို .. အရှုံးလို့ ..”

ဟုလည်း ဗွာသည်။ ဤမျှ သေးနွဲ့သော ကောင်မလေးထံမှာ ထိုမျှ အားအင်တွေ ရှိနေမည်ဟုပင် သူ မထင်မိ ..။ ဒေါသကြောင့် ထိုမျှ အားတွေ ကောင်မလေးလက်တွေထဲ စီးဝင်လာကြတာ ဖြစ်မည် ..။ သူကတော့ .. ဘောလုံးရော လူရော ရှေ့ကို အားလွန်ကျသွားကာ အရှိန်မထိန်းနိုင်ဘဲ ရေကူးကန်ထဲ ဝုန်းခနဲ ကျသွားရပါပြီ ..။

သူ့နားထဲ တိုးဝင်လာသည်က ရယ်သံ ..။ ယွန်းငွေယုန်၏ ရယ်သံ ..။ ရယ်နေသည်မှ ရှိုးရှိုးပင် မဟုတ် ..။ လက်ခုပ်တွေ ဘာတွေပင် တီးနေသေးသည့် အဖြစ် ..။

အမြင်ကတ်ကတ်ဖြင့် သူ့ကိုယ်ကို လျှော့ချလိုက်ကာ ရေမကူးတော့ဘဲ ရေကန်အောက်နားထိ လူမြုပ်ကျသွားလေသမျှ အလိုက်သင့် နေပေးလိုက်ကာ အသက်ကို အောင့်ချထား



လိုက်မိရပါ၏။ ပြီးရော .. ကောင်မလေး လန့်သွားစေရမည်။ ရေထဲရောက်နေသည်မို့ ကောင်မလေး ရယ်သံလည်း မကြားရနိုင်ပြီ ..။ အသက်ရှူကို အောင့်ထားလေသမျှ ရေထဲကျသည့်သူတို့ ထုံးစံအတိုင်း တဖြည်းဖြည်း ကိုယ်ကြီး အပေါ်ဆီသို့ တက်သွားတော့လည်း မလှုပ်မယှက် မှောက်လျက်သားပုံဖြင့်ပဲ ငြိမ်သက်နေလိုက်ပါ၏။ လက်နှစ်ဖက်ကို ဘေးသို့ အလိုက်သင့် ကားထားလိုက်သည်။ ဘောလုံးတစ်နေရာ .. လူတစ်နေရာပုံဖြင့် ရေထဲကျသွားရသည်မို့ ..။ လက်ထဲက လွတ်ထွက်သွားသော ဘောလုံး၏ အရိပ်သည် ရေမျက်နှာပြင်မှာ အရိပ်ထင်ပေါ်နေသမျှ ရေထဲ မှောက်ထားသော မျက်နှာကို ငြိမ်ချထားရင်း သူ့အမြင်အာရုံမှာ လာထင်နေသည်။

ကောင်မလေးရယ်သံ ပျောက်နေသည်။ သူ ရေကူးတတ်တာကိုမှ မသိချေပဲလေ ..။ ရေထဲမှာ ကိုယ်ကိုဖော့၍ ငြိမ်နေရင်း .. ခုလိုပဲ .. နေတတ်အောင်လည်း သူ .. ရေကူးသင်စဉ်က တတ်မြောက်ထားခဲ့သည်ပဲ ..။

“ဒက်ဒီရေ .. ဒက်ဒီရေ ..”

ဟု ကောင်မလေး အော်နေသံကို ကြားနေရပြီ ..။ ငိုသံကိုလည်း ကြားနေရသည်။ တကယ်လည်း သူ နည်းနည်းဆော့ အသက်ရှူကျပ်နေပြီ ..။ ဒါပေမဲ့ .. မျက်နှာကို မဖော်သေး ..။ ဝုန်းခနဲ ရေထဲခုန်ချသံ ..။ လူတစ်ယောက် လာ၍ဆွဲဆွဲ့တာ ..။ အားလုံး သူ သိနေရသည်။ ပုဆိုးကွက်ကိုကြည့်၍ ဆေးလေးသော် ခြံစည်းရိုးကို ခွကျော်ပြေးလာပြီး သူ့ကို ရေထဲမှ သာဆယ်တာ ဖြစ်သည်ဆိုတာ သိနေရပါ၏။ ရင်ထဲမှာ ကျိတ်

www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေမိရသည်ပါပဲ ..။ မှတ်ထား .. ဟုလည်း လေးလေးသော်ကို ပြောမိရပါသည့် အဖြစ် ..။ ခု .. ပီတောက်ပင်ပေါ်က ငှက်သိုက်ထဲမှ ဘောလုံးကိုပင် သွားယူပေးမည်ဟု ဆိုထားသော လေးလေးသော် ..။ ရေကူးကန်ထဲမှ သူ့ကို လာဆယ်ပေးနေရပါချေသည့် အဖြစ် ..။ သူ ရေတွေ ပါးစပ်ထဲ အပြည့်ဖမ်းငုံထားရာမှ ရေကူးကန် နှုတ်ခမ်းပေါ် လေးလေးသော် သူ့ကို အညင်အသာ ချချိန်မှာ ငြိမ်ချထားရင်းမှ ..။ လေးလေးသော် သူ့ရင်ဘတ်ကို စိုးရိမ်တကြီး ဖိဖိချနေရင်းမှ ..

"ဘုရားရေ .. ခန့်လေး .. ခန့်လေး .."

နှင့် တကယ့်ကို စိတ်လက်ပူရင်း ချောက်ချောက်ချားချားကြီး ခေါ်နေတော့ သူ .. ရင်ထဲမကောင်းပြန် ..။ လေးလေးသော်ကို သနားလာမိသည်။ ကောင်မလေးကတော့ တငိုငိုတည်း ငိုနေသည်။

"သေသွားပြီလားဟင် .. သူ သေသွားပြီလား .. သူ့ကို ငွေယုန် သေစေချင်လို့ တွန်းမိတာ မဟုတ်ပါဘူး.. သူက သိပ်စွာတာ .."

အဲမယ် ..။ လန့်နေသည့် ကြားထဲက .. သူ့မှာ မကောင်းတင်း ပြောနေနိုင်သေးသည့် ကလေးမ ..။ ရင်ထဲ မေတ္တာဝိုတုံးလာသည်။ လန့်သွားအောင် ..။ သင်ခန်းစာကောင်းကောင်းရအောင် လုပ်ပေးနေသည့် ကြားထဲမှ .. ခုထိ .. အသိတရား မရသေးသော ကောင်မလေး ..။

အစတည်းကိုက .. ရှုပ်နှောက်နှောက် လုပ်တတ်သည့်အကျင့် ရှိနေသည့် တည်ကြည်ခန့်ပဲလေ ...။ ဤကောင်မ



လေးကို နှောင်မှာပို၍ .. သင်ခန်းစာတွေ ပေးရချေဦးမည်ဟု တေးထားလိုက်မိရပါပြီ ..။

"သေသွားရင်တော့ .. ဒုက္ခပါပဲကွာ .. နင်က .. သူ့ကို သေမှာ ကြောက်နေသလား .."

"ဟုတ်ကဲ့ .."

ဒီလိုကျတော့လည်း ငိုသံလေးဖြင့် ဝန်ခံရှာသားဟု ပီတိဖြင့် တွေးမိစဉ်ခိုက် ..

"သူသေရင် .. ငွေယုန့်ကို ဖမ်းမှာလား ဟင် .."

ဟု ငိုသံလေးဖြင့် နှပ်ညှစ်ရင်း မေးလာသံကြားတော့ ပို၍ မေတ္တာတုံးရပြန်သည်။ လက်စသတ်တော့ အဖမ်းခံရမှာ လန့်နေသည်ကိုး။

"အေး .. နင့်ကိုလဲ ဖမ်းမှာပဲ .. ငါလဲ .. ဒီကောင်လေး .. ရေတိမ်နစ်ရရင် .. ဘယ်တော့မှ .. ဖြေနိုင်တော့မှာ မဟုတ်ဘူး .. ခမျာ .. ဒီဘောလုံး ငါ့ကို အရင်ကောက်ခိုင်းတာကွ .."

ဟု ငိုသံကြီးဖြင့် လေးလေးသော် ပြောကာ ရေကန်နှုတ်ခမ်းပေါ်တက် ..။ သူ့ကိုပွေ့ထမ်း၍ မှောက်ထားကာ ပြေးပါချေ၏။ ပခုံးပေါ် မှောက်ထားရင်း ထမ်းပြေးနေစဉ်ခိုက် သူ ပါးစပ်ထဲ ငုံထားသော ရေတွေကို ထွေးထုတ်ပစ်သည်။ တဟွတ်ဟွတ် ချောင်းဆိုးပြသည်။ ထိုအခါမှ လေးလေးသော် ထိုင်ချကာ ရင်ခွင်ထဲ သူ့ကို ပိုက်ပွေ့ထားရင်း ..

"အဲမယ်လေး .. မသေကောင်း မပျောက်ကောင်း ငါ့လူရာ .. ကံကြီးပေလို့ကွာ .. မင်းသာ တစ်ခုခုဖြစ်ရင် .. ငါ

www.burmeseclassic.com

www.burmeseclassic.com



တော့ ရင်အကွဲပဲ .. မမလေးနဲ့ အစ်ကိုကြီးလဲ .. ရင်ကျိုးကြမှာ .. မင့်မေမေဆို .. အသက်ပါ .. ပါသွားမှာ .. ဒီဘောလုံးလေးတစ်လုံးကြောင့်ကွာ .. ဖြစ်ရလေ .. ဖြစ်ရလေနော် ..”

နှင့် ဟီးချ၍ ညည်းလည်းညည်း ..။ မျက်ရည်တွေကျလာတာကိုမြင်တော့ သူ့ရင်ထဲ မကောင်းနိုင် ..။ သူ လွန်သွားပြီကော .. ဟု နောင်တဖြစ်ရပါ၏။ တစ်ကိုယ်လုံး ရေတွေရွှဲနစ်နေကြသည်က နှစ်ယောက်စလုံးပါ ..။ ဆံပင်တွေဆီမှ ရေစက်တွေကျနေလျက် ရေစက်တွေ တင်နေဆဲ မျက်နှာမှာ မျက်ရည်တွေဖြင့် ရှိနေပါသည့် လေးလေးသော်၏ မျက်နှာကို သူ အတန်ကြာ မော့ကြည့်မိရင်း ရင်ထဲမှာ သနားလိုက်ရပါပြီ ..။

“သား .. ကောင်းနေပါပြီ လေးလေးသော်ရ .. စောစောက သား မူးသွားလို့ပါ ..”

ဟုသာ ပြောမိလိုက်ရပါ၏။

လေးလေးသော်ကတော့ လေးလေးကို သနား၍ သက်သာပါပြီဟု စိတ်ချမ်းသာအောင် ပြောပေးသည်ဟု ထင်နေပုံကြီးဖြင့် ..

“မသေကောင်း မပျောက်ကောင်းကွာ ..”

ဟုသာ သူ့ကိုပွေ့ရင်း တပြောတည်း ပြောနေရှာပါ၏။ ဘေးနားသို့ လူတွေရောက်လာသည်။ ရပ်ရည်သန့်သန့် ပြန့်ပြန့်နှင့် ချောလည်းချောသည့် အန်ကယ်ကြီးတစ်ယောက်။ မျက်စိမျက်နှာပျက်လျက် နောက်ပါးမှာ ရပ်နေသည့် အန်တီချောချောတစ်ယောက် ..။ ထိုအန်တီ၏ မျက်နှာသည် စောစော



ယုန်ပိန်ညောင်မလေး၏ မျက်နှာနှင့် တူသည်။ ထိုကောင်မလေး၏ ဒက်ဒီနှင့် မာမီတို့ ဖြစ်ချေမည် ..။

ဘာမှန်းမသိ ..။ ညာမှန်းမသိနှင့် ပြေးလာကြရသည်က ငွေယုန်၏ အော်သံကြောင့်ပေမို့ ..။ ခုကျမှပဲ လေးလေးသော်ပြောပြသမျှ .. နားလည်းထောင်ကြရ ..။ ငွေယုန့်ကိုလည်း ကြည့်ကြနှင့် ဖြစ်ကုန်ကြရင်းမှ အန်ကယ်က .. သူ့ဆံစတွေကို သပ်ပေးရင်း ..

“ဒီလိုဆိုးတာ ဒက်ဒီ မကြိုက်ဘူး သမီး .. ပြန်တောင်းပန် .. ကြည့်စမ်း သမီးရဲ့ကိုကို .. ကံကောင်းလို့ အသက်မဆုံးရှုံးရတာ .. ဒက်ဒီတို့ ခြံနီးချင်းတွေပဲ .. သမီးက .. သူ့ဘောလုံးကို ကောက်တောင် ကောက်ပေးရမှာ ..”

ဟု ပြောလာတော့ ငွေယုန်မှာ ငိုပဲငိုနေသည်။ အကယ်လည်း လန့်ရှိန်တော့ အကင်းသေသေးပုံ မရသေး ..။ သူ့ကို လှမ်းလှမ်းကြည့်နေသည့် မျက်လုံး နက်နက်လေးတွေထဲမှာ လန့်ရှိန်လည်း ရှိနေသည်။ မျက်ရည်တွေလည်း ရှိနေသည်။

“သူက .. ငွေယုန့်ကို .. အရူးတဲ့ ဒက်ဒီ .. ယွန်းငွေယုန်ဆိုတာကို .. ရူးငွေယုန်တဲ့ .. အဲသလို ပြောလို့ ..”

ဟု ပြောနေရင်းမှ ယွန်းငွေယုန် ငိုလည်းငို ..။ ရာမှ ထွက်ပြေးသွားတော့ ..

“ဟော .. ဒီကလေးနယ် .. အဲဒါပဲ ခက်တာ ..”

ဟု အန်တီမှ ညည်းလည်းညည်းကာ သူ့ဘေးမှာ ထိုင်ချလိုက်ရင်း ဆံစလေးတွေကို သပ်ပေးသည်။ သူ့လက်တွေကို

www.burmeseclassic.com

www.burmeseclassic.com



တွေးဆုပ်သည်။ ရေစိုနေသည့် သူ့ကို တောင်းပန်သလိုလည်း ကြည့်သည်။ ခေါင်းကအစ ရေတွေစိုနစ်နေလျက် သူ့ပုံသည်လည်း ကြွက်စုတ်ရေမွန်းပုံ ဖြစ်နေနိုင်သည်ဟုပင် တွေးမိရပါသည့်အဖြစ်။ ခုလို .. ဝိုင်း၍ ဂရုတစိုက်နှင့် လက်ဆုပ်ခြေဆုပ်နှင့် ရှိကြ ..။ ခေါင်းသပ် ရင်သပ်နှင့် ရှိနေကြတာကို လေးလေးသော် ရင်ခွင် ထဲမှ ရှိုရှင်းခံယူရင်း ပျော်နေမိရသည်ပါပဲ ..။

"ငွေယုန်လေး မတောင်းပန်ပေမဲ့ .. အန်တီ တောင်းပန်ပါ တယ် သားရယ် .. သူ့ကိုလဲ .. တောင်းပန်ခိုင်းပါ့မယ် .. သူက .. ကလေးလိုပဲ ဆိုးတယ်ကွယ့် .. သားရဲ့ညီမလေး ကို ခွင့်လွှတ်နော် .. အန်တီရော .. အန်ကယ်ရော .. သား ရဲ့မိဘများထံကို .. ကိုယ်တိုင်လဲ လာတောင်းပန်ပါ့မယ် .. ခုလဲ .. ဆေးခန်းခေါ်သွားပါ့မယ် .."

နှင့်ပြောရှာတော့ .. သူ .. လေးလေးသော်၏ ရင် ခွင်ထဲမှ ရုန်းထလိုက်ကာ ..

"သား .. ကောင်းနေပါပြီ အန်တီ .. လေးလေးသော် .. ပြန်ရအောင်နော် .."

ဟု အသံတိုးလေးဖြင့် သနားစရာကောင်းအော ပြောတော့ ဟိုဘက်ခြံနှင့် ဒီဘက်ခြံ ကပ်နေသည့် ခရီးကို ခေ ကြွက်စုတ် ဖြစ်နေသည့် သူ့ကို ဂရုတစိုက်ဖြင့် ဝိုင်းပွေ့ကာ အ ကယ်ကိုယ်တိုင် မာစီးဒီးကားဖြူကြီးဖြင့် မောင်းပို့ချေသည်အထိ .. သူ .. အကောင်းစားကြီး ကောင်းစားခဲ့ရချေသတည်း ..။

ကြာရိပ်မြိုင်သို့ ရောက်လျှင်သည်း .. ဒေါ်ကြီးအေး .. ဤရေနစ်သည်ဆိုသည့် သတင်း သိရချေမည် ..။ ထိုအခါ .. သူ



ကိုအချစ်ကြီး ချစ်ပါသည့် ဒေါ်ကြီးအေး .. ဖက်ငိုဦးမှာ သေချာ ပါသတည်း ..။

လောလောဆယ်မှာတော့ အန်တီ့ရင်ခွင်မှာ သူ မှို ရင်း ပါလာရလျက် ..။ အေးမှာက လေးလေးသော် ပါလာကာ ..။

အန်ကယ်ကတော့ .. ကားကြီးကို မောင်းထွက်လာ ပြီ ဖြစ်ပါချေသည်တည်း ...။

*** *** ***

www.burmeseclassic.com



## အခန်း(၃)

ခုတင်ထက်မှာ စောင်ကြီးထဲ ကွေးနေရင်း သူတကယ်လည်း ချမ်းနေတောတော့ အမှန်။ ဒေါ်ကြီးအေးကတော့ သူ့အတွက် နို့ပူပူတစ်ဖန်ခွက်ကြီးကို မျက်ရည်လေးတစမ်းစမ်းဖြင့် တိုက်နေဆဲ ..။ အဖြစ်သည်းသည်မှ သူ့ကို ခေါင်းအုံးတွေဆင့်မှီထားစေသည့်ပုံမျိုးဖြင့် ထိုင်နေရက် အနေအထားဖြင့်မဟုတ်ဘဲ ..။ အိပ်ရာထဲ လူမမာလှဲနေသလိုကြီး ရှိနေစေလျက် ဖွန်းဖြင့် ပါးစပ်ထဲတော့ပြီးတော့ တိုက်နေခြင်းပါ ..။ ခေါင်းအုံးကို အနေတော်လေးမြင့်အောင် နှစ်လုံးထပ်ထားလျက် ဘေးစောင်းလေးအလိုက်သင့် ကွေးနေစေကာ ပါးစပ်လေးဟဟ၍ နို့ပူပူတစ်ဖန်ခွက်ကုန်သည်အထိ သူကလည်း ဓိမ်နပ်သောက်ရ ...။ ဒေါ်ကြီးအေးကလည်း စိတ်ရှည်လက်ရှည်ကြီးကို စောင့်စောင့်တိုက်ရနှင့် ရှိနေကြလေသမျှ အန်ကယ်ဦးမြလွင်ရှိန်နှင့် အန်တီ ဒေါ်ခင်မြမူးတို့မှာလည်း အေးမှအားနာတကြီး ကြည့်နေကြရှာသည်ပါပဲ ..။



ကိုယ့်သမီး လက်ဖွမ်းပြလိုက်၍ ဤသူငယ်လေးခုလို ခုတင်ထက်မှာ ကြွက်စုတ်ရေမိထားသည့် အချိုးလေးဖြင့် ကွေးကွေးလေး ရှိနေရချေသည်ကိုး .. ဟု အန်ကယ်နှင့် အန်တီတို့ ထင်နေကြမှာကို သူ တွေးမိရင်း လူကြီးတွေကိုတော့ သူ အားနာသည်။ အဖြစ်မှန်ကို သူ အသိဆုံး ..။

ယွန်းငွေယုန် ဆိုးသည်ကတော့ အမှန်။ စွာလွန်းသည်။ ကြီးကြီးကျယ်ကျယ်နှင့် ဘဝင်လည်း ခပ်မြင့်မြင့်နိုင်သည်။ ဒါပေမဲ့ .. သူကလည်း ကောင်မလေး စိတ်ဆိုးအောင် ပြောခဲ့သည် မဟုတ်ပါလား။

ဒါကြောင့်လည်း ခုလိုဖြစ်ကုန်ရသည့် အဖြစ် ..။ သူလည်း ရေကန်ထဲ ကားခနဲကျ။ ကောင်မလေးလည်း ကျိခနဲ ငို ..။ လူကြီးတွေလည်း ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြရသည့်ကိစ္စ ..။ ဤကိစ္စမှာ သူရော ကောင်မလေးရော နှစ်ယောက်စလုံး မကောင်း။ ကြားထဲက .. အန်ကယ်နှင့် အန်တီရော ..။ ဒေါ်ကြီးအေးရော ..။ လေးလေးသော်ရော .. ဗျာများကြရ .. မျက်လုံးမျက်ဆန်ပြူးကြရနှင့် ဖြစ်ခဲ့ရပါသည့်အဖြစ်။

"ကျွန်တော်တို့ဘက်က လွန်နေတော့ .. ကလေးရဲ့မိဘများကိုလည်း ကိုယ်တိုင်တောင်းပန်ချင်လို့ကို စောင့်နေတာပါ အစ်မကြီးခင်ဗျာ .."

လောလောဆယ်မှာ ဒေါ်ကြီးအေးကိုပဲ တိုင်တည်၍ အန်ကယ့်ခမျာ မျက်နှာပူပူ .. မျက်နှာအပျက်ပျက်ဖြင့် ပြောနေရှာပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လေးလေးသော် ပွေ့၍ ညှော်ခန်းထဲ ခေါ်ချလာကတည်းက မီးဖိုဆောင်ဆီမှ ထွက်လာပါသည့် ဒေါ်ကြီးအေးလည်း မြင် ..။ မျက်ရည်တွေလည်းကျနှင့် ဘာမှန်းမသိရသေးခင်ကတည်းက အဖြစ်ကသည်းနှင့် စိတ်ပူနေနှင့်နေပြီ ..။ ရေတွေစိုနစ်နေတာကို မြင်ကတည်းက ရေထဲက ဆယ်လာသည်ဆိုတာလောက်ကိုတော့ ဒေါ်ကြီးအေး တွက်ဆနားလည်ထားပုံကြီးဖြင့် ..

"အလိုလေးလေ .. ကျုပ် ခန့်လေး .. ဘယ့်နှယ် ရေထဲကျခဲ့ရသတုန်း .. ဒီကလေး .. ဘာဖြစ်သွားပြီတုန်း ကိုသော်ရဲ့ .."

နှင့် ယောက်ယက်ခတ်ရင်း သောကတွေဖြင့် မေးခဲ့သည့် ဒေါ်ကြီးပါ ..။

ခုကျတော့ .. သူလည်း အဝတ်ခြောက်တွေဖြင့် ရှိနေရပြီ ..။ အိပ်ရာကြီးထဲမှာလည်း ယုန်မွေးစောင်နီရဲရဲကြီးထဲမှာ နွေးနွေးထွေးထွေး ရှိနေရပြီ ..။ ဒေါ်ကြီးအေး၏ နို့တစ်ဖန်ခွက်မှုမှုကြီးကြောင့်လည်း ရင်ထဲလည်း နွေးနေရ ..။ တစ်ကိုယ်လုံးလည်း အနွေးဓာတ်ပြည့်လာရပါသည့် အဖြစ် ..။

သူ့အခန်းထဲထိ အန်ကယ်နှင့် အန်တီတို့ မျက်နှာငယ်လေးတွေဖြင့် လိုက်ဝင်ကြရှာပါ၏။ အန်ကယ့်နာမည်က .. ဦးမြလွင်ရှိန် ..။ အန်တီ့နာမည်က .. ဒေါ်ခင်မြဖူး ..။ ဒါတွေကိုတော့ လေးလေးသော်နှင့် ဒေါ်ကြီးအေးတို့ကို ကိုယ်တိုင်ပင် မိတ်ဆက်ပြောကြရှာလေသမျှ သူ ကြားခဲ့ရခြင်းပါ ..။ အန်ကယ်ရှိန်က .. အင်ဂျင်နီယာ ဖြစ်သည်တဲ့။ ဒါကိုလည်း သိလိုက်ရပါသည့် အဖြစ် ..။



"သား နေကောင်းနေပါတယ် ဒေါ်ကြီးရ .."

ဟု သူပြောတော့ ဒေါ်ကြီးအေး မျက်နှာလေးပျက်ပျက်ဖြင့် ခုထိ စိတ်ပူရှိန် မပြေသေးသည့်ပုံဖြင့် သူ့ကို လက်စမ်းခြေစမ်းနှင့် ရှိရှိနေရှာပါ၏။ စည့်သည်တွေ ရှိနေ၍သာ ရင်ထဲရှိတာတွေ ထုတ်မပြောဘဲ ရှိနေခြင်းဆိုတာကိုလည်း သူ သိနေသည်။ *

အန်ကယ်နှင့် အန်တီတို့ ညှိုးမှုထိ ပျာပျာသလဲ ဖြစ်နေကြရှာတော့လည်း ဒေါ်ကြီးအေး အားနာပုံရပါ၏။ လေးလေးသော်လည်း အဝတ်ခြောက်တွေ ပြန်လဲပြီး အခန်းထဲ ဝင်လာပြီ ..။

"ကျွန်တော် .. ဒေါက်တာဦးကျော်မင်းကို ဖုန်းဆက်ခေါ်ထားပါတယ် .. အခြေအနေကိုလဲ ပြောပြပါတယ် .. ဒေါက်တာက .. သူ .. လာခဲ့မယ်တဲ့ .. ဟိုမှာကလဲ ဆေးခန်းမှာ လူနာပြည့်နေလို့ .. နည်းနည်းတော့ စောင့်ပါတဲ့ .. ကျွန်တော် ပြောပြတာကို နားထောင်ပြီးတော့ .. ခန့်လေး အခြေအနေ မဆိုးဘူးဆိုတာ သူ သိပုံရပါတယ် .. စိတ်မပူပါနဲ့တဲ့ .. နွေးနွေးထွေးထွေး ထားပါတဲ့ .."

နှင့် လေးလေးသော် ပြောနေတော့လည်း ဒေါ်ကြီးအေး မျက်ရည်ဝဲနေရှာသည်ပါပဲ ..။

"မသေကောင်း မပျောက်ကောင်းကွယ် .. ဘောလုံးမကန်ရတယ်လို့ .. အို .. အို .. မဖြစ်ပါဘူး .. ဘောလုံးမကန်ဖို့ .. မမလေးကို စည်းကမ်းထုတ်ခိုင်းမှပါ .."

ဟု ပြောချလာတော့ အန်ကယ်ရှိန်နှင့် အန်တီဖူးတို့ မျှော ပို၍ အနေရခက်ကြရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီက အစ်ကိုကြီးတို့ကလဲ ဆေးခန်းပို့မလို့ပါ ဒေါ်ကြီး .. ကျွန်တော်က ဒေါက်တာ့ကိုပဲ လှမ်းခေါ်မယ် ပြောထားလို့ပါ .."

ဟု ပြောနေခိုက်မှာပဲ အိမ်ရှေ့ပေါ်တီကိုအောက်မှာ ကားရပ်သံ ကြားရ၏။ ဆေးအိတ်ကြီးနှင့် အန်ကယ်ကျော် ဝင်လာကတည်းက ဆေးထိုးခံရမှာကို လန့်လျက်ဖြင့် သူ ငိုမဲ့မဲ့ဖြစ်ချင်လာပြီ ..။ ဘာဆေးတွေ ထိုးမည်လဲ မသိ ..။ ဆေးဘယ်နှချောင်းများ ထိုးမည်လည်း မသိ ..။ တင်ပါးနေရာတွေ ကျိန်းတက်လာလျက် ကြိုတင် နာနှင့်နေပြီ ..။

"လာပါဦး ဒေါက်တာရယ် .. ဒေါ်ကြီးရဲ့ ခန့်လေးကို ကြည့်ပါဦး .. အဆုတ်ထဲများ ရေတွေကျန်နေလား မသိပါဘူးကွယ် .. ရင်ထဲ မကောင်းလိုက်ပုံများ .. တွေးတောင် မတွေးရက်ဘူး .. ဒီကလေး .. ကံနိမ့်နေတယ် ထင်ပါရဲ့ .."

နှင့် ပြောနေရင်းမှ ဒေါ်ကြီးအေး မျက်ရည်မထိန်းနိုင်ဘဲ ငိုချလိုက်တော့ အန်ကယ်ရှိန်နှင့် အန်တီဖူးတို့ခဲမျာ ပို၍အနေကြပ်ကြရှာပါ၏။ သူတစ်ပါးအိမ်လည်း ဖြစ်နေ ..။ ကိုယ့်ဘက်က ကလေးအဆိုးလည်း ဖြစ်နေပုံဖြင့် နေမတတ် ထိုင်မတတ်ဖြင့် ရှိနေရှာလေသမျှ လေးလေးသော်မှ ..

"ဒီကောင်ကလဲ .. သူများခြံထဲ .. ခွင့်မတောင်းဘဲ ဝင်ကောက်သလေ .. သူ့ဘောလုံးကို .."

ဟု အပြစ်တင်သံဖြင့် ဝင်ထိန်းပေးရှာပါ၏။

ဒေါက်တာကတော့ နားကြပ်နှင့် ထောက်ကြည့် ..။ မျက်လုံးဖြဲကြည့် ..။ လျှာထုတ်ကြည့်နှင့် လုပ်နေသမျှ သူ လိုက်



လိုက်လုပ်နေရသည်။ ဗိုက်ကိုလှန်ကြည့် ..။ ဘာကြည့်နှင့် ရှိနေတော့လည်း ငြိမ်ခံရသည်။ အဖျားတွေ ဘာတွေလဲ တိုင်းကြည့်သည့်။

"တင်ပရေချာ နည်းနည်းရှိတယ် .."

"သား .. နွားနို့ပူပူ သောက်ထားရတယ် အန်ကယ် .."

ဆေးထိုးခံရမှာ ကြောက်တာမို့ သူ ဝင်ဖြေတော့ အန်ကယ်ကျော် ရယ်သည်။

ခေါင်းကို ချစ်စနိုး ပုတ်သည်။ ဒါ ပေမဲ့ .. ဆေးတစ်ချောင်းတော့ ထိုးခဲ့သည်ပါပဲ ..။ တကယ်ပဲ ဖျားချင်လာသည်လား မသိ ..။ ခေါင်းတော့ နည်းနည်းကိုက်ချင်နေသည်။

နောက်တစ်ကြိမ် ကားရပ်သံကြားတော့ လေးလေးသော် ပြေး၍ အောက်ထပ်ဆင်းနှင့်ပြီ ..။ ဖေဖေနှင့် မေမေ့ကို ပြေးကြိုကာ အဖြစ်ကိုလည်း ကြိုပြောထားမှာ သေချာသည်။ အိမ်မှာ အန်ကယ်ရှိန်နှင့် အန်တီဖူးတို့ ရောက်နေတာကိုလည်း ထည့်ပြောပါချေလိမ့်ဦးမည် ..။

မကြာလိုက် ခပ်သုတ်သုတ် တက်လာသည့် ခြေသံတွေကို လှေကားကြီးရှိရာဘက်ဆီမှ ကြားနေရသည်။ ဖေဖေနှင့် မေမေလည်း စိတ်ပူလက်ပူဖြင့် ရောက်လာချေဦးတော့မည်။ တကယ်ပဲ .. ဖေဖေနှင့်မေမေတို့ အခန်းထဲ အလောတကြီး ဝင်လာကြစဉ်ခိုက် သူ ထထိုင်လိုက်ရင်းမှ ..

"သား ဘာမှမဖြစ်ဘူး ဖေဖေ .."

ဟု အရင်ပြောရပါပြီ ..။ ထိုသို့ သူ့ ဖေဖေနှင့်မေမေ့ကို စိတ်မပူအောင် ပြောနေတာကိုကြည့်ရင်း အန်ကယ်ရှိန်နှင့်

www.burmeseclassic.com

www.burmeseclassic.com



အန်ကီဖူးတို့ခမျာ .. သိတတ်လိုက်တဲ့ကလေး .. ဆိုသည့် အကြည့်ဖြင့် တချစ်တကြင် .. ကြည့်လာကြရှာပါ၏။ အန်ကီဖူးက သူ့ဆံစလေးကို သပ်ပေးရင်းမှ ..

"သားလိမ္မာလေ .. မိယွန်းငွေယုန်ကို .. အန်တီ စိတ်ဆိုးရလေပါ .."

ဟု ပြောရှာပါ၏။ သူ .. ကောင်မလေးကို အမြင်ကတ်ကတ်ဖြင့် လုပ်တုန်းက လုပ်ခဲ့မိပေမယ့် ..။ ထိုသို့ ရေနစ်ဟန်ဆောင်လိုက်တာကြောင့် .. ခုလောက်ကြီးထိ လူကြီးတွေအလုပ်ရှုပ်ကုန်ကြရ .. စိတ်ပူလက်ပူကြီးတွေ ဖြစ်ကြရနှင့် ဖြစ်ကုန်မှာထိတော့ မတွေးမိခဲ့ ..။ ကောင်မလေး လန့်သွားရင်ပြီးရော .. ဟူသော စိတ်ဖြင့် လုပ်ခဲ့မိလေသမျှ ..။ ခုကျမှ .. ပြန်ဖော်ကောင်လုပ်၍ကလည်း မဖြစ်တော့ပြီ ..။ ထိုအခါကျမှ လိမ်နေအောင် ဆွဲခံလိုက်ရပါမည့် အမျိုး ..။ ဖေဖေက အတော်ကြီးကို ဆူလာမည့် အဖြစ်။ မတတ်နိုင် ..။ အလိုက်သင့်တော့ နေသွားလိုက်မှ ဖြစ်တော့မည် ..။

ဒါမှမဟုတ်လျှင် .. ကောင်မလေး အဆိုး .. ဆိုသည့် အဖြစ်ကနေ .. တည်ကြည်ခန့် အဆိုးဆိုသည့် အဖြစ်ကို ပြောင်းသွားချေမည်ပေါ့ ..။ ဒါတော့ အဖြစ်မခံနိုင် ..။

ထိုသို့ဖြစ်ကြည့် ..။ ကောင်မလေးက .. အချိုးပြောင်းမည်။ ကုတ်ကုတ်လေးနေတော့မည် မဟုတ်ဘဲ ..။ မြောက်ကြွမြောက်ကြွနှင့် လူစွာလုပ်လာမှာ သေချာသည် ..။

ဒါတော့ အဖြစ်မခံနိုင် ..။

ကောင်မလေးကိုတော့ အရှုံးမပေးချင် ..။



လေးလေးသော် ပြောသမျှ ဖေဖေ နားထောင်နေသည်။ မေမေကတော့ သူ့ကို ရင်ခွင်ထဲ ပွေ့ထားရင်း ပါးလေးနမ်းလိုက် လက်လေးစမ်းလိုက်နှင့် ထုံးစံအတိုင်း မျက်ရည်လေးလည်တက်လာနေပြီ ..။ မေမေက အရမ်းကို စိတ်သားနူးညံ့သည်။

"ခုလို .. ကျွန်တော်တို့သမီး ဆိုးတဲ့ကိစ္စ .. တောင်းပန်ပါတယ်ဗျာ .. ဒီနေ့ပဲ ရောက်တယ် .. တစ်ဖက်က အိမ်နီးချင်းကို စိတ်သောက ဖြစ်စေတဲ့ကိစ္စ ပေါ်လာရတယ်ဆိုတော့ .. ကျွန်တော် အားနာပါတယ် .. ရင်ထဲမကောင်းဖြစ်ရပါတယ် .. မျက်နှာလဲ ပူပါတယ်ဗျာ .. ငွေယုန့်ကိုလဲ .. လာတောင်းပန်ခိုင်းပါ့မယ် .. ကလေးဆိုပေမယ့် .. ဒါက .. ကလေးပဲဆိုပြီး လွှတ်ထားလို့ မဖြစ်တာမို့ .. သူ့အတွက်လဲ .. နောင် .. ဒါ .. မလုပ်အပ်ဘူးဆိုတာ နားလည်အောင် .. တောင်းပန်ခိုင်းပါ့မယ် .."

ဟု အန်ကယ်ရှိန်မှ ဝင်ပြောရှာပါ၏။

"မဟုတ်တာဗျာ .. ကျုပ်ကောင်ကိုက .. သူများခြံထဲ ခွင့်မတောင်း ဘာမတောင်းဘဲ ပိုင်စိုးပိုင်နင်း ဝင်လုပ်တဲ့ကိစ္စ .. ဟိုက .. ကလေးဆိုတော့ .. ရေကန်ထဲ တွန်းချလိုက်တာ .. နည်းသေးတယ် .. ရိုက်လွှတ်လိုက်ဖို့ ကောင်းတယ်ဗျ .. ဘယ့်နှယ်ဗျာ .. သူများခုမှ အိမ်ပြောင်းလာစနေ့မှာ .. စိတ်သောက ဖြစ်အောင် သွားလုပ်ရတယ်လို့ .. ကျွန်တော် ဖြင့် အားနာလိုက်တာဗျာ .. ဟိုကသမီးလေးကို အပြစ်မဆိုနဲ့ခင်ဗျ .. ဒီကောင် .. သူများခြံထဲဝင်ပြီး လူကျယ်လုပ်

www.burmeseclassic.com



တာ .. ဒါ .. သူ့အတွက် သင်ခန်းစာပဲ .. သမီးလေးကို ထောင်မှ .. သူ့ကို ပညာပေးလိုက်လို့ ကျေးဇူးတင်သဗျာ .."

ဖေဖေ ဝင်လည်းပြော ..။ သူ့ကိုလည်း အပြစ်တင် ကြည့်တစ်ချက် ကြည့်သည်။

"နောက်ကို .. အဲသလို .. စည်းကမ်းမမဲ့ရဘူး .. ကြားလား ခန့်လေး .."

ဟု ဆူတော့ မျက်နှာငယ်လေးဖြင့် ..

"ဟုတ်ကဲ့ပါ ဖေဖေ .."

ဟု သူဖြေရပါ၏။ ကောင်မလေး ပါးစပ်ထဲက စကားနှင့် ဖေဖေ ပြောသည့်စကားက တစ်ထပ်တည်း ဖြစ်နေသည်။ ကောင်မလေး ကြားလျှင် တော်တော်ပျော်သွားမှာ သေချာသည်။ တော်ပါသေး ..။ ကောင်မလေး ဒီအိမ်ထိပါမလာခဲ့ ..။ ကြားများ ကြားလျှင် ကြွားလိုက်ပါမည့် အမျိုး ..။

"ဟုတ်ပါတယ် .. ကိုသော် ပြောပါတယ် .. သစ်သစ်ငြိမ်းတို့ရဲ့သားကလဲ .. ဟိုဘက်ခြံကို ဝင်တာကိုး .. သူ .. မှားတာရှိပါတယ် .. သားကြောင့် ခုလို .. စိတ်သောကဖြစ်ကြရတာ .. သစ်သစ်ငြိမ်းလဲ အားနာပါတယ် .."

ဟု မေမေကလည်း ဝင်ပြောတော့ ..

"ဒီလို စိတ်ထားပြည့်ဝလေလေ .. ကျွန်တော်တို့ အားနာရလေပါ ခင်ဗျာ .. ကျွန်တော် မြလွင်ရှိန်ပါ .. ရွက်နုအိပ်ရာဆောက်လုပ်ရေးလုပ်ငန်းကို လုပ်ကိုင်ပါတယ် .. ကျွန်တော့်ဇနီးက .. ခင်မြဖူးပါ .."



"ကျွန်တော် .. မြတ်မင်းပါ .. ကြာရိပ်မြို့ .. ကလေးကစားစရာ စက်ရုံကနေပြီး ကလေးကစားစ...မျိုးစုံ ထုတ်လုပ်ပါတယ် .. ကြာရိပ်မြိုင်ပလတ်စတစ်ပ...ည်းစက်ရုံကလဲ .. လူသုံးပစ္စည်း တော်တော်များများကို ထုတ်လုပ်ပါတယ် .."

ဟု ပြောကြ ဆိုကြနှင့် လက်ချင်းဆွဲ၍ နှုတ်ဆက်ကြကာ ရင်းနှီးသွားကြသူများအဖြစ် ရောက်ရှိ...ကြရပါပြီ...ည်း ..။

အံမယ် ..။ ခုလိုကျတော့လည်း မဆိုး ..။ သူ့ကြောင့် ...ဘက်ခြံက အန်ကယ်နှင့် အန်တီတို့သည် .. ဖေ...ဖနှင့် မေမေ့...ခင်သွားကြပြီ ..။ သူ .. ရင်ထဲ ပျော်သွားရ...၏။ သူ့ကို...ည်း အန်ကယ်ရှိန်နှင့် အန်တီဖူးတို့က အကော...ပဲ မြင်ထား...သည်။ ဆိုတော့ .. ဟိုဘက်ခြံထဲ .. သူ ဘော...ဝင်ကောက်...င် ပြဿနာကတော့ ရှိနိုင်စရာ မရှိတော့ပြီ ..။ ဒေါ်ကြီးအေး...တော့ မျက်နှာသိပ်မလန်း ..။

ကလေးက .. အိပ်ရာထဲမှာ ..။ ...ကြီးချင်းက ...ရေးလုပ်ငန်းတွေ ဘာတွေ ပြောကြရင်းဖြင့်ပင် ရင်းနှီးပြနေ... .. ပဲ့ အမြင်ထဲ မကြည်ချင် ..။

သူ့ကို ထားခဲ့ကြကာ ညှိခန်းဆီသ... ဖေဖေကပဲ ...ဆောင်၍ အားလုံးကို ခေါ်သွားကြတော့ ဒေါ်ကြီးအေးပဲ သူ့...မှာ ကျန်ခဲ့ပါ၏။ အန်ကယ်ကျော်ကလည်း သူ အတွက်စိတ်...မရှိပါဟု ပြောထားသည်မို့ ဖေဖေရော မေမေရော ရင်းသ...သွားကြပုံ ရပါ၏။ ပြီးတော့ .. တစ်ဖက်သား အနေ...တာ

www.burmeseclassic.com

www.burmeseclassic.com



ကို သိပုံဖြင့် ဖေဖေမှ ဧည့်ခန်းသို့ ခေါ်သွားပုံလည်း ရသည်၊ မေမေ့ကိုပါ တစ်ပါတည်း ခေါ်သွားခြင်းပါ ..။ ဖေဖေက ခေါ် သည်ဆိုတော့လည်း မေမေ လိုက်သွားရသည်ပါပဲ ..။

"သူတို့မှာ .. သူတို့ပိုက်ဆံတွေကိစ္စပဲ အရေးကြီးနေကြ တာ .. စီးပွားရေးလုပ်ငန်းတွေပဲ ပြောနေကြ ဆိုနေကြတာ ချည်းပဲ .. အံမယ် .. ဖိုကလဲ .. လူကိုမိတ်ဆက်တာများ ဘာတဲ့ .. သူ့အလုပ် .. အဲဒါကြီး ထည့်ပြောတယ် .. လူ ကြွား .."

"စွက်နုဝေအိမ်ရာဆောက်လုပ်ရေးလုပ်ငန်းတဲ့ .. ဒေါ်ကြီး ဒေါ်ကြီးကလဲ .. တယ်မှတ်တတ်တာကိုး .."

"အေး .. အဲဒါကြီး လုပ်တယ်ဆိုတော့ .. အစ်ကိုကြီးက လဲ .. အံမယ် .. သူက ဘာစက်ရုံရှိသလေး .. ညာစက်ရုံ ရှိသလေးနဲ့ .. ပြောပြန်ရော .. ကျုပ်ကတော့ဖြင့် .. ကျုပ် ခန့်လေး ရေမွှန်းမသေ .. ရေနစ်မသေတာကိုပဲ .. ရင်ထဲ ကျေးဇူးတင်နေရတာ .. သူ့သမီး .. လှတောင်းပန်ရင် သားက .. ခပ်တည်တည်နေ .. ကြွားလား .. ဒီလောက်ချော တဲ့ ကလေးမ .. ကျုပ် တစ်ချက်လောက်ပဲ ခေါင်းခေါက် ခွင့် ရလိုက်ချင်ပါရဲ့ .. သုံးရက်လောက်ကို .. ခေါင်းဘု ကြီး ထွက်နေအောင်ကို ခေါက်ထည့်ပစ်မှာ .. အပြတ် .."

"သူက .. မာနခပ်ကြီးကြီးဗျ ဒေါ်ကြီးရ .."

"အို .. ကြီးကြီးပေါ့ .. ကျုပ်တို့ ခန့်လေးက .. လူချော လေး .. စာလဲတော်တယ် .. လူပုံချောလေးကိုများ ဒီလ တွန်းပစ်ရသတဲ့လား .. ရေထဲကျလို့ .. နစ်သေတော့ ..



သူတို့က လျော်နိုင်လို့လား၊ ကျုပ်ခန့်လေး လှတော်လေး .. လူ့အဖိုးတန်လေ .. သဘောကောင်း စိတ်ဖြူလေးကိုများ .. လှုပ်ထည့်လိုက်တာ .. ရက်ရက်စက်စက် .. စရိုက်ကလဲ ကြမ်းပါတော် .."

ဖေဖေက လူတွေရှိနေ၍ အောင့်ထားရသလေ သျှ .. ခုမှ ဖွင့်ချရင်း ယွန်းငွေယုန်ကို အံတခဲခဲဖြင့် မကျေမချမ်း နိုင်ပဲ ရှိနေသည်က ဒေါ်ကြီးအေးပါ ..။

"နေစမ်းပါဦး .. ရှင်လေးက .. ဘောလုံး ဘာကိစ္စသွား ကောက်ရသတဲ့တုန်း .. ကိုယ်တိုင် ကောက်ရသတဲ့လား .. ကိုသော့ကို ကောက်ခိုင်းပါလား .."

"လေးလေးသော်က မကောက်ချင်ဘူးတဲ့လေ .. ဖေဖေ့ကို ဘောလုံးအသစ် ဝယ်ခိုင်းလို့ ပြောတာ .."

"ကြည့် .. ကြည့် .. ကြည့်နေ .. ဒီငသော်နဲ့ ဒေါ်ကြီး တွေ့မယ် .. ပျင်း .. ကလေးကို .. သူ့က ခိုင်းချင်နေ တာ .. သူ့အတွက် အရေးကြီးနေတာက .. သူမောင်းနေ ရတဲ့ ပရာဒိုကားပဲ .. သူ့ထက်တောင် အဲဒီကားက အရေး ကြီးနေတာ .. အမြင်ကိုကတ်ရော .. သူက ဘောလုံးမ ကောက်ပေးဘဲ .. ကလေးကို မြှောက်ပေးပြီး ဝင်ကောက် ခိုင်းတယ်ပေါ့ .. ဟုတ်လား .."

ဒေါ်ကြီးအေး၏ ဒေါသမြားဦးသည် ယွန်းငွေယုန် ပေါ်မှာလည်း သင့်ချင်သည်။ လေးလေးသော် အပေါ်လည်း ရောက်ချင်သည်။ ခေါင်းတင် မောင်းတင်နှင့် ဒေါ်ကြီးအေး ပြော နေတုန်း ဖေဖေ အခန်းထဲ ဝင်လာ၏။

www.burmeseclassic.com



"ညည့်သည်တွေအတွက် စားသောက်စရာလေးတွေ လုပ်ပေးပါ ဒေါ်အေး .."

ဟု ပြောတာမို့ ဒေါ်ကြီးအေး သူ့ကို မထားခဲ့ချင်ပုံဖြင့် ရှိနေရာမှ မျက်နှာအပျက်ပျက်ဖြင့် ထွက်သွားရှာသည်ပါပဲ ..။ ခင်နှီးထုပ်အရွယ်လေးကတည်းက သူ .. ဒေါ်ကြီးလက်ထဲ ကြီးလာရသလို ရှိတာမို့ .. ဤမျှချစ်တာဟု မေမေကတော့ ဒေါ်ကြီးအေး၏ အချစ်နှင့် ပတ်သက်လာလျှင် ပြုံး၍ပြောတတ်သည်ပါပဲ ..။

ခုလည်း သူ့ကို သိပ်ထားခဲ့ချင်ပုံ မရ ..။ ဒါပေမဲ့ .. ဖေဖေ လာပြောသည်မို့ မတတ်သာဘဲ ထွက်သွားရသည့်အမျိုး ..။

"သား .."

ဖေဖေ သူ့ဘေးမှာ ထိုင်သည်။ သူ့ကိုပြုံး၍ အတန်ကြာ စိုက်ကြည့်သည်။

"သားကို .. ဖေဖေ ကုတ္တိုင်းရေကူးကန်မှာ ရေကူးသင်ပေးထားတာပဲ .. ဘာလို့ ရေနစ်ရတာလဲ သား .."

ဟု မေးသံတွင် ရယ်သံငွေ့ငွေ့ပါ၏။ ပျော်တတ်နောက်တတ်သောအကျင့် သူ့မှာရှိတာကို ဖေဖေ သိသည်။ ဒါကိုတော့ သူ အလိုလို .. နားလည်ထားမိရသည်ပဲ ..။ ဒါပေမဲ့ ဒေါ်ကြီးအေးကို ပလတ်စတစ်တောက်တဲ့ရုပ်ကြီးဖြင့် ခြောက်တာမျိုး ..။

လေးလေးသော် ထိုးသည့် တယောအိုးပြားထဲ ငါးဟပ်တွေ ဖမ်းထည့်ထားတာမျိုး။

ဒါမျိုးတွေ လုပ်တတ်ရုံမျှသာ ရှိသည့်အဖြစ် ..။ ခုကျတော့ .. နည်းနည်း .. အို .. နည်းနည်းမဟုတ် .. အတော်



ကြီးကိုပဲ လူကြီးတွေကို စိတ်သောက ဖြစ်စေသ ့် အဖြစ်မျိုးဖြစ်နေသည် မဟုတ်ပါလား ..။

ဖေဖေ့ မျက်ဝန်းတွေကို သူ အတန်ကြာကြည့်နေမိသည်။ ဖေဖေ့မျက်ဝန်းတွေ ပြုံးနေတာကို သူ မြင်နေရပါ၏။ ဖေဖေ့ ရင်ထဲမှာ ဘာတွေရှိနေသည်ဆိုတာ သူ သိလာနေသည်။ ဟုတ်သည်။ သိလာနေပြီ ..။ ဖေဖေ .. ဤကိစ္စကို .. သိနေသည်ဟု သူ ထင်သည်။ သူ မညာချင် ..။ တစ်ချက် ခေါ်တိုးတိုးရယ်သည်။ မဆူပါနဲ့ ဖေဖေ .. ဟု တောင်းပန်သည့်ပဘော ..။

"သူက သိပ်စွာတယ် ဖေဖေ .. ဘယ်သူ့ကိုမှ မကြောက်တဲ့ သူ့ရဲကောင်းကြီး ကျနေတာပဲ .. ပြီးတော့ .. သားကိုတွန်းထည့်တယ် ဖေဖေ .. မာနလဲ ခပ်ကြီးကြီး .. ဆရာလဲ သိပ်လုပ်တယ် ဖေဖေ .. သားကို သူ တွန်းသည့်လိုက်လို့ ရေထဲကျသွားရတာ .. သားက .. ဘောလုံ လေးပိုက်ပြီး ကုပ်ချောင်းချောင်းလေး ပြန်တက်ရင် .. သားရှုံးတာပေါ့ ဖေဖေ .. သူက သားကို ခါးထောက်ကြည့်ပြီး ရယ်မှာ .. သူ့ရယ်တာကို ဖေဖေ မမြင်ရလို့ သိလား .. သိပ်အမြင်ကတ်ဖို့ ကောင်းတာ .. သား မခံချင်ဘူး ဖေဖေ .. သူ မရယ်အောင် လုပ်ဖို့က .. သူ ကြောက်မှဖြစ်မှာ .. သူ ငိုမှဖြစ်မှာ .. ခု .. သူငိုရတယ် ဖေဖေ .. ကြောက်ရတယ် ဖေဖေ .. သူ့ကို သား နိုင်တယ် .. သူ ရှုံးတယ် .."

ဟု ပြောတော့ ဖေဖေ ခေါင်းယမ်းသည်။ သူ့နဖူးကို လက်သီးဖြင့် ဖွဖွထုသည်။ ဖေဖေ့ မျက်ဝန်းတွင် ပြုံးရိပ်လည်း သန်းနေသည်။ တားမြစ်ရိပ်လည်း ထင်နေသည်။

www.burmeseclassic.com



"နောက်ကို မလုပ်ရဘူး သား .. သူက ကလေးပဲ .. သည်းခံရမှာပေါ့ .."

"သားလဲ ကလေးပဲ ဖေဖေ .."

"ဟုတ်ပါပြီ ကလေးကြီးရယ် .."

ဟု ဖေဖေပြောပြီး တစ်ချက် သူ့ပါးကို ဆွဲလိမ်သည်

"သား ရှေထဲကျသွားတော့ ခေါင်းမူးသွားလို့ဆိုပြီး လေး
သော်ကို ပြောလိုက်တယ် ဖေဖေ .. သား ရေကူးတတ်တာ
လေးလေးလဲ သိတာပဲ .. သူ မမေးခင် သား ပြောလိုက်
တာ .."

"သူကယုံတယ် .. ဒါပေမဲ့ .. ဖေဖေ မယုံဘူး .. ဘယ်
လောက်ထိ ဖေဖေ့သား ရေငုတ်နိုင်တယ်ဆိုတာ ဖေဖေ
တာကိုး .."

ဟု ပြောကာ ဖေဖေ ထရပ်သည်။ သူ့ကို ဆောင်
ပေးသည်။

"ဘာပဲဖြစ်ဖြစ် .. ဖေဖေ့အတွက် .. မိတ်ဆွေကောင်း
လာရတယ်သား .. စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်
ဖေဖေ .. မိတ်ဆွေထပ်တိုးရတာပေါ့ .."

ဟု ဖေဖေ ပြောပြီး နဖူးကို ငုံ့နမ်းသည်။

"နောက်ကို .. မလုပ်တော့ပါဘူး ဖေဖေ .. အဲသလိုလေ .."

ဟု သူ့အပြစ်အတွက် .. တောင်းပန်သလို
ပြောမိရပါပြီ ..။

***



## အခန်း(၄)

"ဟာ .. မဟုတ်တာ ကိုရှိန်ရာ .. ကလေး ကို စိတ်ညစ်အောင် မလုပ်ပါနဲ့ဗျာ .. ကျွန်တော့်သားလဲ .. ဘာမှဖြစ်တာမှ မဟုတ်တာ .. သူ စည်းကမ်းမဲ့လို့ ဖြစ်ရတာပဲဗျာ .."

တကယ့်ကို ယွန်းငွေယုန်ကို သူ့အခန်းထဲထိ ခေါ်လာသည်မို့ ဖေဖေ့မှာ ပျာပျာသလဲကြီး တားနေပေမယ့်မရ ..။ အန်ကယ်ရှိန်က သမီးကို တစ်ချက်ငုံ့ကြည့်သည် ပန်းရောင်ဂါဝန်လေးဖြင့် မျက်နှာလေးငိုမဲ့မဲ့နှင့် ခုတင်ဘေးမှာ ရပ်နေရင်း သူ့ကို ကြည့်နေသည့် အကြည့်တွေထဲမှာ စိတ်ထဲ တင်းခဲနေအောင် ခံစားနေရသည့် အမုန်းများကို သူတွေ့နေရသည်။ ဟုတ်သည်။ အမုန်း ..။ စောစော သူ ရေကန်ထဲကျခဲ့သည့်ကိစ္စ ..။ အန်ကယ်ရှိန် အိမ်တစ်ကျော့ပြန်ပြီး အတော်ကြီးလည်း ဆူခဲ့ပုံရပါ၏။ မျက်နှာလေး ရဲနေအောင် .. မျက်ခွံလေးတွေ မို့နေအောင် ငိုထားမှန်းလည်း သိသာနေသည်။ ဤတစ်ကြိမ်မှာလည်း နောက်ပါးဆီမှ အန်တီမူးသည်လည်း ပြန်ပါလာပါ၏။ ကြည့်ရတာ ..

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး အိမ်သို့ပြန်လိုက်ကြကာ သမီးကို ခေါ်ချလာတာ ဖြစ်မည်။

အန်ကယ်ရှိန်တို့နှင့် ညော်ခန်းမှာ စကားစမြည်လေး ပြော ..။ ကော်ဖီတူတူသောက်ကြပြီးသည့် နောက်မှာ အန်ကယ်တို့ ပြန်သွားကြမှ ဖေဖေ နောက်တစ်ကျော့ အပေါ်ထပ်သို့ပြန်တက်လာကာ သူ့ဘေးမှာထိုင်ရင်း ဘာမျှမပြောဖြစ်သေးဘဲ ပြုံးစဖြင့် ကြည့်နေရုံမျှပဲ အချိန်ကြာသေးသည်။ အန်ကယ်ရှိန်နှင့် အန်တီဖွားတို့ ပြန်ရောက်လာကြကာ သူ့အခန်းထဲထိ ယွန်းငွေယုန်ကို ခေါ်လာသည်မို့ ဖေဖေ မျက်နှာမကောင်းဘဲ ထပြောရ တားနေရခြင်းပါ။

စောစောကကိစ္စအတွက် ယွန်းငွေယုန်ကို တောင်းပန်နိုင်းဖို့ ခေါ်လာခြင်း ဆိုတာကို သူ သိသလိုရှိလာ၏။

"ညော်ခန်းမှာကတည်းက ကျွန်တော် ပြောပါရောလား ကိုရှိန်ရာ .. သမီးလေးကို တကူးတကလာပြီး တောင်းပန်နိုင်းတာ မလုပ်ပါနဲ့ ဆိုတာဗျာ .. ကဲ .. သား .. ခုကြည့်စမ်း .. သားစည်းကမ်းမဲ့လို့ .. သမီးလေး .. စိတ်ညစ်နေပြီ .. သားကလဲ ပြန်တောင်းပန်ရမယ် .. ကြားရဲ့လား_"

နှင့် ပြောနေခိုက် ယွန်းငွေယုန် ဖေ့ဖေ့ကို မော့ကြည့်သည်။ တစ်ခုခုကို ပြောပြချင်နေပုံရ၏။ အားကိုးမျက်လုံးဖြင့် ကြည့်နေသည့် အကြည့်တွေထဲမှာ တိုင်တောချင်ရိပ်တွေလည်း ပြည့်နေသည်ဟု သူ သိနေသည်။ မသိ၍လည်း မဖြစ်။ ကိုယ်က_ ကောင်မလေးကို မခံချင်အောင် ပြောခဲ့တာမို့ .. ကိုယ့်အပြစ်ကိုယ် သိနေရသည်ကိုးလေ ..။ စောစောက ဖေဖေဆုံးမခဲ့တာမို့လည်း



ကောင်မလေးကို နောက်နောင်မှာမနောက်တော့ပြီ .. မခံချင်အောင်လည်း မစတော့ပြီပဲ .. ဟု ဆုံးဖြတ်ထားမိလိုက ရသည်ကလည်း အမှန်ပါ ..။

ဒါပေမဲ့ ခက်သည်က .. ဤကောင်မလေး၏ မျက်နှာချိုးကြီးပါ ..။ စောစောက .. နောင်တဖြစ်ချင် ချင် စိတ်ကောင်းသည်ပင်လျှင် မာကျောမုန်းတီးနေသည့် ယွန်းငွေ သုန်၏ မျက်ဝန်းရိပ်အကြည့်များကြောင့် နည်းနည်းတော့ စိတ်မာ က်ပြောင်းချင်လာရပြန်လျက် အမြင်ပြန်ကတ်ကတ် ဖြစ်လာရသည ပါပဲ ..။ ခုလည်း ခေါ်၍ လိုက်လာရပေမယ့် သူ့ကို အတော်ကြီး စေတနာကုန်ခမ်းမုန်းတီးနေတာ သူ သိနေသည်။ သိရမည်ပေါ့၊ ကလေးချင်းပေပဲလေ ..။ ကဇလေးချင်း ဆိုတာက .. ကလေးမျ ဲရိပ်မျက်ကဲကို .. ပိုသိကြသည်ပေါ့ ..။

"ကျွတ် .. ကောင်မလေး ငါ့ကို .. စိတ်ထဲက ကောင်းကောင်း မြည်တွန်တောက်တီးနေတော့မှာ .."

အဲမယ် ..။ လေလောဆယ်မှာ လေးလေးသော်၏ ပြောနေကျစကားတချို့က သူ့ပါးစပ်ထဲ ရောက်လာနေရပြန်သေးသည့် အဖြစ်။ ဘာတဲ့ ..။ မြည်တွန်တောက် ဘီးသည်တဲ့ ..။ လေးလေးသော်၏နှုတ်မှ .. မကြာမကြာ ဒေါ်ကြီးအေးနှင့် ပတ်သက်၍ ပြောပြောနေကျ စကား။ ဒေါ်ကြီးအေး ပွစိ ပွစိရွတ်လိုက်တိုင်း ပြန်မပြောရဲသော လေးလေးသော်မှ သစ်ရိပ်အောက်မှာ တစ်ယောက်တည်း စိတ်လက်ညစ်စွာ ထိုင်ရင်း ပြောနေကျစကား ..။ အလွန် မြည်တွန်တောက်တီးသည့် ဒေါ်ကြီးအေးတဲ့လေ ..။

www.burmeseclassic.com



ခုလည်း .. ဤသူငယ်မလေးကို .. သူ .. ကြည့်နေရင်း .. ကြည့်နေရင်း .. ကောင်မလေး ရင်ထဲမှာ .. ပွစိပွစိရှုပ်နေပြီဟု နားလည်လာနေရသည်ကိုး ..။

"ထိုင် .. သမီး .. ကန်တော့ .."

ဟု အန်ကယ်ရှိန် ပြောတော့ သူ ခုတင်ပေါ် ထထိုင်သည်။

"ဟင့်အင်း .. မကန်တော့ပါနဲ့ .. သားက .. တောင်းပန်ရမှာပါ .. သားဘာသာ ခလုပ်တိုက်လဲပြီး ရေကန်ထဲကျသွားတာပါ .. ညီမလေးက .. ဘာမှ သားကိုမလုပ်ပါဘူး ညီမလေး .. ကိုကို တောင်းပန်တယ်နော် .. ခြံထဲကိုရွှင်ဝင်မိလို့လေ .. ညီမလေး ငိုထားတော့ .. ကိုကို စိတ်မကောင်းဘူး .."

ဟု ကမန်းကတန်း ပြောသည်။ သူ့မျက်ဝန်းတွေထဲမှာ လှို့ဝှက်သော အပြုံးရိပ်သည် သဲ့သဲ့လေးထင်၏။ သူ .. အရမ်းသဘောကောင်းပြလေ .. ယွန်းငွေယုန်ကို အန်ကယ်ရှိန်ပို၍ဆွဲချင်လေ ဖြစ်ချေမည် မဟုတ်ပါလား ..။ သူ့အတွက်ကျတော့ အမှတ်တွေ ပိုတိုးလာရချေမည်။ ဖေဖေကလည်း သဘောကျမည်။ အန်ကယ်ရှိန်လည်း သဘောကျမည်။ အန်တီဖူးကလည်း သူ့ကိုပို၍ပင် ချစ်ခင်လာချေမည် ..။ တော .. အခန်းထဲ နောက်ထပ်နွားနို့ဖန်ခွက်တွေနှင့် ဝင်လာသည့် မေမေလည်း သူ့ကို လျှော်လေးဟု သဘောကျနေပြီ ..။

ညှော်သည်တွေအတွက် ယူလာသည့် နွားနို့ဖန်ခွက်တွေကို စားပွဲဝိုင်းငယ်လေးတွေထက်မှာ သေသေသပ်သပ် မေမေ



တင်သည်။ လောလောဆယ်မှာတော့ သူနှင့် ယွန်းငွေယုန်တို့၏ အဆင်မပြေမှုကြောင့်ပင်လျှင် နှစ်ဖက်အိမ်က လူကြီးချင်း ပို၍ခင်မင်ရင်းနှီး အဆင်မပြေမှုကြောင့်ပင်လျှင် နှစ်ဖက်အိမ်က လူကြီးချင်း ပို၍ ခင်မင်ရင်းနှီး အဆင်ပြေနေကြပြန်သေးသည့် အဖြစ်။ အချိန်တိုလေးအတွင်းမှာပဲ သဘောကောင်းကြသူ ဖေဖေနှင့်မေမေရော .. အန်ကယ်ရှိန်နှင့် အန်တီဖူးတို့ရော တရင်းတနှီး နိုင်သွားကြရသည့် အဖြစ် ..။ အခန်းထဲသို့ မေမေ့နောက်မှ နွားနို့ဖန်ခွက်တွေပါသည့် လင်ပန်းဖြင့် ထပ်ဝင်လာခဲ့ပါသော ဒေါ်ကြီးအေးကတော့ သူ့ကိုကြည့်ကာ မျက်လုံးပြူးပြသည်။ ခေါင်းကို မသိမသာယမ်းပြသည်။ သူ့ကို ရေကန်ထဲ တွန်းပစ်ရကောင်းလားဟု ဒေါ်ကြီးအေးက ယွန်းငွေယုန်ကို စိတ်တိုနေသည် မဟုတ်ပါလား။ သူ တောင်းပန်နေတာကို မကြိုက်သလိုကြီးဖြင့် မျက်မှောင်ကြီး တတွန့်တွန့်နှင့် အမူအရာဖြင့် လှမ်းလှမ်း၍ မျက်ရိပ်ပြ ဟန့်နေသည်က ဒေါ်ကြီးအေးပါ ..။

"တွေ့တယ် မဟုတ်လား သမီး ငွေယုန် .. ကိုကိုက .. သူ့ဘာသာ ခလုတ်တိုက်လဲတယ်လို့တောင် ပြောပေးနေရှာတာ .. အိမ်မှာ သမီး ဝန်ခံခဲ့ပြီးပြီ .. ယုန်လေးတွန်းလိုက်တယ် ဆိုတာလေ .. ခု .. ကိုကိုကဖြင့် .. ညီမလေး ဆိုပြီး .. ပြောနေပြီ .. ဘယ်လောက် သဘောကောင်းတဲ့ ကိုကိုလဲ .. နောက်ကို .. ကိုကိုနဲ့ တူတူကစား .. ကိုကို့ စကားကို နားထောင် .. ကြားရဲ့လား .."

ဟု အန်ကယ်ရှိန် ပြောတော့ ယွန်းငွေယုန် မျက်ရည်ဝဲရင်း ငြိမ်နေသည်။ သူ့ကိုလည်း တစ်ချက်ကြည့်၏။ လှဲ့ယဲ့

www.burmeseclassic.com

www.burmeseclassic.com



သဲ့သဲ့လေးမျှ ပြုံးနေသည့် အကြည့်ကို မကြိုက်ပုံကြီးဖြင့် မျက်ဝန်းနက်နက်လေးတွေက မှိုချလက်တောက်လာသည်။ ယွန်းငွေယုန်ပို၍အဆိုးဖြစ်ဖြစ်လာရအောင် ညာဏ်နီညာဏ်နက် ထုတ်ခြင်းဆိုတာ ယွန်းငွေယုန်ကလည်း သိနေပုံရပါ၏။

"ကဲ .. ကန်တော့ .."

ဟု ဖွတ်ကြီး ခိုင်းနေတော့ .. ဖေဖေနှင့် မေမေ့ဘားလည်း မရနိုင်တော့သည့် အခြေကို ဖြစ်လာရသည်ပါပဲ ..။ ဆတ်ခနဲ ထိုင်ချ ..။ လက်အုပ်လေးချီကာ ..

"ငွေယုန့်ကို ခွင့်လွှတ်ပါ .. ငွေယုန့်အပြစ်အတွက် ကန်တော့တောင်းပန်ပါတယ် .."

ဟု ပြောနေပုံလေးက ငွေယုန့်ဒက်ဒီနှင့် မာမီတို့ဤအိမ်သို့ ငွေယုန့်ကို ခေါ်မလာခင်မှာ သေချာကို ဘယ်သို့ကန်တော့တောင်းပန်ရမည်ဟု ပြောထားသည့်အတိုင်း ပြောဆိုနေပုံလေးနှင့် တူနေသည်ဟု သူ တွေးမိသည်။ ခုလို မျက်ရည်တွေဝိုင်းလည်လာအောင် မခံချင်ဘဲ ဖြစ်နေသမျှ မျိုသိပ်ခံစားရင်းမိဘခိုင်းသမျှကို လိုက်လုပ်ပေးရပုံလေးဖြင့် အားမတန် မာန်လျှော့ချရှာပါသော ငွေယုန် ..။ ဒါကို သူ မြင်နေသည်။ သိနေသည်။ သိဆို .. သူကိုက .. ငွေယုန့်ကို မခံချင်အောင် ပြောခဲ့သေးသည့် အဖြစ်က ရေကန်ထဲ တွန်းချခံရဖို့ ဖြစ်လာသည် မဟုတ်ပါလား ..။

သူ .. စိတ်ထဲ တကယ့်ကို မကောင်းဘဲ ဖြစ်လာမိရပြန်လျက် ခုတင်ပေါ်မှဆင်းကာ ..

"ကိုကိုလဲ တောင်းပန်တယ် ညီမလေး ငွေယုန် .."



ဟု ပြောမိရသည်က တကယ့်ကို စိတ်ရင်းခံအတိုင်းပါ ..။ ဒါပေမဲ့ .. ဩော် .. ဒါပေမဲ့ .. ဖျတ်ခနဲ တစ်ချက်မှာသားမျှ .. သူ့ကို မော့ကြည့်လိုက်သည့် တုန့်ပြန် ကြည့်တွေထဲမှာခါးသီးသော တေးတေးမှတ်မှတ် အရိပ်တွေ ပြည့်သ ပ်နေကြတာကိုသူ မြင်လိုက်ရချေသည်တကား ..။

"ဟုတ်ပြီ .. ဒီနေ့ကစပြီး .. သားနဲ့ သမီးတို့ဟာ .. မောင်နှမတွေ ဖြစ်ကြပြီနော် .. ကဲ .. သားက .. သမီးလေးကို ခြံထဲခေါ်သွား .. ညီမလေးကြိုက်တဲ့ ပန်းသေ တွေ ခူးပေးလိုက် .. ဟုတ်လား .. ကိုရှိန်ဏလဲ ကလေးကို ထပ်မဆူပါနဲ့တော့ဗျာ .. ကလေး သနားပါတယ် .. ကျွန်တော့်ကောင်အကြောင်း ကျွန်တော် သိပါတယ် .. ဒီကောင် .. ကလေးကို မခံချင်အောင် တစ်ခုခုကို ပြောခဲ့မယ်ဗျာ .."

ဟု ဖေဖေ ပြောနေတော့ အန်ကယ်ရှိန်မှ ခေါင်းပဲသိမ်းသည်။ ခုထိ အားနာရှိန် ပြေသေးပုံမရ။ အန်တီဖူးကတော့မျက်ရည်ဝဲနေသည့် သမီးကို ဆံစလေးတွေ သပ်ပေးနေရင်းမှ ..

"ခုလို ကန်တော့တောင်းပန်လိုက်တော့ ကိုကိုနဲ့ ပိုချစ်ခင်သွားရရော မဟုတ်လား ငွေယုန်လေးရဲ့ .. မာမီ့သမီးလေး လိမ္မာတယ်ဆိုတာ မာမီ ဂုဏ်ယူပါတယ် ဥယ် .. ခုလို .. ကိုယ့်အပြစ် ကိုယ်ဝန်ခံ တောင်းပန်လိုက်တာကို .. မာမီ ချစ်တယ် သမီး .."

ဟု ပြောနေပါ၏။ အန်တီဖူး ဆိုသော အရမ်းကိုစိတ်ရင်းကောင်းကာ နူးညံ့သိမ်မွေ့သူတစ်ယောက် ဆိုတာ ပြင်ရုံနှင့် သိသာနေစေပါသည့် အဖြစ်။ မေမေကလည်း ငွေယုန့်ကို

www.burmeseclassic.com



ဆံစလေး သပ်ပေးနေတော့ သူ တစ်ယောက်တည်း ငုတ်တုတ်လေးဖြင့် အကြင်နာပေးသူ ကင်းနေသည့် သူကောင့်သားလေး ဖြစ်ဖြစ်လာနေရတာမို့ ပြန်၍ ကောင်မလေးကို မျက်စိစူးချင်လာပြန်ပါ၏။ အပြစ်လုပ်ကြတာချင်းတူတူ .. ငွေယုန့်ကို စိုင်း၍ ကြင်နာနေလိုက်ကြပါသည့် အဖြစ်။

စောစောဝင်လာသည့် စိတ်ရင်းကောင်းလေး ပြန်ပျောက်သွားကာ ငွေယုန့်ကို အိုက်တင်များနေသည့် ကောင်မလေး တစ်ယောက်အဖြစ် မြင်လာမိပြန်သည်။ ကန်တော့ရသည်ကိုများ အသားပုံပါသွားတာကျလို့ဟု စတင်၍ စိတ်ထဲက မြည်တမ်းမိပြန်သည်။ ဖေဖေကတော့ ရယ်၍ သူ့ပခုံးကို ပုတ်သည်။

"တော်လောက်ပြီ .. အိပ်ရာထဲမှာလဲ စောင်ကြီးခြုံကွေးပြီးပြီ .. ဒေါ်အေးတိုက်တဲ့ နွားနို့ဖန်ခွက်ကြီးလဲ သောက်ပြီးပြီ .. မြူဆွမ်တစ်ပန်းကန်လဲ အုပ်ပြီးပြီ .. ဆေးလဲထိုးခံခဲ့ရပြီးပြီ .. ရပြီ .. သား ခြံထဲဆင်းလို့ရပြီ .. ညီမလေးကို ခြံထဲလိုက်ပို့လိုက် .."

"ဟာ .. ကိုမြတ်မင်းကလဲ .. ကလေး အိပ်ရာထဲ နားပါစေဗျာ .."

"ဒီကောင် .. ကျွန်တော့်သားပါဗျာ .. သူ့အကြောင်း ကောင်းကောင်း သိပါတယ် .. ကဲ .. ထ .. သွား .."

ဟု ဖေဖေ ရယ်မောပြောနေသမျှ သူငြိမ်နေ၍က လည်း မဖြစ်တော့ပြီမို့ ရပ်၍ ငွေယုန့်ကို စောင့်ခေါ်သလိုကြည့်နေတော့ ငွေယုန် မျက်နှာလေး ပျက်လျက် ..

"ဟင့်အင်း .. ပန်းခြံထဲ မသွားချင်ပါဘူး .."



ဟု စတင်၍ ပြောတော့ .. စိတ်ထဲမှ ပို၍ချဉ်လာမိပြန်သည်။ နေပေါ့ .. ဟု တွေးကာ ခုတင်ပေါ် ပြန်ထိုင်မည်အပြု ..

"သမီးက ရှက်နေတာဗျ .. ကဲ .. ကိုကို့နောက် လိုက်သွား .. ကိုကိုက စောင့်ခေါ်တဲ့ ဥစ္စာကိုကွယ် .."

ဟု အန်ကယ်ရှိန် ပြောလာသည်မို့ သွန်းငွေယုန် ကြမ်းပေါ်မှာ ဂါဝန်ရှည်လေးသိမ်း၍ ထိုင်နေရာမှ မျက်နှာလေး ငုံ့မဲ့ဖြင့် ထရှာသည်။

လူကြီးတွေကတော့ ကလေးတွေ စောစောကပဲ မတည့်ဘဲ ရှိခဲ့ကြရ ..။ ခု .. လူကြီးတွေက ပြန်ခေါ်ခိုင်း၍ ခေါ်ကြရနှင့် ဖြစ်နေရတာမို့ ရှက်နေကြသည်ဟု နားလည်ထားကြပုံဖြင့် တပြုံးပြုံးနှင့် ရှိကျန်ခဲ့ကြပါ၏။

သူက ရှေ့မှလျှောက်သည်။ နောက်မှ သွန်းငွေယုန် လိုက်လာ၏။

ရပ်ထားသော ပရာဒိုကြီးကို ထုံးစံအတိုင်း အဝတ်နှင့် လက်တောက်နေအောင်ပွတ်ရ ..။ ပေါလစ်တင်ရနှင့် အလုပ်များနေသည့် လေးလေးသော်ကတော့ သူ့ကို ပေါ်တီကိုကြီးအောက် အရောက်မှာ ပြုံးကြည့်သည်။

"ပန်းပင်တွေ လိုက်ပြမလို့ဗျ .. ဘာပြုံးတာလဲ လေးလေးသော်ရ .."

"ဟာ .. ငါက ဘာပြောသေးလို့တုန်း .. လိုက်ပြ .. လိုက်ပြ .. ညည်းလေးကလဲ .. ကြိုက်သမျှ ဒီကောင့်ကို ခူးခိုင်း .. ဟိုပိတောက်ပင်ကြီး တွေ့လား .. အဲဒီအပင် ပေါ်က ငှက်

www.burmeseclassic.com



သိုက်ထဲမှာ ရှိနေမယ့် ငှက်ပေါက်လေးကိုတောင် သွားယူခိုင်း .. ဟုတ်ပလား .. အပေးပေး .. ဒီကောင့်ကို .. ကောင်းကောင်းခိုင်းပေး .. မညှာနဲ့ ..”

ဟု မြှောက်ပေးနေတော့ သူ မျက်မှောင်တွန့်၍ လေးလေးသော်ကို ကြည့်သည်။

ယွန်းငွေယုန်ကတော့ ဘာမျှကို မပြော ..။ ခပ်တည်တည်နှင့် လူကြီးကျနေတာပဲ .. ဟု တွေးမိပြန်လျက် ရှေ့က စိုက်စိုက် စိုက်စိုက်နှင့် ထွက်သွားလိုက်တော့ ငွေယုန် နောက်မှလိုက်လာသည်။ ပို့သူရော လိုက်သူရော လုံးဝစိတ်ထဲက မပါကြသည့်ဥစ္စာ .. ဟု မေဖေ့ကို သူ ပြန်၍ပြောရဦးမည်။ ဟုတ်သည်။ ကိုယ်က လူကြီးစကားအရ လိုက်ပို့သည့်ဥစ္စာ ..။ ပန်းတွေကို ကြည့်ဖော်ပင်မရ ..။ ဟန်ပန်ကြီးနှင့် ခပ်တင်းတင်းလုပ်၍ နောက်က လိုက်လာတော့ ဘယ့်နှယ်လုပ်၍ ကောင်းတော့မည်တဲ့လဲလေ ..။ ကိုယ်ကပဲ .. သိပ်ပြီး ဖားနေခေါ်ချင်နေပုံကြီးကို ရောက်နေသည့်အဖြစ်။

“ဘယ်ပန်း လိုချင်လဲ .. ပြော .. ခူးပေးမယ် .. ဟိုမှာ နှင်းဆီတွေ .. တွေ့တယ်မဟုတ်လား .. အရောင်ကိုစုံနေတာပဲ .. လက်ညှိုးထိုးပြလိုက် .. ခူးပေးမယ် ..”

စေတနာမပါဟု ထင်နေသည့် လေငွေ့တွေထဲမှာ .. ပန်းတစ်ပွင့်လောက်ကိုပဲဖြစ်ဖြစ် ကောင်မလေး တောင်းစေချင်စိတ်ဖြစ်ပြန်သည်ကို ပြန်၍ အံ့ဩမိရပါပြီ ..။ ဤကောင်မလေး သူ့ကို လာကန်တော့ရစဉ်ခိုက် မျက်ရည်ဝဲအောင် စိတ်ညစ်နေတာကို ရင်ထဲမှာ သနားစိတ်လည်း ဖြစ်နေရသည်ဆိုတာ မိမိဘာသာလည်း



သိနေသည်။ ဒါကြောင့် .. ပန်းတစ်ပွင့်လောက်ကိုပဲဖြစ်ဖြစ် ကောင်မလေး လက်ညှိုးထိုးပြလိုက်ချိန်မှာ သူက ခူးပေးရသူတစ်ယောက် အဖြစ်မျိုးရှိနေချင်ပြန်၏။ တစ်ဆက်တည်းမှာလည်း သနားနေမိရသည့် ဤကောင်မလေးကို ဟန်ကြီးပန်ကြီးနှင့် ဟိတ်ဟန်များသည့် ဘဝင်မြင့်မြင့် .. ခပ်စွာစွာ ကောင်မလေးတစ်ယောက်အဖြစ် လည်း အမြင်ကတ်နေမိရစိတ်ကလည်း ရင်ထဲမှာ ယှဉ်တွဲရှိနေပြန် ပါသေးသည့် အဖြစ်။

ကြည့် ..။ သူ့ကို ရေကန်ထဲ ဆောင့်တွန်းပစ်ခဲ့သည် မဟုတ်ပါလား။ အလွန် စိတ်ကြမ်း ကိုယ်ကြမ်း နိုင်သည့်လုပ်ရပ် ..။ သူဆို .. ဘယ်လောက်ပဲ စိတ်တိုကို .. ထိုနေရာမှာ သူက .. ကောင်မလေးကို ရေကန်ထဲ တွန်းပစ်လိုက် .. ဆိုလျှင် .. တွန်းရက်မှာမဟုတ် ..။ ထိုမျှလောက်ကြီး အထိတော့ .. သူ စရိုက်မကြမ်း ..။

“ကောင်မလေးဖြစ်ပြီးတော့ .. မနူးညံ့လိုက်တာ ..”

စတင်၍ တွေးဖြစ်နေစဉ်ခိုက်မှာပဲ ..

“ဟိုပန်းရောင်နှင်းဆီလေး တစ်ပွင့်ကို ခူးပေးပါလား ကိုကို ..”

ဟု ပြောလာတာမျိုးကိုလည်း ကြ ားနေချင်ပြန်သည်။

လေးလေးသော်သာသိလျှင် လက်ခုပ်တီး၍ ..

“မင်းက .. အစကတည်းကိုက .. အရှော်တော်ဖြစ်နေပြီ .. စိတ်ထားပျော့ပါကွာ .. ငါလူရာ ..”

ဟု ပြောတော့မှာ သေချာသည်။ ပြီးတော့ ရယ်ဦးမည် ..။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် .. ယူ့ကို ပြောထားမယ် .. ငွေယုန်က .. ဘယ်တော့မှ .. ယူ့ဆီက .. ပန်းတစ်ပွင့်ကို မတောင်းဘူး .. အိထား .. ယူ့ကို ဘယ်တော့မှလဲ မခင်ဘူး .. ယူ့ကို ကန်တော့ရတဲ့ ဒီနေ့ကိုလဲ ဘယ်တော့မှ မမေ့ဘူး .. ယူ့ကို မုန်းလဲ့နုန်းတယ် .. ဒက်ဒီနဲ့ မာမီက ယူ့ကို ကန်တော့ခိုင်းလို့သာ လာကန်တော့ရတာ .. သိပ်ပြီးဘဝင်မြင့်မနေနဲ့ .. ယူ့ကို သိပ်မုန်းတယ် .. သိရဲ့လား .."

ဟု ပြောလာတော့ သူ ငွေယုန့်ကို ကြည့်မိသည်။ ဤမြူးစွာနေသည့် ကောင်မလေး ..။ မျက်နှာလေးကို ရဲနေသည်။ သွယ်ပျောင်းဖြူဥနေသည့် မိန်းကလေးတစ်ယောက်။ လှလိုက်ပါသည့် ကောင်မလေး။ ဒါပေမဲ့ .. ရင်ထဲမှာ အလှမရှိ။ စွာနေတာပဲ ရှိသည်။ မာထန်ထန်နှင့် အတေးအမှတ်တွေပဲ ရှိသည်။ ဘဝင်ကလည်း မြင့်နေသေးသည့် အဖြစ်။ ခုလို .. ပေါ်တင်ကြီး စွာနေတော့လည်း ဘာရမည်လဲလေ ..။ တည်ကြည်ခန့်ပေပဲ။ ခပ်တည်တည် ပြန်ကြည့်ပစ်လိုက်ကာ ..

"ငါကလဲ .. နင့်ကို .. ပန်းခူးပေးချင်နေတယ် မှတ်လို့ .. ဖေဖေက ပြောလို့ ခေါ်လာရတာ နင့်အမြင်ပဲ .. မုန်းပေါ့ .. နင့်ကို ဘယ်သူက တားနေလို့လဲ .. နင့်ကိုယ်နင် ဘာများထင်နေလဲ ယုန်ဖြူစုတ်လေးရဲ့ .. ရှေ့သွားနှစ်ချောင်းကလဲ .. ယုန်သွားကျနေတာပဲ .. အကြီးကြီးနဲ့ .."

"ဘယ်မှာကြီးလို့လဲ .. ကဲ .."

မခံချင်အောင်ဖြင့် သွားလေးကို နှုတ်ပြတော့ သူ ကြည့်ကာ ရယ်ချင်ပြန်သည်။ တကယ်တော့ သွားလေးတွေက



နေသည့် အဖြစ်။ မျက်ဝန်းမှာ မျက်ရည်တွေ လည်တက်နေရင်း ကို မုန်းမုန်းဖြင့် ကြည့်နေသည့် ကောင်မလေး ။

မျက်နက်ဝန်းလေးတွေက ပို၍ မျက်ရည်ကြောင့် နက်မှောင်နေသည်။ လက်လက်တောက်နေသည်။ နှုတ်ခမ်းတွေ တုန်နေလျက် တကယ့်ကို ငိုချလိုက်တော့မလို ဖြစ်နေ မြင်တော့လည်း သူ စိတ်ထဲမကောင်းပြန် ..။ စိတ်ကိုပြန် ချလိုက်မိရပြန်ပါပြီ ..။ လေးလေးသော် ပြောသလို ညည်း ဖြင့် .. အံမယ်မင်း .. ဟုသာ ညည်းချရမလို ဖြစ်နေပြီ ..။

အံမယ်မင်း .. သနားမိရလှချေလား .. ဆိုသည့် ား ..။ ဘာလို့ .. သနား သနားလာနေမိရပါသတဲ့လဲလေ ..။

"ပြန်မယ် .."

ဟု ခပ်တင်းတင်း ပြောကာ ချာခနဲ လှည့်ထွက်သွား တော့ သူ နေရာမှာ ရပ်ကျန်ခဲ့ပါ၏။

"ပြန်ပေါ့ .."

ဟု ဘာကြောင့်များ သူ ပြန်မအော်မိခဲ့ရပါလိမ့် ..။

ပန်းတစ်ပွင့်လောက်တော့ .. ယူသွားသင့်တာပေါ့ .. ဘာကြောင့်များ သူ ပြောနေချင်မိရပါလိမ့် ..။

သူသည် .. ငွေယုန် ဆိုသည့် ကောင်မလေးကို .. မစွာသော .. ရန်မလုပ်တတ်သော ကောင်မလေးအဖြစ် .. နေစေချင်သည်ကရော .. ဘာကြောင့်များပါလိမ့်။ သူ မျက် တွေ့သွားမိရပြန်ပါသည်။

အံမာမင်း ..။ ဤမြူးစွာသည့် ကောင်မလေးကို .. .. ခင်ချင်နေသည်တဲ့လား။

www.burmeseclassic.com



ဟုတ်သည်။ ခင်နေချင်သည်။

ဒါကြောင့် .. သဘောကောင်းသော .. သူ့ကို
တွယ်သော .. စိတ်ထားနူးနူးညံ့ညံ့လေးလည်း ရှိသော .. ကော
မလေးတစ်ယောက်အဖြစ် .. သူက .. ယွန်းငွေယုန်ကို ဖြစ်နေ
ချင်ရသည်ပေါ့ ..။

သူ ခေါင်းယမ်းသည်။

ဘယ်တော့မှ .. ထိုသို့ ဖြစ်လာမှာ မဟုတ် ..

အကြည့်က .. ပန်းခင်းဆီသို့ ရောက်၏။ ရော
အသွေးဖြင့် ရှိနေသည် နှင်းဆီခင်းသည် .. သူ့ကို လှမ်းေ
သည်ဟု ထင်သည်။

ပန်းလေးတစ်ပွင့်ကိုမျှ .. ယွန်းငွေယုန်ကို ခူးပေ
ခဲ့သည့်အတွက် .. ပန်းခင်းထဲမှ ပန်းပွင့်လေးတွေ ဝမ်းနည်း
ကြသည်ဟု သူ ခံစားဖြစ်၏။

တကယ်တော့ .. သူလည်း .. ဝမ်းနည်းနေမိ
သို့ ရှိနေရသည် မဟုတ်ပါလားလေ။

* * *



## အခန်း (၅)

ယွန်းငွေယုန်၏ အရိပ်လေး ခြံတံခါးဆီမှ ချိုးကွေ့
ပျောက်သွားသည်သည်အထိ သူ ပန်းတွေအလယ်မှာ ရပ်ကျန်နေ
ခဲ့ ကြည့်နေမိရပါ၏။

ကျွတ်ခနဲ သူ စုတ်သပ်မိသည်။ ဤသည်ကတော့
အသားလေးသော်၏ အိုက်တင် ..။ စိတ်ညစ်သည့် သဘောကို
ဖော်ပြသည့်အောင် တကျွတ်ကျွတ်ဖြင့် လေးလေးသော်က စုတ်သပ်
တတ်စမြဲ။ လေးလေးသော်နှင့် အနေနီးတော့လည်း လေးလေး
သော် အိုက်တင်တွေက သူ့ဆီကို ရောက်ရောက်လာနေကြကာ
အသားတကျကြီး ရှိနေတတ်ခဲ့သည်ကိုးလေ ..။

အိမ်ထဲပြန်ဝင်၍ကတော့ မဖြစ် ..။ ဖေဖေက မေး
သည်။ ကောင်မလေးကို ဘယ်ချန်ထားခဲ့သလဲ ဆိုတာမျိုး မေးလာ
နိုင်သည်။ အလွန်တရာကိုမှ ကြီးကြီးကျယ်ကျယ်နိုင်သော ထို
ယွန်းငွေယုန် ဆိုသည့် ကောင်မလေး အကြောင်းကို သူက
အပြစ်တင်ပြောလျှင်လည်း ဖေဖေက ယုံမှာမဟုတ်။ သူတစ်ခုခု

www.burmeseclassic.com

www.burmeseclassic.com



ဂျစ်တိုက်လွှတ်လိုက်၍ဟု ဖေဖေကတော့ ထင်ကို ထင်ချေမှာ သေချာသည်လေ ..။

သူ ခေါင်းတယမ်းယမ်းဖြင့် ခြံထောင့်ဘက်က ပိတောက်ပင်ကြီး ရှိရာဆီသို့ လျှောက်လာတော့ ပြုံးကြည့်နေသည့် လေးလေးသော်နှင့် သစ်ခွရုံတန်း နေရာမှာ တိုးသည်။

"ဘယ်လိုလဲ ကိုယ့်လူ .. ခေါင်းတယမ်းယမ်း .. လည် တခါခါနဲ့ .. တော်တော်ကြီးကို ပျော်လာပုံ ရတယ် .. ဟုတ်လား .."

"ဘယ်ကလာ ပျော်ရမှာလဲ လေးလေးသော်ကလဲ .."

"ဩော် .. ဒါဆို .. စိတ်ညစ်လာတယ် ဆိုပါတော့ .. ဟို ကောင်မလေး မင့် ရန်လုပ်ပြန်သွားတာကိုလေ .. အဲ ဟဲ .."

"ဟာ .. ဘာလို့ သားက စိတ်ညစ်ရမှာလဲ .. စိတ်ရှုပ်နေ တာဗျ .. စိတ်ညစ်ဖို့ကိစ္စ ဘာမှမရှိဘူး .. သူ ပြန်သွားတာ နားငြိမ်းသေးတယ်"

"အဟေးဟေး .. မင်း တယ်တိုးတက်နေတာကိုးကွ .. အဟေးဟေး .. နားငြိမ်းတယ်လေး ဘာလေးနဲ့ ငါ့စကား တွေ မင့်ပါးစပ်ထဲချည်း ရောက်နေသကိုးကွ .. တကယ် တော့ မောင်ရာ .. မင့်ကြည့်ရတာ .. နားငြိမ်းနေပုံတော မရဘူး .. ရင်ဆူနေပုံပဲရတယ် .. ကောင်မလေး ပြန်သွား တာများ ငေးကြည့်ကျန်ခဲ့တာ .. ရင်ကွဲပက်လက်ကြီး .."

"ဟာ .. လေးလေးသော်က ချောင်းကြည့်တာကိုး .. အဲဒါ ကောင်းသလား .."



သူ ပြောတော့ လေးလေးသော် ထုံးစံအတိုင်း အသံကျယ်ကြီးနှင့် တဟေးဟေး ရယ်နေသည်။ လေးလေးသော် ကို သူ ချစ်ပါသည်။ ဒါပေမဲ့ .. ခုလို သူ စိတ်ရှုပ်နေချိန်မျိုးမှာ တဟေးဟေး တဟဲဟဲဖြင့် အားမနာ ပါးမနာ ရယ်ရယ်နေတာမျိုး ကိုတော့ သူ မကြိုက်။ မျက်မှောင်ကြီးကုတ်၍ လေးလေးသော်ကို ကြည့်တော့ လေးလေးသော် မျက်နှာပိုးသပ်သည်။ သူ့ကိုလက် ကာပြသည်။ သဘောက .. ခဏနေဦး .. ဆိုသည့်သဘော။ ပြော စရာရှိနေသေးတာမို့ ခဏသည်းခံနားထောင်ဆိုသည့် သဘော ..။

မျက်နှာကို တည်တည်ငြိမ်ငြိမ်ကြီး ပြန်ထိန်းကာ လေးလေးသော် ရေတမာပင်ရိပ်အောက်မှာ သွားထိုင်သည်။ သူ့ကို ကြည့်သည်။ ဘေးဘက် မြေပြင်ကို လက်ပုတ်ပြသည်။ လာထိုင် ဆိုသည့် ဖိတ်ခေါ်မှု ..။ သူ .. အိမ်လှည့်ပြန်၍လည်း မဖြစ်။ ယွန်းငွေယုန် မပါဘဲ တစ်ယောက်တည်း အိမ်ထဲပြန်ဝင်၍ကတော့ ဖေဖေက ညှို့သည် ပြန်သွားတာနှင့် စစ်တော့မည်။ ယွန်းငွေယုန် ကို ဘာလုပ်လိုက်သလဲ ..။ စိတ်ဆိုး၍ ပြန်သွားအောင် လုပ်သည် မဟုတ်လား .. ဘာညာဆိုသည့် တစ်သီတစ်တန်းနိုင်မည့် မေးခွန်း များ ရှိလာမည် ..။ သူ ဘာမျှမလုပ်ရပါ .. မပြောရပါဆိုလည်း ယုံမှာမဟုတ်။

သူ ကျွတ်ခနဲ စုတ်သပ်မိပြန်သည်၊ ခေါင်းလည်းယမ်း မိပြန်သည်။

"ဒီငချွတ်မလေးကိုများ ဖေဖေက .. အရေးတကြီးထားနေ တာ ခက်တယ် .. သူ စွာတာကို ပြောပြလဲ ယုံမှာမဟုတ် ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ရင်ထဲမှ ညည်းမိရပါ၏။ မထူးတော့သည့် အတူတူ ..။ လေးလေးသော် အောမှာပဲ ထိုင်လိုက်တာ ကောင်းဦးမည်။ ဖလန်ထည်အောင်းဘီရှည်၊ အကျီလက်ရှည်လေးဖြင့် သူ လေးလေးသော် အောမှာ ထိုင်လိုက်တော့ ပြုံး၍ကြည့်သည်။

"ကဲ .. ဆိုစမ်းပါဦး .. မင်းက စိတ်ညစ်နေရအောင် .. အဲ .. မှားသွားလို့ .. စိတ်ရှုပ်နေရအောင် .. အဟဲဟဲ .."

စိတ်ညစ်နေသည်ဆိုတာ သူ အပြောမခံနိုင်မှန်းသိ၍ ထည့်ထည့်မေးနေမှန်း သူ သိသည်။

"ရှုပ်တာပေါ့ လေးလေးသော်ရ .. ခု .. သူက .. ရွာပြီး ပြန်သွားတာ .. သားက ဘာမှ သူ့ကို ပြောရဆိုရတာ မဟုတ်ဘူး .. သူက ပြောတယ် .. မျက်နှာထားကြီးနဲ့ သိလား .. ဒီမယ်တဲ့ .. ယူ့ကို ပြောထားမယ်တဲ့ .."

"အင်း .."

"ငွေယုန်ကတဲ့ .. ဘယ်တော့မှ .. ယူ့ဆီက ပန်းတစ်ပွင့်ကို မတောင်းဘူး သိလားတဲ့ .."

"အင်း .."

"ယူ့ကို ဘယ်တော့မှလဲ မခင်ဘူးတဲ့ .. ယူ့ကို ကန်တော့ရတဲ့ ဒီနေ့ကိုလဲ ဘယ်တော့မှ မမေ့ဘူးတဲ့ .. ယူ့ကိုမုန်းလို့ မုန်းရာယ်တဲ့ .."

"အင်း .."

"ဒက်ဒီနဲ့ မာမီက ယူ့ကို ကန်တော့ခိုင်းလို့သာ ကန်တော့ရတာတဲ့ .. သိပ်ဘဝင်မြင့်မနေနဲ့တဲ့ .. ယူ့ကို သိပ်မုန်းတယ် သိရဲ့လားတဲ့ .."



"အင်း .."

သူ ပြောနေသမျှ အောက တအင်းအင်းနှင့် လုပ်နေပါသည့် လေးလေးသော်ကို သူ ကြည့်သည်။

"ဟာ .. ဘာလဲဗျ .."

အင်းလိုက် ခေါင်းညိတ်နှင့် လုပ်နေသည့် လေးလေးသော်ကို သူ စိတ်မောမောဖြင့် မေးတော့ လေးလေးသော် ရယ်သည်။

"စကားထောက်ပေးတာလေကွာ .. ဖုန်းပြောတဲ့အခါကျ ကြည့်ပါလား .. ဟိုဘက်က ပြောနေတာကို .. ဒီဘက်က .. အင်း .. အင်းနဲ့ နားထောင်ပေးရတာမျိုးပေါ့ ငါ့လူ .. အဲဒါ .. စိတ်ဆိုးစရာကြီးလား ဖိုးခန့် .. မျက်နှာကြီးနီနေတာများ .. နားရွက်နှစ်ဖက်ကိုတောင် အနီကတ်ကွာ နေပြီ .. အပေး .. လက်စသတ်တော့ .. ငါ့လူက .. စိတ်ရှုပ်နေတာ .. ဒါကြောင့်ကိုး .. အဓိကကျတဲ့ အချက်က .. ဒီလို .. ဒီလို ရှိနေတယ် .. မင့်စကားတွေကို ချုပ်လိုက်တော့ .. ကောင်မလေးက .. မင့်ကို .. ယူလို့ခေါ်တယ် နော် .. ဘိုသံနဲ့ကွ .. ပြီးတော့ကျတော့ .. ပြောတဲ့ဥစ္စာထဲမှာ .. မင်းဆီက ပန်းမတောင်းတာရယ် .. မင်းကိုမုန်းတာရယ် .. အဲဒါပါနေတယ် .. တကယ်ကျတော့ .. ငါ့လူက .. သူ့ကို ပန်းလေးလဲ ပေးချင် .. အမုန်းလဲ မခံချင်ဘဲ ဖြစ်နေရှာသကိုး .. အေးပေါ့ကွာ .. စိတ်ရှုပ်ရှာပေမပေါ့ .. သနားပါတယ် .."

www.burmeseclassic.com

www.burmeseclassic.com



နှင့် ပြောရယ်နေတော့ သူ ထရပ်သည်။ ရင်ထဲမခံ ချင် ..။ ဘယ့်နှယ် ..။ ခန့်လေးက .. ယွန်းငွေယုန်၏ အမုန်းကို ခံရ၍ စိတ်ရှုပ်နေသည်ဟု အထင်ခံရမည်တဲ့လား ..။ သိကွာထ သည်။ ထိုစကားမျိုး ဒေါ်ကြီးအေးကို သွားပြောပြနိုင်သည် လေးလေးသော်၏ ပါးစပ်ကြီးကိုလည်း ကြောက်ရသေးသည်။ ထိုအခါဆိုလျှင် ဒေါ်ကြီးအေးက ..

"အလိုလေးတော် .. ကျုပ်တို့ ခန့်လေးက .. ဒီလောက်ညံ့ ရသတဲ့လား .. ကိုယ့်လဲ ရေထဲတွန်းသေး .. ကိုယ့်လဲ မုန်းသေး .. အဲဒါကို .. အမုန်းခံရလို့ ဝမ်းနည်းနေရသတဲ့ လား .. ညံ့ပါ့တော် .."

ဟု ညည်းမှာ သေချာသည်။ သူ မခံနိုင် ..။

"ဘာဆိုင်လို့လဲ လေးလေးသော်ရ .. သူမုန်း .. မုန်းပေါ့ .. သားက ဂရုလုံးဝမစိုက်ပါဘူး .. ခုဥစ္စာက .. သူပြန်သွား တာ ဆိုးတာဗျ .."

"ဩော် .. ဟုတ်လား .. ငါ့လူက .. သူပြန်သွားတာကို စိတ်မကောင်း ဖြစ်နေတာကိုး .. ငါသွားပြန်ချော့လာမယ် ကွာ .. ယွန်းငွေယုန်လို့ .. ယူပြန်သွားလို့ ငါ့ကောင်ကြီး စိတ်မကောင်း ဖြစ်ကျန်နေပါတယ်လို့ .. ဘာညာပေါ့ကွာ .. ပြောခေါ်လာပါ့မယ် .."

ဆက်ပြီး မခံချင်အောင်ပြောလေ ..။ သူ ဆွေ့ဆွေ့ခံ နေရလေပါ ..။

"ဟာ .. သူ သွားလိုက်တော့ .. အိမ်ထဲပြန်ဝင်လို့ ခဏ တာပေါ့ လေးလေးသော်ရ .. သူ့ကို သားက .. အပြင်မှာ



စိတ်ဆိုးအောင် လုပ်လွှတ်တယ် .. နိုင်ကားလွှတ်တယ် .. ဖေဖေက ထင်မှာ .. ကောင်မလေးကလဲ .. သိပ်ယုံဖို့ကောင်း တဲ့ ကောင်မလေး မဟုတ်ဘူး .. ကလိန်ကကျစ်လုပ်နိုင် တဲ့ရုပ် .. မဟုတ်မဟုတ်တွေ ပြောပြီး .. သားက ဝေါက် လွှတ်လိုက်သလေး ဘာလေးနဲ့ တိုင်ဝင်တောတောတွေ လုပ်နိုင်တယ် .. သားဖြင့် .. သူ့ကို ကြည့်လို့ကိုမရ ဘူး .. အဟုတ် .."

"အဟဲဟဲ .."

သူ့ကို ကြည့်ရယ်နေတော့ သူ မျက်မှောင်ကုတ်၍ ကြည့်သည်။ လေးလေးသော့် မျက်နှာပိုး ပြန်သတ်၏။ ဆေးပေါ့ လိပ်ကို မီးညှိရှိုက်ဖွာသည်။

"အလကား နောက်တာပါကွာ .. ငါ့လူ စိတ်ညစ်နေမှန်း သိလို့ ပြောမိတာပါ .."

"စိတ်မညစ်ပါဘူး ဆိုမှ .. ဒီ စိတ်ညစ်နေတယ်ဆိုတာကြီး ကိုပဲ ထည့်ထည့်ပြောနေတာပဲ .. လုံးဝစိတ်မညစ်ဘူး .. စိတ်ရှုပ်တာ .."

နှစ်ယောက်တည်းကပ်၍ စိတ်ညစ်တာနှင့် စိတ်ရှုပ် တာ နှစ်လုံးတည်းဖြင့် စကားလေကြောင်း မပြောင့်ဘဲ ရှိနေတာကို လေးလေးသော် ဤတစ်ကြိမ်မှာတော့ မရယ် ..။ ခေါင်းညိတ်ပြ သည်။ သူ့ကိုလည်း ကြည့်သည်။ ယောက်ခံ ကြည့် ..။

"အေး .. ငါစကားမှားသွားတယ် .. မင်း စိတ်ရှုပ်နေတာ သိလို့ .. စိတ်အာရုံပျောက်အောင် ရယ်စရာတွေ ပြောတာ ပါကွာ .. တကယ်တော့ .. အဲဒီကောင်မလေးက .. စွာ

www.burmeseclassic.com

www.burmeseclassic.com



တယ်ကွ .. တော်တော်ကြီးကို စွာတာ .. လက်ကလဲ .. ထိစ်ဆိုတွန်းထည့်လိုက်ပြီ .. ငါ့ကောင်များ ရေကန်ထဲကျ သွားတာ ကားခနဲကို ဖြစ်ရော .. အဲဒါ ကောင်းသလား .. ငါ .. စိတ်ထဲတို့ချက် .. ငါသာ ရေကန်ထဲ ဆင်းမကယ်ရင် .. ခု .. မင်း ... မသောင်ကာ ဖြစ်ပြီ .."

"ဘာလဲဗျ .. မသောင်ကာ .."

"မသာကောင်ပေါ့ ငါ့လူရ .. မင်း .. ပက်လက်ကလေး ဖြစ်နေပြီ .. ပိတ်ဖြူလေးအုပ်လို့ .."

ဟု ပြောတော့ ကိုယ့်ဘာသာကိုယ် ကြက်သီးပင် ဖြန်းခနဲ ထသွားရသည်။

သား ရေကူးတတ်ပါတယ်ဗျ .. ဟု လွှတ်ခနဲ ပြော မိမလို ဖြစ်သွားရပေမယ့် ချက်ချင်း ပါးစပ်လေး စေ့ပိတ်ထား လိုက်ရပါ၏။ လေးလေးသော်များ .. သူ့ကို မသင်္ကာဖြစ်နေချေ သည်လား မသိ ..။ သူ ရေနစ်သွားသလို လုပ်ခဲ့သည့်ကိစ္စ .. သေွးအေးအေးနှင့် လေးလေးသော် စဉ်းစားတော့မှ .. မသင်္ကာ ဖြစ်လာချေသည်လား မသိ .. စောစောပိုင်းတုန်းကတော့ လေးလေး သော် ခမျာ ရေကန်ထဲ ဆင်းဆယ်ရသည်မှ စိတ်ပူလက်ပူကြီး မဟုတ်ပါလား ..။

"ဒီတော့ကွာ .. ဒီလောက် လက်ရဲဇက်ရဲရှိတဲ့ ကောင်မ လေးနဲ့ .. ငါခန့်လေးနဲ့ မခင်တာဘဲ ကောင်းပါတယ် မောင်ရာ .. ခုတောင်မှ .. ဒီလောက် လက်သွက်နေရင် .. ကြာရင် .. ပိုဆိုးမယ် .. နောက်ဆို ငါခန့်လေးကို .. ဒီ ကောင်မလေး .. လည်ပင်းညှစ် သတ်နိုင်တယ် .."



"ဟာ .. ဒီလောက်တော့ .. သူ မလုပ်ရဲပါဘူး .. သတ္တိ မရှိပါဘူး .. လုပ်ကြည့်ပါလား .. သားက .. သူ့ကိုယ်လေး ကို မြှောက်ပြီး ရေကန်ထဲ ပစ်ချလိုက်မှာ .."

"ဟာ .. ရေနစ်နေပါ့မယ်ကွာ .."

"ရေကူးတတ်မှာပါ .. သူက .."

ဟု မခံချင်ဇောနှင့် ပြောမိပြီးမှ မှားပြီဆိုတာကို သူ သိချိန်မှာ နောက်ကျသွားပြီ။ လေးလေးသော် တဟေးဟေးနှင့် ရယ်နေသည်။

"ဩော် .. ရေကူးတတ်ရင် ရေမနစ်နိုင်ဘူးဆိုတာ လေး လေးသော် စောစောက မေ့သွားသကွ .. မင်း ရေကန်ထဲ ကားခနဲ ကျသွားတုန်းကလေ .."

ဟု ပြောရယ်နေတော့ သူ ရှက်သည်။ မတတ်နိုင် ..။ လေးလေးသော်ကတော့ ရိပ်မိလာနိုင်မည်သာ ..။ သူက .. လေး လေးသော် မျက်စိရှေ့မှာ ကြီးကြီးလာရသည့် ကြည်ကြည်ခန့် ဆို သည့် ကောင်လေး ဖြစ်နေရသည်ကိုးလေ ..။

"ဒါပေမဲ့ မောင် .. လေးလေးသော် ပြောမယ် .. နောက် လည်း .. ဒီကောင်မလေးကိုတော့ အလျှော့မပေးနဲ့ .. သူ က ပါးရိုက်လာရင် .. ကိုယ်က ပြန်ရိုက် .. သူစွာရင် .. ပြန်စွာ .. ကြားလား .. တော်နေကြာ .. ငယ်နိုင်ဖြစ်ပြီး .. ငါ့ကောင် .. ကြီးလာတဲ့အခါ .. ဒီကောင်မလေးရဲ့ ကျွန် တော် ဖြစ်သွားလိမ့်မယ် .. အလျှော့မပေးနဲ့ ကြားလား .."

ဟု ပြောနေတော့ သူ ခေါင်းညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ .. ရင်ထဲမှာ လေးလေးသော် စကားတစ်ခွန်းကြောင့် အနေခက်ရပါ၏။ လေးလေးသော်က ပြောသည်လေ ..။ နာခံတော် ဖြစ်သွားလိမ့်မည်တဲ့ ..။ တကယ်က .. သူ .. စောစောလေးကပဲ .. ကောင်မလေးကို .. ပန်းခူးပေးဖို့ အသင့်ဖြစ်နေသည့် တည်ကြည်ခန့် ဖြစ်ခဲ့ဖူးရပြီးခဲ့ပြီ မဟုတ်ပါလားလေ ..။

"ဒါကိုများ သူက ငါ့ကို .. အပေါ်စီးနဲ့ ပြောသွားသေးတယ် .. နေပေါ့ .. သားကလဲ .. သူ့ကို .. မခင်ပါဘူး .."

ဟု ပြောနေမိရပါသည့် စိတ်ထဲက အတွေး ..။

ဒါပေမဲ့ .. ကောင်မလေးကို .. သူ .. ခင်နေချင်သည်ဟု မိမိဘာသာ ပြန်ထင်လာမိပြန်သည်။

သူ့ကို .. ကန်တော့ရသည့် အတွက်လည်း .. ကောင်မလေးကို သူ အားနာသည်။

ယွန်းငွေယုန်ကို .. သူ .. သဘောကောင်းကြောင်း သိစေချင်သည်။

ဟုတ်သည်။ သိစေချင်သည့်။

အလွန်သဘောကောင်းသော တည်ကြည်ခန့်ပါ .. ဟူ၍ ..။

* * *



## အခန်း(၆)

ကျောင်းမှ ပြန်လာတော့ ထုံးစံအတိုင်း သူ မီးဖို[illegible]ခင်ထဲ အရင်ဝင်သည်။ ဒေါ်ကြီးအေးကတော့ ပုတင်းဖုတ်နေ[illegible] အလုပ်ရှုပ်နေသည်ပါပဲ ..။

ညစာထမင်းစားပြီးသည့်နောက်မှာ၊ ညရှစ်နာရီ[illegible]ကျော်လျှင်ဖြင့် တစ်ကြိမ် ဖေဖေနှင့် မေမေ ကော်ဖီသောက်[illegible]တော်ကြစမြဲ ..။ လသာဆောင်မှာ ကြိမ်ကုလားထိုင်ဝိုင်းကြီးတွေ[illegible]ထိုင်ရင်း ကော်ဖီပူပူလေးသောက်ကာ ဒေါ်ကြီးအေး စီမံပေး[illegible] မုန့်တစ်မျိုးမျိုးဖြင့် စားသောက်တတ်စမြဲပ ..။

ဤညမှာတော့ သူကြိုက်သည့် ပုတင်းကို စားဖြစ်[illegible]မည်။ ပျော်သည့်စိတ်ဖြင့် ဒေါ်ကြီးဘေးမှာ ကပ်၍ရပ်ရင်း

"သားက ကော်ဖီမကြိုက်ပေမယ့် .. ပုတင်းတော့ ကြိုက်တယ် ဒေါ်ကြီးရ .. သားအတွက် သုံးခုနော် .."

www.burmeseclassic.com

www.burmeseclassic.com



နှင့် စရန်သတ်နေချိန်မှာ ဒေါ်ကြီးအေး ရယ်သည် သူ့အတွက် နွားနို့ပူပူတစ်ခွက် ချပေးသည်။ ပေါင်မုန့်ယိုသ နှစ်ချပ် ချပေးသည်။ အိုဗင်ထဲ ထည့်ထားတာမို့ ပေါင်မုန့်မီး နံ့လည်း မပျောက်သေး။ ပေါင်မုန့်က ပူနွေးနွေး ရှိနေဆဲ အေးခဲနေတာမျိုး မဟုတ်၍ ပေါင်မုန့်က မာခေါက်ခေါက် ဖြစ်မနေဘဲ နူးညံ့နေပါ၏။ သူ နွားနို့သောက်ရင်း ဒေါ်ကြီး ၏ တုတ်အိအိ လက်ချောင်းလေးတွေကို ကြည့်မိသည်။ ထိုလ ချောင်းဖြူအိအိ ဖောင်းဖောင်းလေးတွေကိုလည်း သူ ချစ်သ သူ့ကို ချော့သိပ်တတ်သော လက်ချောင်းများ။ မုန့်လုပ်ကျွေး လက်ချောင်းများ။ သူ စိတ်ကောက်လျှင် ချော့မော့၍ ကျော ပေးတတ်သော လက်ချောင်းများ ..။ စားပွဲပေါ်မှာ တင်နေ ဖိတ်စာတစ်စောင်ကို သူ တွေ့သည်မို့ ဖျတ်ခနဲ စိတ်ထား သန်စွာ လှမ်းယူတော့ ဒေါ်ကြီးအေး ခေါင်းယမ်း၍ ..

"ဟိုဘက်တိုက်ကပါတော် .. ဟိုဘက်တိုက်ကြီးက ကျုပ် ခန့်လေးကို ရေထဲတွန်းချတဲ့ သူငယ်မ ပေါ် ပေါက်စနလေးနေတဲ့ အိမ်ကြီးကပါ .."

ဟု ပြောတော့ ဟင်ခနဲ ဖိတ်စာကြီးကို လက် ပြန်ချလိုက်မိသည်။ ဒါပေမဲ့ ကြည့်ဖြစ်အောင် ကြည့်လိုက်မိ က်တော့ ဖိတ်စာအိတ်ကြီးပေါ်မှ စာသားများကိုပါ ..။ အမ ဦးမြတ်မင်း၊ ဒေါ်သစ်သစ်ငြိမ်းနှင့် မိသားစု .. ဆိုပါရော လေ ..။ အရင်တုန်းကဆိုလျှင်ဖြင့် ပျော်လိုက်ပါမည့် အမျိုး သူလည်း လိုက်နိုင်မည်လေ ..။ ခုကျတော့ .. ရင်ထဲမှာ တ မှုမရှိ ..။



ဒေါ်ကြီးအေးကတော့ တရုတ်နံနံတွေ လှီးနေသည်။ ခေါက်ဆွဲကြော်တစ်ပွဲကတော့ ညစာထမင်းပွဲမှာ ပါလာမှာ သေချာနေပြီ ..။ လှီးထားပြီးသား ကြက်မြစ် ကြက်သည်း အတုံးငယ်ငယ်လေးတွေက သီးသန့် ကြွေပန်းကန်လုံးလေးထဲမှာ ကြော်ဖို့ အရန်သင့်ပင် ရှိနှင့်နေပြီ ..။ မုန်လာဥနီကွေလည်း လှီးထားပြီးနောက် ဆန်ကာခြင်းပြာလေးထဲမှာ အသင့် ..။

"သန်ဘက်ခါတဲ့လေ .. အိမ်သစ်တက်ပွဲ .. ဒေါ်ကြီးတို့ကိုပါ ဖိတ်တာ .. လာခဲ့ပါတဲ့ .. အားလုံး လာခဲ့ကြပါတဲ့လေ .. အင်း .. ဒေါ်ကြီးကတော့ သွားမနေတော့ပါဘူး .. အိမ်မှာ လုပ်ရမယ့် အလုပ်တွေ လစ်ဟင်းကုန်ပမယ်လေ .. ကျုပ်က .. ကျုပ်မီးဖိုဆောင်တစ်ခုလုံးကို အဝတ်တစ်ခုနဲ့ ဘူးတွေ ပလုံးတွေ ပွတ်နေရတာနဲ့ကို .. အချိန်က မနည်း ကုန်နေရတတ်တာမျိုး .."

ဟုတ်တော့လည်း ဟုတ်သည်။ ဒေါ်ကြီးအေး၏ မီးဖိုဆောင်တစ်ခုလုံးသည် ပစ္စည်းတင်သည့် စင်တွေကအစ သန့်နေသည်။ ဆား နှစ်ခွင်းဘူးကအစ၊ ငံပြာရည်ပုလင်းကအစ၊ အားလုံး ပြောင်စင်နေသည်။ မီးဖိုချောင်သုံးပစ္စည်းတွေ ထည့်ထားရာ ပုလင်းဘူးကအစ .. အမြဲတမ်း ပွတ်သုတ်၊ ဆေးတန်ဆေးနှင့် ဆိုတော့ ဘယ်တော့မဆို .. သန့်နေသည်ပါပဲ ..။ အိုးတွေခွက်တွေလည်း ပြောင်လက်နေသည်ပါပဲ ..။

အမြဲတမ်း အလုပ်များနေတတ်ပါသော ဒေါ်ကြီးအေး အတွက်ကတော့ ထိုအိမ်သစ်တက်ပွဲအတွက် အချိန်ခွဲပေးဖို့ မလွယ်။

"မေမေရော .."

www.burmeseclassic.com

www.burmeseclassic.com



"အိမ်သစ်တက်ပွဲမှာ လက်ဆောင်ပေးဖို့အတွက်တဲ့လေ .. ပန်းချီကားကြီးတွေ ဝယ်ဖို့ဆိုပြီး သားရဲ့မေမေနဲ့ ထွက်သွားကြလေရဲ့ .."

ဟု ပြောတော့ သူ ထရပ်သည်။ လွယ်အိတ် ပြန်လွယ်သည်။ အပေါ်ထပ်တက် အဝတ်အစားလဲဖို့ စိတ်ထဲမပါ .. အိမ်သစ်တက်ပွဲကို သူ တက်ဖြစ်မှာ မဟုတ်တာကို သိနေရတာကြီးကိုက စိတ်ထဲ အပျော်တွေ ပျောက်ဆုံးနေသည်သို့ ခံစားဖြစ်၏။

"သားလဲ မသွားဖါဘူး ဒေါ်ကြီးရာ .. အဲဒီအိမ်က ကောင်မလေးက သိပ်စွာတာဗျ .. လူကြီးကွယ်ရာဆို .. နှုတ်ခမ်းများ ချွန်နေတာပဲ ... စွာချက် .."

ကုလားထိုင်မှာ ပြန်ထိုင်မိပြန်ကာ သူ စိတ်လက်ညှိုးလျက် ပြောတော့ ဒေါ်ကြီးအေး တစ်ချက်ပြုံးကြည့်သည်။ သူ အဘယ်မျှထိ အိမ်သစ်တက်ပွဲတို့ ဘာတို့ကို .. မေမေတို့နှင့်တူတူ လိုက်ချင်ဖောကပ်ကပ်နေတတ်တာ ဒေါ်ကြီး အသိမဟုတ်ပါလားလေ ..။ ဒေါ်ကြီးအေး၏ လက်ချောင်းတုတ်အိအိတွေက သူ့ခေါင်းကို လာပုတ်သည်။ ချစ်စနိုးလေး ပုတ်လိုက်ခြင်း။

"ဟုတ်ပါ့တော် .. ကျုပ်ကောင်လေးက .. ဟိုဘက်အိမ်က ကောင်မလေးကို တော်တော်စိတ်ညစ်နေပုံရတယ် .."

"စိတ်ရှုပ်တာပါ ဒေါ်ကြီးရာ .. သူက စွာတယ်ဗျ .. စွာတာကို သား မကြိုက်ဘူး .. သူက အဖော်လုပ်ဖို့ထက် ရန်လုပ်ဖို့မဲ သိတာ .. ကြီးရင် မလွယ်ဘူး .."



"အံမယ် .. ကျုပ် ခန့်လေးကများ ပြောနေလိုက်တာ .. ကြီးရင် မလွယ်ဘူးလေး ဘာလေးနဲ့ .. ရှင်လေးကရော .. ခု ဒီ ကြီးနေလို့လား .. အဟာဖ်ဟာင်း .. ပြောနေလိုက်ပုံများ .. လူကြီးလေးကျလို့ .."

ဟု ပြောလာတော့ သူ ခေါင်းယမ်းပြသည်။

"သားက ကလေးလိုနေတာ .. သူက .. လူကြီးလုပ်တာ .. လူကြီး မဖြစ်သေးခင် လူကြီးလုပ်နေတာ ဒေါ်ကြီးရ .. သူ့ခြံထဲ ဝင်မိတာကိုများ ဆုံးမစကားလိုလိုနဲ့ လူကိုလာ စည်းကမ်းထုတ်တာ ဒေါ်ကြီး မမြင်ရလို့ပါ .. မျက်နှာက တည်လဲတည်သေးတယ် .. စကားကြီး စကားကျယ်လဲ ပြောသေးတယ် .. လူဆိုတာ စည်းကမ်းရှိရတယ်တို့ .. ခွင့်တောင်းပြီး ဝင်ပါဆို .. စတိုင်ကလဲ များတယ် .. ပြီးတော့ .. သားကိုလဲ ချောင်းကြည့်သေးတယ် .. ချောင်းကြည့်လို့ .. သူ မြင်တာပေါ့ .. သား သူတို့ခြံထဲ ခြံစည်းရိုးကျော်ဝင်တာ .."

"ဟုတ်ပါ့တော် .. မြင်ရင် .. သူ နားလည်ရမှာပေါ့ .. ဘောလုံးကောက်ပေးပေါ့ .. ဟုတ်ဖူးလား .. ကျုပ် ခန့်လေး မသေကောင်း မပျောက်ကောင်း ဖြစ်သွားရတော့ လန့်ဖို့ကောင်းချက် .. ကျုပ်ဖြင့် .. ရင်ထဲကို ဆို့ရော .. ဒါပေမဲ့ .. တစ်ခုတော့ရှိတယ် ခန့်လေးရဲ့ .. ကျုပ် ခန့်လေးကို သူက ချောင်းကြည့်တာလေ .. ခုကတည်းက ဟိုက ချောင်း ဒီက ချောင်းနဲ့ ဖြစ်နေတာ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ရယ်စရာလုပ်ပြောတော့ သူ ရှက်သည်။ ထရ
တော့ ဒေါ်ကြီး ရယ်ပါ၏။ သူ့နှာဖျားလေးကို လက်ချောင်းအိ
တွေဖြင့် ဖေးညှစ်သည်။

"ပြောတော့ ကလေး ကလေးနဲ့ .. သူက ရှက်နေတတ်ပြ
လူပျိုပေါက်လေးကျရော .."

ဟု ပြောရယ်နေတော့ သူ ပုစွန်ခြောက်ဘူးကြီး
၍ လက်တစ်ဆုပ်နှိုက်ပြီး ခေါင်းပဲယမ်းပြသည်။

"သားက .. ကလေး .. သူက လူကြီးလုပ်တာ .."

ဟု ဆက်ပြောပြီးမှ အခန်းထဲကအထွက် အိမ်
မှာ ကားရပ်တာမို့ ..

"ဖေဖေက ပန်းချီကားကြီး ဝယ်လာပြီး ဟိုကိုပေးမှာ
သားကြီးလာရင် .. ပန်းချီဆွဲမှာ သိလား .."

"ဘာလဲ .. ဟိုအိမ်ပေးဖို့လား .. ခုကတည်းက .. အ
အပြုလမ်းကြောင်း ဆွဲနေပြီနော်၊ ကျုပ်ရဲ့ကလေးလေးက

"ဟာ .. သားက .. ပန်းချီကားတွေ ရောင်းမှာ .. သူ
ဝယ်ရင် .. သားက အိုက်တင်ကြီးနဲ့ကို .. မရောင်း
ထားပစ်မှာ .."

"ဘယ်သူ လာဝယ်ရင်လဲ .."

"ဟိုကောင်မလေးပေါ့ .. ဘယ်သူ ရှိရမှာလဲ .."

ဟု ပြောနေတော့ ဒေါ်ကြီး တရယ်တည်း ရယ်
သည်။ ဤနေ့မှာ ဒေါ်ကြီးလည်း လေးလေးသော်နှင့် တော်
တူနေသည်။ ဘာကြောင့်လဲ မသိ။ ရယ်တာကို အဟုတ်ကြီး
၍ စိတ်ပါလက်ပါ အလကားနေရင်း ရယ်နေကြသည်ပဲ ..



သူ ရေနစ်ဟန်ဆောင်တာကိုများ သိလျှင် ပိုရယ်
နေဦးမလား မသိ ..။

"ဘာလဲ .. ကျုပ်ခန့်လေးက .. ထပ်ပြီးရိုက်မှာစိုးလို့ ..
ရေထဲနစ်ဟန်ဆောင်တာလား သတ္တိခဲလေးရဲ့ .."

ဟုများ ပြောချင် ပြောလာနိုင်သေးသည့် အဖြစ်။
ဖေဖေနှင့် မေမေ အိမ်ထဲဝင်လာကြပြီ ..။ သူ ဧည့်ခန်းသို့ ပြေး
လာသည်ကိုက .. ဖေဖေနှင့် မေမေ့ကို ကြိုချင်၍ပါ ..။ မေမေက
ပြုံး၍ သူ့ကိုဖက်သည်။ ဖေဖေကတော့ လက်ထဲမှာပါလာသည့်
စက္ကူအထူစားကြီးဖြင့် ရှိနေသည့် စတိုးဆိုင်မှပေးသော အိတ်
ကြီးကို အရေးတကြီး လက်နှိုက်နေသည်။

ပြန်ထွက်လာတော့ အတော်ကြီးကိုလှသည့် ဘိုမ
လှလှလေး ..။ စက္ကူဖြာနှင့် ရှိလျက် ..။ မျက်နှာစာနေရာမှာကျ
တော့ အလပ်စတစ်အကြည်စားကြီးဖြင့် အတွင်းမှ ဘိုမရုပ်ကြီး
မြင်နေရအောင် ရှိနေစေတာမို့ ပိုးဇာဂါဝန်လှလှ ပန်းရောင်
နှင့် ရွှေရောင်ဆံပင်၊ မျက်ဝန်းပြာပြာတွေဖြင့် ရှိနေပါသည့်
ရုပ်ကြီးကို .. ချစ်စရာ ချစ်စရာ တွေ့နေရပါသည့် အဖြစ် ..။

"ကဲ .. သား .. ဟိုဘက်ခြံကို သွား .. ဒီအရုပ်ကြီးကို ..
ယွန်းငွေယုန့်ကို သွားပေး .. ဘယ်သူ့မှ အဖော်ခေါ်မသွား
ရဘူးနော် .. လေးလေးသော်လဲ ခေါ်မသွားရဘူး .. ဟို
ရောက်ရင် .. ညီမလေးအတွက် .. ကိုကို လက်ဆောင်
လာပေးတာလို့ပြော .. ကြားရဲ့လား .. ရော့ .."

ဟု ပြောလည်းပြော ..။ လက်ကမ်းပေးလာတော့
စိတ်လက်ညစ်သွားရပါပြီ ..။ သူ မသွားချင် ..။ အရုပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ပိုက်၍လည်း သွားရမည်။ ကောင်မလေးကိုလည်း ပေးရဦးမည်။ ဟိုကမယူလျှင်ပြန်ပိုက် ..။ အိမ်ပြန်သယ်လာနှင့် အရှက်ကကွဲ မည်။

"သူ ယူမှာ မဟုတ်ဘူး ဖေဖေရ .. သိပ်မာနကြီးတာ .."

ဟု ပြောမိရပေမဲ့ .. သူက သားကို သိပ်မုန်းတာ ဖေဖေ .. ဟုတော့ မပြောမိဖြစ်။ ပန်းမယူဘဲ ပြန်သွားတုန်းက အပြတ်ကြီး ပြောသွားခဲ့သည်ကိုးလေ ..။ သူသိသည်ပေါ့။ သူ့ကို မုန်းနေသည့် ကောင်မလေး ..။ သူပေးသည့် အရုပ်ကိုတော့ ယူ ဝေးစွ .. ဖြစ်ရမည့် အချိုး ..။

"ယူသွားပါ သားရယ် .. မေမေတို့ရဲ့ ကြာရိပ်မြိုင်ကလေး ကမ္ဘာ့မိနီမားကက်က .. ဒီအရုပ်ကို ဖေဖေကိုယ်တိုင် .. တမင် ဝင်ယူလာတာ သားရဲ့ .. မေမေတောင်မှ မတွေ့ဖြ ဘူး .. ဖေဖေကပြောတယ်လေ၊ ဒီအရုပ်လေးကြောင့် .. သားမှာ အဖော်လဲ ရလာမှာတဲ့ ...ဟိုနေ့က ဖြစ်ခဲ့တာတွေ လဲ မေ့ပျောက်သွားကြမှာတဲ့ .. ကဲ .. သွား .. ပြန်လာ ကျောင်းအဝတ်လဲတော့ .."

ဟု ပြောတော့ သူ စိတ်လေးလေးဖြင့် အရုပ်ကို မယူချင်ယူချင် ယူရသည်။ မယူလျှင် ဖေဖေက စိတ်ဆိုးမှာ သေ ချာသည်။ ဖေဖေကိုယ်တိုင် ဝင်ယူလာခြင်းပါဟု မေမေက ပြော ပြနေပြီကိုးလေ ..။ ကြာရိပ်မြိုင်ကလေးကစားစရာစက်ရုံမှ ထုတ် လုပ်သည်မှာ အရုပ်မျိုးစုံမှစ၍ ကလေးစီးစက်ဘီးနှင့် ကလေးစီး ကားငယ်လှလှလေးတွေအထိ အမျိုးစုံပါ၏။

"ဖေဖေကလဲ .. သူနဲ့သား .. မခင်လဲ ဘာမှမဖြစ်ပါဘူး .."



ဟု ပြောချင်သည်။ ပြောလျှင် ဖေဖေက ဆူမှာ သေချာသည်။ ခြေထောက်တွေ လေးနေလျက် ခြေရွှေ့ရုံပဲ တရွေ့ရွေ့ လျှောက်နေတော့ ဖေဖေ လှမ်းကြည့်လာပါ၏။

"သားခနိ့နော် .. ဒါ .. ဘယ့်နှယ်လုပ်ပြီး ပေစောင်း ပေ စောင်းနဲ့ လျှောက်နေတာလဲ .. ဘယ်ဘော့မှ ဟိုဘက်ခြ ရောက်မှာလဲ .. ကြာရိပ်မြိုင်ခြံဝကိုတောင် တော်တော်နဲ့ ရောက်တော့မှာ မဟုတ်ဘူး .."

သူ မသွားချင်မှန်း ဖေဖေ သိနေသည်ပဲ ..။ ဒါပေမဲ့ သွားခိုင်းနေသည်။ မသွားဘဲ နေလိုက်တော့ဟု အလိုလိုက်ပြော တာမျိုး ရှိမလာ ..။ သူ မျက်နှာလေးမဲ့လာ၏။ ဟိုရောက်လျှင် ကောင်မလေးက ရန်ထောင်မှာ သေချာနေသည့်ဥစ္စာ။ သူက .. အရုပ်ကြီးပိုက်၍ သွားချော့နေရမည်တဲ့လား ..။ လက်ထဲက အရုပ်ကြီးကို လွှင့်ပစ်လိုက်ချင်သည်။ ဒါပေမဲ့ .. ဖေဖေ့စကားကို နားမထောင်ဘဲလည်း နေ၍မဖြစ်တာမို့ မျက်စိကို စုံမှိတ်သည်။ မျက်ရည်လည်ချင်နေပြီ ..။ ခဏယယ သွားပြောရ ပေးရသလိုကြီး ဝဲဟု ရှက်ချင်နေသည်။

"သား .. စိတ်ညစ်တယ် သိလား .."

ဟု ရင်ထဲမှ ပြောနေမိပေမယ့် အသံက ထွက်ကျ မလာ ..။ မသွားမဖြစ်မှတော့ မြန်မြန်သွားပေ မည်။ မြန်မြန်ပြန် လာမည် .. ဟူသော စိတ်က မထူးတော့သည့် အတူတူ တိုးဝင်၏။ ရွတ်ကမ်းကမ်းစိတ်လေး ပြန်ဝင်လာလျက် ခြေကုန် သုတ်၍ ပြေးထွက်သွားတော့ ဖေဖေနှင့် မေမေ ရယ်သံက ညည့် ခန်းမှာ ကျန်ခဲ့သည်ပါပဲ ..

www.burmeseclassic.com

www.burmeseclassic.com



သူ ကြာရိပ်မြိုင်မှ ထွက်သည်။ ရွက်နုဝေခြံတံခါးကြီးရှေ့ရောက်မှ အပြေးရပ်ပါ၏။ ချွေးတွေနစ်နေသည်။ လူခေါင်းလောင်းကို နှိပ်တော့ အန်ကယ်ဂျက် လာဖွင့်ပေးပါ၏။ ရွက်နုဝေ၏ ခြံစောင့်လည်းဖြစ်၊ ဥယျာဉ်မှူးလည်းဖြစ်သည့် အန်ကယ်ဂျက်ကတော့ လေးလေးသော်နှင့်ပင် ညနေခင်းတွေမှာ ဟိုဘက်ခြံ ဒီဘက်ခြံ ခြံစည်းရိုးစပ်မှာ လေပစ်နေတတ်ပြီ ..။ ရင်းနှီးနေတတ်ပြီ ..။ သူနှင့် လေးလေးသော်တို့၏ ဘောလုံးပွဲကိုလည်း တစ်ဖက်ခြံစပ်မှာ ရပ်လျက် ရယ်မောရင်း အားပေးနေတတ်ပြီ ..။

"အလို .. ချွေးတွေသံတွေနဲ့ ပြေးလာရသလားကွ .."

"မေမေက .. ဒီအရုပ် .. ယွန်းငွေယုန်ကို ပေးခိုင်းလို့ .."

ဟု ပြောပြီး အင်္ကျီလက်မောင်းဖြင့် မျက်နှာမှ ချွေးကိုသုတ်သည်။ အန်ကယ်ဂျက် အရုပ်ကြီးကို ငုံ့ကြည့်ကာ ပြုံးပါ၏။ ဘယ်သူဖြစ်ဖြစ် ..။ သူနှင့် ယွန်းငွေယုန် အကြောင်းဆိုလျှင် ပြုံးကြတာချင်း တူနေသည်။ ပြုံးပုံချင်းတွေ တူနေသည်။ ယွန်းငွေယုန် သူ့ကို ရေကန်ထဲ တွန်းချလိုက်တာကို သဘောကျနေကြသည့် အပြုံး ..။ သူ ခံလိုက်ရတာကို ပြုံးတာလည်း ဖြစ်မည်။

"အဲဒီနေ့က .. ငါက .. ပန်းမျိုးတွေ သွားဝယ်တာကွ .. အဟဲဟဲ .."

ကြည့် ..။ ပြောပုံကြီးထဲမှာ ရယ်သံကဖြင့် ပါလာနေပြီ ..။ သူ .. အရုပ်ကြီးပိုက်၍ ဘယ်လိုက်ရမှန်း မသိသေး ..။

"ငွေယုန်လေး ရှိတယ် .. တစ်ယောက်တည်း မင်းသမီးလုပ်နေလေရဲ့ .. ဟိုဘက်မှာတွေ့လား သစ်ခွရုံ .. အဲဒီ



ဘေးမှာက ကံ့ကော်ပင် ရှိတယ် .. လူထိုင်ဖို့ ပင်စည်ကို ပတ်ပြီး ပတ်ပတ်လည် သစ်သားခင်း ရိုက်ထားတာရှိလေရဲ့ .. အဲဒီမှာ မင်းသမီးလုပ်ပြီး က,နေတယ် မင်းရဲ့ ငွေယုန်က .."

ဟု ပြောလာတော့ သူ အန်ကယ်ဂျက် လက်ညှိုးညွှန်ရာသို့ ခပ်သုတ်သုတ် လျှောက်သည်။ ဟိုရောက်လျှင် အရုပ်ကမ်းပေးရင်းဖြင့် ..

"မေမေက ပေးခိုင်းတာ .. အပို့ခိုင်းတာ .."

ဟု ပြောပေးလိုက်မည် ..။ ပြီးပြီ ..။ လှည့်ပြန်ရုံပဲ ပြန်မည် ..။ မေမေက .. ဤငွေယုန်စုတ်လေးကိုများ သူနှင့်ခင်အောင် စီစဉ်နေရသေးသည့် အဖြစ် ..။ သူကတော့ .. ခင်ချင်သည်ပဲထား ..။ ဤမျှစွာနေမှတော့ .. ခင်ဖို့လည်း မပြောချင် ..။ တွေးချက် သူ ရှက်မိသည်။ ဘာတဲ့ ..။ ခင်ချင်သည်ပဲထား .. သွားလေ။ ခေါကြီးသာသိလျှင် လက်ခုပ်ကြီးတီးရ၍ ..

"အံ့မယ်လေး .. သူက .. အစုကတည်းက .. ချော့တတ်နေပြီ .. လေသံပျော့နေပြီ .. ပြီးတော့ .. ဟန်ပန်ကဖြင့် ကြီးပြနေချင်သေးရဲ့ .."

ဟု ရယ်လိုက်ပါမည့် အမျိုး ..။

သူ .. သစ်ခွရုံနား ရောက်လာပြီ ..။

ကြားလိုက်ရသည်က သီချင်းသံ ..။ အံ့မယ် ..။ အသံလေး ကောင်းသည့်အသံ။ ချိုနေသည့်အသံ ..။

"ခါးတောင်ကလေး ဝတ်တော့ အလွန်ပင်ယဉ်သော် .. မြမြ တစ်ကိုယ်လုံး မမုန်းနိုင် ကျွန်တော် .. သီချင်းတိုက်

www.burmeseclassic.com



တယ် .. မင်းအလှပျက်မယ် .. ချွေးကလေးစိုစို .. ကို

သနားသော် .."

သူ တစ်ချက် ငြိမ်ရပ်မိ၏။ အသံလေးက တကာ

ကို လွှင်နေသည့် အသံလေး ..။ နားထောင်၍ ကောင်းနေသည့်

အသံလေး ..။

* * *



## အခန်း(၇)

"မြရင်ရေတဲ့ .. မက,ချင်နေကွယ် .. ညစဉ် ဖေနဲ့တာရှည် ပျော်ပျော်တိုင်း ကျော်မြို့ကျော်လက်ထပ်လို့ ရပ်ဆိုင်းတန် ပါခေါ် .. သို့သော် လူတိုင်း မေတ္တာတော် .."

ခုလိုကျတော့လည်း မျက်နှာမှာ သနပ်ခါး ပါးကွက်ကျားလေးနှင့် ဆံပင်ကို ကြက်တောင်စည်းလေး စည်းထားကာ သားရေကွင်းစည်းလေးထဲမှာ အနီရောင်နှင်းဆီပွင့်လေးကို ထိုးပန်ထားတာမို့ ငွေယုန်သည် တကယ့်ကို အရုပ်လေးနှင့် တူနေသည်။

သူ့လက်ထဲမှ ပါလာသော ဘိုမရုပ်လေးမျိုး မဟုတ်။ မြန်မာ အရုပ်လေး။ သူ့လက်ထဲက ဆံပင်ရွှေဝါရောင် ဘိုမရုပ်လေးထက် ငွေယုန်လေးက ပိုလှနေသည့် အရုပ်လေးတစ်ရုပ် ဖြစ်နေသည်။ စိတ်ပါလက်ပါလေး က,နေသည့် ငွေယုန့်ကို သူ သစ်ခွစင်တွေရှိရာထောင့်ဆီမှ တိတ်တဆိတ် ရပ်ကြည့်နေမိရ .. ဆေးနေမိရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ခုလိုကျတော့လည်း ကောင်မလေး မှာ ဒေါသရိပ်မရှိ၊ စိတ်ဆိုး စိတ်တိုနေတာလည်း မရှိ ..။ စိတ်အေးလက်အေးနှင့် အဆိုနှင့်အကဖြင့် ပျော်နေတာမို့ မျက်နှာလေးက ဝင်းနေသည်၊ လန်းနေသည်။ ကြည်ကြည်လင်လင်လေး ရှိနေသည်။ မေးလေး ဆတ်၍ က,လိုက် ..။ အချိုးတကျ လက်လေးကို ပျောင်းနွဲ့စွာဖြင့် က,လိုက်ဖြင့် ရှိနေသမျှ သူ ငြိမ်သက်ငေးကြည့်နေမိရသည်မှ အကလေးကို မရပ်လိုက်စေချင်သည့်စိတ် ဖြစ်လာရသည်အထိပါ ..။

အန်တီဖူး၏ ဇာဘလောက်ခါးရှည်အဖြူကြီးကို ယူဝတ်ထားတာ ဖြစ်မည်။ ခါးနေရာမှာ တုတ်လေးထောက်ထားလျက် ခါးတောင်အကျီနှယ်ပင် လုပ်ထားသည့် ငွေယုန်ပါ။ အမေအကျီ ယူဝတ်တာမို့ ဖွဖွရွရွလည်းရှိ ..။ ခါးလည်းရှည်နေတော့ ငွေယုန် ခါးမှာ တစ်မိုက်သာသာလောက်ရှိမည့် တုတ်လေး ထဘီကြားထဲ ထည့်၍ ထောင်လိုက်လေး ထောက်ထားတာမို့ ခါးတောင်အကျီနှယ်ပင် ရှိနေသေးသည့် အဖြစ် ..။ ထဘီလည်း အန်တီဖူးထဘီပဲ ဖြစ်မည်။ ထဘီအောက်နားသည် ကြမ်းပေါ် ပုံနေ၏။

"ကုသိုလ်ကံနော် .. ဖန်လာသော် .. ကံဇာတာကျော် .. ဆယ့်နှစ်နှစ်လောက် ရောက်ခဲ့ရသော် .. ခုထက်ထိမှ မီ လောက်အောင်နော် .. ရွှေမေတ္တာကြောင့် .. အိမ်ငြိမ့်ထဲမှာလည်း အနေတော် .. ဇာတ်ထဲမှာလည်း အနေတော် .. အငြိမ့်ထဲမှာလည်း အနေတော် .. ဇာတ်ထဲမှာလည်း အနေတော် .. လာပြီနော် .. ပါတီခေါ် အုပ်လုံးသိမ်းကိန်းနဲ့ ပေါ်နန်းသုံး အဆိုတော် .."



စိတ်ကိုနှစ်၍ ဆိုနေလိုက် ..။ တကယ့်ကို လှလှပပလေး က,လိုက်နှင့် တစ်ယောက်တည်း ပျော်နေသည့် ငွေယုန်ပါတကား ..။

မျက်လုံးလေးက နက်ခုံးနေသည်။ မျက်တောင်လေးတွေက ထူထူလေးနှင့် ရှည်ရှည်စင်းစင်းလေးတွေ ..။ နှာခေါင်းလေးက ချွန်ချွန်လေး ..။ နှာခေါင်းပွပွကြီးမျိုး မဟုတ်ဘဲ ဂျပန်မလေးတွေ၏ နှာခေါင်းလေးနှယ် သေးသေးတန်းတန်းလေးဖြစ်နေသည်။ နှုတ်ခမ်းလေးကတော့ ထူထူရဲရဲလေး ..။ အန်တီဖူး၏ နှုတ်ခမ်းနီပဲ ယူဆိုးထားသည်လား။ ဒါမှမဟုတ် ဤကောင်မလေးမှာ နှုတ်ခမ်းနီဘူးတွေ ဘာတွေများ ရှိနေချေပြီလား မသိ ..။ ဒီလောက် ငယ်ငယ်လေးနှင့် နှုတ်ခမ်းနီဘူးတွေ ဘာတွေ ဝယ်ထားရသည်တဲ့လား .. ဟုလည်း စတင်၍ အတင်းအုပ်ချင်လာမိရပြန်သည်။ ဒါပေမဲ့ .. ကောင်မလေး လှနေတာကတော့ အမှန် ..။ ချစ်စရာလေး ဖြစ်နေသည်ကလည်း အမှန်။ ခပ်ကုံးကုံး .. ခုံးခုံးလေး ရှိနေသည့် မျက်ခုံးကို ထပ်ဆွဲထားသည်ထင့် ..။ မျက်ခုံးနည်းနည်း ပို၍ထူပိတ်မည်းနေသည်။ အငြိမ့်မင်းသမီးဟန်ဖြင့် ဆိုလိုက် က,လိုက်နှင့်မို့ နည်းနည်းတော့ ကလေးရုပ် ပျောက်နေလျက် လူကြီးစတိုင် ဖမ်းနေသည့်အဖြစ် ..။

ဟင့်အင်း ..။ မဟုတ်သေး ..။ အပျိုစတိုင် ..။ ဟုတ်သည် အပျိုစတိုင် ဖမ်းနေသည်။ အန်တီဖူး၏ အပြာရောင်ဖိုးထဘီအနက်စင်းသည့် ပျော့နွဲ့နွဲ့ဖြင့် ကြမ်းပေါ်ထဘီနားပုံကျနေလျက် ရှိနေကာ ..။ ငွေယုန် ရပ်နေတာကလည်း သူ ကြည့်ကြည့်နေခဲ့ရဖူးပါသည့် တီဗီထဲမှာလာသော အငြိမ့်တွေထဲက

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးလေး ရပ်နေသည့်ပုံမျိုး ဖြစ်နေသည်။ ခြေထောက်လေးကို လှလှပပလေး ဖေးရပ်ထားလျက် ရပ်နေပုံလေးက နွဲ့လျလျ နိုင်၏။

ဤ ကောင်မလေး .. အငြိမ့် တော်တော်ကြည့်မည်။ လိုက်၍လည်း တုတုပပဖြင့် က,နေသည့်အမျိုး ဖြစ်နေသည်။

"လောကတီပွဲရှိမှ အမြဲကြည့်ကြသော် .. သာစည်ကမဖြူရင် ညညစဉ်ခေါ် .. လေးငါးရှစ်ဆ မင်းပဲလှသော် .. က .. ဦးနော် .."

အရုပ်ကြီးပိုက်၍ သူ ရပ်နေမိရဆဲ ..။ ကောင်မလေး က,နေတာကို သူ မရပ်စေချင်။ ကြည့်နေချင်သည်။ ကြည့်၍လည်း ချစ်စရာလေး ဖြစ်နေသည်။ က,နေတာလေးကလည်း လှနေသည်။ ဆိုနေတာလေးကလည်း ချိုနေသည်။ ဘာကြောင့်ရယ် မသိ ..။ သူ့ကို မြင်သွားမှာလည်း စိုးသည်။ သူ့ကိုမြင်လျှင် အကလည်း ရပ် အဆိုလည်း ရပ်သွားမှာ သေချာနေမှန်းလည်း သူ သိထား နှင့်နေတာမို့ ..။ သူ့ကို .. ငွေယုန်လေး မမြင်စေချင်။ ခုလိုပဲ ပျော်နေသည့်မျက်နှာ ..။ လန်းနေသည့် မျက်နှာကြည်ကြည်လေး ဖြင့် ဆိုလိုက် က,လိုက်ဖြင့် ရှိနေစေ့ချင်သည်ပါပဲ ..။

တစ်ယောက်တည်းသော သား၊ သမီး ဆိုတာက အဖော်မရှိသည်မို့ .. မိမိဘာသာ တစ်ယောက်တည်း ပျော်အောင် နေတတ်ကြရတာကိုတော့ သူ ကိုယ်ချင်းစာ နားလည်ပေးသည် ပါပဲ။ ခုလည်း ငွေယုန်သည် တစ်ယောက်တည်း အကလေးတွေ ဖြင့် မင်းသမီးလုပ်သည့် ကစားနည်းလေးမျိုးဖြင့် တစ်ယောက်တည်း ပျော်နေခြင်း ..။



သူသည်ပင် .. တစ်ယောက်တည်း ဘောလုံးကန်နေ တတ်သည်ပဲလေ ..။ ခုလည်း .. ငွေယုန်လေးတစ်ယောက်တည်း ပျော်နေရရှာမည်ပေါ့ ..။ သူ့မှာက လေးလေးသော် ဂိုးလီးဘားတစ် ယောက်ပင် ရှိသေးသည်။ ငွေယုန်မှာက လုံးဝတစ်ယောက်တည်း ပျော်ရသည့် အဖြစ် ..။

"ခါးတောင်ကလေးဝတ်တော့ အလွန်ပင်ယဉ်သော် .. မြမြ တစ်ကိုယ်လုံး မမှန်းနိုင် ကျွန်တော် .. သိချင်းချရှက်တယ် .. မင်းအလှပျက်မယ် .. ချွေးကလေးစိုစို ကိုကိုသနားသော် .."

အသံချိုနေရင်း အကလေးနွဲ့နေရင်းဖြင့် ဖျက်ခနဲ အကြည့်က သူ ရပ်နေရာအကွယ်ထောင့်လေးဆီသို့ ရောက်လာ သော့ သူ ထိတ်ခနဲ ဖြစ်ရသည်။ ကိုယ်လေး နောက်ဆုတ်ဖို့ ကြိုး စားပေမယ့် အချည်းနှီးသာ ..။ ငွေယုန် သူ့ကိုမြင်သွားချေပြီ တကား ..။ သူ ရင်ထဲ စိုးရိမ်နေနှင့်သည်နှယ်ပင် ငွေယုန်၏ အကလည်းရပ် ..။ အဆိုလည်း ရပ်သွားခဲ့ချေပြီကောလေ ..။ သူ ရင်ထဲမှာ နှမြောနေမိသည်။ ထိုအကလေးကို သူ ငေးနေချင်ဆဲ ..။ အဆိုချိုချိုလေးကို သူ ကြားနေချင်ဆဲ ..။

ဒါပေမဲ့ .. ငွေယုန်သည် ခါးလေးကိုဘောက်လျက် မျက်နှာလေး မှုန်တည်တင်းနေရင်း စောစောမြင်ခဲ့ရသော မျက်နှာ သားနှင့် လုံးဝကြီးကို မတူတော့သည့် ယွန်းငွေယုန် အဖြစ် ရှိ နေချေသည်တကား ..။

မျက်လုံးနက်နက်လေးတွေက သူ့ကို တည့်တည့် ကြည့်နေသည်။ နှုတ်ခမ်းလေးက တင်းနေ၏။ မျက်နှာလည်း တင်းသည်။ အကြည့်လည်း တင်းသည်။ ဤကောင်မလေး၏

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှာ ရှိနေသည့် အကြောတွေအားလုံး တင်းလွန်း၍ ဖြ
ကုန်တော့မည်လား မသိ ..။ အကြည့်စူးစူးက သူ့ထံမှာ ရှိ
ဆဲ ..။

ခုလို ကျ,နေတာကို တွေ့သွားတာကိုလည်း နည်
နည်းတော့ ရှက်ကိုးရှက်ကန်းလည်း ဖြစ်နေပုံရသည်။ ထိုရှက်အ
အမ်းအဖြစ်သည် ဒေါသဘက်ကို မြန်ဆန်စွာ ပို၍တိုးဝင်သွာ
သည့်နှယ် မျက်နှာလေးက ပို၍တင်းလာနေပါသည့် အဖြစ် ..

"ယူ .. ဘာလို့ လာချောင်းတာလဲ .."

ခါးလေးထောက်၍ ခပ်တင်းတင်း မေးသံလေ
စူးရှရှနိုင်၏။ စောစောက သီချင်းဆိုလျက် ကျ,နေသည့် ငွေယ
နှင့် လုံးဝကို မတူတော့ပြီပဲ ..။ ပင်စည်ကိုပတ်ရိုက်ထားသေ
သစ်သားကွပ်ပျစ် ခုံတန်းထက်မှာ ရပ်လျက် ခါးထောက်ကြည့်
သည့် ငွေယုန်ရှိရာဘက်သို့ သူ လျှောက်လာသည်။ ငွေယုန်
သေးနွဲ့နွဲ့အရပ်လေးသည် လောလောဆယ်မှာတော့ သူ့ကိုအ
စီးမှ မိုးထားသည့်နှယ် ဖြစ်နေပါ၏။ ငွေယုန်၏ အကြည့်က
လက်ထဲမှ ဘိုမရုပ်လေးဆီကိုလည်း ရောက်သည်။ အရုပ်လေ
လိုချင်မက်မောရိပ် မရှိ ..။ စိတ်ဝင်စားပုံလည်း မရှိ ..။ သူ့လ
ထဲက အရုပ်ပေမို့ ထိုသို့ မလိုချင်ဘဲ ရှိနေတာလည်း ဖြစ်နိုင်သ
ဒါမှမဟုတ်လျှင်တော့ .. ညှိုးမြလှသည့် ဘိုမရုပ်လေးကို ချစ်
နှင့်တော့ဖြင့် .. အနည်းဆုံး ငေးကြည့်နိုင်မည်သာ ..။

"ပြောလေ .. ယူက .. ဘာကိစ္စနဲ့ .. ဒီထိလာရတာ
သိပ်ရှုပ်တာပဲ၊ ယူ မရှက်ဘူးလား .. သူများ ကျ,နေတာ
ချောင်းကြည့်တာ .."



မေးလာသံကိုက အထင်တာသေး နိုင်နေသည့်လေသံ။
ဆရာမကြီး လေသံဖြင့်ဆိုတော့လည်း သူ နည်း နည်းတော့ စိတ်
ထဲ တိုချင်လာပါ၏။

ဤကောင်မလေးထံမှာ .. ချစ်ဖို့ကောင်းသည့် စရိုက်
လေးတွေလည်း ရှိနေသည်။ စောစောက .. တစ်ယောက်တည်း
ကျ,နေတာကိုပဲကြည့် ..။ အဘယ်မျှထိ ချစ်ဖို့ကောင်းနေပါသလဲ ..။
အပြစ်ကင်းနေလိုက်ပါသည့် မျက်နှာချိုချိုလေး ..။ ကြည်ကြည်
မြမြနှင့် လန်းနေလိုက်ပါသည့် မျက်နှာလေး ..။ ခုမျက်နှာနှင့်
မတူသော မျက်နှာလေး ..။ ခုလိုကျတော့လည်း အမြင်ကတ်ဖို့
ကောင်းနေသည့် စရိုက်လေး ဖြစ်နေပြန်သည်။ ငွေယုန် ဆိုတာ
ချစ်နှစ်လိုဖွယ်လည်း ရှိတတ်လျက် .. အမြင်ကတ်ဖို့လည်း ကောင်း
နေတတ်ပါသည့် ကောင်မလေး ..။ အတော်ကြီးကို ပေါင်းရ
ခက်မည့် အမျိုး ..။

"ဟိတ်ကောင်လေး .. ဖြေလေ .."

ကြည့်စမ်း ..။ လူကိုများ .. ကောင်လေးတဲ့လား
..။ ဒါ .. ခေါ်စရာတဲ့လားဟု စတင်၍ စိတ်ချဉ်ပိုပေါက်
လာနေရပါသည့် အဖြစ် ..။ ခါးလေးတထောက်ထောက်ဖြင့်
အလကားနေရင်း ဘဝင်ကိုင်နေသည့် ကောင်မလေး ..။ သူက
ငွေယုန့်ကို ကောင်မလေးဟု စိတ်ထဲက ခေါ်တာပဲ ရှိသည်။
ဒီတော့ .. ငွေယုန်က သူ့ထက်တော့ နည်းနည်း အသက်ငယ်
မည်ဟုလည်း သူ ထင်သည်။ ငွေယုန်ကျတော့ .. သူ့ကို ကောင်
လေးဟု ပေါ်ပေါ်တင်တင်ကြီး ခေါ်လာနေသည့် အဖြစ်။ သူက
ကြီးသည်ပဲ ..။ ထိုသို့ခေါ်ရမည်တဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



"သိပ်စွာမနေနဲ့ .. ဖေဖေက .. နင့်ကို .. ဒီအရုပ် ဘော
ခိုင်းလို့ လာပို့ပေးရတာ သိလား .. ဖေဖေ့စကားကို နာ
မထောင်လို့မှ မရတာ၊ နင်က,တာကို လာချောင်းရအောင်
နင်က .. အငြိမ့်မင်းသမီးမို့လို့လား .. အိမ်မှာ အငြိမ့်ရေ
တွေမှ အများကြီး .. နင်က ဘယ်လောက် က,တတ်
လဲ .. နင် က,တာကို အချိန်ကုန် ခြေညောင်းခံပြီး ချောင်
ကြည့်ရအောင် .. နင် က,နေတာကို စိတ်ညစ်ညစ်နဲ့စောင်
ပေးနေရတာ သိရဲ့လား .. အရုပ်ပေးဖို့ .."

သူကလည်း မခံချင်ပြီဆိုလျှင်ဖြင့် ပြန်၍ပက်ကိုက
လိုက်ရမှ .. ရင်ထဲ နေသာသည့် တည်ကြည်ခန့်ပဲလေ ..။ အပြ
ကြီးနိမ်၍ ပြောချလိုက်တော့ ငွေယုန် ဆွေ့ဆွေ့ခါ၏။ မျက်
လေး ရဲတက်လာလျက် သူ့လက်ထဲမှ အရုပ်ကြီးကို ကြည့်သည်
ကွမ်ပျစ်ခင်း ခုံတန်းဆီမှ သုတ်သုတ်ဆင်းချလာလျက် သူ့ရှေ
တည့်တည့်မှာ ရပ်သည်။ သူ့ထက်ပုသည့် ကောင်မလေး
မျက်နှာက သူ့ပခုံးနားပဲ ရောက်မည် ..။ မော့ကြည့်နေသည်
အကြည့်ထဲမှာ ရန်လိုရိပ်တွေ ပြည့်နေသည်။ မခံချင်ရိပ်ေ
ပြည့်နေသည်။

သူ့လက်ထဲမှ ဘိုမရုပ်ဘူးကို ဆတ်ခနဲ ဆောင့်
ယူလိုက်ပြီးမှ ဘူးကို ဆိုးဆိုးဆတ်ဆတ်နိုင်စွာ ဖွင့်သည်။ ကတ္တ
စက္ကူဘူးခွံသည် ဆွဲဖြဲခံလိုက်ရလျှက် အရုပ်သည်လည်း ငွေယု
လက်ထဲ ရောက်သွားပြီ ..။ ခေါင်းနှင့် မောနှင့် အရုပ်လေး
ဆံပင်ရွှေဝါရောင်လေးကို ဆွဲစုယူလိုက်ပုံကိုက ဒေါသတကြီး
နေ၏။ အရုပ်မလေး၏ ခေါင်းသည် ဘာမျှမကြာလိုက် ဆွဲဆော



ဘ်ခံလိုက်ရတာမို့ ခေါင်းနှင့်ကိုယ် တခြားစီ ဖြစ်သွားချေသည်
ကား ..။

သူလည်း မခံချင် ..။ ဤမျှ ရိုင်းစသည်တဲ့လား
သ ..။ ဖေဖေ ပေးခိုင်းသည်ဆိုတာ သိသိကြီးနှ ခုလို လုပ်
ကိုတော့ သူ စိတ်ဆိုးသည်။

"နင်ဖျက်ပစ်တာကို ဖေဖေ့ကို ငါ ပြန်တိုင်မယ် .."

"တိုင်ပေါ့ .. နင်ပေးတဲ့ အရုပ်ကိုများ ငါက ယူရမှာလား ..
ယူက ငွေယုန့်ကို လာလဲချောင်းသေးတယ် .. ကဲ့ရဲ့လဲ
ကဲ့ရဲ့သေးတယ် .. အဲဒါကိုတော့ ချန်ထားလို့ ရမလား ..
အားလုံးပြန်တိုင်မှ ဖြစ်မှာပေါ့ .. ယူပေးတဲ့ အရုပ်ကိုယူ
ပြီး ယူ့ကိုများ ခင်မယ်ထင်နေသလား .. လုံးဝပဲ သိရဲ့
လား .. ဘယ်တော့မှ မခင်ဘူး .. ယူ့ကိုခင်ဖို့နေနေသာ
သာ .. သတ်တောင် သတ်ပစ်ချင်တယ် .. သိရဲ့လား ..
သိရဲ့လား .."

"သတ်ပေါ့ .."

"ယူက သေရဲရင် .. ယူလာခဲ့လေ .. သေနတ် .."

စကားနိုင်တွေ လုရင်း လုရင်းဖြင့် တကယ့်ကို
ခံချင့်စကားတွေပါ ပါလာနေပါသည့် အဖြစ် ..။ တစ်ယောက်
င်တစ်ယောက် နီးနီးကပ်ကပ် ရပ်နေကြလျှင် တစ်ယောက်
ျက်နှာတစ်ယောက် စိုက်ကြည့်နေကြသည်မှ လုံ ဝကိုအလျှော့
ပေးကြတော့မည့်ပုံ ..။

"ငါ့ကိုသတ်ရင် .. နင့်ကို ဖမ်းမှာပေါ့ .."

"အို .. ဖမ်း ဖမ်း .."

www.burmeseclassic.com



"ဒါဖြင့် .. ငါ .. အခု .. သေနတ်ယူလာမယ် .. မ

တော့ .. နင် ကြောက်တာပဲ .."

ဟု ပြောကာ နောက်ကြောင်း ပြန်ပြေးပြီးမှ

၍ ..

"အဲဒီမှာ စောင့်နေ .."

ဟု အော်တော့ ကောင်မလေး နည်းနည်းကြေ

အမ်းအမ်း ဖြစ်ကျန်၏။

သူ တကယ်ပဲ သေနတ်သွားယူပြီ ထင်၍

မသိ ..။ မျက်နှာလေး ကွက်ခနဲ ပျက်သည်။ သူ့ကိုလည်း

ဘယ်လိုကြီးလဲ .. ဆိုသည့် အကြည့်မျိုးဖြင့် လှမ်းကြည့်လာ

သူ့ရင်ထဲမှာ ကျေနပ်သွားသည်။ ဤမြူးစွာ

ကောင်မလေး ..။ ခုကျတော့ နည်းနည်းဖြုံသွားပုံ ပေါက်လာ

"ငါ ပြန်ရောက်လာလို့ .. နင် ဒီမှာရှိမနေရင်တော့ ..

ရှုံးပြီ .."

ဟု အော်ပြောကာ ရှေ့ဆက်ပြေးခဲ့ရပါပြီတည်း

အိမ်ရောက်တော့ သူ့အခန်းထဲ ဝင်သည်။ အံဆွဲ

သေနတ်ကိုယူသည်။ မီးဖိုဆောင်ဝင်သည်ကလည်း ကသောက

နိုင်နေတာမို့ ဒေါ်ကြီးအေးပင် တဟုဲဟဲနှင့် လှမ်းအော်ရသည်

ပါ ..။ မီးဖိုဆောင်ရှိ စင်တွေထဲမှ သူ အရေးတကြီး ဟိုသ

ကြည့်ရှာနေတော့ ..

"ဘယ့်နှယ် ချွေးတွေသံတွေနဲ့ .. ဘာရှာနေတာလဲ ခန်

ရဲ့ .."



နှင့် မေးနေတော့လည်း သူ မဖြေ ..။ နောက်တော့

ရေတ်ဆီပုလင်းကို တွေ့တာမို့ ပုလင်းလိုက် ဆွဲယူပြေးခဲ့ရပါ

သည်း ..။

"ဒီကောင်မလေး .. ဒီနေ့ကို ဘယ်တော့မှ မေ့မရအောင် ..

ငါ .. သူ့ကို ကောင်းကောင်း ပညာပေးလိုက်မယ် .. လုံးဝ

ငြိမ်သွားအောင် လုပ်ပစ်မယ် .. ဒီလောက်စွာတဲ့ ကောင်မ

လေး .."

ဟု ရင်ထဲမှ တွေးမိရရင်းမှ ပျော်လာမိရပါသည့်

အဖြစ် ..။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

ယွန်းငွေယုန် တကယ့်ကို စောင့်နေပါသည့်အ

သူ ရောက်လာလျှင် ငွေယုန်မရှိ အရွံ့ .. ဟူ
စကားတစ်လုံးသည် ငွေယုန့်အတွင်းစိတ်ကို မခံချင်ဖြစ်အော
အတော်ကြီး နှိုးဆွထားနိုင်ခဲ့သည်ပဲ ..။ ခပ်တည်တည်လေး
နေပေမယ့် ငွေယုန် မျက်လုံးလေးတွေထဲမှာတော့ စိတ်ရှုပ်ရိပ်
တွေ ထင်းနေသည်။ သူက သေနတ်အပစ်ခံမည်ဟု ကြွေးကြေ
ထွက်သွားခဲ့သည် မဟုတ်ပါလား ..။

ထိုသို့ ပြောလည်း ပြောခဲ့ ..။ တကယ်လည်း
နတ်လေးတစ်လက်ဖြင့် ရောက်လာတော့ အံ့ဩပုံလည်း ရ

တကယ်က ဟန်ကိုယ့်ဖို့လုပ်ရင်း ငွေယုန်စောင့်
ဟန်တူပါ၏။ တကယ်ကြီး ရောက်လာလိမ့်မည်ဟု ထင်
သိပ်ထင်ထားပုံမရ ..။ သူ အာကျယ်ပါကျယ်လုပ်ပြီး ထွက်
လိုက်သည်တုတော့ နည်းနည်း ထင်ထားပုံရပါသည့်အဖြ



သူ .. ခပ်တည်တည်ပဲ လက်ထဲက သေနတ်ကိုကမ်း
ပေးသည်။

"အဲဒါ .. ဖေဖေ့ သေနတ်ပဲ .. နင်က ပစ်ရဲတယ်ဆိုရင်
တော့ ပစ်ပေါ့ .. နင် မပစ်ရဲဘူးဆိုတာ ငါ သိတယ် ငွေ
ယုန်ပေါက်စရဲ့ .. တကယ်တမ်းကျတော့ ငါက နင့်ထက်
သတ္တိရှိတယ်ဆိုတာ သက်သေပြတာပဲ .. ကြည့် .. ငါက
အပစ်ခံရဲတယ်လေ .. နင့်လက်တွေ မတုန်နေပါစေနဲ့လို့
ငါ ဆုတောင်းပါရဲ့ .. ရော့ .. နင်ပစ်ရင်လဲ .. နင့်ကိုဖမ်း
မှာပဲ .. ငါက သတ္တိရှိရှိနဲ့ကို .. သေရဲတယ် .. နင်အဖမ်း
ခံရမှာကိုးကွ .. နင်ဟာ သိပ်စွာတဲ့ ပါးစပ်ပေါက်လေး
တစ်ခုနဲ့ တော်တော်ကို လေကြီးလေကျယ် ပြောစာတ်တဲ့
ကောင်မလေးပဲ .."

ဟု ပြောနေတော့ ငွေယုန့် မျက်လုံးလေးတွေထဲ
မှာ အရောင်လေးတွေ လဲ့တက်လာနေသည်။ ဒေါသရိပ် ..။ မခံ
ချင်ရိပ် ..။

မျက်နက်ဝန်းလေးတွေသည် ပို၍ လဲ့လာ၏။ ပို၍
တောက်ပစူးရှလာ၏။ မျက်ခုံးကုံးကုံးလေးကို ဆက်လုမတတ်
လည်း မျက်ခုံးလေးရှုံ့၍ ခပ်စိုက်စိုက်လည်း ကြည့်လာသည်။ သူ
မခံချင်အောင် အသံလေးတိုးတိုးဖြင့် ရယ်တော့ မျက်နက်ဝန်း
လေးတွေ ပို၍ အရည်လဲ့လဲ့ တက်လာနေပြီ ..။

အကြည့်က .. သူ့လက်ထဲမှ သေနတ်ကို ခပ်စိုက်
စိုက် ရှိလာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ .. ကမ်းထားသောလက်ကို ပြန်ရုပ်သည်။ ကာကီရောင် ဘောင်းဘီအိတ်ကပ်ထဲ သေနတ်ကို ပြန်ထည့်မည်ပြုရင်းမှ ..

"ကဲ .. နင်ရှုံးပြီနော် .. ဒါ .. လုံးဝအလိမ်အညာမရှိတဲ့ သတ္တိပြိုင်ပွဲပဲ .. ငါ နိုင်တယ် .. နင် ရှုံးတယ် .. နောက်ကို .. နင် ဘယ်တော့မှ ငါ့ကို မခင်ချင်ပါဘူးလေး .. သတ်ပစ်ချင်ပါတယ်လေးတို့ ဘာတို့ လုပ်မလာနဲ့ .. နင်က .. ငါ့ကို တကယ်တမ်းကျတော့ .. မသတ်ပစ်ချင်ပါဘူး .. ခင်ချင်နေတာပါ .. ဟုတ်တယ်မဟုတ်လား .."

နှင့် သူ ရယ်သံသဲ့သဲ့ဖြင့် ပြောလာတော့ ယွန်းငွေယုန်၏ မျက်နှာလေး တည်တင်းလာ၏။

ဆတ်ခနဲ သေနတ်ကို ဆိုးဆိုးဆတ်ဆတ်နိုင်စွာ လှမ်းယူတော့ သူ လက်ကိုရုပ်သည်။

ယွန်းငွေယုန်၏ မျက်နှာလေးထက် ခပ်မှဲ့မှဲ့အပြုံး ပေါ်လာ၏။ သဘောက သူ့အပြစ်မခံရဲ .. ဆိုသည့် အထင်တသေးနိုင်သည့် အပြုံး ..။ သူ ခေါင်းယမ်းပြပါ၏။ ခပ်တည်တည် လည်း စိုက်ကြည့်ပစ်လိုက်ရင်းမှ ..

"ငါက သတ္တိမခေတဲ့ တည်ကြည်ခန့်ပါကွ .. သေနတ်ကို မပေးတာ မဟုတ်ပါဘူး ယွန်းငွေယုန် .. သေနတ်မောင်း တင်ပေးမလို့ပါ .. ရော့ .."

သေနတ်နက်နက်လေးကို မောင်းတင်ပြီးမှ သူ ကမ်းပေးတော့ ယွန်းငွေယုန် မျက်နှာလေးထက်မှ စိတ်မသက်မသာဖြစ်ရိပ်သည် တကယ့်ကို ရိပ်ခနဲလေးမျှသာ ဖြတ်သန်းသွားပါ၏။



...ထိုသို့ သေနတ်လေးကို မောင်းတင်ပေးလိမ့်မည်ဟု မျှော်လင့်...အားပုံ မရ ..။ သေနတ်ကို ပြန်သိမ်းကာ ခပ်ကုပ်ကုပ်လေး ...န်ချသွားမည်ဟု ထင်ထားလိုက်ပုံလေးဖြင့် စိတ်သက်သာရာလည်း ... ..။ အနိုင်လည်း ရလိုက်သည့် အကြည့်လေး အပြုံးလေးဖြင့် ...နေသမျှ ..။ ခုကျတော့ .. သေနတ်ကို ဝန်လေ နေတာလေးကို ...တ်နိုင်သမျှ ဖုံးဖိ၍ လှမ်းယူလိုက်ရှာပါ၏။

တစ်ယောက်နှင့်တစ်ယောက် လက်တစ်ကမ်းအကွာ ...ထဲ ခြေစုံရပ်လျက် တစ်ယောက်မျက်နှာကို တစ်ယောက် ခပ်...ည်တည်ကြီး ကြည့်နေကြနေသမျှ ရေတမာပင်ရိပ်ဆီမှ ငှက်...းတွေ၏ ကျီကျီကျာကျာ မြည်ကြွေးသံလေးတွေပဲ လတ်တ...ာမှာတော့ အသံလေးတွေ ရှိနေကြပါသည့် အဖြစ် ..။ လုံးဝ...ကျနေသည့် ဝန်းကျင်လေးထဲမှာ သူနှင့် ယွန်းငွေယုန်တို့သည် ...စ်ယောက်ကိုတစ်ယောက် စိန်ခေါ်ကြည့်ဖြင့် ကြည့်နေကြသည် ...အသံလေးတွေ တိတ်ဆိတ်ငြိမ်သက်နေကြခြင်း ဖြင့်ပါတည့် ..။ ...ငွေယုန့်မျက်နှာလေး ငုံ့ကျသွားပါ၏။

"အဟက် ဟက် .."

သူ ရယ်သည်။ ငြိမ်နေသည့် ယွန်းငွေယုန်၏ ငုံ့...မျက်နှာနုနုလေးသည် ဆတ်ခနဲ မော့လာ...၏။

ခနိုးခနဲ့နိုင်နေသော အပြုံးကို အတန်ကြာ ငွေယုန် ...ည့်နေသည်။ မျက်နှာလေး ရဲတက်လာရာမှ ဖျတ်ခနဲ သေနတ်...ဆန့်တန်းလိုက်ချေသည်တကား ..။

သူ တစ်ချက် အံသြတကြီးတော့ ဖြစ်သွားရပါသည့် ...ဖြစ် ..။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ..။ ဤကောင်မလေး နုနုဖတ်ဖတ်လေး ရှိသလောက် .. ခုလို .. သေနတ်နှင့် လူတစ်ယောက်ကို ချိန်ခဲ သည်အထိ စိတ်ကြမ်း ကိုယ်ကြမ်းနှင့် စရိုက်ကြမ်းကြမ်းရှိရသည် တဲ့လား ..။ သူ .. သေနတ်ကို ယူသာယူလာရသည်။ ကောင် လေးသေနတ်ကိုမယူဘဲ ငိုယိုကာ ပြန်လှည့်ပြေးသွားချေလိမ့်မည် ဟုသာ ထင်ထားမိခဲ့ရပါသည့်အဖြစ်။ ပစ်ရဲသည်အထိတော့ ဤ ကောင်မလေး၏ မာနသည် မရှိတန်ရာ .. ဟု ထင်ထားမိခဲ့သည် ကိုးလေ ..။ ထိုအတွက် သူ ငေးခနဲကြည့်ကာ ရင်ထဲမှာမကောင်း ဟုတ်သည်။ မကောင်း ..။ ဤကောင်မလေးကို ထိုမျှအထိတော့ စိတ်ထားမာထန်ထန်ကြီး မဖြစ်စေချင်ပြန် ..။ နူးနူးညံ့ညံ့လေး ဖြစ်စေချင်ပြန်ပါသည့် အဖြစ် ..။ ထိုသို့ ဖြစ်လိုသောဆန္ဒကိုလည်း သူ့ဘာသာသူ ပြန်အံ့ဩနေမိရပြန်သည်။ တကယ်တမ်းက .. သူ သည် .. ယွန်းငွေယုန်ကို .. အနိုင်ယူလိုနေသော စည်းကြည်းခ မဟုတ်ပါလား ..။

"ယူ ပြန်တောင်းပန်နိုင်တယ်နော် .. သေနတ်နဲ့ မပစ်ခ နဲ့ ယွန်းငွေယုန်လို့ .. ခခယယကြီးကို ပြန်တောင်းပန်နိုင် တယ် .. အကူယ်၍ .. မတောင်းပန်ရင်တော့ .. ယွ ငွေယုန် ပစ်ထည့်လိုက်တော့မယ် .."

လက်နှစ်ဖက်ဖြင့် သေနတ်ကို ငြိမ်အောင်ဆု သူ့ကို ချိန်ထားရင်း ငွေယုန်ပြောတော့ သူ ခေါင်းယမ်းပါ

"ဒီမှာ .. ငါ .. ဒီကိုလာတာ .. နင့်ကို တောင်းပန် မဟုတ်တာ .. ပစ်လေ .. နင် .. သိပ်စိတ်မာတဲ့အကြောင် သက်သေပြလိုက်ပေါ့ .."



"သတ္တိရှိတာပါ .. ယူ စောစောကပြောတော့ .. ငွေယုန်က သတ္တိမရှိဘူးဆို .. ယူကသာ သတ္တိရှိတာပါဆို .. ဟင် .."

ဟု ပြောနေရင်းမှ မျက်ဝန်းလေးတွေထဲမှာ ထင်နေ သည့် ကြောက်ရိပ်ကို တတ်နိုင်သမျှ ထိန်းထားရင်းဖြင့် အံခဲ၍ မာန်လေးတင်းကာ သူ့ကို တည့်တည့်ကြည့်ရင်းမှ ..

"ပြောလေ .. မပစ်ပါနဲ့လို့ .. မပြောရင် တကယ်ပစ်ထည့် မှာနော် .."

"ဒီကိုလာတာ .. မပစ်ပါနဲ့လို့ တောင်းပန်ဖို့မှ မဟုတ် တာ .. ပစ် .."

ဟု သူကလည်း ခေါင်းကိုမော့၍ ခပ်တင်းတင်း အပြော ..။

"ကဲဟယ် .. ဟင် .. ဟင် .."

နှင့် ခပ်ညည်းညည်း အသံလေး ထွက်ကျလာကာ သေနတ်မောင်းခလုတ်ကို ဆွဲချလိုက်တာကို သူ မြင်လိုက်ရပါပြီ ..။ သိပ်မကျယ်သော သေနတ်သံ ထွက်လာ၏။ တစ်ခါနှိပ်လျှင် .. အသံတစ်ချက် ..။ ခု .. သုံးချက်ဖြစ်နေသည်။ ကောင်မလေး ကြောက်ကြောက်နှင့် ခလုတ်ကို ကယောင်ကတမ်းကြီး ဆွဲဆွဲနေ လိုက်ပုံ ရပါ၏။ သူ ကိုယ်ကြီးလန်ကျသွားသည်က မြက်ခင်း ထက်ကိုပါ ..။ ကိုယ်ကြီးတစ်ပတ်လိမ့် မှောက်ကျသွားပြီ ..။ သူ့ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။ လက်က .. သူ့ရှပ်အင်္ကျီ အိတ်ကပ်ထဲသို့ ရောက်၏။ လက်ထဲမှာ ပလတ်စတစ်အိတ်အသေး စား ပါလာသည်။ ကိုယ်ကို မှောက်လျက်ဖြင့် ပလတ်စတစ်အိတ် ကို ဖိညှစ်လိုက်တော့ အိတ်လေးတင်းပြည့်နေအောင် ထည့်လာ

www.burmeseclassic.com

www.burmeseclassic.com



သည့် ငရုတ်ဆီတွေ ကွဲပွင့်ထွက်သွားပြီ ဆိုတာကို သူ သိနေသည်။ လက်ဖြင့် ငရုတ်ဆီတွေကို အင်္ကျီမှာ ပွတ်လူးပစ်လိုက်သည်ကလည်း မှောက်လျက် အနေအထားဖြင့်ပါ ..။ ရွက်နုဝေ ခြံထဲ မရောက်ခင် လမ်းဘေးမှာ ခဏထိုင် ..။

ပလတ်စတစ်အိတ်လေး အခန်းထဲက ယူလာခဲ့သေ သမျှကို ပလတ်စတစ်အိတ်လေးထဲ ငရုတ်ဆီပုလင်းကို အဖုံးဖွင့်၍ ထည့် ..။ အပေါ်မှ သားရေပင်နှင့် ပြန်စည်း ..။ အိတ်လေးဖောင်း တင်းကျပ်နေအောင် ထည့်ထားတာမို့ ဖိညှစ်လိုက်တာနှင့် ပလတ် စတစ်အိတ်ပါးလေး ပေါက်ပွင့်ထွက်လာမှာ သေချာနေသည်လေ ..။

ခု .. သူ့အဝတ်တွေမှာတော့ ငရုတ်ဆီတွေ ပေနေပြီ ..။ လူးနေပြီ ..။ သေနတ်ကလည်း တကယ့်သေနတ်သံလေး လို အသံထွက်သည့် ဓာတ်ခဲသေနတ်နက်လေး ..။

တကယ့်သေနတ်နှင့်တူသည့် လေးလေးပင်ပင်လည်း ရှိသည့် သေနတ်လေး ..။

ခုလောက်ဆို ကောင်မလေး ဘာတွေဖြစ်နေပြီလဲ မသိ ..။ သူကတော့ အိုက်တင်ကောင်းကောင်းဖြင့် မှောက်လျက် ကြီး လတ်တလောမှာ ရှိနေရင်း ကိုယ်ကို တွန့်လိမ်ညည်းညူသံ တွေ ပေးနေလိုက်ရပြီ ..။ ကိုယ်ကို သူ လူးလိမ့်၍ ပက်လက်လှန် လိုက်ကာ ယွန်းငွေယုန်ကို ကြည့်တော့ မျက်လုံးလေးပြူး၍ စိုက် ကြည့်နေတာနှင့် ကြုံ၏။ မျက်ဝန်းလေးတွေ ဝန်းဝန်းလည်နေသည်။ ပြူးကျယ်နေသည်။ နှုတ်ခမ်းလေး ဟနေ၏။ အကြည့်က သူ့ထံ မှာပဲ ကြောက်ကြောက်လန့်လန့်နှင့် ရှိနေသည်။ မျက်နှာထက်မှာ သွေးပင်မရှိတော့သည့်အလား ဖြူဆုတ်ဆုတ်လေး ဖြစ်နေ၏။



လက်ထဲမှာ ရှိနေသည့် သေနတ်သည် အောက်ဆီသို့ လွတ်ကျ ၏။ သူ့တစ်ကိုယ်လုံး ငရုတ်ဆီတွေနှင့် နီနေသမျှ သွေးတွေနှယ် ဖြစ်နေတာမို့ စိုနေသည့် သူ့အဝတ်အစားတွေကို မျက်လုံးကြီး ပြူးကျနေရင်း ချောက်ချောက်ချားချားလေး ကြည့်နေသည်။

သူ .. ကောင်မလေးကို ဆက်နောက်ချင်နေသည်။ ဤမျှစွာသည့် ကလေးမ ..။ နောက်ကို ဘယ်တော့မှ နှုတ်သီး ကောင်း လျှာပါး လုပ်ရဲချေတော့မည် မဟုတ်။ သူ .. လူးလွန့် ညည်းညူ နေရာမှ ကြုံး၍ထသည်။ လက်ထဲမှာလည်း ငရုတ်ဆီ တွေ ပေနေတာမို့ ကောင်မလေးကတော့ သူ့တစ်ကိုယ်လုံးကို တုန်နေသော လက်ချောင်းလေးတွေဖြင့် ရှေ့တို့မလာဖို့ တားနေ ပါသည့်အဖြစ် ..။

သူ ရှေ့သို့ တစ်လှမ်းတိုးသည်၊

ယွန်းငွေယုန်က နောက်သို့ နှစ်လှမ်း သုံးလှမ်း ကြောက်ကြောက်နှင့် ဆုတ်၏။

သူ ရှေ့သို့ နောက်တစ်လှမ်း တိုးသည်။ နောက် တော့ ရင်ကိုဖိ၍ ရှေ့သို့ ဟပ်ထိုးပုံစံဖြင့် လှဲချကာ လက်ဖြင့် မြေ ပြင်ကို အလိုက်သင့် ဖေးထောက်စဉ်ခိုက် ..

"အမယ်လေး .. မာမီရေ .."

ဟု အော်သံ ပေါ်လာ၏။ သူ လှမ်းကြည့်သည်။ ခါးတောင်အင်္ကျီနှင့် ..။ ထဘီလေးကလည်း မင်းသမီးထဘီ ဖြစ် အောင် အောက်မှာ ပိုနေလျက် ..။ ဆံပင်ကြက်တောင်စည်းလေး နှင့် ရှိုးထုတ်ထားကာ နှုတ်ခမ်းနီတွေ ဘာတွေနှင့် ရှိနေသည့် ယွန်းငွေယုန် ..။

www.burmeseclassic.com

www.burmeseclassic.com



ပါးကွက်ဝင်းဝင်းလေးသည် မျက်ရည်စီးကြောင်းတွေဖြတ်သန်းရာ နေရာဖြစ်နေပြီ ..။ ကောင်မလေး ငိုနေချေသည်တကား ..။ ကြောက်၍ငိုခြင်းဆိုတာကို သူ သိနေသည်။ မှတ်မလား .. ဟု ရင်ထဲမှ သူ ပြောထည့်ပစ်လိုက်မိရပါ၏။

ယွန်းငွေယုန် အဘယ်မျှထိ ကြောက်နေသည်လည်းဆိုလျှင် .. နေရာမှကို မရွေ့နိုင်တော့သလိုကြီး ခြေစုံကြီး ရပ်နေပြန်သည့် အဖြစ် ..။ သူ .. ကောင်မလေးကို ထပ်နောက်ချင်လာသည်။ အသက်ရှူမရတော့သလို ဂိုးဂဲနှင့် လည်ချောင်းကိုလက်ဖြင့်ပွတ်ရင်း အသံပြု၏။ လျှာကြီးထွက်ပြကာ မျက်လုံးကြီးပြူး၍ကြည့်တော့ ..။

"မာ .. မာမီ .. ရေ .."

ဟု အသံလေး တိုးတိုးတိမ်တိမ်ဖြင့် ပွင့်ကျလာရာမှ ဖြတ်ဆို .. ကောင်မလေး ကိုယ်လေး ခေါက်ခနဲဖြစ်ကာ အရှင်ကြီးပြတ်လေး ပုံပုံ ကျသွားတော့ သူ လန့်သွားရပါပြီ ..။

ဘုရားရေ ..။ ယွန်းငွေယုန် သတိလစ်သွားချေပြီတကား ..။ ခုမှ ကိုယ့်ရှူးကိုယ်ပတ်လျက် သုတ်ခြေတင်၍ ယွန်းငွေယုန်ကို မြေးမွေ့ရ ..။ ပါးလေးပုတ်ရ ..။ မျက်နှာကို လေနှင်းမှုတ်ရနှင့် ရှုပ်ယှက်ခတ်သွားရပါသည့် အဖြစ် ..။

မျက်နှာလေးမှာ သွေးလုံးဝမရှိဘဲ ဖြူကျနေတာကိုကြည့်ရင်း ကြည့်ရင်း လန့်ရမည့်အလှည့်က သူ့ဘက်ရောက်လာ၏။ တကယ့်ကို ကောင်မလေး အသက်ပါသွားနိုင်သည်။ ကောင်မလေး သေလျှင်တော့ .. သူ့ကြောင့် သေရတာဖြစ်တော့မည် ..။ ထိုသို့ ဖြစ်သွားလျှင် သူ ဘယ်တော့မှ စိတ်ကောင်းနိုင်တော့မှာ



မဟုတ် ..။

ဒါကြောင့် ဒေါ်ကြီးအေးက အမြဲပြောသည်။ အနောက်မသန့်ဝါနှင့် .. ဆိုသည့်စကား။ ခုတော့ .. ကောင်မလေး သေတော့မည်လား မသိ ..။ သူ နောက်လိုက်တာ .. လွန်သွားပြီ။

"ဟိတ် ... ငွေယုန်လေး .. ကောင်မလေး .. ငါ ဘာမှ မဖြစ်ပါဘူးကွ .."

ဟု တတွတ်တွတ် ခေါ်နေမိရပ်၏။ ဘယ်သူမှ အနီးအပါးမှာလည်း မရှိ ..။ သစ်ခွရုံကြီးကွယ်နေသည့် နေရာမှာ ခုကျမှ သူနှင့် ယွန်းငွေယုန်တို့ နှစ်ယောက်တည်း ဒုက္ခပင်လယ်ဆနေရပါသည့် အဖြစ် ..။

"ကိုကို ဘာမှ မဖြစ်ပါဘူး ညီမလေးရဲ့ .. မျက်စိဖွင့်နော်.. ဖွင့်နော် .."

နှင့် ပြောပြောနေရင်း ဝတ်ထားသော အင်္ကျီကို မြန်မြန်ချွတ်ကာ အဝတ်ကြီးတယမ်းယမ်းနှင့် ယပ်ခတ်သလိုလုပ်နေမိသည်ကလည်း လန့်လန့်ဖြင့် လုပ်မိလုပ်ရာ နိုင်နေခြင်းပါ ..။ ပါးစပ်ကလည်း တဖူးဖူးနှင့် လေတွေမှုတ်နေမိရသည်က ယွန်းငွေယုန်၏ မျက်နှာလေးကိုပါ ..။

ကြာလိုက်တာ .. ဟု အချိန်ကို လန့်စိတ်ဖြင့် ရှည်ကြာကြာကြီးအဖြစ် တွေးနေမိရစဉ်ခိုက်မှာပဲ ငွေယုန်၏ကိုယ်လေး လှုပ်လာသည်။ သူ ဝမ်းသာအားရကြီးဖြင့် ကိုယ်ကိုင်ကိုင်းကာ ..

"ကိုကို ဘာမှမဖြစ်ပါဘူး ညီမလေးရ .. အဲဒါ ကစားစရာ သေနတ်ကြီး သိလား .. အဟဲဟဲ .."

www.burmeseclassic.com

www.burmeseclassic.com



နှင့် ငွေယုန် မလန့်အောင် နှင်းကန် နှင်းကန် ဆ
ရယ်ပြနေရင်းဖြင့် ပြောပြရှင်းပြနေရစဉ်ခိုက် မျက်လုံးလေးတွေ
ပွင့်လာကာ သူ့ကို မော့ကြည့်လာပါ၏။ နောက်တော့ မျက်ရည်
တွေ ကျလာသည်။ ဝမ်းသာရှိန်လေးကလည်း မျက်နှာထက်မှာ
ထင်လာ၏။ သူ မသေသည့်အတွက် ဝမ်းသာနေမှန်း သူ သ
လည်လာရသည်မို့ စောစောက အနောက်သန်မိသည့် ကိုယ့်ကို
ကိုယ်ပင် အပြစ်တင်နေမိရသည်. အထိ ရင်ထဲမှာ နောင်တကြီး
နေမိရပါပြီ ..။

"ကိုကို .. မသေဘူးနော် .. မသေဘူးနော် .."

နှင့် မေးလာသံလေးထဲမှာ ငိုသံလေးတွေလည်း ပါ
နေသည်။ ပျော်ရွှင်ရိပ်လေးတွေလည်း ရောထွေးနေသည်။ သူ့ကို
မော့ကြည့်ရင်း မေးနေတော့ သူ ပြုံး၍ ခေါင်းညိတ်ကာ ..

"ကိုကို မသေပါဘူးကွ .. ကြည့် .. အသက်တွေ ရှူနေ
တယ် .. ရှူး .. ရှူး .."

နှင့် တကယ့်ကို အသက်တွေ ရှိုက်ရှိုက်ရှူပြစဉ်ခိုက်
ယွန်းငွေယုန် ငိုသည်။ သူ့ကိုလည်း ဖက်လာပါ၏။ တကယ့်ကို
အစ်ကိုကြီးတစ်ယောက် ဘေးမသီရန်မခ ရှိနေတာကို မြင်ရ၍ ငို
သည့် ညီမလေးနှင့် တူနေသည်။ ဖက်သည့်ညီမလေးနှင့် တူနေ
သည်။

"နောက်ကို .. ကိုကိုတို့ ဘယ်တော့မှ ပြန်မဖြစ်ကြတော့
ဘူးနော် .. ချစ်ချစ်ခင်ခင် ကိုကိုနဲ့ ညီမလေးတို့ နေကြ
မယ်နော် .."



ဟု သူ မျက်ရည်လိုက်လည်လာရင်း အသံလေးတွေ
တိမ်မွေ့လာနေလျက် ပြောတော့ ယွန်းငွေယုန် ခေါင်းလေးညိတ်
သည်။ သူ မသေဘဲ အကောင်းကြီး ရှိနေတာကို မြင်ရသည့်
အတွက် အရမ်းကို ဝမ်းသာနေရှာတာ သိသာနေပါသည့်အဖြစ် ..။
ထိုမှန်းထားစိတ်သည် အဘယ်မျှ ကြောက်စရာကောင်းသည်
ဆိုတာကိုလည်း ယွန်းငွေယုန် လန့်လန့်ဖြင့် သိထားပါက်ရပုံလေး
ပေါက်နေသည်။ သူ .. တကယ်သေပြီဟု ထင်ချိန်မှာ စိတ်ထဲ
လန့်လည်းလန့် ..။ စိတ်လည်းမကောင်း ဖြစ်နေခဲ့ပါ သူ သိနေ
ရပါသည့် အဖြစ်။

"ငွေယုန် .. ကိုကို တကယ်သေပြီထင်ပြီး .. စိတ်ထဲ ..
ကြောက်တယ် .. ငိုတယ် .. ကိုကို့ကို .. သနားသွားတယ်
ကိုကို .."

ဟု ဖွင့်ပြော ငိုရှာတော့ သူ ရင်ထဲမကောင်းနိုင် ..။

"ကိုကို ဆိုးတာပါ .. ညီမလေးကို .. ကိုကိုက .. ဆိုးတာ
ပါကွယ် .."

ဟု ပြောမိစဉ်ခိုက် သူ့ကို ယွန်းငွေယု မော့ကြည့်
လာပါ၏။

"ကိုကိုက အရှုပ်လာပေးတာ .. ငွေယုန်က ဆိုးတာပါ ..
နောက်ကို .. ယုန်လေးတို့ ရန်မဖြစ်ကြတော့ဘူးနော်
ကိုကို"

ဟု နောင်တသံလေးဖြင့် ပြောတော့ သူ ရင်ထဲမှာ
ဆို့လာသည်။ နောက် .. ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းမှာ ကျနေသည့် ကစားစရာသေနတ် ကို သူ ကြည့်သည်။ သူ့လက်ထဲမှာ ရှိနေဆဲ ရေတက်ဆီပေ အကျ ကို ကြည့်သည်။ နောက်တော့ .. မျက်ရည်ကိုယ်စီ ကျနေဆဲ မျက်ရည်လည်နေဆဲ ဖြစ်နေသည့် သူတို့နှစ်ယောက်စလုံး တစ် ယောက်ကိုတစ်ယောက် ကြည့်မိကြပြန်ပါ၏။ နောက်တော့ မျက်ဝန်းလေးတွေ ပြုံးလာသည်။ စတင်၍ ရယ်လိုက်သည်က သူ ..။ နောက်တော့ .. လိုက်ရယ်လာသည်က ငွေယုန်လေး

လတ်တလောမှာ သူ ဘာမျှမဖြစ်ဘဲ ရှိသည့်အတွက် ငွေယုန် ရယ်ခြင်း ..။ သူ နောက်ခဲ့တာကိုလည်း စိတ်မဆိုးနို တော့ဘဲ ရယ်ခြင်း ..။ သူကလည်း .. သူ့အတွက် ငွေယုန် တကယ့်ကို စိတ်ပူလက်ပူဖြင့် ရှိသွားတာကို သိရလျက် ရင်ထဲမှာ ပျော်သွားမိရကာ .. သူ .. ဆိုးခဲ့တာကိုရော .. ကစားစရာသေ နတ် .. ရေတက်ဆီတွေနှင့် ရှိနေသည့် အဝတ်တွေကိုကြည့်၍ရော ရယ်မိခြင်း ..။ နှစ်ယောက်စလုံး ရယ်နေသည်က .. ဝမ်းသာမှု ဖြင့် ရှိနေသည်။ ရင်းနှီးခြင်းက ပို၍ ပို၍ .. ချက်ချင်းကြီးမှာပင် တိုးတိုးလာနေပြန်ပါသည့် အဖြစ် ..။

ဩော် .. သူနှင့် ယွန်းငွေယုန်တို့သည် .. ငယ်စဉ် ဘဝ .. စတင်တွေ့သည်နှင့် ရန်ဖြစ်ခြင်းဖြင့် စတင်ကာ နောက်တော့လည်း .. မောင်နှမရင်းချာပမာ .. ချစ်သွားကြရချေ ဖို့အထိ .. ဘဝ၏ကံကြမ္မာက .. ဖြစ်တည်လာစေခဲ့ချေသည် တကား ..။

* * *



အခန်း(၉)

ရယ်မောဖွယ်လည်း ကောင်းသော ..။ စိတ်လှုပ်ရှား ယ်လည်း ကောင်းသော ..။ ပြီးတော့ .. တစ်ယောက်အတွက် စ်ယောက် .. တကယ့်အချိန်ကြီးမှာ စိတ်ပူလက်ပူကြီးလည်း ခဲ့ရသော .. ထိုအဖြစ်အပျက်တစ်ခု၏ နောက်များတွင် ရက် ားစွာသည် .. သူနှင့် ယွန်းငွေယုန်တို့သည် တကယ့်ကို .. ချစ် င်သော မောင်နှမများပမာ ဖြစ်ခဲ့ကြသည်ကတော့ အမှန်ပါ ..။

ထိုနေ့က ရေတက်ဆီတွေနှင့် ပေကျံနေသော အင်္ကျီကို ၍ ပြန်လာခဲ့သော တည်ကြည်ခန့် ဆိုသည့် ကောင်ငယ်လေး ယောက်၏ ရှုပ်နောက်နောက် .. နောက်ပြောင်ခဲ့မှုတစ်ခု၏ ဖြစ်အပျက် အစအဆုံးကိုလည်း ကြာရိုပ်မြိုင်မှ ဘယ်သူ့ဘယ်သူ မသိလိုက်ခဲ့ရသည့်နယ် ..။

ယွန်းငွေယုန်ကလည်း သေနတ်တစ်လက်ကို အစစ် ၍ မိုက်မဲစွာဖြင့် ခပ်ပြင်းစိတ်တစ်ခုနှင့် အရှုံးမပေးလိုစိတ် တို့ဖြင့် ပစ်ခဲ့မိဖူးသော ထိုအဖြစ်အပျက်တစ်ခုကို ဖုံးကွယ်နေခဲ့

www.burmeseclassic.com



တွင် ဘယ်သူ့ဘယ်သူမှ မသိအောင် နှုတ်လုံခဲ့သည်မှာလည်း အမှန်ပါ ..။

ဒါပေမဲ့ .. သူတို့နှစ်ယောက်၏ ဆက်ဆံမှုသည် တရင်းတနှီး နိုင်လှစွာ ရှိခဲ့သည်မို့ လူကြီးမိဘများကတော့ စေ့ မြောက်စိတ်အေးသွားကြရသည်ကလည်း နှစ်အိမ်စလုံးမှာပါ ..။

ကလေးနှစ်ယောက် တကျက်ကျက် ဖြစ်နေသွေး ကြားထဲက လူကြီးမိဘတွေက စိတ်ညစ်ရ မျက်နှာပူရ ဖြစ်ရပေ မည်ကိုးလေ ..။

ဖေဖေကတော့ ဘိုမရုပ်ကြီးဖြင့် သွားကာ သားတော် မောင် အချော့ကောင်းခဲ့သည်ဟုပင် ထင်မှတ်ရယ်မောနေခဲ့သေး သည့် အဖြစ် ..။

"မေမေကတော့ .. သားတို့နှစ်ယောက် ခုလိုချစ်ခင် ကြတာ ဝမ်းသာပါတယ်ကွယ် .. မေမေ့သားလိမ္မာတယ် .. ယဉ်ကျေးတယ် .. စာတွေလဲ ဖတ်တယ်ဆိုတာ မေမေ သိ နေတာပဲ .. တစ်ခုပဲ ရှိတယ် .. သားက .. လူစ .. ရှု နောက် .. လူပျော်လေး ဖြစ်နေပြန်သေးတော့ .. တစ်ခါ တစ်ခါ အနောက်လွန် အစသန်သွားတတ်တာမျိုး ရှိတယ် လေ .. ခု .. ညီမလေးယွန်းငွေယုန်ကို .. မနောက်နဲ့ပေါ့ သား .. အကျည်စားသန် ရန်ဖြစ်တဲ့ကွယ် .. ရန်စကို တို့ အောင်ထားရတယ် .. ဆင်ခြင်ရတယ်သားလေးရဲ့ .. ခု ကြည့်စမ်း .. သားတို့ ကလေးချင်း အဆင်ပြေကြတော့ .. အိမ်သစ်တက်ပွဲကို ဖေဖေရော .. မေမေရော မျက်နှာပန်း လှလှနဲ့ သွားရတယ် .. သားလဲ ရှိုးမိုးလေးနဲ့ သွားရတယ် ..



သမီးလေး ယွန်းငွေယုန်နဲ့ကို ဖိတ်စာတစ်စောင် ထပ်ပို့ခိုင်း .. သားကိုလဲ လာခဲ့ဖို့ ယွန်းငွေယုန်နဲ့ ပြောခိုင်းတာ ကိုရှိန်တို့ ဘက်က .. ကလေးချင်း တည့်တည့်ရှုရှုဖြစ်အောင် ဆိုတာ သား နားလည်နော် .."

ဟု ပြောနေတော့ သူ ခေါင်းပဲညိတ်သည်။ အဝါ ရောင်ပိုးပုဆိုးကွက်စိပ်လေးနှင့် တိုက်ပုံအကျီ ပိုးဝါနုရောင် ..။ တစ်ကော်လာအကျီဖြူလေးဖြင့် သူက စတိုင်လေး တထွားထွား ဖြင့် ရှိနေကာ ..။ မှန်ထဲမှာ ထင်နေသော ပုံရိပ်ကိုကြည့်၍ ကိုယ့် ကိုယ်ကိုယ် လူချောကြီးအဖြစ် မှတ်ထင်ကျေနပ်နေသည့် အဖြစ် က ရင်ထဲမှာ ပြည့်နေသည်။

ဒေါ်ကြီးအေးကတော့ သူ့ဘိုကေလေးကို ဘီးလေး ဖြင့် တသသ လုပ်နေရင်းမှ ရယ်၍ ...

"ကျုပ် ခန့်လေးကတော့ဖြင့် .. အစကတော့ ဟိုသူငယ်မ လေးကို .. သိပ်စွာသလေး .. မာနကြီးသလေး .. လေ ကျယ်သလေးနဲ့ ကျုပ်ကို ပြောပြောနေတာ ကျုပ်မှာဖြင့် အဟုတ်ကြီးကိုမှတ်လို့တော်ရေ .. ဒီက ဒေါ်ကြီးကဖြင့် ကျုပ် ခန့်လေးကို ရေထဲတွန်းပစ်ရသလား ဘာလားနဲ့ ဒေါ်တွေကန် .. ရန်တွေလုပ်ချင်နေလိုက်သမှ ရင်ထဲမှာပြေ တောင်မပြေရသေးဘူး .. ဟော .. ကျုပ်ရဲ့ခန့်လေးက .. ဟိုသူငယ်မလေးကို ဘိုမရုပ်ကြီးပိုက်ပြီး သွားချော့ပြီးသား ဖြစ်နေလို့ .. ဟောဒီ ကျုပ်ရဲ့ရင်ဘတ်ကြီးထဲက ရန်လုပ် ချင်နေတဲ့ ဥစ္စာတွေကို .. ဘယ်သွားဖျောက်ပစ်လိုက်ရမှန်း တောင် မသိဘူး ဖြစ်ကျန်ခဲ့ရော .. ကောင်လေးရာ .. ခု

www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ... အချော့တော်ရုပ် ပေါက်နေပြီ ... ရှင်လေး
က ..."

နှင့် ချစ်စနိုးလေး နှာခေါင်းဆွဲလိမ်တော့ သူ ရှုံ
ချင်သည်။

"ဟာ ... ဒေါ်ကြီးလဲ ... ဘိုမရုပ်ကြီးက ... သားယူလာတာ
မဟုတ်တာ ... ဖေဖေ ယူလာတဲ့ဥစ္စာ ... သားကို သွားပေး
ဆိုတော့ သား မသွားလို့မှ မဖြစ်တာ ... မသွားရင် ဆေး
ဆူမှာပေါ့ ..."

"ဟုတ်ပါတော် ... ဆူမှာကြောက်လို့သာ သွားပေးရရှာ
များ ... သနားလောက်ပါပေရဲ့ ... ဟိုမှာ ဘယ်လောက်များ
ချော့ခဲ့သလဲမှ မသိတာ ... ရှင့်မာနခဲလေး အရည်ပျော်
ပြီး ... ဖိတ်စာကြီး နောက်တစ်ကျော့ ထပ်လာဖို့ပါရော
လား ... အဖေအမေက ဖိတ်စာတစ်စောင် ... သမီးလေး
ဖိတ်စာတစ်စောင် ... လာပို့တာကြီးကို ဖြစ်ရော ... ကဲ
မေးစမ်းချင်ပါရဲ့ ... ရှင်လေး ... အဲဒီအရုပ်ကြီး ဘယ်လို
သွားပေးသတုန်း ... ကဲ ..."

ဟု ဆက်စနေတော့ သူ မျက်နှာရဲလာနေပြီ ...။

"ဟာ ... ဒီလိုပဲ သွားပေးတာပေါ့ဗျ ... ဖေဖေက ပေးခိုင်း
လို့ လာပေးတာလို့တော့ ပြောရတာပေါ့ ... သားက
တကူးတကကြီး ပို့တယ်ထင်ရင် ရှက်စရာကြီး ..."

"ဟုတ်တာပေါ့ ... ရှက်လို့သာ ကြာရိပ်မြိုင်မားကကြ
ကိုယ်တိုင် မယူရဲခဲ့တာပေါ့ ... အဲသလို မဟုတ်လား
ဒါမှမဟုတ် ... ကိုယ်တိုင်ကြီးကို ယူပေးချင်နေတာပါ ...



ရုပ်ကို ကြည့်ပါလား ... အယူတော် အသာယ်တော်ရုပ်ကို
ဖြစ်လို့ ..."

မနားစတမ်း ချစ်စနိုးလေး စ ... စ ... နေတော့ သူ
ရှုတ်လာလျက် ခေါင်းကိုကုတ်ဖွပစ်ကာ ...

"တော်ပြီ ... မသွားတော့ဘူး ... သား ရှက်တယ် ..."

ဟု မျက်ရည်တွေ ဝဲလာရင်း ပြောမိရပါပြီ ...။

"ဘယ်သူ့ကို ရှက်တာလဲ ... ကောင်မလေးကိုလား ..."

"ဒေါ်ကြီးကို ရှက်တာ ... ဒီလောက်ပြောနေတဲ့ ဥစ္စာ ...
ရှက်လာရော"

ဟု ပြောတော့ ဒေါ်ကြီးအေး ရယ်သည်။ မေမေ
ကလည်း ရယ်သည်။ ဒေါ်ကြီးအေး၏ ဝိုင်းစက်မည်းနက်သော
မျက်ဝန်းလေးတွေထဲမှာ ရှိနေသည့် ရယ်မောရိပ်သည် တော်တော်
နှင့် အရှိန်မတန့် ...။ မျက်ရည်တွေ လည်တက်လာအောင် ရယ်
နေရင်းမှ ...

"အရှက်အိုးကြီးကို ဖြစ်လို့ ... နည်းတဲ့အိုးကြီးလား ...
ဟောဒီက အရှက်အိုးကြီးထဲ ... ကောင်မလေးကိုတောင်
ထည့်ဖွက်ထားလို့ ရတယ် ..."

နှင့် ပြောပြောရယ်နေတော့ သူ စိတ်လက်ညစ်လာ
သည်။ နေရင်းထိုင်ရင်းကြီးမှာပဲ ... သူ ... ရွက်နဝေသို့သွားဖို့
စိတ်လေးချင်လာသည်။ ဒေါ်ကြီးအေး ဆက်နောက်နေလျှင် သုံး
ရက်နှင့် ပြီးတော့မည်ပုံ မပေါ်တော့ ...။

"အလိုတော် ... မျက်မှောင်ကြီး ကုတ်ကျလာလိုက်တာ ...
ချစ်လို့ပြောတာပါ ဒေါသအိုးကြီးရယ် ... ကဲ ... ကဲ ...

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီး အောက်ထပ်ဆင်းတော့မယ် ‥ ဒီက ‥ အ
အိုးကြီးက ‥ မေမေနဲ့ နေခဲ့ ‥ ဟုတ်ပလား ‥”

ဟု နှာခေါင်းလေး ဆွဲလိမ်ပြီးမှ ဒေါ်ကြီးအော
ထွက်သွားတော့ သူ မှုန်တေတေဖြင့် ကျန်ခဲ့သည်။ ရင်ထဲ
ရှက်နေသည်။ ဟုတ်သည်။ ရှက်နေသည်။ ငွေယုန်နှင့် ပတ်သ
၍ သူ မခေါ်ချင်တာတွေကို ရိုးရိုးပြောခဲ့တာ မဟုတ်။ မာနပြ
သည်။ စွာသည်။ ဘဝင်မြင့်သည်နှင့် ပြောခဲ့ဖူးသည်။ နောက်ကျတော့
သူက ‥ ရွက်နုဝေသို့သွားဖို့ ရှေ့ဆုံးတန်းက နေရာယူထားသ
ကြီး ဖြစ်နေသည် မဟုတ်ပါလား ‥။ မှန်ထဲက အရိပ်ကိုကြ
ရင်း သူ ငြိမ်နေရာမှ အဝတ်တွေ ပြန်ချွတ်ဖို့ လုပ်တော့ မေ
မှ ‥

“ဟဲ့ ဒီကောင်လေး ‥ ဘာလို့ တိုက်ပုံကို ချွတ်နေရ
လဲ ‥ သားနော် ‥ ဖေဖေနဲ့ မေမေတို့ ဟိုကိုသွားတဲ့အ
သားလဲ ပါလာရမှာ ‥ ကိုသော်လဲ ပါမယ် ‥ သူက ပန်း
ကားကြီးကို ပိုက်ပြီးလိုက်လာမှာ ‥ ဒေါ်ကြီးအေးက
ပါမှာ ‥ ရှင်လေးက တစ်ယောက်တည်း အိမ်စောင့်လို့
ကျန်ခဲ့လို့ ရမလား ‥ သွား ‥ ဖေဖေ့ အခန်းကိုသွား ‥
စားပွဲပေါ်မှာ ဘိုမရုပ်ကြီးတစ်ခု ဖေဖေ ထပ်ယူလာတယ် ‥
သွားယူ ‥ အဲဒါကို ‥ ငွေယုန့်ကိုပေး ‥”

နှင့် ပြောနေတော့ သူ ခေါင်းယမ်းသည်။ လေးလေး
သော်လည်း ပါမည်။ ဒေါ်ကြီးအေးလည်း ပါမည် ‥။ ဟိုရောက်
လျှင် သူ ချောင်ကိန်းမမြင် ‥။ ငွေယုန်နှင့် စကားပြောတာမြင်
တိုင်း ပြုံးလိုက် ဘာလိုက်နှင့် လုပ်မည်။ ပြီးလျှင် ‥ အိမ်ပြန်ရောက်



တာနှင့် သူ့ကို ‥ အံချော့တော်ဟု ပြောမည်။ ပြီးလျှင် ‥ ပစ္စည်း
တွေ သယ်ပို့နေသည့် အခြွေယ်တော်ရုပ် ‥ ဟု ပြောမည်။ နောက်
အရက်အိုးကြီး ဖြစ်ရမည်။ ပြီးတော့ ‥ ဒေါသအိုးကြီး ဖြစ်ရဦး
မည်။ သူ ‥ ရှက်သည်။ လုံးဝကို မသွားချင်တော့တာမို့ ‥

“မသွားချင်ဘူး မေမေ ‥ သား ဗိုက်နာတယ် ‥”

ဟု ပြောတော့ မေမေ သူ့ခေါင်းကို ဖွဖွပုတ်သည်။

“မရဘူး ‥ ဖေဖေ စိတ်ဆိုးလိမ့်မယ်နော် ‥”

“ဘာလုပ်မှာလဲ မေမေရ ‥ ဘိုမရုပ်ကြီးတွေ နင်းကန်
တစ်ခုပြီးတစ်ခု လက်ဆောင်သွားပေးနေရမှာလဲ ‥ တစ်ရုပ်
ဆို တော်ရောပေါ့ ‥”

ဘိုမရုပ်ကြီးကို လေးလေးသော်နှင့် ဒေါ်ကြီးအေး
ရှေ့မှာ တပိုက်ပိုက်နှင့် သူက ယူသွားရမှာ ‥။ ရှက်သည်။ ဘာ
ကြောင့်မှန်းမသိ ‥။ သူ့မှာ ရှက်နေတာတွေချည်းပဲ ရင်ထဲလာ
လာ ဖြစ်နေရတာ ဆိုးသည်။

“ဟုတ်တယ် ‥ ဒီတော့ ‥ တခြားဥစ္စာပေးပေါ့ သားရဲ့ ‥
ဥပမာ ‥ ဟိုမှာ ‥ သား အိမ်ဆောက်တမ်း ဆော့ဆော့နေ
တဲ့ ‥ ဖိုင်ဘာတုံးဆက် အိမ်ဆောက်တဲ့ ကစားစရာဘူးကို
ယူသွားပေါ့ ‥ ယွန်းငွေယုန်လဲ ဝမ်းသာမယ် ‥ အသစ်
အဆန်းလဲ ဖြစ်မယ် ‥ သားက ‥ အိမ်ဆောက်တမ်း
ကစားတာကို ‥ သူ့ကို သင်ပြပေါ့ ‥ မကောင်းဘူး
လား ‥”

ဟု မေးလာတော့ သူ ဖျတ်ခနဲ ခေါင်းက ညိတ်မိပြီး
သား ဖြစ်သွားရပါပြီ ‥။

www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်ဆောက်တမ်း ကစားရသည့် ဖိုင်ဘာတုံးလေး
တွေပါသော စက္ကူဘူးကြီးကို အဘယ်မျှထိ .. မစုတ်မယောင်
အောင် ထားသည်ဆိုတာ မေမေ အသိ ..။ ထိုကစားနည်းကို ချ
အရမ်းသဘောကျတာလည်း မေမေ အသိ ..။ ဖိုင်ဘာတုံး ချောင်
စုံလေးတွေက အိမ်ဆောက်အုတ်တုံးလေးတွေအဖြစ် ရှိကာ ..
ပြတင်းပေါက် အချပ်တွေ ..။ အမိုးအဖြစ် ပလတ်စတစ်အနီရောင်
သွပ်မိုးပုံစံအငယ်စားလေးတွေ ..။ မီးခိုးခေါင်းတိုင် ပုံစံလေးတွေ
ကအစ ရှိသည့် အိမ်ဆောက်ဘူးလေး ..။ ထိုဘူးကြီးကို ချ
ကြိုက်လွန်း၍ ဖေဖေ ဝယ်ပေးခြင်း ..။ ဟုတ်သည် ..။ ဝယ်ပေး
ခြင်း ..။ ဖေဖေ့မှက တစ်မျိုး။

ဖေဖေသည် ကစားစရာ စက်ရုံပိုင်ရှင် ..။ ဒါပေမဲ့
စက်ရုံမှ ကစားစရာ တစ်ခုကိုပဲဖြစ်ဖြစ် ..။ အလကားမယူ ..
တရင်းထဲဝင်အောင် ဝယ်သည်။ လက်ဆောင်ပေးမည် ဆိုလျှင်
သော်မှ ဝယ်သည်။ သူ့ဒွေးကိုယ်တိုင်က .. ထိုသို့ စည်းစနစ်ကြီး
ကြီးဖြင့် ရှိနေတော့ စက်ရုံအလုပ်သမားတိုင်းသည် စည်းကမ်း
တကျနှင့် ရှိသွားကြရကာ .. ဘယ်သူမှ အရုပ်အပျက်လေး တစ်ခု
ကိုသော်မှ အိမ်အပြန် ယူသွားတာမျိုး မရှိကြရတော့ ..။

ဖေဖေ့ အစဉ်အလာက .. နှစ်သစ်ကူးချိန် ..။ တန်ခူး
လ ..။ သီတင်းကျွတ်လ ..။ တန်ဆောင်တိုင်လများမှာကျတော့ ..
စက်ရုံအလုပ်သမားများကို ကစားစရာ အရုပ်များ လက်ဆောင်
ပေးသည်။ စက်ရုံထွက် ပလတ်စတစ် လူသုံးပစ္စည်းကိုလည်း
အမျိုးတူ ..။ တန်ဖိုးတူ အားလုံးညီတူ လက်ဆောင်ပေးသည်



ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်ခုံ တစ်စုံလိုမျိုး ..။ ပလတ်
စတစ် တိုင်ကီလိုမျိုး ..။ ရက်ရက်ရောရောကို ပေးသည်။

ဒါကြောင့် .. ဖေဖေ့ကို .. စက်ရုံလုပ်သားများက
ချစ်ရိုသေကြသည်တဲ့ ..။ မေမေက ပြောပြောပြပါ၏။

သားလည်း တစ်နေ့ .. ဒီအလုပ်တွေ ဦးစီးရမှာ ..
နားလည်ထားရမယ်နော် .. နှင့် ခုကတည်းက .. အလုပ်သဘော
ကို သူ့အရွယ်လေးနှင့် နားလည်နိုင်မည့် ကိစ္စတွေ ပြောပြောပြ
တတ်ပါသည့် မေမေပါ ..။

ခုလည်း .. မေမေသည် .. သူ့ကစားစရာဘူးကြီး
ကို လက်ညှိုးညွှန်၍ ပြောလာနေပြီ။ ငွေယုန်လေး အပေါ်ပေးသည့်
လက်ဆောင်သည် လေးလေးနက်နက် ဖြစ်စေချင်၍ ဖြစ်မည် ..။
သူ အဘယ်မျှထိ ထိုအိမ်ဆောက်တမ်း ကစားရတာကို ပျော်မွေ့
သည်ဆိုတာ မေမေ သိသည်ပဲလေ ..။ ကိုယ် မြတ်နိုးတွယ်တာ
သည့် ဤဘူးကြီးကို ပေးသည်ဆိုတော့ .. ပို၍ ခင်မင်မှုက လေး
နက်မည် မဟုတ်ပါလား ..။

သူ .. တစ်ချက် ငွေတွေခနဲ ဖြစ်ချင်၏။ ခေါင်းကတော့
ညိတ်ပြီးနေပြီ ..။ ဒါပေမဲ့ .. ပေးချင်နေသည့် ကြားထဲက ..
နှမြောစိတ်က ဝင်၏။ နှမြောနေသည့် ကြားထဲက .. ပေးချင်နေ
ပြန်၏။ ပေးလည်း ပေးချင်သည်။ မပေးလည်း မပေးချင် ..။
မပေးချင်ပဲ ပေးချင်နေပြန်သည်။ ပေးချင်နေရင်းမှ မပေးချင်
ပြန် ..။ သူ .. ခြေစုံလေးရပ်၍ တစ်ချက်ငြိမ်ကျနေပါ၏။ နောက်
ဆုံးတော့ .. အိမ်ဆောက်ဘူးကြီးကို ပိုက်လိုက်မိရပါပြီလည်း ..။

www.burmeseclassic.com

www.burmeseclassic.com



"သား ပေးလိုက်မယ် မေမေ .."

ဟု ပြောမိသံကလည်း ဆုံးဖြတ်လိုက်သည့် အသံ .။ မေမေ ပြုံး၍ ..

"သား .. ငွေယုန်လေးအပေါ် .. တကယ့်ကို စေတနာ ထားတယ်ဆိုတာ မေမေ စိတ်ချလိုက်ပြီသား .. နောင်း ဒီလိုပဲ လိမ္မာရမယ်နော် .. ဘာပဲဖြစ်ဖြစ် .. ငွေယုန်အေ က .. သားထက်တော့ လပိုင်းလောက်တော့ ငယ်တယ် အတန်းတူ .. အသက်တူကြပေမယ့် .. သားက လပိုင်း ကြီးတယ် .. အကြီးဆိုတာ .. အငယ်ကို ညှာတာရတယ် သား .. ငွေယုန့်ကို .. သားနေတဲ့ကျောင်းကို နောက်နှစ် ဆို ပြောင်းထားတော့မှာ .. ကျောင်းတူတူ တက်ကြရမှာ ဒီနှစ်ကတော့ .. ငွေယုန် နေလက်စကျောင်းမှာပဲ ဆက်တ ရမယ်တဲ့ .. ရွက်နုဝေက ကားနဲ့လိုက်ပို့ရတာဆိုတော့ ဘာမှ သွားရေးလာရေး ခက်တာမဟုတ်ဘူး .. ဒါပေမဲ့ နောက်နှစ်တော့ .. သားလဲ အဖော်ရ .. သူလဲအဖော်ရ တူတူ တက်ကြရအောင် ကျောင်းတူတူ ဖြစ်ကြရမှာကွယ် .."

ဟု မေမေ ပြောနေတော့ သူ့ ရင်ထဲမှာ ပျော်သည် ရှိလာ၏။ နောက်နှစ်ဆို .. သူနှင့်အတူတူ ကျောင်းသွားဖော်တစ် ယောက်တော့ ရှိလာချေဦးတော့မည် ..။ စကားပြောဖော်လည်း ရမည်။ စာကျက်ရတာလည်း တူတူကျက်၍ ဖြစ်ပြီ ..။ တစ်ယောက် တည်း စာကျက်ရတာမျိုးကတော့ ရှိမလာနိုင်တော့သည့် အဖြစ် ..။

မေမေနှင့် သူ့ အိမ်ပေါ်ထပ်မှ တူတူဆင်းဖြစ်၏။ အောက်ထပ်မှာ ဖေဖေ စောင့်နေပြီ ..။ ပိုးတိုက်ပုံအညို ..။ ရှိုး



ဆိုး နီညိုသွေးနှင့် ဖေဖေသည်လည်း ချောနေသည်ပါပဲ ..။ ဒါရောင် ပိုးဝတ်စုံလေးနှင့် မေမေသည် ဖေဖေနှင့်ဆို အရမ်း ကို လိုက်ဖက်သည့် အဖြစ်။ ထိုသို့ ဒေါ်ကြီးအေးက အမြဲဂုဏ် ယူပြောသည်။ သူကလည်း ထောက်ခံသည်။ ဖေဖေကလည်း ချောသည်။ မေမေကလည်း ချောသည် ..။ ဒါကြောင့် .. သူက လည်း ချောသည်တဲ့ .. ဒေါ်ကြီးအေးကတော့ အမြဲပြောနေကျ။ သူ့ကို ချောသည်ဟု ပြောတာကို .. ရင်ထဲမှာ အမြဲကျေနပ်နေကျ ..။ ခုလည်း ဒေါ်ကြီးအေးကတော့ တပြုံးပြုံးနှင့် ကြည့်နေပြီ ..။ မယ် ..။ ဒေါ်ကြီးအေးကလည်း ခရမ်းရောင်ရင့်ရင့် ချိတ်ထဘီ ..။ အဖြူရောင် ပိုးရင်ဖုံးလက်ရှည်နှင့် ဆံပင်ကို သေသေသပ်သပ် ထုံးထားကာ အဖြူရောင် နှင်းဆီတစ်ပွင့်ကိုပန်လျက် တုတ်အိအိ ကြီးဖြင့် ဖွေးဥလှနေသည်ပါပဲ ..။ အပုလေးကလည်း ပိုးဝတ်စုံ ပြာလေးနှင့် ရှိုးကျနေသည်။

"လက်ထဲမှာ လက်ဆောင်ထုပ်ကြီးနဲ့ပါလားကွ .. ဟော .."

ဟု လေးလေးသော်က ပေါ်တီကိုအဆင်းမှာဆုံတော့ တိုးတိုး နောက်သည်။ အားလုံး ခြံချင်းကပ်ပေမို့ လမ်းလျှောက် ကြပါ၏။ လေးလေးသော် လက်ထဲမှာ ပန်းချီကားချပ်ကြီး ထားသည်။ အထဲမှာ ဘာပုံပါသည် မသိ ..။ အပေါ်မှကြွေ နီညိုရောင်ကြီးဖြင့် ပတ်ဖုံးထားကာ ဖဲကြိုးနီညိုသွေးဖြင့် ချည်နှောင်ထုပ်ပိုးထားသမျှ မပွန်းမပဲ့ .. မစုတ်မပြဲရအောင် တစိုက်ကြီး လေးလေးသော် ပိုက်ထားခြင်းပါ ..။

ဒေါ်ကြီးအေး လက်ထဲမှာတော့ သစ္စာပန်းခိုင်ကြီး ပါလာသည်။ ပန်းအလှထိုးဖို့ ခြံထဲမှ ခူးခဲ့တာ ဖြစ်သည် ..။

www.burmeseclassic.com

www.burmeseclassic.com



သူ ငြိမ်သက်စွာ ဖေဖေ့ဘေးကပ်၍ လိုက်လာရသည်ကိုက အကြံဖြင့်ပါ ..။ လေးလေးသော်၏ အကြည့်က သူ့ဓာတ်ဘူးကြီးဆီပဲ ရောက်ရောက်နေသည်ကို ..။ ထိုဘူးထဲမှာ ဘာရှိသည် ဆိုတာကိုရော ..။ ထိုဘူးသည် သူ့ကစားစရာဘူး ဆိုတာကိုရော လေးလေးသော် သိသည်။ လေးလေးသော်နှင့်တူတူ သူ အိမ်ဆောက်ဖိုင်ဘာတုံးလေးတွေဖြင့်ထိုင်ရင်း စိတ်ကူးထဲပေါ်ရာ အိမ်လေးတွေကို ဆောက်ဆောက်ကစားနေခဲ့သည် မဟုတ်ပါလား။ လေးလေးသော်က .. ဘေးမှာ ဆေးလိပ်တဖွာဖွာဖြင့် အဖော်လုပ်လိုက် ..။ သူ စိတ်ကူးထဲ ပေါ်လာရာ အိမ်လေးတွေအဖြစ် .. တစ်ခါဆောက်တစ်မျိုးဖြင့် .. ဆောက်ဆောက်လိုက်သည့် အိမ်လေးတွေကို ကြည့်ရှုချီးကျူးလိုက်နှင့် ရှိတတ်ကာ ..

"မင်းကတော့ .. အင်ဂျင်နီယာပဲ ဖြစ်မလား .. အိမ်ဆောက်လုပ်ရေးလုပ်ငန်းပိုင်ရှင်ကြီးပဲ ဖြစ်မလား မသိပေါင်ကွာ .. ငါ့လူရာ .."

ဟု ချီးကျူးတတ်သည်။ ခု .. ထိုဘူးကြီး မိုက်လာတာမြင်တော့ မျက်ခုံးတပင့်ပင့်ဖြင့် ကြည့်ကြည့်လာနေပြီ ..။

"ဟာကောင်လေး .. တကယ့်ကို .. ရင်ကိုခွဲလို့ အသည်းကိုပေးတော့မယ်ပေါ့ .."

ဟု ရွက်နုဝေ ခြံအဝင်မှာ ဘေးနားကပ်၍ ပြောဖြစ်အောင် ပြောလာတော့ သူ ဖေဖေ့ဘက် ပိုကပ်လိုက်ရပါ၏။ ဘာမျှပြန်မပြောတော့ ..။ ဖေဖေ့နား ပိုကပ်လိုက်တာမို့ လေးလေးသော် တစ်ချက် ခပ်တိုးတိုး ရယ်လိုက်ပြီးမှ ခပ်ခွာခွာဆက်၍ ရင်ပေါင်တန်း လျှောက်လာပါ၏။



ရွက်နုဝေ၏ ပေါ်တီကိုအောက်မှာ အန်ကယ်ရှိန်နှင့် အန်တီဖူးတို့ ရှိနေသည်။

ပြီးတော့ .. ဪ .. ပြီးတော့ .. ယွန်းငွေယုန် ရှိနေချေသည်တကား ..။

သူမြင်ရသည့် ယွန်းငွေယုန်သည် .. တကယ့်မင်းသမီးလေးနှင့် တူနေသည်။

"ကုသိုလ်ကံနော် .. ဖန်လာသော် .. ကံဇာတာကျော့ .. ဆယ့်နှစ်နှစ်လောက်က ရောက်ခဲ့ရသော် .. ခုထက်ထိမှတ်မိလောက်အောင်နော် .. ရွှေမေတ္တာကြောင့် .. အငြိမ့်ထဲမှာလည်း အနေတော် .. ဇာတ်ထဲမှာလည်း အနေတော် .. လာပြီနော် .. ပါတီခေါ် .. အုပ်လုံးသိမ်းကံ့ုနဲ့ပေါ် .. နန်းသုံးအဆိုတော် .."

ဆိုသည့် သီချင်းသံလေးပင် နားထဲ ပြန်ကြားလာရသည်သို့ရှိ၏ ..။

ယွန်းငွေယုန်သည် ပိုးချိတ်ထဘီ နီနီလေးကို ဝတ်ထားသည်။ ရင်စေ့အင်္ကျီ ပိုးလက်ရှည်လေးကိုလည်း ဝတ်ထားသည်။ ခေါင်းမှာ ကြက်တောင်စည်းလေး မရှိ ..။ ဒါပေမဲ့ အနီရောင် ကျောက်လေးတွေဖြင့် ရှိနေသည့် သရဖူလေးကို ဆောင်းထားသည်။

သူ မြင်ရသည့် ငွေယုန်သည် .. ဘယ်နေ့ကမှ မြင်ဘူးရသေးသော ယွန်းငွေယုန် ဖြစ်နေသည်။ ပါးကွက်ကျားလေးနှင့် ယွန်းငွေယုန်လည်း မဟုတ်။ ကြက်တောင်စည်းလေးနှင့် ယွန်းငွေယုန်လည်း မဟုတ် ..။ ခုယွန်းငွေယုန်က အတော်လေး

www.burmeseclassic.com

www.burmeseclassic.com



ကို လှနေသည့် ယွန်းငွေယုန် ဖြစ်နေသည်။ နည်းနည်းလေးလည်း စတိုင်ထုတ်ထားသည့် ယွန်းငွေယုန်လည်း ဖြစ်နေသည်။ မျက်နှာမှာ ပါးနီလေး ဆိုးထားသည်။ နှုတ်ခမ်းနီလေးလည်း ဆိုးထားသည်။ အံမယ် ..။ မျက်ခုံးလေးပင် နည်းနည်းထပ်ဆွဲထားသေးသည့် အဖြစ်။

အပျိုလုပ်နေသည့် ကောင်မလေးပုံ ဖြစ်နေတာလည်း အမှန် ..။

ငွေယုန်ကလည်း သူ့ကို ကြည့်နေသည်။ သူကလည်း ဘာထူးသည်လည်းလေ ..။ ပိုးတိုက်ပုံနှင့် ..။ ပိုးပုဆိုးနှင့် ဘာနှင့် လူကြီးဂိုက် ဖမ်းသလို ဖြစ်နေသည်။

တဖြည်းဖြည်း ကြည့်နေရင်း ကြည့်နေရင်းဖြင့် ယွန်းငွေယုန်၏ မျက်ဝန်းလေးတွေထဲမှာ ရယ်ချင်ရိပ်တွေ ဖြတ်သန်းလာသည်နှယ် ..။ သူကလည်း ရှိုးတွေများနေသည့် ယွန်းငွေယုန်ကို ကြည့်ကာ ရယ်ချင်လာသည်။

"သမီး ငွေယုန် .. ကိုကို့ကို ခြံထဲခေါ်သွား .. ထမင်းပွဲပြင်ပြီးရင် .. မမညိုဥနဲ့ ခေါ်ခိုင်းမယ် .."

ဟု အန်ကယ်ရှိန် ပြောတော့ ငွေယုန် ခေါင်းလေးညိတ်ပါ၏။ သူ့လက်ထဲက ဘူးကြီးကိုလည်း တစ်ချက်ကြည့်သည်။ သူ .. ယွန်းငွေယုန်ခေါ်လာသည့် နေရာသို့ လိုက်လာပါ၏။

ယွန်းငွေယုန် အငြိမ့်မင်းသမီးလုပ်ကသည့် ကွပ်ပျစ်ထက်မှာ တူတူထိုင်ဖြစ်သည်။ နောက်တော့ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြပါ၏။ စကားမပြောဖြစ်ကြသေး ..။ သူ



လည်း သရဖူတွေ ဘာတွေနှင့် အနီရောင်ဖိုးချိတ်ထဘီနှင့် အနီရောင် ပန်းကြယ်သီးထိုး ရင်စေ့လက်ရှည်နှင့် ဘာနှင့် ရှိနေသည့် နှုတ်ခမ်းနီ ပါးနီဆိုး မျက်နှာကိုကြည့်၍ ပြုံးသည်။ ငွေယုန်ကလည်း ကတ္တီပါသည်းကြိုးနက်ဖိနပ် ..။ ပိုးတိုက်ပုံ ..။ စတာစ်ကော်လာအကျီနှင့် ပိုးပုဆိုး အဝါရောင်လေးဖြင့် အဝါရောင်ဝမ်းဆက်မင်းသား ဖြစ်နေသည့် သူ့ကိုကြည့်၍ ပြုံးသည်။ နောက်တော့ .. ပြိုင်တူ ရယ်မိကြပါ၏။

"အဟင်း ဟင်း .. အပျိုကြီးကျလို့ .."

"အဟင်း ဟင်း .. လူပျိုကြီးကျလို့ .."

နှင့် ရယ်မိကြသည်မှ အတောမသတ်နိုင် ..။ ကြည့်လိုက် ..။ ရယ်လိုက် ..။ ကလေးကိုယ်နှင့် လူကြီးအချိုးလို ဖြစ်နေကြလေသမျှ ..။ ရှိုးတွေ ဘာတွေနှင့် မရှိစဘူး .. မမြင်စဖူးလေသမျှ .. တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း ရယ်ရင်းနှင့် ရှိနေကြပါသည့် အဖြစ် ..။

နောက်မှ သူ့လက်ထဲက ဘူးကြီးကို ကြည့်သည်။ ရင်းတနီး နိုင်ခြင်းများသည် ရယ်မောနေခြင်းများကြောင့် ပို၍ နက်ရှိုင်းရှိုင်း ဖြစ်လာသည်။ နေသားတကျ ဖြစ်လာသည်။

"ဒါ .. ကိုကို့လက်ဆောင် .. အိမ်ဆောက်ဂေမ်း ကစားလို့ရတယ် ငွေယုန်ရဲ့ .. ကြည့် .. ကိုကိုဆောက် ပြမယ် .."

ဟု ပြောကာ ကမန်းကတန်း ဘူးကြီးကိုဖွင့်သည်။ ထားသော ကွပ်ပျစ်တန်း မျဉ်ထက်မှာ ဖိုင်ဘာစက္ကူတုံးလေးတွေ အရစ်ဖော်ထားသော အံလေးတွေအတိုင်း သူ ဆက်သည်။ ဖြည်းဖြည်း အိမ်နံရံသည် မြင့်လာ၏။ လေးဘောင်နံရံသည်

www.burmeseclassic.com



တစ်ထပ်တိုက်ပြားလေးတစ်ခု၏ နံရံဖြစ်လာသည်။ ထောင့်ချိုး သီးသန့်ဖိုင်ဘာတုံးလေးတွေကို ပြတင်းပေါင်ဆက်ရမည့် နေရာ ဆက်သည်။ နောက် ပြတင်းချပ်ကို အံလေးအတိုင်း လျှောတိုက် သွင်းယူသည်။ အမိုး မိုးသည်။ မီးခိုးခေါင်းတိုင် တပ်သည်။ တစ် ထပ်တိုက်နီနီ၊ စိမ်းစိမ်း စပ်ကြားလေးသည် ချစ်စဖွယ် ချစ်စဖွယ် လေး ပေါ်လာပါ၏။

သူ .. ငွေယုန့်ကိုကြည့်တော့ ရင်ထဲ ကျေနပ်သွား ရပါပြီ ..။

ယွန်းငွေယုန်၏ မျက်နက်ဝန်းလေးတွေက အိမ်လေး ကို စိတ်ဝင်တစား ကြည့်နေသည်မှ မျက်တောင်ပင် မခတ် .. သူ ဆောက်ပြနေတုန်းကလည်း တိတ်ဆိတ်စွာ အသံပင်မထွက် နိုင်အောင် စိတ်ဝင်တစားကြီးကို ကြည့်သည်။

ကြည့်နေပုံလေးက .. ဘာကိုမျှ အာရုံထဲမရှိတော့ သည့် အသွင် ..။ သူ ဆောက်နေသည့် အိမ်လေးမှာပဲ စိတ်ရော နစ်ဝင်နေသည့် အသွင် ..။ ကြည့်နေသည့် အကြည့်တွေထဲ အပျော်လည်း ရှိသည်။ အံ့သြမှုလည်း ရှိသည်။ စိတ်ဓာတ်တက်ကြွ လျက် အိမ်ဆောက်နေသည့်အထဲမှာ မျှောပါနေသည့် အသွင်လေး လည်း ရှိနေသည်။ ဒါကို .. သူ .. ရင်ထဲမှာပျော်လာ၏။ ကြည်နူး လာ၏။ ခုလို .. ငွေယုန့်ကို အိမ်လေးတွေ ဆောက်ဆောက်ပြ နေရမှာကို ကျေနပ်နေသည်။ နောက်ထပ် အိမ်လေးတစ်လုံး ပုံစံပြောင်း၍ ဆောက်ပြလိုက်ဖို့ သူ စိတ်ကူးထဲ ဝင်ခင်လာ သည်။ သူသည် .. ယွန်းငွေယုန်ကို အံ့သြအောင် .. စိတ်ဝင်စား အောင် .. ပျော်ရွှင်နေအောင် လုပ်ပြနိုင်သည့် တည်ကြည်ခန့်



သည့် ကောင်လေးတစ်ယောက်အဖြစ် ရှိနေရတာကို ရင်ထဲမှာ ကျေနပ်နှစ်သိမ့်နေသည်။ ကြည်နူးချမ်းမြေ့နေသည်။

ခုလို .. လက်လေးထောက်၍ မေးဖျားလေးကို လက်ဖဝါးထက်မှာ ဖေးတင်ရင်း သူဆောက်နေသည့် အိမ်လေး ပေါ်လာနေတာကို မျက်တောင်မခတ်အောင် ကြည့်နေတာကို သူ ရင်ထဲမှာ ဘယ်လိုပျော်နေမိရမှန်း မသိ ..။

"နောက်ထပ် ကိုကို အိမ်တစ်လုံး ထပ်ဆောက်ပြမယ် သိလား .. နှစ်ထပ်အိမ် .. ဒီဖိုင်ဘာတုံးလေးတွေနဲ့ .. ဒီ အမိုးတွေနဲ့ .. အိမ်ကို စိတ်ကူးထဲ ရှိသလို ဆောက်လို့ရ တယ် ငွေယုန်လေးရဲ့ .. ပြီးတော့ .. ဒီအတုံးလေးတွေကို အိမ်ရှေ့မှာ ပန်းခြံလေးတွေ .. ရေကန်လေးတွေလို နေရာ ချ ပုံဖော်ပြီး ဆက်လိုက်လို့ ရတယ် .. ဒီအပြာတုံးလေး တွေက ရေကန် .. ဒီအဖြူတုံးလေးတွေက ရေကန်ပေါင် .. ဒီအဝါရောင် အတုံးလေးတွေက ပန်းခင်း .. ဒီအစိမ်းရောင် က မြက်ခင်း .. ဟိုအနီရောင်က နှင်းဆီခင်း .. အဲဒီအတုံး လေးတွေ ဆက်လိုက်ရင် .. အဲသလို ပေါ်လာမှာ .."

ဟုပြောကာ ပြောကာဖြင့် ဆက်ဆော်ပြလိုက်တော့ ကယ့်ကို ရေကူးကန်နှင့် ပန်းခင်းနှင့် ရှိနေသည့် အိမ်တစ်လုံး လာသည်။

ပန်းခင်းတွေ .. ရေကန်တွေကတော့ အပြားလိုက် ချိုချပ်ခင်းထားသလို ရှိနေရသည့် အနေအထား ..။ အိမ်လေး တော့ တကယ့်အိမ်လေးတစ်လုံး ရှိနေသည့်နှယ် ထိုးထိုးထောင် ကောင်လေးကို မြင့်တက်လာပါသည့် အိမ်လေးပေ ..။

www.burmeseclassic.com

www.burmeseclassic.com



သူ .. ငွေယုန်ကို ကြည့်ကာ .. လက်လေးတွေ အိမ်လေးကို တစ်ဆင့်ချင်း ပြန်ဖျက်ဖို့ ပြင်ခိုက် ငွေယုန်၏ လက် လေးတွေက သူ့လက်ကို လာဆုပ်သည်။

"ဟင့်အင်း .. မဖျက်လိုက်ပါနဲ့ ကိုကိုရယ် .. အိမ်လေး ချစ်စရာလေး .. ပန်းခင်းတွေ ဘာတွေနဲ့ .. သိပ်လှတာပဲ မီးခိုးခေါင်းတိုင်လေးလဲ ရှိနေတာနော် .. ကိုကိုက သိပ်တော် တာပဲ .. အိမ်ဆောက်လိုက်တာများ သိပ်မြန်တာပဲ .."

နှင့် ပြောကာ အိမ်လေးကို ငေးစိုက်ကြည့်နေသည် တမြတ်တနိုး နိုင်နေသည်။ တချစ်တခင် နိုင်နေသည်။ ဖျက်လိုက် မှာကို နှမြောနေသည့် အရိပ်တွေ ပြည့်နေသည်။ အဖျက်မခံနိုင် ဘဲ ဖြစ်နေသည့် ခံစားမှုတွေလည်း မျက်နှာထက်မှာ ရှိနေသည်

ခုလိုအချိန်မှာ .. သူ .. ငွေယုန်ကို ငေးကြည့်နေ ရရင်းဖြင့် အရမ်းကို ဖြူစင်သည့် အရိပ်လေးတွေ ..။ ရိုးသားသည့် အရိပ်လေးတွေပဲ ရှိနေသည့် ယွန်းငွေယုန်၏ မျက်နှာလေးထက် မှာ ချစ်စရာ ချစ်စရာ အရိပ်တွေချည်းပဲ ဖြစ်နေတာကို သိမ်း လာနေရ ..။ မြင်မြင်လာနေရရင်းမှ .. ချစ်လည်းချစ်နေမိရသည် ပဲ ..။ ယွန်းငွေယုန်ကို သူ့ညီမလေးသာ ဖြစ်လိုက်ချင်သည့် ခံစားမှုက ပြည့်သိပ်လာနေပါ၏။

"အိမ်လေးက တစ်ထပ်ပဲ ရှိသေးတာ .. ဟိုမှာ တွေ့လား ဖိုင်ဘာတုံးလေးတွေ အများကြီး ပိုနေသေးတယ် .. ဒီတစ် ခါ နှစ်ထပ်တိုက်တစ်လုံး ကိုကို ထပ်ဆောက်ပြမယ် .. ဒီအိမ်လေးကို ဖျက်ပြီးတော့ .."



ဟုပြောတော့ ငွေယုန် ခေါင်းယမ်းသည်။ မျက်နှာ လေး ငိုမဲ့မဲ့ ဖြစ်လာသည်။

"ဟင့်အင်း .. မဖျက်ရဘူး .. အိမ်လေးက နှမြောတယ် .. ဒီအတိုင်းပဲ ထားမယ် .. အိမ်အကြီးကြီးလဲ မလိုချင်ဘူး .. ဒီအိမ်လေးကိုလဲ မဖျက်ချင်ဘူး၊ ဒီအိမ်လေးကို မဖျက်အောင် ကိုကို ငွေယုန့်အခန်းထဲထိ လိုက်ပို့ပေးရမယ် .. ဒါပဲ .."

နှင့် လုပ်နေတော့ သူ ငြင်း၍မရနိုင်တော့ပြီဆိုတာ ကို သိလာနေရပါ၏။

"နောက်ဖေးဘက် လှေကားကနေပြီး ငွေယုန့် အခန်းကို သွားမယ် ကိုကို .. အိမ်လေးကို .. အဲဒီအတိုင်း လိုက်ပို့ပေး .. ငွေယုန် .. အိမ်လေးကို .. ငွေယုန့်စားပွဲပေါ်မှာ ထားမယ် .. ဒီအိမ်လေးကို ငွေယုန် သိပ်ချစ်တာပဲ .."

ဟု ပြောတော့ သူ တစ်ချက်ငြိမ်သည်။ နောက် တော့လည်း မပြောမဖြစ်သည်မို့ ..

"ဒီအတိုင်း ပြန်ဆောက်ပေးမှ ဖြစ်မှာ ငွေယုန်ရဲ့ .. သယ် သွားလို့တော့ မရဘူး .. ပြိုကျကုန်မှာပေါ့ .. ဒီအခင်းလေး ကိုလည်း ဒီတိုင်း သယ်ယူသွားလို့မှ မရဘူး .. ကိုကို .. ငွေယုန့်အခန်းကို လိုက်ခဲ့မယ် .. စားပွဲပေါ်မှာ ဒီပုံစံအတိုင်း အိမ်လေးကို ပြန်ဆောက်ပေးမယ် .. မလွဲဘူး .. လုံးဝပုံစံ မပြောင်းစေရဘူး .. ကိုကိုက အားတိုင်း စိတ်ကူးထဲပေါ်ရာ အိမ်တွေ ဆောက်ဆောက်ကစားနေရတာ .. ဘောလုံးမကန် ရရင် .. အိမ်ဆောက်နေတာ .. ညဆို .. အားနေရင် .. အိမ်ဆောက်နေတာ .. ငွေယုန်ရဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့ ယွန်းငွေယုန် မျက်နှာလေးပျက်သွားကာ အိမ်လေးကို စိုက်ကြည့်နေသည်။

"ဒါဆို .. ဖျက်ပစ်လိုက်ရတော့မှာပေါ့နော် .. ဒီအိမ်လေးကို .."

ဟု ခပ်တိုးတိုး မေးသည်။ သူ သက်ပြင်းရှိုက်မိရ၏။ စောစောက ပျော်နေတာလေးကို ကြည့်ရင်း သူပါ လိုက်ပျော်နေမိရခိုက်မှာ .. ခုလို ယွန်းငွေယုန် မျက်နှာလေးပျက်ကျ .. စိတ်ထိခိုက်နေတာကို မြင်ရတော့လည်း ရင်ထဲမှာ မကောင်းနိုင် ..။

"ကိုကို ပြန်ဆောက်ပေးမယ်လေ .. ဒီပုံအတိုင်း .. စိတ်ချ .."

ဟု ပြောကာ အိမ်လေးကို လက်ဖြင့်ဖျက်ချလိုက်တော့ ယွန်းငွေယုန်၏ နှုတ်ဖျားဆီမှ .. ဟင်ခနဲ အသံလေးလိုက်ပါကျလာသည်။ မျက်ရည်ဝဲနေရင်း ငေးစိုက်ကြည့်နေသည်။ သူ ပြုံး၍ ..

"စိတ်ချ .. စိတ်ချ .. မလွဲစေရဘူး .. ဒီပုံအတိုင်းပဲ ပြန်ဆောက်ပြမယ် .. ကြည့် .."

ဟု အာမခံချက်တွင်တွင် ပေးနေရပါသည့် အဖြစ်၊ နောက်ဖေးပေါက်မှတက် ..။ ယွန်းငွေယုန်၏ အခန်းထဲသို့ တူတူဝင်ဖြစ်ကြပါ၏။ ခြင်ထောင်ဖြူဖွေးဖွေး ..။ အိပ်ရာခင်းပန်းရောင်လေးနှင့် ..။ ကစားစရာ ဗီရိုကြီးများ ..။ အဝတ်ဗီရိုနှင့် စာကြည့်စားပွဲလေးတို့ဖြင့် ယွန်းငွေယုန်၏ အခန်းလေးသည် ရှင်းရှင်းလေးနှင့် လှနေပါ၏။ ယွန်းငွေယုန်၏ စာကြည့်စားပွဲထက်မှာ သူ အိမ်ဆောက်ဘူးကိုချ၍ တကယ့်ကိုပဲ အမြန်နိုင်ဆုံး စောစောက အိမ်လေးအတိုင်း အိမ်လေးကို ပြန်ဆောက်မိရပါ၏။ ဒါကလည်း



ယွန်းငွေယုန် ရင်ထဲမှာ ရှိနေသည့် စိတ်ထိခိုက် နှမြောနေတာလေးတွေ အမြန်ဆုံး ပျောက်ဆုံးသွားရကာ ပြန်ပျော်လာစေလိုသောဖြင့်ပါ ..။

ယွန်းငွေယုန် ငြိမ်သက်စွာ ခုံတင်လေးပေါ်မှာ ခြေထွဲလွဲလေးချ၍ ထိုင်ကြည့်နေသည်။ သူကလည်း စာကြည့်ကုလားထိုင်ထက်မှာ ထိုင်နေရင်း စာကြည့်စားပွဲထောင့်နေရာလေးမှာ စားပွဲခင်းပြာပြာလေးထက်၌ တစ်ထပ်အိမ်လေးတစ်လုံးနှင့် ရေကူးကန်နှင့် ဥယျာဉ်ပါသော ခြံလေးတစ်ခုကိုဖြစ်တည် တည်ဆောက်ပေးလိုက်ရပါသည့် အဖြစ်။

သူကိုယ်တိုင်လည်း ဇောကပ်နေဘာမို့ ခပ်မြန်မြန်ဆောက်နေသမျှ ချွေးလေးတွေပင် စို့ချင်ချင် ..။

အိမ်လေးဆောက်ပြီးတော့ သူ ပြုံး၍ကြည့်သည်။

"တွေ့လား .. ကိုကို ပြောတယ် မဟုတ်လား .. အရင်က အိမ်လေးအတိုင်းပဲ .."

ဟု ပြောတော့ ငွေယုန်လေး ကြည့်နေသည်။ အိမ်လေးကို မမိုတ်မသုန် ကြည့်နေသည်မှ အတန်ကြာ၏။ မီးခိုးခေါင်းတိုင်လေးနှင့် ..။ အမိုးနီလေးနှင့် တစ်ထပ်တိုက် နံရံနီနီ စိမ်းစိမ်းစပ်ကြားလေးကတော့ ချစ်စဖွယ့် ချစ်စဖွယ်လေး ရှိနေပါသည့် အဖြစ် ..။

"ဒါပေမဲ့ ကိုကိုရယ် .. ဒီအနီနဲ့ အစိမ်း စပ်ကြားလေးတွေက အရင်အတိုင်း တစ်ထေရာတည်း မဟုတ်တော့ပါဘူး အစိမ်းလေးတွေက ပိုများနေသလိုပဲ .. ဒီအိမ်လေးဟာ အရင်အိမ်လေး မဟုတ်တော့ပါဘူး ကိုကိုရယ် .. ပြန်ဆောက်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ အိမ်လေးပဲနော် .. ဟိုအိမ်လေးကို မြင်ရတုန်းကလေ .. ငွေယုန့် ရင်ထဲမှာ သိပ်ပျော်နေတာ .. သိပ်အံ့သြနေတာ .. သိပ်ချစ်သွားတာ .. ခုမြင်ရတဲ့အိမ်က .. အရှင်အိမ်လေး မဟုတ်ဘဲ .. ပြန်ဆောက်တဲ့ ဥစ္စာလေး ဖြစ်နေတယ် နော် ..”

ဟု အစွဲအလမ်းကြီးစွာ ပြောလာတော့ သူ ရင်း မကောင်းနိုင် ..။

အိမ်လေးကို သူ ငေးခနဲ ကြည့်မိသည်။ ဟုတ်သည်။ ငွေယုန်လေး ပြောတာ ဟုတ်နေသည်။ အစိမ်းရောင် ဖိုင်ဘာတုံး လေးတွေက အိမ်လေးမှာ နည်းနည်း ပိုများသွားပြီ။ ပြန်ဖျက်ဖို့ လည်း မကောင်းတော့ ..။ ခဏ ခဏ ဖျက်နေလျှင် ငွေယုန်လေး ပိုစိတ်ထိခိုက်မည် ..။ အစိမ်းရောင် ဖိုင်ဘာတုံးလေးတွေ ပို၍ နံ မှာ ထည့်လိုက်မိသည့်အတွက် မိမိဘာသာပင် သတိမထားလိုက် မိ ..။ ခုကျတော့ .. ငွေယုန်က ပိုသိနေ မှတ်မိနေရှာသည် တကား ..။

သူ .. ထိုနေ့က အိမ်လေးတစ်လုံးကို .. ငွေယုန် ကို ဆောက်ပြမိခဲ့သည် ..။

ထိုအိမ်လေးကို ဖျက်ပစ်ခဲ့ရသည်။

နောက်ထပ် ဆောက်ပေးခဲ့သည့် အိမ်လေးသည် .. ပုံစံတူ မဖြစ်ဘဲ .. ဆင်တူသည့်အိမ်တစ်လုံး အဖြစ်သာ ရှိခဲ့ ပြန်သည် ..။

ငွေယုန့် ရင်ကို မပျော်စေနိုင်ခဲ့ ..။ သူ့ရင်ကိုလည်း မကြည်နူးစေနိုင်ခဲ့ ..။



ထိုအိမ်လေးတစ်လုံး၏ အဖြစ်သည် .. သူ့ဘဝမှာ နောင်ကာလများဆီ၌ နိမိတ်ဦးအဖြစ် ရှိခဲ့သည်ကို .. ထိုစဉ်က တော့ .. သူ မသိနိုင်စွမ်းခဲ့ ..။

သြော် .. မသိနိုင်စွမ်းခဲ့ပါ ယွန်းငွေယုန်ငယ် ..။

* * *

www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်နှင့် တည်ထား
နှလုံးသားဖြင့် ဖွဲ့ဆောင်
ချည်နှောင်သည့် ကြိုးကြီး ...။

မြတ်နိုးနေမှန်းမသိ
ချစ်နေမိသည့် စိတ်များ
နှလုံးသားက နားမလည် ..။

ရင့်သန်စွာ ချစ်စိတ်
တိုးတိတ်စွာ အိပ်နေသမျှ
နှလုံးသားမှ သိစဉ်
အလွန်ပင် နောက်ကျ
နောင်တဖြင့် ငိုကြွေးစေ
သောကတွေဖြင့် ကျန်ရစ်သမျှ
မောင့်ဘဝ၏ အဖြစ်များ
မောင့်သက်ထား မသိစေနှင့် ...
ဪ ...
မောင့်သက်ထား မသိစေသင့် ...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

ဂျူဟီကုတ်အနက်လေးကို သေသေသပ်သပ်ခေါက်နေပါသည့် ယွန်းဋ္ဌေယုန် ..။

မျက်နှာလေး သိပ်မလန်းချင်တာကို သူ သတိထားမိရပါ၏။

သွယ်နွဲ့နွဲ့ကိုယ်လေးနှင့် ဆံပင်ရှည်နွဲ့နွဲ့ထူပိတ်ပိတ်ကြီးက နန်းဆန်ခြင်းဘက်ကို နွယ်၏။ ဒူးဆစ် အောက် ရှည်လျားနေသော ဆံကျစ်ရှည်တစ်ဖက် တုတ်တုတ်လေ နှင့် ငွေယုန်သည် ဟိုးငယ်တုန်းကလို ဂျပန်ဆံထောက်လေးနှင့် ဖြစ်မနေတာတစ်ခုကလွဲ၍ .. ကလေးမျက်နှာလေးနှင့်ပဲ ဖြစ်နေသည်။ အသားလေးက ဖြူဥဥ ..။ မျက်လုံးလေးက နက်နက်လေး ..။ မျက်တောင်လေးတွေကလည်း ထူပိတ်ပိတ်ရှည်စင်းစင်း ..။ နှာတံသေးသွယ်သွယ် ..။ နှုတ်ခမ်းနုနုအိအိ ..။ အကြောမျှင်လေးများ ရှိုးရိပ်ထင်နေသော ပါးပြင် ..။ အားလုံးသည် .. အရမ်းကို အပြစ်ကင်းစင်သော မျက်နှာလှလှလေး ဖြစ်နေသည်။ မျက်နှာမှာ အေးချမ်းရိပ်ထင်၏။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သင်ရှေ့နေ တူတူဆင်းဖြစ်သည်မို့ ပြန်ခဲ့သည်လည်း တူတူပဲ ဖြစ်ရလျက် အသွားအပြန် ကိစ္စသည် လေးသော် လာကြိုခြင်း အလုပ်တစ်ခုဖြင့်ပင် ကိစ္စငြိမ်းရသည့် အဖြစ်။ အန်ကယ်ရှိန်ကတော့ နှစ်ကာလကြာရှည် အိမ်နီးချင်းလည်း ဖြစ်ခဲ့ရ .. ဆက်ဆံလာခဲ့ရသည်မို့ သူ့အတွက် သွေးသားရင်းချာ ဦးလေးတစ်ယောက် ဖြစ်နေပြီ ..။ အန်ကယ်ရှိန်ကလည်း ထို့နည်း နှယ်ပါပဲလေ ..။ ကြာရိပ်မြိုင်နှင့် ရှက်နုံဝေသည် တကယ့်သား ချင်းများပမာ ရှိခဲ့ကြရပြီ ..။

ခု .. သူနှင့် ယွန်းငွေယုန်တို့ တူတူအလုပ်သင်ရှေ့ နေ ဆင်းနေကြတာမို့လည်း ငွေယုန့် အတွက် အစစ စိတ်ချ လက်ချကြီး အန်ကယ်ရှိန်နှင့် အန်တီဖူးတို့မှ ရှိကြရပါ၏။

"ဟိတ်ကောင်မလေး .. ဘယ့်နှယ် ဖြစ်နေတာလဲ .. ဒီနေ့"

သူ မေးတော့ ယွန်းငွေယုန် တစ်ချက် မော့ကြည့် သည်။ တရားရုံးရှေ့ လက်ဖက်ရည်ဆိုင်သို့ ယွန်းငွေယုန်လျှောက် တော့ သူ အားမှလိုက်လာရင်း အကဲခတ်သလို တငုံ့ငုံ့ကြည့်နေ မိရပါ၏။ ရင်ထဲမှာမကောင်း ..။ ငွေယုန် မျက်နှာမလန်းဘဲရှိနေ တာကို မြင်နေရတာကိုက ရင်ထဲမှာ အနေခက်၏။

လေးလေးသော် လာမကြိုသေး ..။ လက်ဖက်ရည် ဆိုင်တွင်းသို့ဝင်ကာ ဖိုင်ဘာကုလားထိုင်ပြာပြာထက်မှာ အားချင်း ယှဉ်၍ သူနှင့် ယွန်းငွေယုန်တို့ ထိုင်ဖြစ်၏။ ဖိုင်ဘာနီညိုရောင် ခေါက်စားပွဲထက်မှာ ရှိနေသည့် ရေနွေးခါတ်ဘူးကို သူ ယူသည်။ ရေနွေးကြမ်းကို ငှဲ့ထည့်ပြီး ယွန်းငွေယုန် ရှေ့ချပေးတော့လည်း ငွေယုန် ငြိမ်ကြည့်နေသည်က သူ့လှုပ်ရှားမှုများကိုပါ ..။ နောက်



ဆပ် ရေနွေးကြမ်းတစ်ခွက်ငှဲ့ပြီး သူ သောက်၏။ ဤနေ့သည် သူတို့၏ အလုပ်သင်ရှေ့နေသက်တမ်း တစ်နှစ်ပြည့်သောနေ့ ဖြစ်နေသည်။

သူပဲ ငွေယုန့်အတွက် နက်စ်ကော်ဖီကျကျတစ်ခွက် နှင့် သူ့အတွက် လက်ဖက်ရည်ကျကျတစ်ခွက် စားပွဲထိုးကောင်လေး ကို မှာသည်။

ယွန်းငွေယုန်ကြိုက်သည့် ဘဲသားမုန့်ကို သူ မှာနေ တော့လည်း ယွန်းငွေယုန်၏ အကြည့်က ခပ်ငေးငေး သူ့ထံမှာပဲ ရှိနေသည်ပါပဲ ..။

"ဟိတ်ကောင်မလေး .. ဘာငြိမ်နေတာလဲ .. ဒီနေ့ ကိုကို့ ကြည့်နေတာ သိပ်ကြာနေပြီနော် .. မနက်ကတည်းက ငိုင်တိုင်တိုင် လုပ်နေတာ .. ခုထိ လုပ်နေတုန်းပဲ .. ကိုကို ပြောထားတယ် မဟုတ်လား .. ငွေယန် မျက်နှာညှိုးရင် မနေတတ်ဘူး ဆိုတာလေ .. ကဲ .. ပြော .. ကိုကို့ကိုပြော .. အန်တီဖူးလို ဆူတတ်တာ မဟုတ်ဘူး .. ငွေယုန့်ကို ဘယ် သူမှ မဆူဘူးဆိုတာ ကိုကို သိနေတာပဲ .."

ဟု မေးနေတော့လည်း ငြိမ်နေသည်။

"မပြောချင်ပါဘူး ကိုကိုရယ် .."

ဟု တစ်ချက်ခပ်ညည်းညည်း ပြောပြီးမှ သူ့ကို ခပ်မော့မော့ ငေးကြည့်သည်။ သူ ရင်ထဲ ထိတ်ခနဲ ဖြစ်၏။ ဘုရားရေ ..။ ငွေယုန့်မျက်ဝန်းလေးတွေ အရမ်းကို အရောင်မှိန် ဖျော့လာနေကြသည့်နှယ်ပါလားလေ ..။ ချက်ချင်းကြီးပို၍ညှိုးမှိန် ဖျော့ကျလာနေသည့် မျက်ဝန်းအိမ်လေးတွေထဲမှာ ထင်နေသည့်

www.burmeseclassic.com

www.burmeseclassic.com



အရိပ်သည် တစ်ခုခုကို မျိုသိမ်ထွာ ကြေကွဲနေသည်ဟု သူ ထင်လာသည်။

"ကိုကို .. ဘာလို့ အင်ဂျင်နီယာ မလုပ်ဘဲ ရှေ့နေလုပ်မယ် ဖြစ်ခဲ့ရတာလဲဟင် .."

ဟု မေးလာသံလေးက သူ မျှော်လင့်မထားမိသော မေးခွန်း ဖြစ်နေသည်။

လောလောဆယ်မှာ ဤမေးခွန်းကို ယွန်းငွေယုန် မေးလာလိမ့်မည်ဟု သူ မထင်ထားမိခဲ့ ..။ တစ်ခုခု စိတ်ဆွေးနေတာကို ဖွင့်ပြောလာမည်ဟု စောင့်ဆိုင်းနေမိခြင်းပဲ ရှိနေသည်။ သူ သိချင်သည်ကလည်း ယွန်းငွေယုန် ဘာကြောင့် စိတ်ထိခိုက်သလိုကြီး ဖြစ်နေရရှာသည် ဆိုခြင်းကိုပါ ..။ ဒါပေမဲ့ .. ငွေယုန့်ထံမှ သူ မထင်ထားသည့် မေးခွန်းလေး နှုတ်ဖျားဆီမှ ပွင့်ကျလာပါသည့် အဖြစ် ..။ မေးနေသည်ကလည်း တိုးတိုးတိမ်တိမ်အသံလေးဖြင့်ပါ ..။ သူ .. ငွေယုန့် မျက်နှာလေးကို တစ်ချက်ငေးစိုက်ကြည့်မိရပါ၏။ အရမ်းကို ဝမ်းနည်းရှိန်လေးတွေကို ဖုံးကွယ်နိုင်ဖို့ ကြိုးစားနေသည့် မျက်နှာလေး ..။ ဤကောင်မလေးကို သူ ငယ်ကတည်းက အရိပ်လေးကြည့်လာခဲ့သည်ပဲလေ။ ဘာတွေ ရင်ထဲမှာ ခံစားနေရသည်ဆိုတာ မျက်နှာလေး ကြည့်လိုက်တာနှင့် သူ သိနေသည်ပဲ ..။ ယွန်းငွေယုန် တော်တော်ကြီးကို ရင်ထဲမှာ မျိုသိပ်ထွာ ကြေကွဲခံစားနေရသည်ဟု သူ သိလာနေသည်။ သိလာနေရလေလေ ..။ ရင်ထဲမှာ နေမထိထိုင်မသာ ဖြစ်နေရလေပါ ..။

"ဖြေလေ ကိုကို .."



မျက်နှာမှ အဖြေတစ်ခုကို ဖမ်းဆုပ်သိနိုင်အောင် ကြိုးစားနေသည့် သူ့ကို မော့၍ ယွန်းငွေယုန် မေးလာတော့ သူ ခေါင်းယမ်းသည်။

"မဟုတ်ဘူး ငွေယုန် .. စကားကို မလွှဲပစ်နဲ့ .. ကိုကို မေးတာ ဖြေစမ်းပါ ယုန်ရယ် .. ဒီနေ့ ငွေယုန် မျက်နှာ မလန်းဘူး .. ကိုကို ကြည့်နေတာ သိပ်ကြာနေပြီ .. ရင်ထဲ မကောင်းတော့ဘူးနော် ကောင်မလေး .. ကဲ .. အခု .. ဒီကော်ဖီကိုသောက် .. ဒီ ဘဲသားမုန့်ကိုစား .. ပြီးရင် .. ကိုကို့ကို ပြောစမ်း .. ဘာဖြစ်နေတာလဲ .."

ဟုပြောလည်း ပြော ..။ ကော်ဖီခွက်ကို ကမ်းပေးတော့ ကလေးလိုပဲ ငွေယုန် ယူသောက်သည်။ မျက်လွှာလေးတစ်ချက်ချ၍ ကော်ဖီပူပူကို မှုတ်လိုက် သောက်လိုက် လုပ်နေတာကို သူ ငေးကြည့်မိ၏။ အစ်ကိုကြီး ခိုင်းတာကို မျက်နှာငယ်လေးနှင့် လုပ်နေသည့် ညီမလေးနှယ်ပါလားလေ .. ဟု တွေးဖြစ်သည်။ ဘဲသားမုန့်တစ်ခုကို သူယူကာ ကမ်းပေးမိပြန်၏။

"ယုန်လေး ကြိုက်တာ .. ကိုကိုတောင် လိုက်လိုက်စားရင်း ကြိုက်နေတဲ့ ဒီဘဲသားမုန့်ကို .. တစ်ခု ပုံးကုန်အောင်စား .. တို့တိတိလုပ်ပြီး ပြန်ချထားမယ် မကြံနဲ့နော် .."

ဟု ပြောတော့လည်း တကယ့်ကိုပဲ မုန့်ကိုကုန်အောင် စားရှာပါ၏။ သူ ရင်ထဲ ချစ်စနိုးလေးလှမ်း၍ ခေါင်းလေးကို ဆုလိုက်ချင်လာရပြန်သည်။ ချစ်စရာလေး .. ဟု ရင်ထဲပြည့်နေသည့် ခံစားမှုဖြင့် တွေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုလဲ .. လက်ဖက်ရည်သောက်လေ .. မုန့်လဲစား .."

ဟု ပြောလာတော့မှ သူ ဘာမျှမစားရသေးတာ သတိရသည်။ ဟက်ခနဲ ရယ်မိလျက်မှ လက်ဖက်ရည်ကိုယူသော ဖြစ်၏။ မုန့်စားဖြစ်၏။

"မေ့နေတယ် ငွေယုန် .. ကိုကို စားရမှာကိုလေ .. မင်း လေးကတော့ကွာ .. ကိုကို့ကို သိပ်ပြုစားထားတာပဲ .. ညည်းလေး မျက်နှာမကောင်းတာ တစ်ခုတည်းနဲ့ကို .. ဒီနေ့ စိတ်ထိုင်ညှစ်နေဟန်ကောင်းကတဲ့ ကိုကို ဖြစ်နေကာ နော် .. ကဲ .. အခုပြောစမ်းပါဦး .. ဘာဖြစ်နေတာလဲ တာ .. မှိုင်နေတာ ကြည့်နေရတာ ရင်ထဲ မချမ်းသာတော ဘူးနော် .. အမိ .."

ဟု မေးတော့ ငွေယုန် သူ့ကိုမော့ကြည့်လာရင်း မျက်ရည်လည်လာသည်။

သူ .. မျက်နှာကြီး ပျက်လာရပါပြီတည်း ..။

"လာ .. လာ .. ငွေယုန်လေး .."

ဆိုင်ထဲမှာ လူတွေရှိနေတာမို့ ငွေယုန် မျက်ရည် လည်လည် ဖြစ်နေတာကို မြင်လျှင်မကောင်း။ ငွေယုန့်လက်ကေ ဆွဲ၍ ဆိုင်ပြင်ထွက်ခဲ့ကာ ခရေပင်ကြီးအောက်မှာ သွားရပ်မိရ .. လေးလေးသော်၏ ကားအလာကိုလည်း စောင့်ရ ..။ ငွေယုန် လည်း တငုံငုံဖြင့် ကြည့်ရ အကဲခတ်ရနှင့် သူတစ်ယောက်တည်း စိတ်အဆင်းရဲကြီး ဆင်းရဲခြင်းများဖြင့် လုံးထွေးရစ်ပတ် ဖြစ် ရပါပြီ ..။



ငွေယုန်လေး ဘော်တော်စိတ်ထိခိုက်နေတာ ဖြစ်ရ ည် ..။ ဘာတွေဖြစ်နေသည် ဆိုတာကိုလည်း မသိရပြန် ..။ ပြောလည်း မပြောသေး ..။

"ကိုကို .. ဘာလို့ ဥပဒေကို ယူရတာလဲ ကိုကို .."

ဟု မော့မေးလာတော့ သူ နည်းနည်း အံ့ဩချင် သည်။ ဘာကြောင့် ဤမေးခွန်းကို ဒီလောက်ကြီး အရေးတကြီး ၍ လောလောဆယ်မှာ မေးမေးနေရပါသလဲ ..။

"ယုန်က .. ရှေ့နေလုပ်မယ်ဆိုတော့ .. ကိုကိုလဲ ရှေ့နေ လုပ်ချင်လာတယ်လေ .. ယုန်က မရှိနွမ်းပါးတဲ့သူတွေ အတွက် .. ဆိုရင် .. မေတ္တာနဲ့ ကူညီပြီး အမှုတွေ လိုက် ပေးချင်တယ် ပြောတော့လဲ .. ကိုကိုလဲ .. အဲသလို လုပ် ပေးချင်လာတယ် .. ယုန်လေးကို .. အဖော်လုပ်ပေးချင် တယ် .. ယုန်လေးနဲ့ .. တူတူလဲ .. သွားလာလုပ်ကိုင်ချင် တယ် .. ယုန့်ကို .. ကိုကိုက စောင့်ရှောက်ရမယ် မဟုတ် လား .. ဝါသနာကလဲ .. ယုန်လေးနဲ့ တူသွားတယ်လေ .. အင်ဂျင်နီယာလုပ်ဖို့ စိတ်ကူးလဲ .. ပျောက်သွားတာကိုက ဆန်းနေရော .."

ဟု ဖြေတော့ ငွေယုန် သူ့ကို မျက်တော်မခတ် မော့မော့လေး ကြည့်နေရှာပါ၏။

"ကိုကိုနဲ့ ယုန် ကျောင်းတူတူ တက်ကြတုန်းက .. ငွေယုန် စားချင်တဲ့ နို့အေးချောင်းကို .. ကိုကို ဝယ်တော့ နှစ်ခုမရှိဘဲ တစ်ခုပဲရှိတော့ .. ကိုကိုက ကိုကိုမစားဘူး .. ယုန့်ကိုပဲ ကျွေးတယ် .. အဲဒါ .. ဘာကြောင့်လဲဟင် .."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. ယုန့်ကို .. ကိုကိုက မကျွေးဘဲ .. ယုန်
တစ်ယောက်တည်း စားပြနေရမှာလား .. ဘယ်နှ
ရက်မှာလဲ ယုန်လေးရဲ့ .."

ဟု ငယ်တုန်းက စားခဲ့သည့် ရေခဲချောင်း
အစ မေးလာနေတော့ သူ နားမလည်နိုင်ဘဲ ငုံ၍ကြည့်မိ
ဖြေမိရနိုင်ပါ ..။ ဤနေ့မှာ ငွေယုန်လေး ထူးဆန်းနေသည်
ဟု တွေးဖြစ်လာနေရပြီ ..။ ခုမှ အရေးတကြီးဖြင့် ဤအ
ကို ဘာကြောင့် လာမေးနေရပါသတဲ့လဲ ..။ ပြီးတော့ ..
ငိုင်နေတာနှင့် ဘာမျှားဆိုင်နေရပါသတဲ့လဲ ..။ မဟုတ်သေ
ဤကောင်မလေး မဖြေချင်သည်မို့ စကားတွေ လွှဲလွှဲပြောနေ
ဖြစ်ရမည် ..။

"ပြီးတော့ .. ယုန်လေး ဒန်းစီးချင်တယ် ဆိုတော့ ..
ပိတောက်ပင်ကြီးပေါ်တက်ပြီး ပိတောက်ကိုင်းတုတ်
ကြီးမှာ ဒန်းကြိုးကို တက်ချည် .. ပြန်ဆင်းလာပြီ
ပြားတစ်ခုကိုရှာပြီး .. ဒန်းထိုင်ခုံပြားလေးဖြစ်အောင်
လျှိုထည့်ဖို့ သစ်သားပြားကို ဓားနဲ့ထွင်းတော့ .. ကိုကို့
ဓားထိတဲ့အထိ ဖြစ်ခဲ့ရတာတွေကရော ကိုကို .."

"ဟာ .. ဓားထိတဲ့နေရာ တင်းချာထည့်လို့ စပ်လို့
အော်ရမယ့်အစား .. မိယုန်လေးကို .. အနိုကယ်ရှိ
မှာစိုးတာနဲ့ .. မနာပါဘူး .. မနာပါဘူးနဲ့ ပြော
တာ .. ဘာကြောင့်လဲ ကိုကို .. ဆိုပြီး ဆက်မေး
လား .. ယုန်လေးရာ .. ယုန်လေးက ကိုကို့ ညီမ
ဥစ္စာ .. ကိုကို လုပ်ပေးကိုင်ပေးရမှာပေါ့ .."



ဟု သူ ကြားဖြတ် ဝင်ပြောတော့လည်း ယွန်းငွေ
ခပ်ငေးငေးကြည့်နေသည်။ နောက်တော့ မျက်ခန့် ခေါင်းငုံ့
က်ကာ ငြိမ်ကျသွားလေသဖြင့် သူ နားမလည်နိုင်သလို ငေး
ကြည့်မိရပါ၏။

နောက်တော့ .. သူ ခေါင်းယမ်းမိပြန်သည်။

"မဟုတ်သေးပါဘူး ယုန်လေးရာ .. ကိုကို မေးတာကိုကျ
တော့ မဖြေဘဲ .. ဘာလို့ ဒီမေးခွန်းတွေ ကိုကို့ကို မေးမေး
နေရတာလဲ .. မိယုန်လေးနော် .. မဖြေချင်တိုင်း စကား
အကြောင်းတွေ လွှဲလွှဲမချနဲ့ .."

ဟု သူ မျက်မှောင်ကြီးကုတ်၍ ကြည့်ရင်း မေးလာ
ယွန်းငွေယုန် အားယူပြုံးသည်။ မျက်ရည်လည်နေတာကို
ပြန်ထိန်းနိုင်ဖို့ ကြိုးစားနေမှန်း သိသာနေသည်။

"ငွေယုန် .. ဒက်ဒီနဲ့ မာမီကို .. ဒီညနေမှာ .. အဖြေတစ်ခု
ပေးစရာရှိနေတယ် ကိုကို .. အဲဒီအတွက် .. ငွေယုန် ..
အဖြေရှာယူနိုင်ဖို့ ကြိုးစားကြည့်မိတာပါ .. ခုတော့ .. အဖြေ
ကို .. တိတိပပကြီး နားလည်လိုက်ရပါပြီ ကိုကိုရယ် .."

ဟု အသံတိမ်လေးဖြင့် မော့ပြောလာတော့ သူနား
ည်နိုင်တော့ ..။ ရင်ထဲမှာ ပူနေသည်။ ခေါင်းငုံ့ သူ ယမ်း
ည်ကိုက .. ယွန်းငွေယုန် ပြောနေတာတွေကို လက်မခံနိုင်
အတွက်ပါ ..။

"မဟုတ်ဘူးကွာ .. ယုန်လေး ကိုကို့ကို တစ်ခုခု ချန်ထား
တယ် .. ညာနေတယ်၊ ကိုကိုသိတယ် .. ယုန်လေး စိတ်
ညစ်နေတယ် .. အဲဒါကို သိနေတယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောနေစဉ်နိုက်မှာပဲ လေးလေးသော်၏ကား
လာနေပြီမို့ သူ စိတ်မောကျသွားရပါပြီ ..။ ငွေယုန့်ထံမှ အ
တစ်ခုကိုတော့ လောလောဆယ်မှာ သူရနိုင်ဖွယ်မရှိ။ လေးလေး
ရှေ့မှာ မေး၍ကလည်း မကောင်း ..။

"ယုန်လေး .. ကိုကို ဒီကိစ္စကို မေ့ထားပြီလို့ မထ
နော် .. ကိုကို .. ညဘက် .. ငွေယုန့်ဆီ လာခဲ့မှာ ..
မှာ မေးကိုမေးမှာနော် .. ကိုကို စပ်ထားတဲ့ ကဗျာ
ဘာတွေလဲ ပြဖို့ရှိနေတယ် .."

သူ ကဗျာတွေစပ်ပြီးတိုင်း ငွေယုန့်ကို ပြနေကျ
စပ်ထားသည့် ကဗျာတွေကို စုစုထားသည်။ တစ်နေ့ကျ
လက်ရွေးစင်ပြန်ရွေးထုတ်ကာ .. ကဗျာစာအုပ်လေးတစ်အုပ်လော
တော့ သူ ထုတ်ချင်သည်။ နတ်လှျှင်နောင်၏ရတုများ ..။ နဝေ
၏ ရတုများနှင့် သူ အမြတ်တနိုး တစ်သားတည်းရှိနေအော
စွဲလမ်းစွာ ဖတ်နေရလေသမျှ .. သူ့ကဗျာများသည် နုးညံ့
မွေ့သော စာသားများနှင့် အချစ်များကို ဖွဲ့သီတတ်သော က
များ ဖြစ်နေတတ်သည်။ စစ်မြေပြင်စခန်းဆီမှ ချစ်ရသူကို တ
တနေသည့် ရဲဘော်တစ်ယောက်၏ အလွမ်းဖွဲ့ကဗျာတွေလည်း
ပါနေတတ်သည်။ သူ့ကဗျာများကို ဂရုတစိုက် ယွန်းငွေ
ဖတ်မြဲဖြစ်ခဲ့ကာ ..။ ကဗျာတိုင်းကိုလည်း .. သိပ်ကောင်းတာ
ကိုကို .. ဆိုသည့် စကားလေးတွေဖြင့် .. သူ့ဘဝ၏ကဗျာ
သက်တမ်းကို ရှည်ကြာတည်မြဲစေဖို့အတွက် အားပေးနေတတ်
၏။



ယွန်းငွေယုန် သူ့ကို ဘာမျှပြန်မဖြေ ..။ လေးလေးသော်၏ကား ရပ်ပြီမို့ ကားနောက်ခန်းတံခါးကိုဖွင့်၍ အရင်ဝင်သည်။ သူ ရှေ့ခန်းတံခါးဖွင့်၍ ဝင်ထိုင်လိုက်ရပေမဲ့ ရင်ထဲမှာရှိနေသည့် စိတ်ပင်ပန်းရိပ်က မပြေ ..။ သောကတွေကလည်း မပြေ ..။ စိတ်ပူနေတာတွေလည်း မပြေ ..။ ယွန်းငွေယုန် အရမ်းကို စိတ်ထိခိုက်စရာ တစ်ခုခု ရှိနေပြီဆိုတာကို သူ သိသိလာနေရသည်။ ဤညနေမှာပို၍ ယွန်းငွေယုန်၏ မျက်ဝန်းလေးတွေမှာ မျက်ရည်ကြည်လေးတွေ ဝေ့သီလာစေရသည်အထိ ခံစားမှုက ပို၍ ဖုံးဖိမရနိုင်အောင် ပေါ်လာနေသည့် အပြစ်။ မနက်ကထက် ပို၍ ဆိုးနေသည်လေ။ ရှက်နုဝေသို့ လေးလေးသော်ကားဖြင့် လိုက်ပို့ပေးပြီး ကားပြန်ထွက်သည်အထိ ငွေယုန်လေး ပေါ်တီကိုအောက်မှာ ရပ်ကျန်ခဲ့ပါ၏။ သူ .. တကြည့်ကြည့်လုပ်နေရင်းမှ ..

"ညဘက် .. ရှစ်နာရီ မထိုးခင် ကိုကိုလာမှာနော်... ဒီနေ့ လှေ့လာခဲ့တဲ့ အမှုတွေလဲ ပြန်ဆွေးနွေးမယ် .. ကိုကို့ကဗျာလေးလဲ လာပြမယ် .. ကြားရဲ့လား .. အဲဒီအခါ ကိုကိုမေးမယ့် မေးခွန်းကို ဖြေဖို့လဲ ပြင်ထား .. ဝေ့လည်လည်လုပ်လို့တော့လား; .. ဒီမှာ တွေ့လား .. လက်သီး .."

ဟု လက်သီးဆုပ်ပြတော့ ယွန်းငွေယုန် ခပ်ယဲ့ယဲ့ပြုံးသည်။ ဘာမျှ ပြန်မဖြေ ..။

သူ ငဲ့ကြည့်တော့ ပြုံးနေသည် လေးလေးသော်ကို မြင်ရပါ၏။ ကားမောင်းထွက်လာတော့လည်း လေးလေးသော် ပြုံးနေသည်။ သူ .. လေးလေးသော်ကို ဘာမှမပြောနိုင်သေး ..။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်ကို လှည့်ကြည့်တော့ နေရာမှာ ရပ်နေဆဲ ယွန်းငွေယုန် ..။ ကားကို ငေးကြည့်နေဆဲ ..။

ရင်ထဲတွင် လေးခနဲဖြစ်၏။ ငွေယုန်လေး၏ ပုံစံလေးက စိတ်ဓာတ်အရာ ကြေကွဲကျဆင်းနေသည့် အသွင်လေး ဖြစ်နေသည်။ ဘာတွေဖြစ်နေသည်လဲ .. ဆိုတာကိုလည်း သူတွေးမရ ..။ အန်ကယ်ရှိန်ရော အန်တီဖူးရော .. ငွေယုန့်ကို ချစ်ကြသည်ပဲ ..။ ငယ်တုန်းကလို မစွာတော့သည့် ငွေယုန့်ကို .. ပို၍ပင် အလိုလိုက်ကြ ..။ အချစ်ပိုကြရသည် မဟုတ်ပါလားလေ ..။

ဖေဖေနှင့် မေမေကျတော့လည်း ငွေယုန့်ကို သမီးလေးလိုကို ချစ်ကြသည်။

သူကရော ..။ သူကလည်း .. ငွေယုန့်ကိုဆို အားလုံးအလိုလိုက်သည်ချည်း ..။ အဆုံးစွန် ငွေယုန်က ဥပဒေပညာကိုသင်မည်ဆိုတာနှင့် သူပါရော၍ ဥပဒေပဲ တက်သည်။ ဥပဒေဘွဲ့ရတော့ .. အလုပ်သင်ရှေ့နေ တူတူဆင်းကြသည်။ ဘာကြောင့်မသိ ..။ ငွေယုန့်ကို သူ .. ဝေးဝေးမှာကို မထားနိုင် ..။ အင်ဂျင်နီယာလုပ်မည်ဟု တွေးထား မျှော်လင့်ထားသမျှသည် ဆယ်တန်းအောင်ကြတော့ .. ငွေယုန် .. ဥပဒေတက်တာနှင့် .. သူလည်းတက်ဖြစ်သည်ပဲ ..။ ငွေယုန်နှင့်တူတူ ဥပဒေကိုပဲ ဝင်ခွင့်လျှောက်ခဲ့သည်လေ။

"ဆင်းနေခဲ့မလို့လား .. နေခဲ့လေ .. ကြာရိပ်မြိုင်ကို လမ်းလျှောက်ပြန်လာလို့ ရတာပဲ ဥစ္စာ .. မင်းအစား ပင်ပန်းလို့ပါကွာ .. လည်ကြီးကို ယိမ်နေပြီ .. ဘေးလဲ သတိရပါဦးကွာ .."



သူ လှည့်ကြည့်နေဆဲမှာ လေးလေးသော် ပြောလာ တာ့ သူ စိတ်မောလက်မော ကြည့်မိရလျက် ..

"လေးလေးသော် ဘာသိလို့လဲ .. ဟိုမှာ .. တစ်နေ့လုံး ငွေယုန်လေး ငိုင်နေတာ .. အဲဒါ .. စိတ်ထဲကို မကောင်းဘူး လေးလေးသော်ရ .. တကယ့်ကို .. ဝင်းနေခဲ့ရင် ကောင်းသားလို့တောင် တွေးမိနေပြီ .. စိတ်က မဖြောင့်ဘူး လေးလေးသော်ရာ .."

ဟု သူ ခပ်ညည်းညည်း ပြောတော့ လေးလေးသော် ..နေသည်။

"အဲဒါများ အဆန်းလုပ်လို့ .. မင်း .. ဒီကောင်မလေးနဲ့ ပတ်သက်လာရင် ဘယ်တုန်းက .. စိတ်ဖြောင့်ဖူးလို့လဲ .. အဲဒါများ ခုမှ ဖွင့်ပြောပြနေရတယ်လို့ .. မင်း မဖွင့်ပြောခင်ကတည်းက .. အားလုံးသိထားပြီးသား .. ကြာရိပ်မြိုင်ရော .. ရွက်နုဝေရော သိပြီးသား .. ကဲ .."

ဟု ပြောလာတော့ သူ ရင်ထဲနွေးခနဲ ဖြစ်၏။ ..လေးသော်ကတော့ ဟက်ခနဲ ရယ်ပြီးမှ လေလေးတချွန်ချွန် ..ကားဆက်မောင်းလာ၏။ ခြံစောင့် ဘဘမြိုင် တံခါးလာဖွင့် ..ကားဆိမ့်လှမ်း၍ သူ မျှော်ကြည့်မိသည်က ရွက်နုဝေခြံထက် ..။ ပေါ်တီကိုကြီးအောက်မှာ ငွေယုန်လေး ရှိနေတော့ ..။

"အဲဒါ ပြောတာပေါ့ .. ပြောရင်လဲ လွန်တော့မယ် .. နေရစ်ခဲ့ပါဆိုတော့လဲ မနေဘူး .. ပြီးတော့ .. လည်တစောင်းစောင်းနဲ့ ဖြစ်လာပြန်ပြီ .. မင်းဟာလေ .. မင်း .. ..ညည်းယူရမလို ဖြစ်နေပြီနော် .."

www.burmeseclassic.com

www.burmeseclassic.com



လေးလေးသော် ပြောစဉ်ခိုက် သူ ခေါင်းယမ်း၍ ..

"ဟိုမှာ စိတ်ညစ်နေတာဗျ .. မသိရတဲ့အထဲ .. စိတ်မညစ်လို့ ဖြစ်မလား .. ဟိုက .. သူ စိတ်ညစ်တဲ့ကိစ္စ သူသိနေတယ် .. ခန့်လေးက သိရတာ မဟုတ်ဘူး .. သိရင်ညစ်နေတဲ့စိတ်က တစ်ဝက်သက်သာသေးတယ် .. သူ ဘာစိတ်ညစ်နေမှန်း မသိဘဲ .. ဘာစိတ်ဆင်းရဲနေရရှာပါလိမ့်ဆိုပြီး တွေးပူရ .. စိတ်ညစ်ရတာ သက်သာတယ်များမှတ်လား .."

"ဟာ .. ဘယ်သူက သက်သာတယ် မှတ်နေလို့လဲ .. မသက်သာဘူးလို့ပဲ မှတ်ပါတယ် တည်ကြည်ခန့်ရယ် .. မင့် ကြည့်ရတာ .. သက်သာတာ တစ်ခုမှကို မမြင်ရဘူး .. မသက်သာတာတွေချည်းပဲ မြင်မြင်နေရတာပါ .."

ဟု ဆက်ပြောနေတော့ သူ ကမန်းကတန်း အပေါ်မှ ဆင်းသည်။ လေးလေးသော်၏ ရယ်သံကတော့ ကားရှေ့ခန်းဆီမှာ ကျန်ရစ်နေခဲ့ဆဲပါတည့် ..။ ကားကိုဆက်၍ ဂိုဒေါင်ဘက် လေးလေးသော် မောင်းသွားစဉ်ခိုက် သူ အိမ်ထဲဝင်သည်။

မီးဖိုဆောင်ဆီမှ ထွက်လာသော မေမေနှင့် တိုးသည်မို့ ..

"သားရေ .. ခဏနား .. နို့ပူပူလေးသောက် .. ပေါင်မုန့်မီးကင်နဲ့ ယိုသုတ် .. မေမေ လုပ်ထားတယ် .."

"တရားရုံးက ကင်တင်းမှာ စားခဲ့တယ် မေမေ .. သားမဆာသေးဘူး .. ခဏနေ ရေမိုးချိုးပြီးမှပဲ နို့ပူပူတစ်ခွက်သောက်တော့မယ် မေမေရာ .. နော် .."



ဟု ပြောတော့ .. မေမေ ပြုံး၍ သူ့ရှေ့မှာရပ်လာသည်။ ဆံစလေးကို မော့ကြည့်ရင်း သပ်ပေးပါ၏။ သူ့အရပ်ကြီးက မြင့်နေပြီမို့ မေမေသည် သူ့ကို မော့ကြည့်ရပေမယ့် .. သူ့ဆံစတွေကို .. သူငယ်တုန်းကလိုပဲ သပ်ပေးနေကျပါ ..။ မေမေသည် သူ့ကို .. ခုထိ .. ကလေးတစ်ယောက်နှယ် မြင်နေဆဲ ..။

"ကဲ .. ကဲ .. သားရဲ့အခန်းကိုပဲ မေမေတို့ တူတူတက်ကြတာပေါ့ .."

ဟု ပြောကာ မေမေရှေ့မှ လှေကားအတိုင်း တက်လာတော့ သူလည်း လိုက်တက်ဖြစ်ရပါ၏။ အခန်းထဲရောက်တော့ ပိုက်လာသော စာအုပ်ကို သူ စားပွဲပေါ်တင်သည်။ ဂျူတီကုတ်အနက်ကို အကျီချိတ်မှာ ချိတ်စဉ်ခိုက် မေမေ နံတင်ထက်မှာထိုင်၏။ ခုတင်ကို လက်ဖြင့်ပုတ်၍ ..

"မေမေ့ဘေးမှာ ထိုင်စမ်း သား .. သားကို မေမေ မေးစရာရှိလို့ကွယ် .."

ဟု ပြောလာတော့ မေမေ့ဘေးမှာ သူ ထိုင်သည်။ မေမေ့ကို ထုံးစံအတိုင်း လက်ကိုကိုင်၍ မေမေ့ပခုံးပေါ် ခေါင်းကိုတင်၍ သူ ကလေးချွဲ ချွဲနေလိုက်သည်ပါပဲ ..။

"သားမှာ ချစ်သူရှိလား သား .."

မမျှော်လင့်သော စကား ..။ သူ အံ့ဩသွားသည်။ ဤကိစ္စကို .. ဘာကြောင့် မေမေသည် သူ့အခန်းထဲထိ ခုလို .. သူ ပြန်ရောက်လာတာနှင့် တူတူလိုက်လာကာ မေးရပါသတဲ့လဲ။

www.burmeseclassic.com



"ဟာ .. မေမေကလဲ .. သားမှာ ဘယ်ကချစ်သူမှ မရှိဘူး .. ထူးထူးဆန်းဆန်း မေမေရာ .. ချစ်သူဆိုတာ .. ဘာမှန်းတောင် မသိဘူး .."

ဟု ပြောလာတော့ မေမေ တစ်ချက် ငေးကြည့်နေသည်။ တစ်ခုခုကို တွေးနေသည့် အသွင်။

"ဘာလဲ .. မယုံဘူးလား မေမေရ .. မယုံရင် .. မိငွေယုန်ကို မေးကြည့် .. သားမှာ ချစ်သူကို မရှိတာ .. အတိအကျကြီးပါ မေမေရာ .."

ဟု သူ သက်သေထူ၍ပြောတော့ မေမေ သက်ပြင်းရှိုက်သည်။

"ငွေယုန့်မှာရော သားရယ် .. သူရော .. ချစ်သူတွေဘာတွေများ ရှိနေသလား .. သားနဲ့ ငွေယုန်က .. ငယ်ကတည်းက ကျောင်းနေဘက် .. ဘွဲ့တူတူရ .. အခုလဲ .. ချိန်ဘာတူတူဆင်းနေကြတာဆိုတော့ .. မေးရတာ .."

ဟု ပြောလာတော့ သူ ရယ်သည်။ မေမေ့ရင်ခွင်ထဲ ခေါင်းကိုဝင်ခွေ့ရင်းမှ ..

"ဟင်း ဟင်း ဟင်း .."

နှင့် တရယ်တည်း ရယ်နေမိရပါ၏။ သူ .. ငွေယုန့်မှာ ချစ်သူရှိနေသည် ဆိုတာမျိုးကို စိတ်ပင်မကူးခဲ့ ..။ လူကြီးတွေက အထင်တကြီးနှင့် မေးနေသေးသည့်အဖြစ် ..။

"အဲဒီပိန်ပိန်ခွဲ့ခွဲ့နဲ့ .. ချာတိတ်မျက်နှာလေးနဲ့ .. ချာတိတ်ပေါက်စလေးကိုများ အထင်ကြီးလို့ မေမေရာ .. အဟဲဟဲ .. မရှိ .. လုံးဝမရှိ .."



ဟု သူရယ်၍ ပြောတော့ မေမေ လိုက်မရယ် ..။ စိုက်ကြည့်နေသည့် အကြည့်သည် တစ်မျိုးဖြစ်နေသည်။ ဘာတစ်မျိုးလဲ ဆိုတာကိုလည်း သူ မခွဲခြားတတ် ..။ စတင်၍ သူ့ စိတ်ရှုပ်ထွေးစ ပြုလာပါ၏။

ဘာတွေလဲ .. ဟု တွေးမိသည်။ ဤနေ့မှာ .. ထူးခြားစွာပဲ .. သူ ကြုံနေရသည်။ ငွေယုန်ကလည်း ငိုင်နေသည်။

မေမေကလည်း .. သူ့ကို မေးလာသည်။ သူ့မှာ ချစ်သူ ရှိသည်လား ..။ ငွေယုန့်မှာ ချစ်သူရှိသည်လားတဲ့လေ ..။

ထို .. ချစ်သူဆိုသော .. အရာကို .. ဘယ်တုန်းကမှ .. မတွေးမိခဲ့စဖူး ..။ ငွေယုန်နှင့် သွားလာနေရင်း .. မြင်ခဲ့ကြုံခဲ့ဖူးသည့် ကောင်မလေး ချောချောတွေ တွေ့၍ ကြည့်မိခဲ့ဖူးတာလောက်တော့ ရှိဖူးသည်။ ချစ်သူဆိုတာမျိုးထိတော့ ဘယ်သူ့ကိုမှ သူ မချစ်ခဲ့စဘူး ..။

"ကိုကိုနော် .. သိပ်ငေးတာပဲ .. ချောလို့လား .."

ဟု မေးလျှင် ..

"အေးဟ .. မချောဘူးလား .. ဟိုတစ်ယောက် .."

ဟု ရယ်ဟဟဖြင့် ငွေယုန့်ကိုပင် နောက်လိုက်တတ်လျက် ..

"ဒါပေမဲ့ .. သူက ညည်းလေးထက်တော့ ပိုချောတယ်ဆိုတာ သေချာနေတယ် သိလား ငွေယုန် .. သူကလူ .. ညည်းက ယုန် .."

ဟုပင် ဆက်နောက်မိတတ်သည်အထိ ရှိခဲ့သည်။ စိတ်ကို မဝင်စားခဲ့ ..။ ငွေယုန့်ကို ချစ်စနိုးလေး နောက်ဖို့ကိစ္စက

www.burmeseclassic.com

www.burmeseclassic.com



ပို၍ သူ့ရင်ကို စိတ်ဝင်စားအောင် ဆွဲဆောင်နိုင်ခဲ့သည်ချည်း ..။ ရုပ်ဆိုးသည့် အမည်ပြောခံရ၍ ငွေယုန် စိတ်ဆိုးလျှင် သူ အော်ရယ် ပစ်တတ်သည်က .. ဥပဒေကျောင်းသားဘဝမှာကတည်းက မဟုတ်ပါလားလေ ..။

ခု .. မေမေက .. သူ့မှာ ချစ်သူရှိသလားဟု မေးလာတော့ .. သူ .. ထူးဆန်းနေသည်။ မေမေ မေးလာမည်ဟုပင် မထင်မိ ..။

"အေးလေ .. သားမှာ ချစ်သူမရှိဘူးဆိုလဲ .. ပြီးတာပါပဲ .."

ဟု ခပ်လေးလေး ပြောကာ မေမေ အခန်းထဲမှထွက်သွားမည်ပြုပြီးမှ ပြန်၍ တံခါးဝမှာ ရပ်လိုက်ကာ ..

"ခုမရှိသေးပေမယ့် .. သားမှာ ရည်ရွယ်ထားသူရော ရှိသလားကွယ် .."

ဟု မေးလာတော့ သူ စိတ်ထဲတစ်မျိုး ဖြစ်သွားရပါပြီ ..။ ဘုရားရေ .. မေမေက .. သူ့ကိုမိန်းမများ ပေးစားချင်နေသည်လား မသိ ..။

"ဟာ .. ရည်ရွယ်ထားတာလဲ မရှိပါဘူး မေမေရာ .. ဘာလဲ မေမေ .. သားကို မိန်းမပေးစားချင်နေတာလား .. မလုပ်ပါနဲ့ မေမေရာ .. သား .. မေမေ့ကို ချွဲလို့တောင် မဝသေးပါဘူးဗျာ .."

ဟု မေမေ့နား သွားရပ် ..။ မေမေ့ပခုံးပေါ် ကလေးလို ခေါင်းကိုခပ်နွဲ့နွဲ့တင်မိတော့ မေမေ သက်ပြင်းရှိုက်ပြီး သူ့ကို ဆံစလေးတွေ သပ်ပေးကာ ..

"နားလိုက်တော့သား .."



ဟုသာ ပြောခဲ့ကာ မေမေ ထွက်သွားပါ၏။

တံခါးဝမှာ သူ ရပ်ကျန်နေသည်။ ရင်ထဲတွင် .. တစ်ခုခုကို စိုးရိမ်နေသည်သို့ စတင်၍ ခံစားလာနေရပါပြီ ..။ သူ့ရင်ထဲ့ကို တိုးဝင်လာနေသည်က .. တစ်ခုခု .. ဆိုးဆိုးဝါးဝါး .. သူ့ရင်ကို နှိပ်စက်မည့်ကိစ္စ ရှိလာနေသည်သို့ ဖြစ်လာနေသည်။ ရင်ထဲတွင် လေးလာနေသည်။ မသိစိတ်ထဲမှ ဖြစ်တည်လာသော ထိုအရာသည် .. လက်တွေ့မှာ ဘာမျှတော့ ဖြစ်ပေါ်မလာသေး ..။ ဒါပေမဲ့ .. သူ .. ရင်ထဲလေးနေသည့် အဖြစ်။

***

www.burmeseclassic.com



## အခန်း(၁၁)

ကဗျာလေးတွေ ရေးရေးထားသည့် ကတ်[illegible] ဗလာစာအုပ်လေးကို တစ်ဖက် ..။ သေချာထုပ်ပတ်ထား[illegible] ပန်းချီကားကို တစ်ဖက် သူကိုင်လျက် အိမ်မှအထွက်တွင် ခြံ[illegible] ဆီမှ ဝင်လာနေပြီ ဖြစ်ပါသည့် မေမေ့ကို သူ မြင်တော့ တ[illegible] ပြုံးမိသည်။

မေမေ ရွက်နုဝေမှ ပြန်လာတာ ဖြစ်မည် ..။

မေမေကတော့ ဤသို့ပါပဲလေ ..။ ငွေယုန့်ကို[illegible] တာမို့ ညနေဘက် ဆိုလျှင်လည်း ရွက်နုဝေသို့ ရော[illegible] ရောက်သွားတတ်သည်ပါပဲ ..။ မနေ့က မေမေ့ မှန်တင်ခုံထ[illegible] အဖြူရောင် ယုန်မွေးဆွယ်တာလေး တစ်ထည်ကို သူ တွေ့ခဲ့[illegible] ငွေယုန့် အတွက် မေမေ ဝယ်လာတာ ဖြစ်မည်ဟု တွေးမိပြီ[illegible] ပါ ..။

ငွေယုန့် မွေးနေ့ကလည်း နီးလာပြီ မဟုတ်ပါ[illegible] လေ ..။ မွေးနေ့ကျမှ မေမေက လက်ဆောင်ပေးတာမျိုးမဟု[illegible]



[illegible]မြကြိုပေးနေကျ ..။ မွေးနေ့မှာ မေမေ့ လက်ဆောင်ကို ငွေယုန် [illegible]း ဝတ်ဆင်ထားတာမျိုးကို မေမေက ဖြစ်စေချင်သည်တဲ့လေ။ [illegible]ည်း .. ငွေယုန့် အတွက် မွေးနေ့လက်ဆောင်လေး တမင် [illegible]ားပေးခဲ့တာ ဖြစ်မည်။

ငွေယုန့် မွေးနေ့ ဖြစ်ဖို့ဆိုတာက တစ်ပတ်ကျော် [illegible]ာက်တော့ လိုသေးသည်ပဲ ..။ ဒါပေမဲ့ .. သူကလည်း .. ငွေယုန့် [illegible]တွက် လက်ဆောင်တစ်ခု ကြိုတင်ယူလာခဲ့ပြီ ..။ ပိဘောက်တွေ [illegible]သောလ ..။ ဧပြီလမှာ သူ့မွေးနေ့ ကျရောက်ခဲ့လျက် ..။

မိုးရိပ်တို့ ဝေဆိုင်းတတ်သော ဇွန်လသည် ငွေယုန့် [illegible]နေ့ ကျရောက်တတ်ပါ၏။ ငွေယုန့် မွေးနေ့က .. ဇွန်လ(၁၀) [illegible] ..။ သူ့မွေးနေ့က ဧပြီလ(၂၈)ရက် ..။ တိုက်ဆိုင်စွာပဲ တစ် [illegible]န်းတွေ ကျရောက်ပါသည့် သူနှစ်ယောက်အဖြစ် သူနှင့်ငွေယုန် [illegible]ည် မွေးနေ့ရက်များ ဖြစ်ခဲ့ပါချေသည်တည့် ..။

တစ်နှစ်တည်း မွေးသည်။ မွေးလမတူကြပေမယ့် .. [illegible]နေ့ရက်ကို ဂဏန်းပေါင်းကြည့်လျှင် တစ်ဂဏန်းကျသည့် [illegible] ..။ တစ်ဆယ်သည်လည်း တစ်ဂဏန်း ..။ နှစ်ဆယ့်ရှစ် [illegible]ည့် ဂဏန်းနှစ်ခုကို ပေါင်းကြည့်တော့လည်း တစ်ဂဏန်းပဲ [illegible]ကြသည် ..။

ခု .. ငွေယုန့် မွေးနေ့သို့ ရောက်ရချေတော့မည် [illegible] ..။

ခြေလှမ်းမှန်မှန်ဖြင့် သူ လျှောက်လာခိုက် မေမေနှင့် [illegible] မျက်နှာသိပ်မလန်းဘဲ ရှိနေသည့် မေမေ့ကို သူ တစ်ချက် [illegible]အံ့သြစိတ်ဖြင့် အကဲခတ်သလို ကြည့်မိရပါ၏။ ရင်ထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်လေးလာသည်။ ဤနေ့မှာ ယွန်းငွေယုန်လည်း ချက်နှာ
မလန်း ..။ ခု .. မေမေလည်း မျက်နှာမလန်း ..။

"ဘယ်ကိုလဲ သား .. ရွက်နုဝေကိုလား .. ယုန်လေးကို
သွားတွေ့မလို့လား .."

ဟု မေမေ မေးတော့ သူ ခေါင်းညိတ်သည်။ တစ်
ချက် မေမေ ငြိမ်နေ၏။ တစ်ခုခု ပြောတော့မည့်နှယ်လည်း ရှိနေ
သည်။ နောက် .. အပြောခက်နေသည့်နှယ်လည်း ဖြစ်နေသည်
ဘာတွေဖြစ်နေချေသည်လဲ .. ဟု ပို၍ သူ စိတ်တွေရှုပ်ထွေးပွေ
လာနေမိရပါပြီတည်း။ ရွက်နုဝေ ခြံတွင်းဆီသို့ အဖြူရင့်ရော
ပရာဒိုကားကြီးတစ်စီး ဝင်သွားတာကို သူ လှမ်းမြင်ရသည်။ ထို
ကားတစ်စီးသည် ခုတလော အတော်ကြီးကို ရွက်နုဝေခြံသို့
အကူးအသန်း များနေတာကတော့ အမှန် ..။ အသားဖြူဖြူသန်
သန့်နှင့် အန်ကယ်ကြီးတစ်ယောက်နှင့် ရုပ်ရည်ချောမွေ့သော
အန်တီကြီးတစ်ယောက်တို့ ရောက်ရောက်လာကြတာကိုလည်း
သူ တစ်ကြိမ် ရွက်နုဝေမှာ ဆုံဖူးသည်။ သူက ကြာရိပ်မြိုင်
အပြန် ..။ ထိုအန်ကယ်တို့က အဝင်ဖြစ်နေသည်။ နောက်အကြိမ်
များမှာတော့ သူနှင့် မတိုးခဲ့ဖူး။ ကားကြီး ဝင်ဝင်လာတာကို ကြာ
ရိပ်မြိုင်ဆီမှ သူ လှမ်းမြင်ခဲ့ရဖူးပါ၏။

"မသွားသေးနဲ့ဦးသား .. ဟိုမှာ ဧည့်သည်တွေ ရောက်နေ
ကြတယ် .. လာ .. လာ .. နောက်နေ့မှဖြစ်ဖြစ် သွားပေါ့
ကွယ် .."

ဟုပြောကာ မေမေ သူ့လက်ကိုဆွဲခေါ်နေသော
သူ ပို၍ စိတ်ထဲတစ်မျိုးကြီး ဖြစ်လာရပါ၏။ ထိုဧည့်သည်များ



ရောက်လာတာနှင့် သူ မသွားဘဲ နေပေးရမည်ဆိုသည့် ကိစ္စကို
ရင်ထဲ တစ်မျိုးဖြစ်လာရသည်လေ ..။

"လာ .. လာ .. သားကို မေမေ ပြောပြမယ် .. လာ .."

ဟု ပြောကာ မေမေ သူ့ကိုလက်ဆွဲခေါ်လာတော့
လိုက်မှဖြစ်ချေတော့မည်မို့ လိုက်သာလာခဲ့ရသည် ..။ စိတ်ထဲမ
ဖြောင့် ..။ ရွက်နုဝေ ခြံကြီးဘက်ကို တကြည့်တည် ကြည့်ကြည့်
သာနေမိရသည့် အဖြစ် ..။

မေမေသည် သူ့အခန်းရှိရာသို့ တစ်ဆက်တည်း
ခေါ်ခဲ့ပါ၏။ သူ့ကို စာကြည့်ကုလားထိုင်မှာ ထိုင်စေလျက်
ကုတင်ထက်မှ မေမေ ထိုင်ပါ၏။ သူ့ကို ခပ်ငေးငေး .. မေမေ
ကြည့်သည်။

"သားလက်ထဲက ပန်းချီကားလား သား .."

"ဟုတ်တယ် မေမေ .. ယုန်လေး အတွက် မွေးနေ့လက်
ဆောင်အဖြစ် သွားပေးမလို့လေ .. မေမေ့ကိုပေါ့"

ဟု မေမေ့ကိုတော့ မထိန်ချန်ထားဘဲ ပြောမိရပါ
၏။

သူ .. အချိန်အားဖြစ်သည့် ညဘက်မှာ .. ဤပုံလေး
ကို ဆွဲခဲ့သည်မှ အခန်းတံခါးကို ပိတ်ထား၍ပါ ..။ ပန်းချီကား
လေးကို ဘယ်သူ့ကိုမှ မမြင်စေချင်သေး။ ငွေယုန့် လက်ထဲရောက်
ပြီးမှ .. ရွက်နုဝေ၏နံရံမှာ ချိတ်ပြီးမှ .. မြင်စေချင်သည်။ ပြီး
တော့ .. ထိုပန်းချီကားကို .. ကာယကံရှင် ငွေယုန့်ကို အရင်မြင်
စေချင်သည်လေ။ ထိုပန်းချီကားကို တွေ့သည့်အခါမှာ အံ့သြဝမ်း
မြောက်သွားချေမည့် ငွေယုန့်၏ မျက်နှာနုနုလေးကိုလည်း သူ

www.burmeseclassic.com



စိတ်နှစ်၍ ကြည့်နေချင်သည်။ ငွေယုန် မျက်နှာမှာ ဖြတ်ပြေးသွားကြမည့် ကြည်နူးရိပ်များ ..။ သူ့ကို ချီးကျူးမည့် အရိပ်များ ..။ ဝမ်းသာသည့် အရိပ်များ ..။ ပြီးနောက်တော့ ကျေးဇူးတတင်နှင့် မော့ကြည့်လာမည့် အကြည့်နုနုလေးများ ..။ အားလုံးကို .. သူ .. တစ်ကြိမ်တည်းမှာပဲ .. မြင်တွေ့ခွင့် ရချေလိမ့်မည် ..။

"ဘာပုံလေးလဲ သား .. မေမေ ကြည့်ချင်တယ်ကွယ် .."

ဟု ပြောတော့ သူ ရယ်နေသည်။ မေမေ့ကို မပြချင်သေး။ ရှက်တာလည်း ပါသည်။ ပြီးတော့ ဤပန်းချီကားလေးကို အရင်ဆုံး မြင်ရမည့်သူသည် ငွေယုန် ဖြစ်ရချေမည် မဟုတ်ပါလား ..။

"ဒီနေ့ဟာ ငွေယုန့် အတွက် .. ထူးခြားတဲ့ နေ့တစ်နေ့ပဲ သား .."

ဟု မေမေ ရုတ်ခနဲ ပြောလာတော့ သူ ရင်ထဲမှာ ရှင်း ..။ ဘာထူးခြားမှုများသည် ဤနေ့မှာ ငွေယုန့်အတွက် ဖြစ်တည်ရပါသတဲ့လဲ ..။ သူ သိသည်က .. ဤနေ့သည် ငွေယုန်လေး မျက်နှာမလန်းသောနေ့ ..။ တစ်ခုခုကို ကြေကြေကွဲကွဲကြီး မျိုသိပ် ခံစားနေသောနေ့ ..။

"ဘာများလဲ မေမေ .."

ဟု သူ မေးမိရပါ၏။ မေမေ သူ့ကို ကြည့်လာသည်။ နောက်တော့ သက်ပြင်းငွေ့ငွေ့ချ ငြိမ်နေပါ၏။

"သစ်သစ်ငြိမ်းရေ .. သမီးလေး ငွေယုန်ကို .. စကားလာမြန်းကြတဲ့သူ ရှိနေတယ် .. ကြည်နူးရိပ်ကိုယ်ပိုင်ဆေး



ကြီးကိုပိုင်တဲ့ .. ဦးကျော်သာ ဆိုတဲ့သူက သူ့သား ဒေါက်တာဘုန်းကျော်နဲ့ လာမြန်းနေတယ်ကွယ် .. တလောက .. ကိုရှိန် နှလုံးနည်းနည်း အောင့်တာနဲ့ သွားပြတော့ ယုန်လေးလဲ သူ့အဖေနဲ့ ပါသွားတယ်လေ .. ဖူးရော ပါသွားကြတာပါပဲ .. အဲဒီမှာ ဦးကျော်သာရဲ့သား .. ဒေါက်တာဘုန်းကျော်နဲ့ တိုးတာ .. ဦးကျော်သာကလဲ နှလုံးအထူးကု .. ဒေါက်တာဘုန်းကျော်ကလဲ .. ခွဲစိတ်ဆရာဝန်လေးလေ .. အဲဒါ .. သူတို့သားအဖက .. ကိုရှိန့်ကို စမ်းသပ်ကြရင်းနဲ့ အဖေအတွက် စိတ်ပူလို့ လိုက်လာတဲ့ ယုန်လေးကိုပါ တွေ့ကြတာလေ .. တစ်ပတ်လောက် ဆေးရုံကို ညနေတိုင်း ကိုရှိန် သွားသွားကုသခံရတယ် .. ဆေးရုံတက်ဖို့လဲ မလိုဘူး၊ တစ်ပတ်လောက်ပဲ လာပါ .. ဆိုတော့ .. သွားပြဖြစ်ကြတယ်လေ .. ရင်ထဲလဲ အေးကြရတာပေါ့ .. နှလုံးသွေးကြောတစ်ခု နည်းနည်းကျဉ်းချင်တယ် ဆိုတာပါပဲ .. ဆေးကို စားဆေးပေးတယ် .. လိုအပ်တဲ့ဆေး ထိုးပေးတယ် ဆိုပါတော့ .. ယုန်လေးလဲ .. သူ့အဖေသွားတိုင်း ပါပါလာခဲ့တာပါပဲ .. နောက်တော့ .. မထင်မှတ်တာ လာဖြစ်နေတယ်ကွယ် .. ယုန်လေးကို .. သူ့သားနဲ့ စကားလာမြန်းတော့တာပါပဲ .. ဒေါက်တာဘုန်းကျော်ကလဲ မြတ်နိုးနေသတဲ့ .. သူတို့ဘက်ကလဲ .. ယုန်လေးကို မြင်မြင်ချင်း ဒေါက်တာဦးကျော်သာ ကိုယ်တိုင်ကိုက .. သမီးလေးလိုကို ချစ်နေမိတာတဲ့ .. သိပ်မြန်တာပဲ သစ်သစ်ရယ် .. စကားလာမြန်းကြတာ .."

www.burmeseclassic.com



ဟု ဤနေ့မနက်မှာ ကိုယ်တိုင် လာပြောပြခဲ့သ
ဒေါ်ခင်မြဖူး၏ စကားများကို ဒေါ်သစ်သစ်ငြိမ်း ပြန်၍ကြ
ယောင်ရင်း ငိုင်နေမိရဆဲ ..။

"အဲဒါ .. သမီးလေးက ငြင်းတယ် .. ချစ်သူရှိလားဆိုတော
လဲ မရှိဘူးတဲ့ .. ဒါပေမဲ့ .. လက်မခံပါရစေနဲ့တဲ့ ..
အိမ်ထောင်မပြုချင်ဘူးတဲ့လေ .. ကိုရှိန်ကလဲ .. ဘာပဲ
ဖြစ် .. သူ့မှာက အထိုက်အလျောက် ရောဂါလဲ ရှိလာ
ပြီဆိုတော့ .. သမီးလေး အတွက် နောင်ရေး စိတ်အေး
ချင်တယ် .. ကိုရှိန် ဆေးခန်းပြနေတာ သစ်တို့ စိတ်
စိုးလို့တောင် မပြောပြနဲ့လို့ တားထားတာလေ .. ညနေ
အပြင်ထွက်တာ ရက်ဆက်နေလို့ သစ်သစ်တောင်မှ
ခဲ့သေးတာပဲ .. ညီအစ်ကိုလို ချစ်ကြတာမို့ ကိုမြတ်
သိရင် စိတ်ပူနေမယ်ဆိုပြီးတော့ကို .. ဖူးကို ကိုရှိ
တားထားတာ .. ယုန်လေးကိုလဲ အဲဒီရောဂါကိစ္စ သစ်
တို့ကို .. ခန့်လေးတို့ကို မပြောနဲ့ဆိုပြီး တားထား
လေ .."

ဟု ပြောပြခဲ့သော စကားများသည် ယုန်
ရင်ထဲမှာ ရှိနေဆဲ ..။

"အဲဒါ .. သစ်သစ် .. ခန့်လေးကို တစ်ချက် မေးကြ
လားကွယ် .. ယုန်လေးမှာများ .. ချစ်သူရှိနေသလား
ကလေးတွေက ရှက်ပြီး လျှို့ဝှက်ထားတတ်ကြတာ
ရှိနိုင်တယ်လေ .. သားခန့်လေးကတော့ .. တစ်ခု
ပြလာမှာပါ .."



ကြီးကိုပိုင်တဲ့ .. ဦးကျော်သာ ဆိုတဲ့သူက သူ့သား ဒေါက်
တာဘုန်းကျော်နဲ့ လာမြန်းနေတယ်ကွယ် .. တလောက ..
ကိုရှိန် နှလုံးနည်းနည်း အောင့်တာနဲ့ သွားပြတော့ ယုန်
လေးလဲ သူ့အဖေနဲ့ ပါသွားတယ်လေ .. ဖူးရော ပါသွား
ကြတာပါပဲ .. အဲဒီမှာ ဦးကျော်သာရဲ့သား .. ဒေါက်တာ
ဘုန်းကျော်နဲ့ တိုးတာ .. ဦးကျော်သာကလဲ နှလုံးအထူးကု ..
ဒေါက်တာဘုန်းကျော်ကလဲ .. ခွဲစိတ်ဆရာဝန်လေးလေ ..
အဲဒါ .. သူတို့သားအဖက .. ကိုရှိန့်ကို စမ်းသပ်ကြရင်းနဲ့
အဖေအတွက် စိတ်ပူလို့ လိုက်လာတဲ့ ယုန်လေးကိုပါ
တွေ့ကြတာလေ .. တစ်ပတ်လောက် ဆေးရုံကို ညနေတိုင်း
ကိုရှိန် သွားသွားကုသခံရတယ် .. ဆေးရုံတက်ဖို့လဲ မလို
ဘူး၊ တစ်ပတ်လောက်ပဲ လာပါ .. ဆိုတော့ .. သွားပြ
ဖြစ်ကြတယ်လေ .. ရင်ထဲလဲ အေးကြရတာပေါ့ .. နှလုံး
သွေးကြောတစ်ခု နည်းနည်းကျဉ်းချင်တယ် ဆိုတာပါပဲ ..
ဆေးကို စားဆေးပေးတယ် .. လိုအပ်တဲ့ဆေး ထိုးပေးတယ်
ဆိုပါတော့ .. ယုန်လေးလဲ .. သူ့အဖေသွားတိုင်း ပါပါ
လာခဲ့တာပါပဲ .. နောက်တော့ .. မထင်မှတ်တာ လာဖြစ်
နေတယ်ကွယ် .. ယုန်လေးကို .. သူ့သားနဲ့ စကားလာ
မြန်းတော့တာပါပဲ .. ဒေါက်တာဘုန်းကျော်ကလဲ မြတ်နိုး
နေသတဲ့ .. သူတို့ဘက်ကလဲ .. ယုန်လေးကို မြင်မြင်
ချင်း ဒေါက်တာဦးကျော်သာ ကိုယ်တိုင်ကိုက .. သမီးလေး
လိုကို ချစ်နေမိတာတဲ့ .. သိပ်မြန်တာပဲ သစ်သစ်ရယ် ..
စကားလာမြန်းကြတာ .."

www.burmeseclassic.com



သားကို ... ဤနေ့ညနေမှာ စကားတောက်ကြည့်သော လည်း ငွေယုန့်မှာ ချစ်သူမရှိပါ ... ဟု ဖြေခဲ့သည်။ သားမှာလည်း ရည်မှန်းထားသည့် မိန်းကလေး မရှိဟု ဖြေပြန်သည်။ တကယ် တမ်းကျတော့ ယွန်းငွေယုန်ကို သားဖြစ်သူသည် ညီမလေးလို သာ ချစ်နေခြင်းပါလားဟု သိလာရသည်။ သံယောဇဉ် ရှိနေခြင်းပါ လားဟုလည်း နားလည်လာလိုက်ရပြီမို့ ...။

တစ်ဖက်မှ စကားမြန်းလာသူသည်လည်း လူကြီး လူကောင်း ပညာတတ် လူချမ်းသာတွေအဖြစ် ဆောင့်စေ့ယောက် အောင် မငြင်းနိုင်စရာ ရှိနေချေသည်မို့လည်း ...

"သားက ပြောတယ် ဖူးရယ် ... ငွေယုန့်မှာ ချစ်သူရယ်လို့ မရှိပါဘူးတဲ့လေ ..."

ဟုသာ ဤညနေမှာ ယွန်းငွေယုန်လေး အတွက် ဆွယ်တာလက်ဆောင် သွားပေးပြီးမှ ... ရွက်နုဝေ၏ ရေတမာပင်ရိပ် အောက်မှ ခုံတန်းလေးမှာ ဒေါ်ခင်မြဖူးနှင့် တူတူထိုင်ဖြစ်ခဲ့ရရင်း ခပ်လေးလေး ဖြေခဲ့ရသည်က ဒေါ်သစ်သစ်ငြိမ်းပါ ...။

ရင်ထဲမှာ နှမြောနေခြင်းက ပြည့်နေသည်။ ချွေးမ လေးအဖြစ် ... သြော် ... သမီးလေးအဖြစ် မျှော်လင့်ချစ်ထားရလေ သမျှ ...။ အားလုံး လေနှင့်အတူ လွင့်ပါးသွားသော တိမ်တိုက် ကြီးများနှယ် ဖြစ်သွားရချေပြီပဲ ... ဟု ရင်ထဲမှာ နင့်နေသည်။

သားဖြစ်သူနှင့်တူတူ ကျောင်းသွားခဲ့လေသမျှ ...။ အလုပ်သင်ရှေ့နေ ဆင်းကြလေသမျှ ...။ နှစ်ကာလကြာရှည် ... အစဉ်တစိုက် ကြည်နူးစွာ မျှော်လင့်နေမိခဲ့ရဖူးသော အဖြစ်တို့သည် လွင့်ပါးသွားခဲ့ရချေသည် မဟုတ်ပါလားလေ ...။



ဝိုးရှ် ရင်ထဲမှာ ကြေကွဲရသည်က ...

"သမီးလေးကလဲ ... ဒီညနေမှာတော့ ပြောပါတယ် ... သူ့ မှာ ချစ်သူ မရှိပါဘူးတဲ့ ... ဖေဖေနဲ့ မေမေ ကြည်ဖြူတဲ့ သူရှိရင် ... သူ လက်ခံပါ့မယ်တဲ့ ... ဒါပဲ ပြောတယ် သစ်သစ်ရယ် ... တစ်မျိုးပဲကွယ် ... မျက်နှာတော့ မလန်း ဘူး၊ ကြည့်ရတာ ... သမီးလေးခမျာ ... မိဘနဲ့ ခွဲသွားရ မှာကိုများ စိတ်ထိခိုက်နေသလား မသိပါဘူးကွယ် ... အစ က ထင်မိတာက ... လူကြီးတွေကို မျက်နှာပူလို့ ချစ်နေတာကို ဖွင့်မပြောရဲကြတာတွေ ဘာတွေများ ရှိနေသလားလို့ပါ ..."

ဟု ပြောလာခြင်းတွင် ... သားနှင့် ငွေယုန်တို့များ ချစ်နေကြချေသည်လား ... ဟု တွေးမိနေခြင်းက ရိုးရိပ်မျှပါလာ သည့် အငွေ့အသက်တွေဖြင့် ရှိနေခဲ့ပါ၏။

သြော် ... ခုတော့ ... တစ်ဖက်မှ စကားလာမြန်းခြင်း အပေါ် အဖြေပေးရချေမည့် ဤနေ့မှာ ... ငွေယုန်လေးသည် မိဘ ကို ... ခေါင်းညိတ်အဖြေပင် ပေးလိုက်ခဲ့ချေပြီ တကား ...။

ဒေါ်သစ်သစ်ငြိမ်း ရင်ထဲမှာ ကြေကွဲနေသည်။ နှမြောနေသည်။ ချွေးမလေးအဖြစ် ဘယ်သောအခါတွင်မှ မရနိုင် တော့ပြီပဲ ... ဟု လက်လွှတ်လိုက်ရသည့် မျှော်လင့်ခြင်းများသည် လောင်မြိုက်ခြင်းနှင့် ပြည့်ဝနေသည်။ ကြေကွဲမှုဖြင့် ပိတ်ဖုံးနေသည့် အဖြစ်။

"သား ... ဒီနေ့ ... ငွေယုန်လေးကို ... ဒေါက်တာဘုန်းကျော်နဲ့ စကားမြန်းကြ ... စေ့စပ်ပွဲအတွက် ရက်သတ်မှတ်ကြလိမ့် မယ် သား ..."

www.burmeseclassic.com

www.burmeseclassic.com



ဝို၍ ရင်ထဲမှာ ကြေကွဲရသည်က ..

"သမီးလေးကလဲ .. ဒီညနေမှာတော့ ဖြေပါတယ် .. သူ့မှာ ချစ်သူ မရှိပါဘူးတဲ့ .. ဖေဖေနဲ့ မေမေ ကြည်ဖြူတဲ့ သူရှိရင် .. သူ လက်ခံပါ့မယ်တဲ့ ဒါပဲ ပြောတယ် သစ်သစ်ရယ် .. တစ်မျိုးပဲကွယ် .. မျက်နှာတော့ မလန်းဘူး၊ ကြည့်ရတာ ... သမီးလေးခမျာ .. မိဘနဲ့ ခွဲသွားရမှာကိုများ စိတ်ထိခိုက်နေသလား မသိပါဘူးကွယ် .. အစက ထင်မိတာက .. လူကြီးတွေကို မျက်နှာပူလို့ ချစ်နေတာကို ဖွင့်မပြောရဲကြတာတွေ ဘာတွေများ ရှိနေသလားလို့ပါ .."

ဟု ပြောလာခြင်းတွင် .. သာ နှင့် ငွေယုန်တို့များ ချစ်နေကြချေသည်လား .. ဟု တွေးမိနေခြင်းကို ရိုးရိပ်မျှပါလာသည့် အငွေ့အသက်တွေဖြင့် ရှိနေခဲ့ပါ၏။

ဪ .. ခုတော့ .. တစ်ဖက်မှ စကားလာမြန်းခြင်းအပေါ် အဖြေပေးရချေမည့် ညနေမှာ .. ငွေယုန်လေးသည် မိဘကို .. ခေါင်းညိတ်အဖြေပင် ပေးလိုက်ခဲ့ချေပြီ တကား ..။

ဒေါ်သစ်သစ်ငြိမ်း ရင်ထဲမှာ ကြေကွဲနေသည်။ နှမြောနေသည်။ ချွေးမလေးအဖြစ် ဘယ်သောအခါတွင်မှ မရနိုင်တော့ပြီပဲ .. ဟု လက်လွှတ်လိုက်ရသည့် မျှော်လင့်ခြင်းများသည် လောင်မြိုက်ခြင်းနှင့် ပြည့်ဝနေသည်။ ကြေကွဲမှုဖြင့် ပိတ်ဖုံးနေသည့် အဖြစ်။

"သား .. ဒီနေ့ .. ငွေယုန်လေးကို .. ဒေါက်တာဘုန်းကျော်နဲ့ စကားမြန်းကြ .. စေ့စပ်ပွဲအတွက် ရက်သတ်မှတ်ကြလိမ့်မယ် သား .."



ဟု ဒေါ်သစ်သစ်ငြိမ်း စိတ်ထဲမှာ ကြေကွဲမှုကို ထိန်း၍ပြောလာတော့ သားဖြစ်သူ၏ ကိုယ်ကြီး မတ်ခနဲ ဖြစ်သွားတာ ..။ ဟင်ခနဲ .. အသံပွင့်ကျလာတာ ..။ ကိုယ်ကြီးနောက်ဘက်ကို ကယောင်ကတမ်းနိုင်စွာ ဆုတ်ကျသွားတာ ..။ လက်တစ်ဖက်က စားပွဲစွန်းကို အားယူဆုပ်ကိုင်လိုက်တာ ..။ အားလုံးကို ဒေါ်သစ်သစ်ငြိမ်း မြင်နေရပါပြီ ..။

လွန်ခဲ့ချေပြီကော .. ဟု သိချိန်မှာ .. နောက်ကျခဲ့ချေသည့် အသိမှ ရလိုက်ပါသည့် နောင်တ တရားတွေဖြင့် ဤသားလေး .. ကြေကွဲမှုများအောက်မှာ စုန်းစုန်းမြုပ်ရချေတော့မည်ပဲ .. ဟု ရင်ထဲမှာ ဆောက်တည်ရာမဲ့အောင် ထိခိုက်နေရင်း နားလည်လိုက်ရပါပြီတည်း ..။

"မေမေ .."

တုန်လှုပ်ချောက်ချားသလို သူ မေမေ့ကို ခေါ်လိုက်မိသည်။ ကုလားထိုင်ပေါ် ပုံပုံကျမှ သူ ထိုင်ချလိုက်သည်ကလည်း ကယောင်ကတမ်း ဆန်နေသည်။ ချောက်ချာက်ချားချား ဆန်နေသည်။ ရင်ထဲတွင် ဟာနေသည်။ နှလုံးအိမ်တစ်ခုလုံး ထုတ်ပေးလိုက်ရသည့်နှယ် ခံစားနေရပါသည့် အဖြစ်သည် ချက်ချင်း ရင်ကို နင့်နင့်ဖါအောင် အထိနာနေစေခဲ့ပြီ။

ငွေယုန်လေးကို .. စေ့စပ်ပေးတော့မည်တဲ့ ..။

လူတစ်ယောက်နှင့် စေ့စပ်ပေးလိုက်တော့မည်တဲ့ ..။

သူ၏ ငွေယုန်လေး ..။ အို .. သူ၏ အရိပ်တကြည့်ကြည့်ဖြင့် ရှိခဲ့ရပါသည့် ငွေယုန်လေးသည် သူတစ်ပါးနှင့် ပါသွားရတော့မည်တဲ့ ..။

www.burmeseclassic.com



သူ့လက်တွေက .. ဖန်းချိုကားထက်မှာ တင်၏။ အထဲမှာ .. ပြော် .. ဤထုပ်ပတ်ထားသော ကြွေစက္ကူ၏ အတွင်းဘက်မှာ ရှိနေသည့် ပန်းချီကားတွင်းမှာဖြင့် .. ဂျူတီကုတ်အနက်လေးဖြင့် ဥပဒေစာအုပ်လေးကို ပိုက်ထားပါသော ယွန်းငွေယုန်၏ ပုံတူပန်းချီကားလေး ရှိနေချေသည်တကား ..။ ပန်းချီကားထဲမှာဖြင့် .. သူ၏ ယွန်းငွေယုန်သည် သဇင်ပန်းလေးတွေ ပန်ထားသည်။ ပါးချိုင့်လေးခွက်နေအောင် ပြုံးနေသည်။ မျက်လုံးလေးတွေ နက်မှောင်လျက် ပြုံးရိပ်ထင်နေသည်။ ပန်းချီကားထဲမှ ငွေယုန်သည် ပျော်ရွှင်ကြည်နူးနေသော ငွေယုန် ဖြစ်နေသည်။ အကြောင့်အကြကင်းနေသော ငွေယုန် ဖြစ်နေသည်။ ဘဝကို ကျေနပ်နေသော ငွေယုန် ဖြစ်နေသည်။

ဒါပေမဲ့ .. လောလောဆယ်မှာ အပြင်မှာရှိနေသည့် ငွေယုန်သည် ငိုကြွေးနေချေလိမ့်မည်။ လူသိအောင် ငိုကြွေးနေမည် မဟုတ် ..။ မျိုသိပ်စွာ .. ရင်နှင့်အမျှ .. လှိုက်ခါငိုကြွေးနေပါချေလိမ့်မည် ..။

"အင်ဂျင်နီယာ မလုပ်ဘဲ ဘာကြောင့် ရှေ့နေလုပ်ရတာတဲ့လား ယုန်လေးရယ် .. ဘာကြောင့် .. ယုန်လေးအတွက် အဆူမခံရအောင် စားထိထားတဲ့ ဒဏ်ရာကို မနာပါဘူးလို့ ဒန်းလေး လုပ်ပေးခဲ့စဉ်က ကိုကို ပြောခဲ့ရသလဲလို့ မေးရသတဲ့လား ယုန်လေးရယ် .. ဘာလို့ ယုန်လေးကို အရိပ်တကြည့်ကြည့် အလိုလိုက်ရတာလဲ .. လို့ ဖွင့်မမေးရဲ့တမယ် .. ယုန်လေး .. ယုန်လေး .. အရှက်သည်းနေတဲ့ကြား



ထဲက ကိုကို့ကို .. မေးခဲ့ရှာတယ် .. ကိုကို မသိဆိုးဝါးဖြစ်ခဲ့လိုက်တာ ကလေးရယ် .. ယုန်လေးကို ချစ်နေလို့ပေါ့ .. ချစ်ရလွန်းလို့ပေါ့ .. လို့ .. ကိုကို ဘာလို့ မဖြေခဲ့ပါလိမ့် .. အို .. ကိုကို အသုံးမကျတာ .. ကိုယ်ချစ်နေတဲ့ ယုန်လေးကို .. ချစ်နေမှန်းတောင် မသိရလောက်အောင် .. ညံ့ခဲ့တာ .. ညံ့ခဲ့တာ .. ခု .. ကိုကို ရင်ကွဲနေရပြီ .. ရှုံးမတတ် ခံစားနေရပြီ .. ကိုကို .. ကိုကို .. ရှုံးတော့မယ် ယုန်လေးရယ် .. ဒီညနေမှာ ဘာကို အဖြေပေးရမယ်ဆိုတာ ယုန်လေး သိပါပြီလို့ ပြောခဲ့တုန်းက .. လည်နေတဲ့မျက်ရည်လေးတွေကို .. ခု .. ခု .. ယုန်လေးရဲ့ ရင်ထဲက အဖြစ်ကို နားလည်စေဖို့ သိလာနေရပြီ .. ကိုကိုလည်း ငိုနေပါပြီကွယ် .. ငိုနေပါပြီကွယ် .."

နှင့် ရင်ထဲမှာ ပြောနေမိရပေမယ့် နှုတ်ဖျားဆီမှ စကားတစ်ခွန်းသော်မျှ ပွင့်ကျမလာနိုင်တော့သည့် အဖြစ် ..။

ရင်ထဲမှာ မှောင်နေသည်။ ဟုတ်သည် ..။ မှောင်နေသည်။ အားလုံး ပျောက်ဆုံးကုန်ပြီ။

ကိုယ့်နှလုံးသားထဲမှာ ထင်နေသည့်လမ်း .. မွေးနေသည့်လမ်း .. လှနေသည့် လမ်းလေးကို မှ မမြင်ခဲ့တတ် ..။ မလျှောက်မိတတ်လေသမျှ .. ခု .. ခုတော့ .. ကြေကွဲခြင်းအမှောင်တို့ဖြင့် ပိတ်ပိတ် ဖုံးနေရချေပြီတကား ..။

"ကိုကို .. ကိုကို .. ယုန်လေးကို သနားလိုက်တာ .. ယုန်လေး ဘယ်လောက် စိတ်ထိခိုက်နေပြီဆိုတာ ကိုကို သိ

www.burmeseclassic.com

www.burmeseclassic.com



နေရတာကိုက .. ကိုကို့ကို ပြန်နှိပ်စက်နေကြပြီ ကလေးရယ် .. မိန်းကလေးပေမို့ .. ရှက်စိတ်သည်းရင်း .. အခ်ကိုးလို့ မေးလာတဲ့ စကားကို .. ကိုကို မသိခဲ့ဘူးမဲ့ထား – ကိုကို အရိပ်တကြည့်ကြည့်နဲ့ ရှိရလွန်းတဲ့ ငွေယုန်လေးရဲ့ ရင်ကို မမြင်တတ် .. နားမလည်တတ်လောက်အောင် – ညံ့ခဲ့တဲ့ ကိုကို့ကို .. ဒီတစ်သက် ဘယ်တော့မှ ခွင့်မလွှတ်နိုင်တော့ဘူး ကလေးရယ် .. ကိုကိုလေ .. ကလေးလေးလိုကို အရိပ်တကြည့်ကြည့်နဲ့ အလိုလိုက်ရင်း ရှိလာရလေသမျှ .. ခု .. ခု .. ရင်ထဲမှာ ရှိနေတာတွေဟာ .. အချစ်တွေပါလား .. ဆိုတာ မသိလိုက်နိုင်အောင် .. ညံ့ခဲ့သမျှ – ကိုကို ခံစားနေရပြီ .. ပြီးတော့ .. ပြီးတော့ .. ယုန်လေးလဲ .. ခံစားနေရပြီ .. အဲဒါကို သိနေရတာကိုက .. ပိုဆိုးနေတယ် ယုန်ရယ် .. ယုန်လေးရယ် .. ”

နှင့် သူ စကားတွေ ရင်ထဲမှာ ပြောနေရင်း .. ပြောနေရင်းဖြင့် ဖြေဆည်မရနိုင်။

သူကိုယ်တိုင်သည် ငွေယုန့်ကို တစ်ပါးသူ၏ ရင်ခွင်ဆီသို့ အပ်နှင်းသူ ဖြစ်နေခဲ့ချေသည်တကား ..။

ငွေယုန့်ရင်ကို ကြေကွဲခြင်းတရားများ အပ်နှင်းလိုက်သူလည်း ဖြစ်နေခဲ့လျက် ..။

ထိုကြေကွဲလှောင်မြိုက်ခြင်းများသည် .. ငွေယုန်တစ်သက်တာအဖြစ် ရှိစေလောက်အောင် ရှိစေခဲ့သူသည်လည်း သူကိုယ်တိုင်ပဲ ဖြစ်နေချေသည် ..။



သူ အံကိုခဲသည် ..။ သူ .. သူ .. မပေးနိုင် ..။ ငွေယုန့်ကို မပေးနိုင် ..။ မခွဲနိုင်။ ဒါပေမဲ့ .. သူ .. သူ .. ဘာမှမတတ်နိုင်စွမ်းချေတော့ပြီပဲ ..။

သူ့လက်ချောင်းလေးတွေ .. ပန်းချီကားထက်မှာတင်၏။ လက်ချောင်းတွေ တုန်ခါနေသည်၊ ရင်သည်လည်း ဆတ်ဆတ်ခါနေသည်။ သူ့ကိုယ်သည် နည်းနည်း ယိမ်းယိုင်တုန်ခါစ ပြုလာနေပြီ ..။

ထိန်းနေသည့်ကြားမှ မျက်ရည်တွေ ကျကျလာနေသည်။ ထိန်းမရနိုင်သည့် ရှိုက်သံက လည်ချောင်းကို ကြမ်းရှစွာ နှလုံးအိမ်ဆီမှ ခုန်ပေါက်ထွက်လာလျက် နှုတ်ခမ်းများဆီမှ ပွင့်ကျလာနေပြီ ..။ သူ ငိုနေပြီ ..။ ဘယ်လိုမှ တားဆီးဟန့်တား၍ မရနိုင်လောက်အောင် .. မျက်ရည်တွေက .. သူ့ပါးပြင်ထက်ဆီမှာ စိုစွတ်နေကြပြီ ..။ သူ့ခေါင်းသည် ဘယ်ညာခွဲ့နေ၏။

မေမေ့ လက်တွေ သူ့မျက်နှာထက်မှာ ဖေးတင်လာသည်။

သူ နင့်နင့်ပါအောင် ခံစားနေရပြီဆိုတာ မေမေ သိနေသည်။ စကားတစ်ခွန်းသော်မျှ သူ မပြောပြရပါဘဲနှင့် မေမေ သိနေခဲ့ရပြီ ..။ မေမေ့လက်တွေက သူ့မျက်ရည်တို့ကို သုတ်ပေးလာနေရင်းမှ ..။ မေမေကိုယ်တိုင်သည်လည်း မျက်ရည်ကျနေချေသည်တကား ..။

ဤတစ်ကြိမ်မှာတော့ .. သူ . မေမေ့ ရင်ခွင်မှာ ခေါင်းကို တိုးဝင်လိုက်မိရင်း မှ ..

www.burmeseclassic.com

www.burmeseclassic.com



"အားလုံး သိပ်ကို နောက်ကျကုန်ပြီ မေမေ .. သိပ်ကို နောက်ကျခဲ့ပြီ .. ဘာမှ မတတ်နိုင်တော့ဘူး မေမေ .. ဘာကိုမှ .. မ .. တတ် .. နိုင်တော့ .. ဘူး .."

ဟု သူ ပြောနေမိသည်။ ရင်တစ်အုံလုံး ဆုပ်ညှစ်ထားသည်သို့ ခံစားရ၏။

နှလုံးသား သွေးကြောမျှင်တို့ ပြတ်တောက်ကုန်ပြီ ဟု ထင်နေရသည်။

***





တစ်နေ့မှာ ပွင့်လန်းလာပေလိမ့်
မျှော်လင့်စွာ စောင့်စားမှုတွေနဲ့
နှစ်များစွာ ကြာညောင်းခဲ့သော်လဲ
လွမ်းစေရာ အပြစ်များသာပဲ
ကြေကွဲကာ ဝေဒနာများတွေပြင့်
ရင်ထဲမှာခိုကာ နားလျှောသမျှ
နှမ်းလျှပြေမဆည် .. ..။

မြတ်နိုးစွာ ချစ်နေတတ်ပါရဲ့
ကြေကွဲမှာ ကြိုမသိခဲ့ပေသမို့
တစ်နေ့မှာ သူ့လက်တွေ ကမ်းလာလိမ့်မယ်လို့
မှန်းဆကာ မျှော်လင့်နေမိခဲ့လေသမျှ
နှမ်းလျှ ပြေမဆည် .. ..။



ချစ်စံအိမ် တုတုဆောက်ကာပ
ချစ်ပန်းလှာ တုတုခူးပါလို့
ချစ်စကားတွေ တုတုပြောခဲ့မဲ့ပေါ့
တနေ့ နေ့ ညင်းလေနှမှာလ

www.burmeseclassic.com

www.burmeseclassic.com



ကန်ရှေပြာ ရွှေကြာရွက်တွေကြားမှာဖြင့်
ချစ်ခြင်းလှေလှော်ကာ ခတ်မယ်လို့
မှန်းဆကာ မျှော်လင့်နေမိခဲ့လေသမျှ
(ခုကော့ကွယ် ..)
ခြော် ...
နှမ်းလျှပြေမဆည် .. ..။ ..။





## အခန်း(၁၂)

ယွန်းငွေယုန်၏ အကြည့်လေးတွေက ကိုကို ဆောက်ပေးခဲ့ပါသော ဖိုင်ဘာတုံးအိမ်လေးထက်မှာ ငြိမ်ငြိမ်သက်သက် ..။

အရာရာသည် .. ကြေကွဲခြင်းဖြင့် ပိတ်ပိတ်ဖုံးနေလျက် ..။ ထိုခံစားမှုများက ငွေယုန့်ကို ဝန်းရံလျက် ရှိနေသည်သို့ လင့်၏။

"ကိုကို ဆောက်ပေးခဲ့တဲ့ အိမ်လေး .. ကိုကို့ ကိုယ်တိုင် .. ဖျက်ပစ်ခဲ့ပြီးမှ .. ဒီအိမ်လေးဟာ .. နောက်ထပ်ဆောက်တဲ့ အိမ်လေးအဖြစ် ဒီစာကြည့်စားပွဲထက်မှ ရှိနေတာ နှစ်ကြာခဲ့ပါပြီကော ကိုကိုရယ် .. ကိုကို .. ငွေယုန့်ကို ချစ်နေတယ်လို့ ထင်မိခဲ့ .. မျှော်လင့်နေမိခဲ့တဲ့ ငွေယုန့် အဖြစ်ဟာလဲ .. ဘာထူးသလဲ ကိုကိုရယ် .. ကိုကို့ မေတ္တာအိမ်လေးအဖြစ် တစ်နေ့မှာ ငွေယုန့် နှလုံးအိမ်လေးမှာမြဲတည် .. တည်ဆောက်ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်မိခဲ့ပေမယ့် .. အဲဒီအိမ်လေး

www.burmeseclassic.com



ဟာ တကယ်တမ်းကျတော့ ဖြစ်မလာခဲ့ပါလား ကိုကို ... ကိုကို ဆောက်ပေးလာလိမ့်မယ်လို့ ထင်မိခဲ့တဲ့ မေတ္တာအိမ်လေးတစ်လုံးဟာ .. ကိုကို ဒီညနေမှာ ဖြေလိုက်တဲ့စကားတွေနဲ့ အရာရာကို ဖျက်ချလိုက်သလိုပါပဲရှင် ... ငွေယုန့်ဘဝမှာ .. ကိုကို့လက်နဲ့ တည်ဆောက်လာတဲ့ အိမ်လေးတစ်လုံးအဖြစ် .. ဦးဦးစစ .. ပထမပိုင်ဆိုင်ရသူအဖြစ်ရှိရကောင်းချေရဲ့လို့ ဘယ်လိုပဲ အပျိုငယ်ထွေး ဘဝကတည်းက .. မျှော်တလင့်လင့် ရှိခဲ့ရလေသမျှ .. ဒီနေ့တော့လေ .. ကိုကို့လက်တွေနဲ့ ဖျက်ချလိုက်တဲ့ အိမ်လေးတစ်လုံးအဖြစ် .. ငွေယုန်လေးရဲ့ ရင်တွေ အကြေကြေအမွမွနဲ့ .. မြင်နေရ .. သိနေရ .. ခံစားနေရပါတယ် ကိုကိုရယ် ..”

ငွေယုန့် မျက်ရည်တွေ ပြိုခနဲ ကျလာပါ၏။

ကိုကိုသည် .. ငွေယုန့်ကို .. ချစ်သူတစ်ယောက်အဖြစ် .. ရင်ထဲမှာ ရှိမနေသော ကိုကို ဖြစ်နေချေသည်တကား .. ငွေယုန် ရှက်ပါသည် ကိုကို ..။ ကိုကို့ကို ချစ်နေမိလွန်းပါသော ငွေယုန့် အချစ်အတွက်လည်း ကြေကွဲရပါသည်။ ငွေယုန့်ကို .. ကိုကို .. ချစ်သူအဖြစ် မချစ်ဘဲ .. ခင်ခင်တွယ်တွယ်သာ ရှိနေချိန်မှာ .. ငွေယုန်က .. ထိုခင်တွယ်အလိုလိုက်မှုများကို အချစ်ဟု မှတ်ထင်လျက် .. ရူးသွပ်စွာ ချစ်နေမိသူတစ်ယောက် ဖြစ်နေခဲ့ရပါသည် ကိုကို ..။ တစ်နေ့မှာ .. ကိုကို့နှုတ်ဆီမှ ..

“ယုန်လေးကို .. ကိုကို လက်ထပ်ပါရစေကွယ် ..”

ဟု ပြောလာမည့် ရက်လေးတစ်ရက်သည် ရင်နှင့်ကြည်နူးစဖွယ် .. ငွေယုန့် ထံမှာ ဆိုက်ရောက်လာချေလိမ့်မည်ဟု ...



...လွဲမသွေ ယုံကြည်နေမိခြင်းသည် အဘယ်မျှထိ .. ... တ်ကူးယဉ်မှုကြီးတစ်ခုအဖြစ် .. ရှိနေခဲ့ရပါပြီလဲ ..။ ထိုနေ့လေးသည် ဘယ်သောအခါတွင်မှ ရောက်မလာနိုင်တော့ပြီ ဆိုတာက သိနေရချိန်မှာ ..။ ထိုနေ့လေး ရောက်လာလျှင် ရှက်သွေးဖျန်းသော ဆမ်းထားသော အပျိုငယ်ထွေးလေးအဖြစ် .. ရှက်စနိုးလေး ..

“ဟင် .. ကိုကိုကလဲ ..”

ဟု အသံတိုးလေးနှင့် ပြောမိမှာ ..။

“ဒက်ဒီနဲ့ မာမီကို ပြောပေါ့ ကိုကို ..”

ဟု ကြားရည် ကိုကို့ကို စိတ်မဆင် ရဲစေချင်စော တစ်ခုတည်းဖြင့် .. ဖြေမိမှာတွေကို .. အတွေးဝေ နှင့် ကြိုတင် ...ဆင်တွေးထားမိလေသမျှတို့သည်လည်း ဘယ်သောအခါတွင်မှ ...က်တွေ့ဘဝမှာ ဖြစ်တည်လာနိုင်ဖွယ်ရာ မရှိတော့ပြီပဲ ..။ ကိုကို့ကို မြတ်နိုးစွာ တစ်သက်တာအတွက် လက်ထပ်ဖော်အဖြစ် မျှော်လင့်နေမိခြင်းများသည် .. အရာရာ ပျောက်ပုံသွားပြီဖြစ်သည့် မျှော်လင့်ခြင်းတရားဆိုသည့် အရာတွေနှင့်အတူ .. ကြေကြေကွဲကွဲ .. တမြည့်မြည့် ကြွေနေပြီဖြစ်သည့် နှလုံးအိမ်ဖြင့်ရင်း၍ ...လည်လိုက်ရပါချေပြီတကား ..။

ဤအတွက် ကိုကို့မှာ အပြစ်မရှိပါ ကိုကို ..။

ကိုကို့ကို .. တိတ်တခိုး ... တစ္စဲတ ပမ်းနိုင်စွာ .. ...ချစ်နေမိရပါသည့် ငွေယုန့်အချစ်များသည်လည်း အပြစ်မရှိပါ ကိုကို ..။

တကယ်က .. ကံကြမ္မာဆိုသည့် အရေကြီးကသာ .. အပြစ်ရှိနေပါသည် ကိုကိုရယ် ..။

www.burmeseclassic.com

www.burmeseclassic.com



အပြစ်မရှိသူနှစ်ယောက်၏ ခွဲခွာရခြင်းဆိုသည့် အ...
သည် .. ကံကြမ္မာကြီးကြောင့်သာ ဖြစ်ရပါသည် ကိုကို ..။

ကိုကိုသည် ငွေယုန်ကို မချစ်လေသည့် သူ...
ယောက်အဖြစ် ရှိနေသည့်အတွက်လည်း ရင်ထဲမှာ အမျက်မ...
ရပါ ကိုကို ..။

ချစ်သူတစ်ယောက်အဖြစ် ကိုကိုသည် ငွေယုန်...
မချစ်သော်လည်း အလွန်တရာကိုမှ အရိပ်တကြည့်ကြည့်နိုင်ရှာ...
ညီမငယ်လေးပမာ ချစ်နေသည်ဆိုတာကိုတော့ ငွေယုန် သိ...
နေမိရသည်မို့ ..။ ကိုကို့ကိုမှ .. မြတ်နိုးစွာ ချစ်နေမိရ .. ...
တလင့်လင့်နိုင်စွာ .. တသိမ့်သိမ့်နိုင်စွာ .. ရင်ခုန်တွယ်တာ...
ရလေသမျှတို့ဖြင့် တည်ဆောက်ထားအပ်ပါသော ငွေယုန့် ရင်...
ဆီမှ မေတ္တာစ်အိမ်လေးသိုသာ .. ငွေယုန် ဘယ်လိုမှ ပယ်ဖျော...
လိုက်နိုင်စွမ်း မရှိအောင် ဖြစ်နေရသည်မှာလည်း ငွေယုန့် နှ...
သားနုနုလေး၏ ရိုးသားနေမှုတစ်ခုအဖြစ် မှတ်ယူလိုက်ရပါသ...
ကိုကို ..။ ငွေယုန့် အကြည့်က .. ကိုကို ဆောက်ပေးခဲ့ပါသော...
အိမ်လေးထက်မှာ တန့်နေဆဲ ..။ လက်လေးတွေဖြင့် ဖွဖွထိလို...
မိရဆဲ ..။

"ဒီအိမ်လေးကို ငွေယုန် ငယ်ကတည်းက .. ချစ်လွန်း...
တသသ ထားခဲ့တာပါ ကိုကို .. အရင်ဖျက်လိုက်ရ...
အိမ်လေးအတွက် ကြေကွဲနာမြောနေရရင်း .. ဒီအိမ်...
ကိုတော့ဖြင့် .. ဘယ်တော့မှ မဖျက်ဘူးဆိုပြီး .. ...
စားပွဲပေါ်က စားပွဲခင်းလေးကိုတောင် မလဲခဲ့ဘဲ ထ...
တာပါ ကိုကိုရယ် .. ဒီလောက် အစွဲအလမ်းကြီး...



ငွေယုန့် နှလုံးအိမ်လေးဟာ .. ခုတော့ဖြိ .. ကြေကွဲမှု
တွေနဲ့ .. ငိုကြွေးနေရတာကို .. ငွေယုန့် ဘာသာပဲ ကြား
ကြားနေရတဲ့အဖြစ်ပါ ကိုကို .."

ဟုတ်သည်။ ကိုယ့်နှလုံးသားဆီမှ ငိုကြွေးသံ ..။ ငို
ရှိုက်သံ ..။

ထိုအသံတွေကို .. သွေးကြောမျှင်အနှံ့က ကြားသိ
နေရသည်။ အသိအာရုံတွေထဲကလည်း ကြားသိနေရသည်။
ဦးနှောက်ဆီကလည်း ခံစားလောင်မြိုက်နေရသည်။ နှလုံးအိမ်
လေးကဖြင့် မွမွကြေကြေ ဖြစ်နေရပြီ ..။

"ဒီအဖြစ်တွေကို .. ကိုကို မသိစေအောင် .. ငွေယုန် တစ်
သက်လုံး သိုဝှက်ထားရမှာပါ ကိုကိုရယ် .. ခု .. ခုလေ ..
မနေ့ကပဲ .. ငွေယုန်ဟာ .. ကိုဘုန်းကျော် ဆိုသူတစ်
ယောက်နဲ့ စေ့စပ်ကြောင်းလမ်းတာကို လက်ခံလိုက်ပြီဖြစ်
တဲ့ ယွန်းငွေယုန် ဖြစ်သွားခဲ့ပါပြီ ကိုကို .. ဘစ်နေ့မှာ ..
ငွေယုန် .. သူ့ကို .. လပ်ထပ်ရလိမ့်မယ် .. အဲဒါကို ..
ငွေယုန် .. တုန်လှုပ်ချောက်ချားနေပြန်ပါတယ် ကိုကိုရယ် .."

အတွေးများသည် ကြေကွဲခြင်းများ အထွဋ်ဖျားသို့
တိုင်နေပြီဖြစ်သည့် ရင်နှင့်မဆန့် ဖြစ်တည်နေကြပါသည့် အဖြစ် ..။

အကြည့်လေးတွေက .. ကိုကို ဆောက်ပေးခဲ့ပါသော
ဖိုင်ဘာအိမ်လေး ..။ ပန်းခြံ ပန်းခင်းလေး ..။ ဒရကန်ပုံရိပ်လေး
တွေထက်မှာ တန့်နေရာမှ စတင်၍ လက်ဖျားလေးတွေ တုန်ခါ
နေရင်း လှုပ်လိုက်မိရသည်က ..။ ဖိုင်ဘာအိမ်လေးကို ငွေယုန်
ကိုယ်တိုင် ဖျက်နေခြင်းပါတကား ..။ မျက်ရည်တွေ ကျလာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမိုးလေးကို ဖြုတ်လိုက်ရစဉ်ခိုက် .. ငွေယုန့် ရင်ထဲမှ မျှော်လင့်ခဲ့ပါသော ချစ်စံအိမ်လေး၏ အပိုင်းအစတစ်ခုကို .. ငွေယုန် ကိုယ်တိုင် .. ဖျက်လိုက်ရခြင်းပါလား .. ဟု ရင်ထဲမှ နာလည်နေမိရပါ၏။ ကျင်ခနဲ .. နှလုံးအိမ်ဆီမှ ခံစားရပြီ ..။

ဖိုင်ဘာတုံးလေးတွေကို တစ်ခုချင်း ဖြုတ်လိုက်ရချိန်မှာလည်း ကိုယ့်နှလုံးသား အပိုင်းအစလေးတွေကို ဖဲ့ခြွေယူနေရသည်သို့ ရှိပါ၏။

ငွေယုန် ငိုနေသည်။ ဤတစ်ကြိမ်မှာတော့ တရှိုက်ငင်ငင် ငိုနေမိရပါပြီ ..။

ငွေယုန်နှင့် တရင်းတနှီးနိုင်စွာ .. တစ်သားတည်းနိုင်စွာ .. ရှိခဲ့ရသည်မှ .. နှစ်ကာလကြာရှည်ရှိအောင် ခိုင်မာခဲ့ရပါသော ထိုအိမ်လေးသည် .. ငွေယုန့် လက်ချောင်းလေးတွေ၏ ထိတွေ့ဖယ်ရှားမှုများ နောက်ဆီသို့ တကောက်ကောက်ပါလာရရင်း ..။ တဖြုတ်ဖြုတ် ဖယ်ရှားခံနေရရင်းဖြင့်ပင် တစ်စစီတစ်ခုစီ ဖြစ်သွားကြရချေပြီတကား ..။

အရာရာသည် .. ပြီးဆုံးခြင်းသို့ တိုင်ခဲ့ချေပြီပဲ ..။

ဤအိမ်လေးကို ငွေယုန်သည် မျက်ရည်များ ပြိုကျနေရင်း ဖျက်ပစ်လိုက်ရပြီ ဆိုတာ ကိုကို သိလျှင် မည်သို့ ရှိချေမည်လဲ ..။

ကိုကိုသည် .. ငွေယုန် ဆယ့်ငါးနှစ်သမီးလောက် အရွယ်ကတည်းက .. ဤအခန်းတွင်းဆီသို့ ဝင်လာတာမျိုးမရှိခဲ့တော့ ..။ အန်တီသစ်မှ တားထားတာကြောင့်လည်း ဖြစ်နိုင်ပါ



သည်။ အရွယ်လေးတွေ ရောက်စပြုလာသည့် မိန်းသစ်ထွေး .. အရွယ်လေးတွေ တိုင်ခဲ့ကြပြီမို့ .. ဟိုးငယ်စဉ်တုန်းကလို .. ကိုကို့အခန်းသို့ .. ငွေယုန် ဈွတ်ဝင်တာမျိုး မလုပ်ဖို့ မာမီကလည်း သတိပေးဖူးသည်ကိုးလေ ..။

ကိုကို့ကိုလည်း အန်တီသစ်မှ မာမီလိုပဲ သတိပေးထားခဲ့တာ ဖြစ်နိုင်ပါ၏ ..။

ဒါကြောင့် ဤအိမ်လေးကို ငွေယုန် တသသထားတာကို .. ငွေယုန့် အပြောလေးဖြင့်ပင် နောက်ပိုင်းမှာ ကိုကို သိခဲ့ရတာလောက်ပဲ ရှိရပါ၏။

ငယ်တုန်းကတော့ .. ကိုကိုရော .. ငွေယုန်ရော .. ဤအိမ်လေးကို .. တူတူကြည့်ဖြစ်ခဲ့ကြသည် မဟုတ်ပါလား။ ကိုကိုက .. ထိုထက်လှသော အိမ်လေးတစ်လုံးကို ဆောက်ပေးမည် ဆိုတာကိုပင် ငွေယုန် လက်မခံခဲ့ ..။

ဩော် .. ခုတော့ .. ငွေယုန့်လက်ဖြင့် .. ဤအိမ်လေး အဖျက်ခံလိုက်ရချေပြီ တကား ..။ ကိုယ့်ရင်တွင်းမှ ချစ်စံအိမ်လေး .. ကိုယ့်လက်ဖြင့်ပင် .. ပျောက်ကွယ်ရချေပြီကော ကိုကိုရယ် ..။

ဖိုင်ဘာတုံးလေးတွေကို စက္ကူဘူးထဲ ပြန်ထည့်ရင်း ငွေယုန် မျက်ရည်ကျနေဆဲ ..။

ဖိုင်ဘာတုံးလေးတွေ ထည့်ထားသည့် စက္ကူဘူးကို ဗီရိုအောက်ဆုံးဆင့်မှာ ထားစဉ်ခိုက် .. ညိုညို ရောက်လာတာ ..

"ကိုကိုလေး ရောက်နေတယ် မမလေး .."

www.burmeseclassic.com

www.burmeseclassic.com



ဟု လာပြောတာမို့ ကိုကို ရွက်နုဝေသို့ ရောက်လာ
ပြီ ဆိုတာကို သိလိုက်ရပါ၏။ နောက်ကို ငွေယုန် လှည့်မကြည့်..။
ညိုဉကို .. ငွေယုန့် မျက်နှာလေး အမြင်မခံနိုင် ..။ ငွေယုန် ငို
ထားတာ သိသွားနိုင်သည်လေ ..။

"အေး ... ငွေယုန် ဆင်းလာခဲ့မယ် .."

ဟု ပြန်ဖြေလိုက်ရပါ၏။ ညိုဉ ထွက်သွားတော့
မျက်နှာကို ရေချိုးခန်းမှာ မြန်မြန်လေး သစ်ရ ..။ သနပ်ခါးလေး
သုတ်သုတ်လူးရန်ငှ့် မကြာခင်မှာပဲ အရာရာကို ဘာမှုမဖြစ်ခဲ့
ထားရသော ယွန်းငွေယုန် အဖြစ် မျက်နှာလေးထက်မှာ သနပ်ခါး
လေး ဝင်းဝင်းစင်စင်ဖြင့် ရှိသွားရပါသည့် အဖြစ် ..။

အောက်ထပ်သို့ ငွေယုန် ဆင်းခဲ့သည်။ ကိုကို့ကို
ဧည့်ခန်းမှာ မတွေ့ရ ..။ အိမ်မှာ မာမီ မရှိ ..။ ဒေါ်ကြီးဆွေနှင့်တူတူ
ဈေးသွားနေကြသည်။ ဒက်ဒီကလည်း ရွက်နုဝေအိမ်ရာဆောက်လုပ်
ရေး လုပ်ငန်းခွင်သို့ သွားလိုက်ပြီ ..။ အိမ်မှာက ညိုဉနှင့် အန်
ကယ်ဂျက်ပဲ ကျန်ပါ၏။ အန်ကယ်ဂျက်ကလည်း ဥယျာဉ်လေး
မှာ ပန်းပင်တွေနှင့် အလုပ်ရှုပ်နေလောက်ပြီ ..။

ထုံးစံအတိုင်း .. ကိုကို .. ကံ့ကော်ပင်အောက်
ရောက်နေပြီထင့် ..။ ငွေယုန် မင်းသမီးလုပ်ကသော ခုံနေရာလေး
မှာ ရှိနေမည်တု အလိုလို သိလာနေရသည်။ ထိုနေရာလေးကို
ငွေယုန်ရော ကိုကိုရော တော်တော်လေးကို သံယောဇဉ် တွယ်နေ
မိကြတာ အမှန် ..။ တိုင်ပင်ရန် မလိုဘဲ .. နှစ်ယောက်စလုံးသည်
ထိုနေရာလေးကို မြတ်နိုးခင်တွယ်နေကြပါသည့်အဖြစ် ..။ ကိုကို
သည် ထိုနေရာလေးမှာ .. ငွေယုန့်ကို သေနတ်အပစ်ခံသလိုလုပ်



၍ ခြောက်လှန့်ခဲ့ဖူးသည်။ နောက် .. ထိုနေရာလေးမှာပဲ ကိုကို
သည် .. အိမ်လေးတစ်လုံးကို .. ဖိုင်ဘာတုံးလေးတွေဖြင့် ဆောက်
ပြခဲ့ဖူးသည်။ နောက်တော့လည်း .. ထိုနေရာလေးသည် ငွေယုန်
နှင့် ကိုကို .. တူတူကစားစရာနေရာလေးလည်း ဖြစ်ခဲ့ဖူးပါ၏။
ငွေယုန် မင်းသမီးလုပ်လျှင် ကိုကိုက လူရွှင်တော်လုပ်သည်။
ငွေယုန် ဆရာမကြီးလုပ်လျှင် ကိုကို ကျောင်းသားလေးလို လက်
လေးပိုက်ရပ်ရင်း စာတွေ အလွတ်ရွတ်ပြရပ်သော တပည့်လေး
ဖြစ်ရတတ်သည်။

နောက် .. နောက် .. ငွေယုန့် အတွက် .. မွေးနေ့
လက်ဆောင်အကြိုပေးလျှင်လည်း ထိုနေရာလေးမှာပဲ ပေးပေးလာ
ခဲ့သည်မှ .. နှစ်ကာလကြာရှည် ရှိခဲ့ရချေပြီကောလေ ..။

"ကိုကိုရယ် .. ကိုကို .. ငွေယုန့်ကို မွေးနေ့လက်ဆောင်
အကြို ပေးတော့မယ်ပေါ့နော် .."

ဟု တွေးမိရင်း မျက်ရည်လည့်လာသည်။

ဤနေရာလေးမှာ .. ကိုကိုသည် .. ငွေယုန့်ကို ..
မွေးနေ့လက်ဆောင် အကြိုအဖြစ် တမြတ်တနိုးနိုင်စွာဖြင့်ပေးသော
လက်ဆောင်အဖြစ် .. နောက်ဆုံးအကြိမ် .. ပေးခြင်းသာ ဖြစ်ပါ
ချေလိမ့်မည်တည့် ..။

ငွေယုန့်ကို နောက်ခြောက်လ ကြာလျှင် ဒေါက်တာ
ဘုန်းကျော်နှင့် တခမ်းတနား လက်ထပ်ပေးကြမည်ဟု နှစ်ဖက်
မိဘများ၏ အစီအမံ ရှိနေကြသည် ဆိုတာကို မနေ့က .. အန်
ကယ်ဦးကျော်သာနှင့် အန်တီမွေးတို့ ပြန်သွားကြချိန်မှာ .. မာမီ
လာပြောပြခဲ့သည် မဟုတ်ပါလား ..။

www.burmeseclassic.com

www.burmeseclassic.com



ငွေယုန် ကုံကော်ပင်အောက်သို့ လျှောက်လာရပါ၏။ ခြေလှမ်းတိုင်းသည် နှေးနေ၏။ ယခင်နှစ်ကလို .. မွေးနေ့လက်ဆောင်ကို သိလိုဇောဖြင့် လွတ်လပ်ပေါ့ပါးစွာ .. ကြည်နူးရွှင်ပျစွာ လာခဲ့ဖူးသော ခြေလှမ်းမျိုး မဟုတ်နိုင်တော့ပြီပဲ ..။

ကိုကို့ကို လှမ်းမြင်နေရပြီ ..။ ဘေးစောင်းမကျတကျ ကိုကို ထိုင်နေသည်။ ငွေယုန် လာမည့်ဘက်ကို တမင်မကြည့်ဘဲ တစ်ဖက်ကို ငေးနေသည်များလားဟု စတင်၍ တွေးဖြစ်၏။

ဒါဆို .. ဘာကြောင့် .. ကိုကိုသည် .. ငွေယုန့်ကို မကြည့်မိအောင် ကြိုးစားနေရပါသတဲ့လဲ ..။ ငွေယုန့် မွေးနေ့အတွက် အမြဲပေးနေကျမို့ .. ကိုကို .. ခုလို လက်ဆောင်မပေးမဖြစ်၍ လာပေးခြင်းများပေလား ..။ ကိုကို့ နဖူးပြင်ပေါ် ဆံပင်တွေ ဖြိုကျနေသည်။ ရှပ်အင်္ကျီအဖြူလက်ရှည် ..။ ချည်ချောပုဆိုး အညိုကွက်စိပ်နှင့် ကိုကိုသည် ဤတစ်နေ့မှာတော့ နည်းနည်းလေး မသပ်မရပ် နိုင်နေ၏။ အင်္ကျီကြယ်သီးက ပြုတ်သည့်နေရာမှာ ပြုတ်နေသည်။ ပြန်တပ်ဖို့ ကိုကို သတိထားမိပုံမရ ..။ ရင်ဘတ်ဆီမှ ကြယ်သီးမတပ်ဘဲ ဟနေ၏။ ကိုကို့လက်မှာ နာရီပတ် မထား ..။ ခါတိုင်းလို သေသေသပ်သပ် ဝတ်စားထားသည့်ပုံမျိုး ဖြစ်မနေ ..။ ကိုကို့ အင်္ကျီလက်သည် ကြယ်သီးတပ်မထားဘဲ ဖြစ်သလို ခေါက်တင်ထားတော့မို့ တစ်ဖက်တို တစ်ဖက်ရှည် ဖြစ်နေသည်။ ကိုကို့ဘေးမှာ ငွေယုန် ရောက်သည်အထိ ကိုကိုသည် ထိုသို့ပဲ ငြိမ်ငြိမ်သက်သက် ထိုင်နေ၏။ ငွေယုန် ရောက်လာတာကိုသိနေလျက် ဘာကြောင့် ကိုကိုသည် ငွေယုန့်ကို ခါတိုင်းလို ပြုံး၍ မကြည့်နေရပါသလဲ ..။ မကြိုဘဲ ရှိနေရပါသတဲ့လဲ ..။



ကိုကို့ကို ရပ်၍ကြည့်နေခိုက် ကိုကို့အကြည့်က ဖျတ်ခနဲ ငွေယုန့်ထံ ရောက်လာသည်။ ထိုင်နေသည်မို့ ကိုကို့အကြည့်က မော့ကြည့်နေသည့် အကြည့် ..။ အတန်ကြာ ကိုကို ကြည့်နေသည်။ ဘာမျှမပြောလာ ..။

ကိုကို့ မျက်ဝန်းတွေထဲမှာ မှိန်ဖျော့ဖျော့အရိပ်တွေ ဖြတ်သန်းသွားကြသည်ဟု ငွေယုန် ထင်သည်၊ ကိုကို တစ်ချက် မှေ့ခနဲနေအောင်ကို .. အတန်ကြာမျှ ငွေယုန့်ကို ကြည့်သည်။ နောက် .. ဘေးဆီမှာ ချထားသော ကြွေရည်သုတ်စက္ကူဖြင့် ပတ်ထားပါသည့် ခပ်ပြားပြား အရာတစ်ခုကို ကြည့်သည်။

ငွေယုန် သိနေသည်။ ပန်းချီကားတစ်ချပ် ဖြစ်မည် ..။ သေချာ မှန်ပေါင်တွေ သွင်းထားသော ပန်းချီကားတစ်ချပ် ဖြစ်နိုင်သည်။

ကိုကိုပေးသော လက်ဆောင်အဖြစ် .. ငွေယုန် .. ဖွင့်ကြည့်လိုက်ချင်သည်မပါပဲ ..။ ကိုကို ထရပ်သည်။ အရှမ်းကို တည်ငြိမ်နိုင်အောင် ကြိုးစားယူနေသည့် လူတစ်ယောက်အဖြစ် ငွေယုန် သိနေပါ၏။ ကိုကို့ မျက်နှာသည် တည်ငြိမ်နေပါ၏။ ကိုယ်ကိုလည်း မတ်ထားသည်။ ဒါပေမဲ့ .. ထိုသို့မြင်နေရသည့် တည်ငြိမ်မှုသည် .. ပင်ကိုယ်မဟုတ်။ လုပ်ယူထားသော .. ကြိုးစားထားသော .. တည်ငြိမ်မှုတစ်ခု၏ ပုံရိပ် ဖြစ်နေသည် ..။

ကိုကို့မျက်ဝန်းတွေကို .. ကိုကို မချုပ်ကိုင်ထားနိုင် ..။ မလွှမ်းမိုးထားနိုင်။ ကိုကို့မျက်ဝန်းတွေ အခမ်းကို မှိန်ဖျော့နေသည် ..။ တစ်ခါမျှ .. ထိုသို့သော ညှိုးဖျော့မှိန်ကျနေသည့် မျက်ဝန်းမျိုး .. ကိုကို့ထံမှာ ငွေယုန် မတွေ့စဖူး ..။

www.burmeseclassic.com



မနေ့ညနေကလည်း ကိုကို မလာ ..။

ကိုကို ပြမည်ဆိုသော ကဗျာကိုလည်း ငွေယုန် မဖတ်ခဲ့ရ ..။

ဒေါက်တာဘုန်းကျော်တို့ ရောက်လာမည့်ကိစ္စ .. အန်တီသစ် ပြောပြထား၍ ဖြစ်မည်။ တားထား၍ ဖြစ်မည် ..။ ဒါကိုတော့ ငွေယုန် နားလည်ထားမိရပါ၏။

ဤနေ့မနက်မှာ .. ကိုကို ရောက်လာတော့ .. မနေ့က တွေ့ခဲ့သော ကိုကို မဟုတ်တော့သလို ဖြစ်နေသည်။ အို .. မဟုတ်သေး ..။ ယခင်တုန်းက တွေ့ခဲ့ရသော ကိုကို မဟုတ်တော့သလို ဖြစ်နေခြင်း ..။

ယခင်က မြင်ရသော ကိုကိုသည် .. ရယ်မောနေတတ်သော ..။ ရယ်မောစရာတွေ ပြောနေတတ်သော ..။ ပျော်ရွှင်ခြင်းများဖြင့် ဘဝကို ကျေနပ်စွာ ဖြတ်သန်းနေသော ..။ ငွေယုန်ကိုလည်း အရိပ်တကြည့်ကြည့်ဖြင့် အလိုလိုက်ဖို့တစ်ခုသာ သိသော ကိုကို အဖြစ် ရှိနေခဲ့ပါ၏။

ဤနေ့မှာ .. ကိုကိုသည် .. မြို်းမြို်းကျနေသည်သို့ ရှိနေပါသည့် အဖြစ် ..။

"ကိုကို .. ငွေယုန့်ကို .. လက်ဆောင်လာပေးတာ .. ပြီးတော့ .. နှုတ်ဆက်တာ .."

ကိုကို့နှုတ်မှ အသံတွေ ပွင့်ကျလာသည်ကလည်း အက်တက်တက် နိုင်နေ၏။

ငွေယုန့် ရင်ထဲမှာ ထိတ်ခနဲတစ်ချက် ဖြစ်သည်။



နှုတ်ဆက်တာ ..။ ဘုရားရေ ..။ ကိုကိုသည် .. ငွေယုန့်ကို လာနှုတ်ဆက်နေသည်တဲ့။ ဒါဆို .. ကိုကို .. တစ်နေရာရာသို့ သွားချေတော့မည်ပေါ့ ..။ ကိုကို့ကို မခွဲနိုင် ..။ မခွဲချင် ..။ ကိုကိုနှင့် ဝေးနေရမှာကို ရင်ထဲမှာ မခံသာ ..။ ရင်သည် ဟာခနဲ ဖြစ်၏။ ဆောက်တည်ရာ မရချင် ..။

"ကိုကို စီးပွားရေးတစ်ခုကို လုပ်ချင်နေတာ ရှိတယ်လေ .. ရှမ်းပြည်နယ်ဘက်မှာ ကိုကို သစ်သီးစည်သွပ်စက်ရုံတည်ချင်နေတာ ကြာပြီ .. အဲဒါ .. ဖေဖေ့ကို မနေ့က ကိုကို ပြောပြမိတယ် .. ဖေဖေက .. ဟိုမှာ ဖေဖေ့သူငယ်ချင်း ဦးစိုင်းနန္ဒ ဆိုတာ ရှိတယ်တဲ့ .. အဲဒီကို သွားတဲ့လေ .. နောင်တရား ဆိုတဲ့နေရာမှာ .. ကိုကို .. သစ်သီးစည်သွပ်ဘူးစက်ရုံ တည်လို့ ဖြစ်နိုင်မယ်ဆိုတာကို .. မနေ့ညကပဲ ဖေဖေက ဦးနန္ဒဆီကို ဖုန်းနဲ့ဆက်သွယ်မေးမြန်းတော့ ဟိုက ဖြေတယ်လေ .. အဲဒါ .. ကိုကို .. မနက်ဖြန်သွားမှာ .."

ဟု ကိုကို ပြောလာတော့ ..

"ဘယ်လောက် ကြာမှာလဲ ကိုကို .."

ဟု အသံတိမ်လေးဖြင့် ငွေယုန် မေးမိရပါ၏။ သွားပါနဲ့ ကိုကိုရယ် .. ဟု ပြောချင်သည်။ ဒါပေမဲ့ .. ငွေယုန် သိနေပါ၏။

ကိုကို ဤခရီးကို တမင်သွားခြင်းဟု ..။ အန်ကယ်နှင့် အန်တီသစ်တို့ကလည်း .. ကိုကို .. ထိုသို့သွားနိုင်ဖို့ .. အလိုက်သိတ်ပေး စီမံပေးခြင်းဟု ..။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် .. ကိုကိုသည် .. ဤမျှ အလျင်စလို နိုင်စွာ .. ဆိုင်းမဆင့် ဗုံမဆင့်ကြီး ကြာရိပ်မြိုင်မှ ထွက်ခွာသွားရပါသတဲ့လဲ ..။

ထိုသို့ ထွက်ခွာချိန်သည် .. ငွေယုန်ကို မကြာမလင့်မီမှာ စေ့စပ်ပွဲလုပ်မည့်ကာလ .. နှင့် တိုက်ဆိုင်လွန်းနေပြန်သည့် အဖြစ် ..။

ကိုကို့ကို မော့ခနဲ ကြည့်မိရပါ၏။ ကိုကို့လက်ထဲမှ ရှိနေသည့် လက်ဆောင်ကိုလည်း ငွေယုန် ကြည့်မိသည်။

ကိုကို ဤတစ်ကြိမ်မှာတော့ အားယူပြုံးပါ၏။ ငွေယုန့် ဆံစလေးကို သပ်ပေးသည်။

တကယ့် အစ်ကိုကြီးပမာ ..။

နောက် .. ငွေယုန့်လက်ထဲသို့ လက်ဆောင်ကို ထည့်ပေးလာပါ၏။ ငွေယုန် လက်ဆောင်ကို ပိုက်လိုက်တော့ ကိုကို တစ်ချက် ငေးစိုက်ကြည့်လာသည်။ အတန်ကြာမျှ ကြည့်သည်။ ကိုကို့ အကြည့်သည် .. နက်နက်ရှိုင်းရှိုင်း နိုင်နေ၏။ နှုတ်ဆက်ခြင်း နွယ်နေ၏။ တသသ နိုင်နေ၏။ ကြေကြေကွဲကွဲလည်း ရှိနေပြန်သည့် အဖြစ် ..။ ငွေယုန် ငိုချင်လာသည်။ ဖျတ်ခနဲ ခေါင်းကိုငုံ့အချ ငွေယုန့် မျက်ရည်ကျလာတော့ ကိုကို ငွေယုန့်ကို ငေးစိုက်ကြည့်နေတာ တစ်ခုပဲ ရှိနေလျက် ငြိမ်ခြင်းမက ငြိမ်ကျနေတာနှင့်ပဲ ကြုံရသည်။ ခါတိုင်း တစ်ခုခုကြောင့် ငွေယုန် မျက်ရည်ကျလျှင် ကိုကို့မှာ ပျာပျာသလဲ မျက်ရည်သုတ်ပေးတတ်မြဲ ..။



ကိုကို့ကို စိတ်ကောက်၍ပဲဖြစ်ဖြစ် မျက်ရည်ကျလျှင် ကိုကို့မှာ ချော့ရမော့ရ .. မျက်ရည်သုတ်ရနှင့်ပါ ..။ တစ်ခါက .. ကိုကို့ကို .. အန်ကယ့်ကစားစရာ စက်ရုံမှ အတွင်း ဧးမျိုးမလေးနှင့်အတူ ကားပေါ်မှာ မြင်ခဲ့ရစဉ်တုန်းက ဗိုလ်ချုပ်ဈေးမှ အပြန် တစ်လမ်းလုံး ဒေါလည်းပွ ..။ ကိုကို ပြန်ရောက်လာတော့လည်း .. ငွေယုန်ကို မမြင်နိုင်လောက်အောင် ရှိရုံကောင်းလားပြီ စိတ်ကောက်ရန်တွေ့ ငိုခဲ့လေသမျှ .. ကိုကို့မှာ ချော့ခဲ့ရဖူးသည် ..။ ကိုကိုတို့က ဗိုလ်ချုပ်ဈေးမှအထွက် ..။ ငွေယုန်တို့က ပစ္စည်းတွေလျှောက်ကြည့်ရင်း လှမ်းမြင်ခဲ့ရခြင်းပါ ..။ ညိုဥကတော့ မမြင် ..။ ထိုစဉ်တုန်းက ကိုကိုသည် ..

"ဖေဖေက .. ဆောက်ထားတဲ့ အရောင်းခန်းပြဆောင်နေရာတွေမှာ အလှတပ်ဖို့ ခန်းဆီးတွေ ဝယ်ဖို့ကိစ္စ .. မမြင့်နဲ့ လွှတ်တာပါ ငွေယုန်ရာ .. အလုပ်ကို နားလည်အောင် ဖေဖေ ခိုင်းနေတဲ့ကိစ္စ .. ငွေယုန် သိရက်နဲ့ကွာ .. သူက .. ကိုကို့အစ်မ အရွယ်ကြီးပါကွာ .."

ဟု ပြောနေတော့ .. အစ်မ .. အစ် ခနော် .. ဟု ငန်တို့စွာ ငွေယုန် ရန်တွေ့ခဲ့စဉ်က ကိုကို ရယ်မောနေခဲ့ဖူးသည်။ ထိုစဉ်ကတည်းက .. ကိုကိုသည် ငွေယုန့် ရင်ထဲမှ အချစ်တွေကို နားလည်ပေးသင့်ကောင်းပါသည်ကောလေ ..။ ဂန်ဘိစိတ်ဖြင့် ငိုယိုရန်တွေ့နေသမျှကို ..

"ကိုကိုက .. ဟောဒီက ငွေယုန်လေးရဲ့ .. ကိုဒင်း .. အဲ .. ကိုကို့ယောက်ဖချောကြီးကို မမြင်ရမချင်း .. ဒီတိုင်းနေမှာပါ ကောင်မလေးရဲ့ .. သူ့အစ်ကို သူများနောက် မပါစေ

www.burmeseclassic.com

www.burmeseclassic.com



ချင်တိုင်း .. ဟိုမိန်းကလေး မျက်စောင်းခဲ ဒီမိန်းကလေ
မျက်စောင်းခဲနဲ့ .. တစ်နေ့ .. ဟိုက .. ရန်ထောင်တတ်
ရင် .. ဘယ့်နှယ်လုပ်မလဲ .."

ဟု ရယ်မောမဆုံးဘဲ နောက်နေတော့ ငွေယ
ခေါ်ပွ ငိုခဲ့ဖူးသည် ..။

ဩော် .. ခုတော့ .. ထိုအဖြစ်တွေသည် .. လွ
မောဖွယ်ရာများအဖြစ် နှလုံးအိမ်ဆီဝယ် .. မှိုသိပ်စွာ ကျန်ရစ်
ချေတော့မည်သာ ..။

ကိုကိုသည် .. ငွေယုန်ကို .. ဤတစ်ကြိမ်မှာ
မျက်ရည်လည်း သုတ်ပေးမလာ။ ငေးစိုက်ကြည့်နေရင်းမှ အကြ
ကို ဖြန့်လွှဲသည်။

ခုမှ ငွေယုန် သိလာနေသည်။ ကိုကို သတိထား
ခြင်း ..။ စည်းထားနေခြင်း။ ဟုတ်သည်။ စည်း ..။ ထိုစည်
သည် .. ငွေယုန့် မျက်ရည်ကို မသုတ်ပေးဝံ့တော့အောင် ထ
နေခဲ့ပြီတကား ..။ ငွေယုန် စေ့စပ်တော့မှာ .. ကိုကို သိနေ
ပြီထင့် ..။

ဘုရားရေ ..။ ကိုကို သိသွားချေပြီထင့် ..။ အ
သစ် ပြောပြလိုက်ချေပြီလား။ မာမီက အန်တီသစ်ကို ပြောပြလ
ပြီထင့် ..။ ငွေယုန် တုန်လှုပ်လာသည်။ ကိုကို့ကို မော့ကြည့်ရ
ညှိုးဖျော့ညှိုးသိမ်နေသည့် ကိုကို့မျက်ဝန်းတွေကို မော့မကြည့်ရက်
ကြည့်လိုက်ရမှာကို တုန်လှုပ်ချောက်ချား လာနေသည်။ ကိ
သည် .. ကိုကိုသည် .. ငွေယုန် စေ့စပ်တော့မှာကို သိနေရ
အတွက် .. ဤသို့ ခံစားနေရသည်တဲ့လား ..။



ကိုကိုသည် .. ဤနေရာကို စွန့်ခွာသွားဖို့ ဆုံးဖြတ်
သူ ဖြစ်သွားရချေသည်တဲ့လား။

ငွေယုန် သိလာနေရပြီကော .. ၊ ကိုကိုသည် ..
ငွေယုန့်ကို ချစ်နေသည်ဟု အရိပ်အမြွက်သော်မျှ ပြောမလာခဲ့ ..။
ဒါကြောင့် .. အားလျော့ကြေကွဲခြင်းဖြင့် ငွေယုန်သည် ဒေါက်တာ
ဘုန်းကျော်ကို လက်ခံပါမည်ဟု မာမီ့ကို ခေါင်းညိတ်ပြလိုက်ရ
ပြီးချိန်ကျမှ ..။

ဤနေ့တွင်ကျမှ .. ကိုကို့ရင်ကို .. ငွေယုန် .. ငွေယုန်
မြင်ခွင့်ရခဲ့ချေသည်ကောလေ ..။

ကိုကိုရေ .. ဟု ငွေယုန် ဟစ်၍ခေါ်ချလိုက်ချင်
သည်။ ငိုချလိုက်ချင်သည်။ ဒါပေမဲ့ ငွေယုန် ငြိမ်ကျသွားရကာ
မျက်လွှာလေးချရင်း မျက်ရည်သာ .. ရင်နှင့်မခာနိ .. ယူကျုံးမရ..
ဖြာဖြာကျလာနေရပါသည့်အဖြစ် ..။

ကိုကို့လက်တွေ ငွေယုန့် ခေါင်းသက်မှာ ဖေးတင်
၏။ ဆံစလေးတွေကို သပ်ပေး၏။ ကိုကို ကိုယ်တိုင်သည်လည်း
လည်ချောင်းတနင့်နင့်ဖြင့် ဖြစ်နေသည်။ စကားသံထွက်ကျမလာ
နိုင်အောင် ဖြစ်နေသည်။

နောက်ဆုံး .. ကိုကို .. နေရမှ .. ဖြုတ်ဆို ..
တကယ်ကို .. ဗြုန်းစားကြီးကို .. ထွက်ခွာသွားလိုက်ပါချေ
သတည်း ..။

ထိုသို့ .. ကိုကို .. ဘာမျှမပြောတော့ဘဲ .. ပြော
မလာတော့ဘဲ .. ခေါင်းငိုက်စိုက်နှင့် ချက်ချင်းကြီး ထွက်သွားချေ
လိမ့်မည်ဟု ငွေယုန်ပင် မထင်ထားမိ ..။

www.burmeseclassic.com

www.burmeseclassic.com



ကိုကို .. တစ်ခုခုတော့ ပြောလာချေဦးမည်ဟု ထင်ထားမိသည်။

ဒါပေမဲ့ .. ကိုကို .. ကိုယ်တိုင်သည် .. ငွေယုန့်ရှေ့မှာ .. ရပ်တည်နိုင်စွမ်း မရှိသာတော့သည့်နှယ် .. မပြောနိုင်တော့သည့်နှယ် .. ကြေကြေကွဲကွဲကြီး နေရာမှ ထွက်ခွာသွားခဲ့ချေသည်တကား ..။

နေရာမှာ ငွေယုန် ရပ်နေသည်။ ကိုကိုရေ .. ဟု ခေါ်လိုက်ချင်သည်။ မသွားပါနဲ့ .. ဟု တားလိုက်ချင်သည်။

ငွေယုန် မစေ့စပ်တော့ပါဘူး ကိုကိုရဲ့ .. ဟု တောင်းပန်ချင်သည်။

ငွေယုန့် မဆင်ခြင်မှုကြောင့် .. ဒီအဖြစ်တွေ .. ဖြစ်လာရတာပါ ကိုကို .. ဟု ကလေးလို ငိုချရင်း နောက်မှတကောက်ကောက် ပြေးလိုက်သွားချင်နေသည်။

ဒါပေမဲ့ .. လူကြီးတွေချင်း စကားတည်ထားပြီးဖြစ်သည့်ကိစ္စကို .. ကလေးကလားနိုင်စွာ ဖျက်ပစ်တာမျိုး လုပ်အပ်တာကို သိနေရသည့် အသိတရားတစ်ခုတည်းဖြင့်ပင် ဦးနှောက်ဖြင့် နှလုံးအိမ်ကို တားထားရပါသည့် အဖြစ် ..။

နှလုံးအိမ်လေးကဖြင့် .. သွေးတွေစက်စက်ကျမျှ .. နာကျင်နေရသည်သို့ ရှိနေရပါသည် ကိုကို ..။

ရှိနေရပါသည်ကော ကိုကိုရယ် ..။

အရာရာသည် .. နှောက်အကျကြီးကျစွာ .. နှလုံးအိမ်တွင်းဆီမှ အဖြစ်များကို .. တစ်ယောက်၏ ရင် တစ်ယောက် မြင်ရသည်သို့ ရှိခဲ့ရချေပြီမို့ ...။



နှောက်အကျကြီး ကျခဲ့ချေပြီကော .. ဟုသာ .. ရင်နာလျက်သီ ..။ သြော် .. ရင်နာလျက်သာ .. ဇေးကြည့်ကျန်ခဲ့ရပါပြီကော ကိုကိုရယ် ..။

***

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

ကုံကော်ပင်စည်ကိုပတ်၍ ရိုက်ထားသော ကွပ်ပျစ်ခုံတန်းတွင် ယွန်းငွေယုန် ထိုင်နေရင်း ငြိမ်သက်စွာပဲ ဒေါက်တာဘုန်းကျော် ပြောနေသမျှကို နားထောင်နေမိရပါ၏။ စေ့စပ်ပွဲဖြစ်မြောက်ခဲ့ပြီ ဖြစ်ပါသော ဒေါက်တာဘုန်းကျော် ဆိုတာ ငွေယုန် လက်ထပ်ရမည့် လူတစ်ယောက်အဖြစ် လူသိရှင်ကြားရှိခဲ့ပြီးပြီ ..။ ကိုဘုန်းကျော်ကို ကိုကြီးဟု ခေါ်ရမည်ဟု မာမီကပြောသည်မို့ ကိုကြီးဟုပင် ခေါ်နေရတာက အသားတဲ့ကျ ရှိနေခဲ့ပြီး ဖြစ်ပါသည့် အဖြစ် ..။

ကိုကို့ကို သတိရနေစိတ်တွေ လွမ်းမိုးအုပ်စည်းခြင်းခံနေရပါသည့် ယွန်းငွေယုန် ဆိုတာ တစ်နေ့မှာ လက်ထပ်ရချေမည့်သူ တစ်ယောက်ကို .. ကိုကြီးဟု ခေါ်နေရင်း .. ကိုကို့ကိုပင် လွမ်းဆွတ်နေမိတာတတ်ခြင်းများကို .. သစ္စာမဲ့မှုဟု ခေါ်ချေနိုင်မည်ဆိုလျှင် .. ငွေယုန့်မှာ အပြစ်ရှိပါသည်လေ။ ဒါပေမဲ့ .. နှလုံးအိမ်နနစင်စင်လေး ဆိုသည်မျိုးက .. သူချစ်နေသည့် သူတစ်ယောက်



ကို .. မမေ့နိုင်စွမ်းဘဲ ရှိနေရလေသမျှ .. ဦးနှောက်က ဘယ်လောက်ပင် ဟန့်တားနေနေ .. ရင်ထဲက အချစ်ဆိုသည့်အရာကို ဖျောက်မရနိုင်ဘဲ ရှိနေလေသမျှ .. ငွေယုန်သည်လည်း ဟွန်းမလှန်သာနိုင်စွမ်းပါချေသည့် အဖြစ် ..။

ကိုကြီးနှင့် လက်ထပ်ရမည့် ကာလသည် တစ်လတာမျှပဲ ကျန်တော့သည့် ဤကာလမှာ ကိုကြီး ပြောလာမည့်စကားတွေကို ခုလိုကြားလာရချေလိမ့်မည်ဟု ငွေယုန်သည်လည်း မမျှော်သင့်ခဲ့ ..။ အို .. ဒက်ဒီနှင့် မာမီသည်လည်း မျှော်လင့်ထားကြချမည် မဟုတ်။ အဆုံးစွန် .. ကိုကြီး၏ဖေဖေ မေမေ .. ဘာဘကျော်နှင့်အန်တီမွေးတို့ပင် သိနိုင်ကြချေစွမ်းလိမ့်မည်မဟုတ် ..။ ထိုစကားကို ကြားကြချေလျှင် တုန်လှုပ်ချောက်ချားကြချေလိမ့်မည် ..။ ကြေကွဲငိုကြွေးကြချေလိမ့်မည် ..။

ငွေယုန် ကိုယ်တိုင်ဝင်လျှင် ရင်ထဲမှာ ထိခိုက်ရပါ၏။ ဘာပဲဖြစ်ဖြစ် .. ကိုကြီးကို လက်ထပ်ဖို့ ခေါင်းညိတ်လိုက်ပြီးသည့် နောက်မှာ .. ကိုကြီးသည် ငွေယုန့်အပေါ် .. အရမ်းကို ဂရုတစိုက်နှင့် အလေးတယူ ထားခဲ့သည့်သူတစ်ယောက်တော့ ဖြစ်ချေသည်မှာ အမှန်ပါ။ လူကြီးဆန်လျက် .. ငွေယုန့်ကို အလေးလေးတစ်ယောက်နယ်ထားကာ အမြဲဦးစားပေးတတ်သည့် ကိုကြီး၏ မေတ္တာကိုလည်း ငွေယုန် သိနေရသည်ပါပဲ ..။

ငွေယုန် စေ့စပ်ပွဲ မဖြစ်မြောက်ခင်ကတည်းက .. ဘာရိပ်မြိုင်မှ ပျောက်ကွယ်သွားခဲ့ပါသော ကိုကိုသည် .. ရှမ်းပြည်နယ် နောင်တရားမြို့မှနေ၍ .. ငွေယုန့် စေ့စပ်ပွဲအတွက် ဆုပေးသော ကြေပန်းခြင်းလေးတစ်ခုကို .. တကူးတက .. လူယုံဖြင့်ပို့

www.burmeseclassic.com

www.burmeseclassic.com



စေခဲ့ပါ၏။ တကယ့်ကို လှသည့်ပန်းခြင်းလေးပါ ..။ ကြွေဖြင့် သွန်းလောင်းထားသော ပန်းခြင်းလေးထဲမှာလည်း လှပသော နှင်းဆီဖူး နှင်းဆီပွင့် ရောင်စုံတို့သည် ကြွေသားတို့အတိဖြင့် အရွက်အခက်စိမ်းလေးတွေနှင့်အတူ ရှိနေကြပါချေသည်။ ပန်းရွက်လေးတွေ ပန်းဖူးပန်းခက်လေးတွေ .. ပန်းပွင့်ပန်းခိုင်လေးတွေ အားလုံးသည် ကြွေသားတွေနှင့်ချည်းပါ ..။ တစ်သက်တာ တယုတယ ဂရုတစိုက် ထားလေသမျှ .. ထိုကြွေပန်းခြင်း .. ကြွေပန်းခိုင်တို့သည် .. ရှည်ကြာခိုင်မြဲစွာ လှလှပပ ရှိချေမည်မို့ ..။ ငွေယုန့် အတွက် .. လှပသော .. ခိုင်မြဲသော မေတ္တာဖြင့် ပေးပို့လာသော ပန်းခြင်းလေးလည်းဖြစ်ကာ .. ငွေယုန့် ဘဝတစ်သက်တာသည်လည်း လှပသော ဘဝခရီးအဖြစ် ရှိစေဖို့ ရည်ရွယ်၍ ကိုကိုပို့ပေး ရှာချေမှန်း ငွေယုန် သိခဲ့သည်ပါပဲ ..။

စည်သွပ်ဘူးစက်ရုံ တည်နေပြီဖြစ်ပါသည့် ကိုကိုသည် .. အလုပ်ကို အကြောင်းပြု၍ .. နောင်တရား ဆိုသည့် ရှမ်းမြေမြင့်ဆီမှ နေရာဒေသတစ်ခုမှာ ရှိနေအောင် တမင် နေနေခြင်း ဆိုတာ ငွေယုန် သိပါသည်။ ကိုကို့ မန်နေဂျာလည်းဖြစ် .. လူယုံလည်း ဖြစ်ပါသည့် ဦးစိုင်းနောင် ဆိုသည့်သူနှင့် ထိုဝန်းခြင်းလှလှကို တကူးတက .. တကန်တက .. ဗင်ကားဖြူလေးဖြင့် ပို့စေခဲ့ပေမယ့် ..။ ကိုကိုသည် ငွေယုန့် စေ့စပ်ပွဲကိုဖြင့် ရောက်မလာနိုင်ခဲ့ပါ ..။ ရောက်မလာဖြစ်ခဲ့ပါ ..။ ကိုကို့ ရင်ထဲမှာ ကြေကွဲနေကြချေမည် ဆိုတာ သိနေရင်း ..။

ငွေယုန်သည် ကြေကွဲနာကျင်နေသော နှလုံးအိမ်လေးကို ထိန်းချုပ်နေရရင်းဖြင့် ကိုကြီးနှင့် စေ့စပ်ပွဲတစ်ခုသည်



လူသူတို့ကိုဖိတ်၍ .. ဧည့်ခွက်နဝေမှာပင် .. တခမ်းတနားကြီး ဖြစ်မြောက်ခဲ့ရပြီးလျက် ..။

မင်္ဂလာပွဲသည် .. စေ့စပ်ပွဲထက် ပို၍ပင် တခမ်းတနားကြီး ဖြစ်မြောက်လာရချေလိမ့်မည်ဟု .. စီမံထားကြလေသမျှ ..။

ခုတော့ဖြင့် .. ထိုအရာတွေသည်လည်း ပြောင်းလဲရချေဦးတော့မည်တကား ..။ ကိုကြီးကို ငွေယုန် ကြည့်မိရပါ၏။ ငွေယုန့်ကို ကျောပေးထားလျက်ဖြင့် ကိုကြီးသည် လှမ်းလင့်တွေ့မြင်ရာ ဥယျာဉ်ဆီသို့ အကြည့်ကို တန့်ထားသည်။ ငြိမ်သက်နေသည့် ကိုကြီးကို ငွေယုန် သနားစိတ်ဖြင့် ကြည့်နေမိရဆဲ ..။

"တော်မီ အိတ်စ်ဖြစ်ပြီး ဆုံးပြီဆိုတာ သိရချိန်မှာ ကိုကြီးရင်ထဲ ကိုယ့်ကိုယ်ကိုယ် တုန်လှုပ်မှုနဲ့အတူ သံသယဖြစ်မိတယ် .. ကိုကြီး ဘာလုပ်သင့်တယ် ဆိုတာကိုလဲ ဆရာဝန်တစ်ယောက်အနေနဲ့ .. သိနေတယ် .. တော်မီနဲ့ကိုကြီး .. လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က .. ပြင်ဦးလွင်မြို့ကို အလည်သဘော ခရီးထွက်ခဲ့ကြတယ် .. သူက .. နိုင်ငံခြားသဘောတစ်ခုမှာ ကပ္ပတိန်လေ . သူငယ်ချင်းဆိုတော့ .. သူ ဒီကိုပြန်ရောက်လာတုန်း .. သူက တူတူလည်ချင်တယ် ဆိုတာနဲ့ .. ကိုကြီးလဲ လိုက်သွားမိတယ်လေ .. လမ်းမှာ သူက ကားမောင်းတာ .. ကိုကြီးက ဘေးကလိုက်လာတာ .. တစ်ချက် ကိုကြီး ငိုက်သွားတယ် .. ကိုကြီး အထိတ်တလန့်နဲ့ လန့်နိုးခဲ့ရတာက .. တစ်ခုခုတော့ ကားအက်ဆီးဒင့် ဖြစ်ပြီဆိုတဲ့ အသံနဲ့တူတူပါပဲ

www.burmeseclassic.com



ငွေယုန်လေး .. ကိုယ်ကြီးရဲ့ ကိုယ်ကြီးဟာ ဆီးဖြူသီးလိုပဲ ကားထဲမှာ ဒလူးဒလိမ့် ဖြစ်နေတယ် .. ကားကတောင် စောင်းလေးအတိုင်း လိမ့်ဆင်းလူးလိမ့်နေတာ .. ကားရပ်သွားတော့ ကားထဲက တိုးထွက်ခဲ့တယ် .. ကိုကြီးမှာလဲ ဒဏ်ရာတွေနဲ့ .. ခေါင်းကိုလဲ ထိထားတယ် .. လက်မှာလဲ ဘာတွေနဲ့ ထိခတ်ဆွဲခြစ်ချ ခံလိုက်ရတယ် မသိဘူး .. ဒဏ်ရာနဲ့ .. သွေးတွေနဲ့ .. တော်မီကတော့ ခေါင်းကိုထိထားတယ် .. ကိုယ်လဲမလှုပ်နိုင်ဘူး .. ကိုကြီး သူ့ကိုလဲ ကားထဲက ဆွဲထုတ်ရတာ .. သူ သတိတော့ ရှိနေတယ် .. ဟိုဘက်က .. မူးပြီးမောင်းလာတဲ့ကားကို သူ ရှောင်တယ်တဲ့ .. ဟိုက ဝင်တိုက်တာတဲ့ .. တိုက်ပြီး ပြေးတာပဲတဲ့ .. ဒါကို သူ ပြောပြနေတယ် .. ကိုကြီးက .. သူ့ခေါင်းက သွေးတွေကို .. ကိုကြီးရဲ့ အပေါ်ရှပ်အကျႌ ဆွဲဆုတ်ပြီး စည်းပေးတယ် .. သူ့သွေး ကိုယ့်သွေး အားလုံး ကိုကြီး လက်မှာ ပေလူးနေတာပဲ .."

ကိုကြီးမှ စောစောက ပြောပြခဲ့သော အဖြစ်တစ်ခု၏ အကြောင်းရင်းခံကိုပါ ကြေကြေကွဲကွဲကြီး ရှင်းပြနေခြင်းပါ ..။

"ခရီး ထွက်လာတာဆိုတော့ .. ဘယ်လို လက်အိတ်တွေ ဘာတွေ ရှိနိုင်ပါ့မလဲ .. ပြီးတော့ .. ကိုကြီးက ဆရာဝန် တစ်ယောက်လေ .. သူ့ကို .. ဒဏ်ရာတွေ စည်းနှောင်ပေး .. ခါးဆစ်အရမ်းထိထား နာနေတာမို့ .. ကိုကြီးပဲ ထမ်းပွေ့ ခေါ်နဲ့ ရှိခဲ့တာ .. လူတွေလဲ လှမ်းမြင်ကြတာ ရှိတာမို့ ကားတွေရပ် .. ဆင်းလာကူညီပေးကြတာမို့ .. ကိုကြီးတို့



ပြင်ဦးလွင်ဆေးရုံကို ရောက်ကြရတယ်လေ .. အဲဒီအဖြစ်ကို .. ဖေဖေနဲ့ မေမေတို့ စိတ်ပူမှာစိုးလို့တောင် အကြောင်းမကြားဘဲ ထားခဲ့ကြတာ .. သက်သာမှ ပြန်လာကြမှ .. အိမ်က သိကြရတာ .. အဲဒီအချိန်ကျတော့လဲ .. တော်မီရော .. ကိုကြီးရော .. ပြန်ကောင်းနေကြပြီဆိုတော့ .. ဒီကိစ္စကို .. မေ့မေ့ပျောက်ပျောက်ပဲ ရှိခဲ့ကြတာ အားလုံးပါပဲ .."

ကိုကြီး သက်ပြင်းရှိုက်သည်။ ယနေ့တိုင် ကိုကြီး ငွေယုန့်ကို ထပ်ကြည့်မလာသေး။

"တော်မီ နောက်တစ်ခေါက် သဘောပြန်ထွက်တယ် .. နောက်တော့ .. ဒီကိုပြန်ရောက်မလာနိုင်တော့ပါဘူး .. ဟိုမှာ အိတ်(ချ်)စ်ရောဂါဖြစ်ပြီး ဆုံးတယ်ဆိုတာပဲ .. ကြားရတော့တာ .. ကိုကြီး .. အဲဒါကို ကြားရချင်းချင်း ရင်ထဲမှာ တုန်လှုပ်တယ် .. အဲဒီအချိန်မှာက .. ငွေယုန်နဲ့ ကိုကြီးက စေ့စပ်ပြီးနေပြီ .. ဒါကြောင့် .. ကိုကြီး အဲဒီသတင်းကြားကြားချင်း သွေးစစ်တယ် .. ခု .. အဖြေသိရပြီ .. ကိုကြီးမှာ အိပ်ချ်အိုင်ဗီ ပေါ့စတစ်ဖြစ်နေတယ် .. ကိုကြီး .. ဘာလုပ်သင့်သလဲ ငွေယုန် .. ဟင် .."

ကိုကြီး၏ကိုယ်ကြီး ခုတစ်ကြိမ်မှာတော့ ငွေယုန့်ဘက် လှည့်လာသည်။ မျက်ခုံးထူထူ ..။ အရပ်မြင့်မြင့်ကြီးနှင့် ကိုကြီး ..။ ဆရာဝန်တစ်ယောက်၏ နူးညံ့သော နှလုံးသား၏ အရိပ်ကို .. ကိုကြီး၏ သိမ်မွေ့သော မျက်ဝန်းများဖြင့် သိနိုင်စွမ်းပါ၏။ ခု .. ထိုမျက်ဝန်းတွေထဲမှာ ကြေကွဲနေသည့် အရိပ်တွေ

www.burmeseclassic.com



ပြည့်သိပ်နေသည်။ ထိခိုက်ခံစားနေရသည့် အရိပ်တွေ အုပ်စီးနေသည်။ ယူကျုံးမရ ဖြစ်နေရသည့် အရိပ်တွေ လွှမ်းမိုးနေသည်။

“ကိုကြီး .. တော်မီနဲ့မှ ခရီးတူတူ ထွက်မိရလေချင်ငွေယုန်ရယ် .. ဟာင် ..”

ဟု တစ်ချက်ညည်းသည်။ ညည်းသံသည် .. အရာရာကို .. ဆုံးရှုံးနေနှင့်ရသူ တစ်ယောက်၏ လေငွေ့များဖြင့် ပြည့်သိပ်နေကြပါချေ၏။ ငွေယုန် ကိုကြီးကို ကြည့်နေမိရဆဲ။

“ဒီအဖြစ်ကို .. ကိုကြီး .. ဒီကအပြန်မှာ .. ဖေဖေနဲ့ မေမေကို အသိပေးမယ် ငွေယုန် .. ကိုကြီး အားလုံးအပေါ်မှာ ရီးသားချင်တယ် .. တာဝန်ကျေချင်တယ် .. ဒုက္ခလဲမပေးချင်ဘူး .. အထူးသဖြင့် အလွန်တရာကိုမှ အပြစ်ကင်းစင်ပြီး .. ကိုကြီး အရမ်းကိုလဲ ချစ်မြတ်နိုးရတဲ့ .. ငွေယုန်လေးအပေါ်မှာ ရီးသားချင်တယ် .. ဒုက္ခမပေးရက်ဘူး ..”

ဟု ပြောလာသံတွင် အသံတွေ လှိုက်ခါနေသည်။ ဤစကားကို ပြောနေရသည့်အတွက် ကိုကြီး ကိုယ်တိုင်သည်လည်း နှလုံးအိမ်တွေ နာကျင်နေကြပါချေလိမ့်မည် ..။ နားထောင်နေရသည့် ငွေယုန်ပင် ရင်ထဲမကောင်းနိုင် ..။ မျက်ရည်လည်နေရပြီ ..။

စိတ်ထားမြင့်မြတ် တည်ကြည်လှပါသော ကိုကြီး၏ ဘဝကို .. ဤအဖြစ်မျိုးဖြင့် မကြုံစေချင် ..။

ကိုကြီးမှာ အမှားမရှိပါဘဲလျက် .. ဖြစ်တည်ရင်ဆိုင်နေရပါသည့် ဤရောဂါဆိုးကြီးကိုလည်း ထွက်ခွာသွားလိုက်စေချင်ပါသည် ..။



“ဒီစကားကို .. ကိုကြီး .. ပထမဆုံး အသိပေးပြောတဲ့သူဟာ .. ငွေယုန်ပဲ .. ငွေယုန့်ကို အသိပေးပြီးမှ .. ဒီကအပြန်မှ .. ကိုကြီးဖေဖေနဲ့ မေမေ့ကို အသိပေးရမှာ .. ကံကြမ္မာဆိုတာကို .. ကိုကြီး မယုံချင်ဘူး .. ါပေမဲ့ .. မယုံလို့ မရတော့ဘူး ငွေယုန် .. ကိုကြီး အရမ်းမြတ်နိုးတဲ့ငွေယုန်နဲ့ မလွဲမသွေ ဘဝတစ်ခုကို ထူထောင်ဖြစ်ရမယ်လို့ယုံကြည်ထားမိတဲ့ ကံကြမ္မာကို .. ကိုကြီးဘက်က .. အတိအကျ မပြောင်းလဲနိုင်တဲ့ အရာအဖြစ် .. မှတ်ယူထားမိတာ .. အဲဒါကို .. ကံကြမ္မာဆိုတဲ့ အရာက .. လှောင်ပြောင်လိုက်နိုင်ခဲ့ပြီ .. ပြောင်းလဲစေနိုင်ခဲ့ပြီ .. အဲဒီလိုပြောင်းလဲနိုင်ခဲ့တဲ့ အဖြစ်ကြီးကို .. ကိုကြီး ဘယ်လိုမှငြင်းဆန်လို့ မရနိုင်တော့ဘူး ငွေယုန် .. ကိုကြီးမှာ ရွေးချယ်စရာလမ်း မရှိဘူး၊ ဒီတော့ ..”

ကိုကြီး ငွေယုန့် ဘေးမှာ ထိုင်သည်။ ငွေယုန့်ကို တစိမ့်စိမ့်မျှ ကြည့်သည်။ အတန်ကြာသည်အထိ ကြည့်သည်။ မျက်ရည်လေးတွေ လည်နေသည့် ငွေယုန့် မျက်နှာနုနုလေးကို တစ်ချက်တာမျှအတွက် မှတ်ယူ၍ ကြည့်သည့် အကြည့်နှင့်တူနေသည်။ ငွေယုန် ကိုယ်တိုင်သည်လည်း ကံကြမ္မာဆိုတာကြီးကို ဘယ်လိုမှ .. အားကိုးမရဲတော့သလိုကြီး ဖြစ်ဖြစ်လာနေရင်းဖြင့် ကိုကြီးကို သနားမျက်ရည်တွေ တလဲ့လဲ့ လည်နေရင်းမှ မော့ကြည့်နေမိရပါသည့် အဖြစ် ..။ ကိုကြီး အားယူ၍ ပြုံးရသည်။

အပြုံးသည် .. ဘဝဇာတ်ဆရာ၏ အစီအမံအတိုင်းကို လည်စင်းခံပေးလိုက်ရပါသည့် သိုးငယ်တစ်ကောင်၏ ခံစား

www.burmeseclassic.com

www.burmeseclassic.com



မှုမျက်ဝန်းများဖြင့် ယှဉ်တွဲနေသည့် အပြုံးမျိုး ဖြစ်နေသည် ဆိုးဝါးစွာ ထိခိုက်ခံစားနေရသည့် သူတစ်ယောက်၏ အသက်မ သော အပြုံးမျိုး ဖြစ်နေသည်။ စိတ်ဓာတ်အရာ ချုံးချုံးကျ ခံစား နေရသူ တစ်ယောက်၏ မျက်နှာနှင့် အားယူသည့် အပြုံးဖျော့ ပထမဆုံးအကြိမ်အဖြစ် .. ကိုကြီး၏ မျက်နှာထက်မှာ ငွေယု တွေ့ရှိနေရပါ၏။

"ကိုကြီးအတွက် .. ငွေယုန် မျက်ရည်လည်နေတဲ့အတွက် ကိုကြီး ကျေးဇူးတင်ပါတယ်ကွယ် .. ဘာကြောင့်ပဲ ပေးရ .. ကိုကြီးအတွက် ငွေယုန်လေး ခုလို .. မျှဝေခံစား ပေး .. မျက်ရည်တွေ ကျလာပေးတဲ့အတွက် .. ကိုကြီး ဖြေသာပါတယ် .. ကိုကြီးနဲ့ အနီးတကပ် ရှိနေရ အတွက် .. တုန်လှုပ်ရှောင်ဖယ်ချင်နေတာမျိုးတွေ ငွေယု လေး လုပ်မလာတဲ့အတွက်လဲ .. ကိုကြီး ကျေးဇူးတင် တယ် .."

ဟု ပြောလာရင်းမှ .. ကိုကြီး၏ လက်တွေ ငွေယုန့် ဆံစလေးတွေကို သပ်တင်ပေးလာပါ၏။

"ကိုကြီး .. ချစ်လိုက်ရတာ ကလေးရယ် .. ဟင် .."

ဟု တစ်ချက် ရင်ကိုဖွင့်၍ ညည်းသည်။ ချက်ချင် ကိုယ်ကို ပြန်မတ်၏။ ဤတစ်ကြိမ်မှာ ကိုကြီး မျက်ရည်လည် သည်။ အသက်ကို အားစိုက်ရှူနေရသည်ကိုက .. ပင်ပင်ပန်းပန်း နိုင်လှပါသည့်အဖြစ်။ မျက်ရည်မကျအောင် ထိန်းနေခြင်းပါလား ဟု ငွေယုန် နားလည်လာရချိန်မှာ ငွေယုန့် မျက်ရည်တွေ ကျကျလာနေကြပါသည့် အဖြစ် ..။



"ကိုကြီးတို့ရဲ့ ခေစစ်ပွဲကို .. နှစ်ဦးသဘောတူ ဖျက်သိမ်း ခြင်းအဖြစ် လာမယ့်ရက်ပိုင်းအတွင်းမှာ သတင်းစာမှာပါ လာရလိမ့်မယ် ငွေယုန် .. အဲဒီအတွက် .. ကိုကြီး စိတ်ချ ပါ့မယ် .."

ဟု စကားကို အနိုင်နိုင် အားယူပြောရှာ၏။ ကိုကြီး၏ နဖူးပြင်ပေါ် ဆံစတို့ ဝဲပြိုကျနေသည်။ အံခဲထားရင်း မှ အားယူ၍ ပြုံးပြရှာပါသည့် ကိုကြီး၏လက်ကို ငွေယုန် ခပ်ဖွ ဖွ ဖေးကိုင်ကာ ..

"ဖြစ်ရလေ ကိုကြီးရယ် .."

ဟု တိုးသဲ့သဲ့ ပြောမိရပါ၏။ ကိုကြီး၏ လက်တွေ က အလိုက်သင့် ပြန်၍ ငွေယုန့် လက်လေးပေါ် ထွေးအုပ်ဖေး တင်ထားပါ၏။

"လူကြီးတွေစီမံလို့ ကိုကြီးနဲ့ ခေစစ်ခဲ့ရပေမယ့် .. ကိုကြီး အပေါ်မှာ အစ်ကိုကြီးတစ်ယောက်လို .. ငွေယုန် သံယောဇဉ် ရှိလာမိရတာကိုတော့ ကိုကြီး ယုံပါ .."

ဟု ရင်ထဲမှသာ ငွေယုန် ပြောမိရပါသည့်အဖြစ် ..။ ခုလို .. ကိုကြီးမှာ ထိုရောဂါဆိုးကြီး ရှိနေပြီဆိုတာ သိရတော့ ရင်ထဲမှာ ဘယ်လိုမှ မကောင်းနိုင်။ စိတ်ထိခိုက်ရသည်သာ။

"ကိုကြီး သွားမယ် ငွေယုန် .. ခေစစ်ပွဲ ဖျက်သိမ်းကြောင်း ပါလာပြီးတဲ့နောက်မှာ .. ကိုကြီး .. အေးချမ်းပြီး လူသိ အရောက်နည်းတဲ့ ဒေသတစ်ခုခုကိုပဲဖြစ်ဖြစ် .. သွားနေ လိုက်ဖို့လဲ ဆုံးဖြတ်ထားတယ် ငွေယုန် .. ကိုကြီး ..

www.burmeseclassic.com

www.burmeseclassic.com



ငွေယုန်ကို .. ဒီနေ့မှာ .. ဒီအချိန်မှာကတည်းက .. နှုတ်ဆက်ခဲ့ပါတယ်ကွယ် .. လိမ္မာနော် ကလေး ..”

ဟု ထပ်၍ ဆံစလေးတွေကို ကိုကြီး သပ်ပေးကာ .. နေရာမှ ချာခနဲ လှည့်ထွက်သွားစဉ်ခိုက် ငွေယုန် ထိုင်နေရင်း မျက်ရည်ဝေရင်း ငေးကြည့်ကျန်ခဲ့ရပါ၏။

ဤအဖြစ်ကို .. ဒက်ဒီနှင့် မာမီကို ပြောပြရမည့် တာဝန်တစ်ခုသည် .. ငွေယုန့်ထံမှာ ရှိလာနေပြီဆိုတာ နားလည်လာမိရပါ၏။

ကိုကြီးကိုယ်တိုင်က ပြောပြနေခြင်းထက် .. ငွေယုန်ကပဲ ပြောပြသင့်လှပါသည်။

ကိုကြီး ခမျာ .. ကိုယ်တိုင် .. ပြောရန် အားအင်ပင် ကျန်နိုင်စွမ်းချေတော့မည်မှ မဟုတ်ချေပဲလေ ..။

ငွေယုန် .. ထိုင်နေရင်း .. ငြိမ်သက်စွာ .. မျက်ရည်ကျနေမိရပါ၏။

ကိုကြီးကို .. သနားနေမိရပါ၏။

လျှောက်သင့်သည့်လမ်း .. ဆုံးဖြတ်သင့်သည့်အဖြစ်တစ်ခုအတွက် .. ရင်ကိုရင်း၍ အပြေချပေးခဲ့သော ကိုကြီး၏ လေးနက်တည်ကြည်မှုကိုလည်း .. လေးစားသနားမိရပါချေသည့်အဖြစ် ..။

ကိုကြီး၏ ကားလေးကဖြင့် ခြံအဝင်တံခါးဆီမှ .. ထွက်ခွာသွားခဲ့ချေပြီတကား ..။

* * *



## အခန်း(၁၄)

သူ့အကြည့်က လှမ်းလင့်မြင်ရာ တော...င်ကုန်းထက်...ာ တန့်နေသည်။ လဝန်းဝန်းက တောင်ကုန်းနှင့် မလှမ်းမကမ်း...ရှိနေသည့် ဝါးရုံတောရှိ ထိပ်ဖျားနေရာမှာ မေ ဖျားထိ၍နား...နေသည်သို့ ရှိချေ၏။

လွင်သာသော လရောင်သည် ရှမ်းပြေမြင့်၏ အလှ...ရားများကို ရှာဖွေဖော်ကျူးရင်း ဂုဏ်တင့်နေသည့်နှယ်ပါတည့် ..။

သူ့စက်ရုံတည်ရာ ကွင်းပြင်ကျယ် .. မွှင်ပြင်ကျယ်...ကြီးသည့် စမ်းပေါက်တစ်ခုနှင့် နီးသောနေရာ၌ရှိကာ ..။ သစ်တော...  လိမ္မော်ခြံများနှင့်လည်း နီးသောနေရာတစ်ခု ဖြစ်ပါ၏။...ကော်မွှန်ခြံများနှင့် လေ့ကားထစ် စပါးခင်းများ .. အာလူးခင်းများ...နှင့် ဂျုံခင်းများသည်လည်း သူ၏ နှစ်ထပ်အဆောက်အအုံအပေါ်...ထပ်ဆီမှ လှမ်းလင့်ကြည့်လိုက်လျှင် တမျှော်တခေါ်ကြီး ထင်ပြန့်...လျားမျှ ..

www.burmeseclassic.com

www.burmeseclassic.com



လရောင်အောက်တွင် မျက်စိတဆုံး ရှိနေကြပါချေသည်တည့် ..။

နောင်တရား၏ အလှသည် .. လရောင်နှင့်အတူ .. သူ့ရင်သို့ ဆွတ်ပျံ့စွာ တိုးဝင်၏။

သြော် .. လွမ်းတဲ့ခြင်းများကိုလည်း သူ့ရင်ဆီသို့ ပို့လင့်၏။ ဟုတ်သည်။ လွမ်းတသသဖြင့် လွမ်းတရပါသည် ယွန်းငွေယုန် ..။

သူ .. ချစ်မြတ်နိုးအပ်ပါသော ယွန်းငွေယုန်လေးကို .. သူ .. ဘယ်လိုမှ မေ့ဖျောက်မရနိုင်စွမ်း ..။

ဆောက်လက်စ စည်သွပ်ဘူး စက်ရုံကြီးသည် .. မကြာမလင့်မီမှာဖြင့် ပြီးစီးချေတော့မည် ..။ သူ၏ဘဝတစ်ခုလုံးကို မြှုပ်နှံရမည့် နေရာသည် ဤနေရာမှတစ်ပါး အခြားမရှိပြီဟု သူ ဆုံးဖြတ်ထားခဲ့ပြီးပြီ ..။

ဒါပေမဲ့ .. သူ့နားစည်တွင်းသို့ တယ်လီဖုန်းမှတစ်ဆင့် တိုးဝင်လာခဲ့ပေါသည့် မေမေ့စကားများက ရင်တွင်းဆီသို့ စီးပျံ့၏။ နောက် သူ့နှလုံးသား၏ ပူဆာမှုများ .. တောင်းပန်တိုးလျှိုးမှုများက .. တိုးဝင်လာနေကြပါချေသည်ကောလေ .. သြော် .. ချစ်ရသူ .. တမ်းတနေရသူ .. ယွန်းငွေယုန်ထံ သွားရစေဟု .. နှလုံးသား၏ တောင်းပန်သံ ..။

မေမေ့ထံမှ ဖုန်းဝင်လာလျက် ..။ မေမေ ပြောနေသမျှကို .. သူ တိတ်ဆိတ်စွာပဲ နားထောင်ရင်း လရောင်လွှင်သည့် ရှမ်းမြေမြင်ကွင်း၏ မြင်ကွင်းကို သူ ဆွေးဆွေးမြည့်မြည့် ငေးကြည့်နေမိရှာသ ..။



"ဘာပဲဖြစ်ဖြစ်ပေါ့ သားရယ် .. သား .. အဲဒီကိုရောက်ခဲ့တာလဲ .. တစ်နှစ်နားတောင် ရောက်နေပြီပဲ .. စက်ရုံလဲ အဆုံးသတ်တော့မယ်ဥစ္စာ .. ငွေယုန်လေး မွေးနေ့မတိုင်ခင် ရက်ပိုင်းလေးကတည်းက သား ထွက်လာခဲ့လိုက်တာ .. ခု .. ငွေယုန့် မွေးနေ့တောင် ရောက်တော့မယ်ကွယ် .. သား .. ငွေယုန့် မွေးနေ့ကိုတော့ လာသင့်တာပေါ့ .."

မေမေ ပြောနေသမျှ သူ ငြိမ်သက် နားထောင်နေသည်ပါပဲ ..။

ငွေယုန့်ကို သူလည်း အမြဲသတိရ .. လွမ်းဆွတ်နေတတ်သည် ဆိုတာ မေမေ သိနေမည်သာ ..။ ငွေယုန်လေးနှင့် ဒေါက်တာဘုန်းကျော်တို့၏ စေ့စပ်ပွဲမတိုင်ခင်ကာလမှာ .. သူ .. ဤအရပ်သို့ .. ကြေကွဲလောင်မြိုက်နေသူ လစ်ယောက်၏ နှလုံးအိမ်ဖြင့် ထွက်ခွာလာခဲ့ခြင်းသည် .. ဘာကြောင့်ဆိုတာ ဖေဖေရော မေမေရော ရိပ်မိခဲ့ကြ ..။ ရင်ထဲ မချိတင်ကဲ ဖြစ်ကြနှင့် ရှိခဲ့ကြရသည် မဟုတ်ပါလား ..။

သူ .. ငွေယုန့်ကို မြတ်နိုးခြင်းများစွာဖြင့် အနိုင်းမဲ့ချစ်နေမှန်း သူ ကိုယ်တိုင်ကပင်လျှင် .. ကိုယ့်၏ နှလုံးအိမ်ကို .. ကိုယ်နားမလည်နိုင်ခဲ့သည့် အပြစ်ကြောင့် ..။ ဖေဖေနှင့် မေမေသည်သည်း ငွေယုန့်ကို ချွေးမလေးအဖြစ် တိတ်တခိုး မျှော်လင့်ရင်း ..။ သူ့နှုတ်မှ ဖွင့်ပြောလာမည့်နေ့ကို စောင့်နေကြလေသမျှ ..။

ငွေယုန်လေး စေ့စပ်တော့မည် ဆိုကာမှ .. သူ့ခံစားချက်ကိုလည်း သိရ .. အသိနောက်ကျ ..။ အပြောရနောက်ကျလေခြင်းဟု ယူကျုံးမရ ဖြစ်ခဲ့ကြရသည်ပဲလေ ..

www.burmeseclassic.com



ခု .. မေမေသည် .. ငွေယုန် မွေးနေ့သို့ .. သူ့ကို လာခဲ့ဖို့ တမ္မမ္မ ခေါ်နေပြီ။ ငွေယုန် မွေးနေ့မတိုင်ခင် တစ်လလောက်ကတည်းက .. ထိုသို့ မေမေ ဖုန်းဖြင့်လှမ်းလှမ်း ပြောနေခေါ်နေခြင်းပါ ..။ ခု .. ဇွန်လဆန်းထဲ ရောက်လာပြီ။ ငွေယုန် မွေးနေ့သည် သိပ်မကျန်တော့ပြီ ..။ မေမေသည် .. သူ မလာဘဲ ရှိနေမှာကို စိုးရိမ်ဇောကြီးလာနေပြီဆိုတာ သူ သိသိလာနေရပါ၏။

"ယုန်လေးတို့ရဲ့ စေ့စပ်ပွဲလဲ .. ပျက်ခဲ့ရပြီပဲ သား .. သူတို့လက်ထပ်ပွဲ ဖြစ်ခါနီး တစ်လအလိုမှာ .. စေ့စပ်ကြောင်းလမ်းမှုကို နှစ်ဖက်သဘောတူ ဖျက်သိမ်းတဲ့ ကြော်ငြာ သတင်းစာထဲ ပါလာခဲ့တာ သားလဲ သတင်းစာထဲ ဖတ်ခဲ့ရတာပဲ .. သားဘက်က .. မေမေ့ကို အဲဒီသတင်း လှမ်းမမေးပေမယ့် .. မေမေ့မှာ မနေသာဘဲ .. သားကို ဖုန်းနဲ့ လှမ်းပြောခဲ့တာပဲလေ .. ဘာကြောင့် သူတို့ရဲ့ စေ့စပ်ပွဲ ပျက်ခဲ့ရတယ်ဆိုတာ မေမေ မသိရပေမယ့် .. ကိုရှိန်နဲ့ ဖွားဖွားတို့က မပြောပြချင်သလို .. မေမေတို့ဘက်ကလဲ မေးရမှာ အားနာကြတာမို့ .. မမေးမိကြပေမယ့် .. အဲဒီ စေ့စပ်ပွဲ ပျက်သွားတော့ .. မေမေ ဝန်ခံပါတယ်သားရယ် .. မေမေ အတွက်ကြီးမိတယ် .. သားကို .. သမီးယုန်လေးနဲ့ ပေးစားခွင့် ရပြီလို့ .."

မေမေကတော့ တတွတ်တွတ်ဖြင့် ပြောပြောပြနေဆဲပါ ..။ သားကိုချစ်သော မေမေသည် သား၏ ရင်တွင်းဆီမှ



ကြေကွဲလောင်မြိုက်မှုများကို မသိဘဲ ရှိပါမည်တဲ့လားလေ။ ယွန်း၏ ငွေယုန်ကို ချစ်သော မေမေသည် .. ချွေးမလေးအဖြစ် မျှော်လင့်စိတ်ကူးယဉ်ခဲ့ပါသော မေမေသည် .. သား၏ ချစ်သူကို .. သား စိတ်ချမ်းသာရန်အတွက် တစ်ခုတည်းအတွက် သာမဟုတ် .. ချစ်သော ချွေးမလေးအဖြစ် .. ချစ်ကို ချစ်နေသည့် စိတ်ဖြင့် ထိုအတွက် စိတ်တစ်ခုကို ရင်မှာ ထားမိလေမှန်း သူလည်း သိနေရသည်ပါပဲ ..။

"သားနဲ့အတူ အလုပ်သင်ရှေ့နေ တစ်နေ့ပြည့်ခဲ့တဲ့ ယွန်းငွေယုန်လေးဟာ .. ခုထိ ရှေ့နေလဲမလိုက် .. အရမ်းဇော်ငြိမ်သက်နေတဲ့ ငွေယုန်လေးအဖြစ် ရှိနေတယ် သား .. သူ .. အဲသလို ငြိမ်သက်နေခြင်းဟာ စိတ်ထိခိုက်နေလို့ဆိုတာ မေမေ သိတယ် .. သူ့မျက်လုံးလေးတွေထဲမှာ ကြေကွဲနေတဲ့ ဝေဒနာကို မေမေ မြင်ခဲ့ရတာ ကြာပြီသား .. အဲဒီ မျက်လုံးလေးတွေကို မေမေ ဘယ်တုန်းက စမြင်ခဲ့ရတယ် ထင်သလဲဟင် .. သား ထွက်ခွာသွားကတည်းက .. သိရဲ့လား .. ဟဲ့ .. သား .. မေမေ ပြောတာ ကြားရောကြားနေရဲ့လား .. ဖုန်းကြီး ဘေးချထားလိုက်သလား ကွယ် .."

ဟု မေမေ ပြောနေရင်း စိတ်ထဲ မသင်္ကာတော့သလိုကြီး လှမ်းမေးယူရသည်အထိ သူ့ဘက်က နှုတ်ပိတ်ကျနေသည့်အဖြစ် ..။

"သား နားထောင်နေပါတယ် မေမေ .."

www.burmeseclassic.com

www.burmeseclassic.com



သူ မမေ့ကို မညာချင်ပါ ..။ ငွေယုန်လေးနှင့် ပတ်သက်၍ .. သူ ကြားနေချင်တာကိုလည်း မညာချင်ပါ ..။ ထို့ နှယ်ပင် .. ငွေယုန်လေးနှင့် ပတ်သက်၍ .. ဘာမျှ သူ မပြောဘဲ အိုက်ဆိုက်စွာ နေနေချင်တာကိုလည်း မညာချင်ပါ ..။

သူနှင့် ငွေယုန့်ကြားမှာ ရှိခဲ့ဖူးသည့် စည်းတစ်ခုသည် တံတိုင်းတစ်ခုနှယ် ရှိနေသည်သို့ ရင်ထဲမှာ ခံစားနေရခြင်း လည်း ရှိနေသည်။

ထိုတံတိုင်းသည် .. ငွေယုန် စေ့စပ်ခဲ့ခြင်းကြောင့် တည့် ..။

ခုလို .. ငွေယုန်တို့ စေ့စပ်ကြောင်းလမ်းမှု ပျက်ချိန် ကျမှ .. သူက .. ဝင်၍ စကားမကမ်းရက် ..။

ပွဲလန့်စဉ် ဖျာခင်းသည်ဟုလည်း အထင်မခံချင် ..။

ပြီးတော့ .. ဒေါက်တာဘုန်းကျော်နှင့် စေ့စပ်ပြီး သည့်နောက်မှာ ထိုသူနှင့် ငွေယုန်လေးတို့၏ကြားမှာ ဖြစ်တည်လာ မည့် သံယောဇဉ်အနှောင်အဖွဲ့ကို .. သူ မသိနိုင်။ အဘယ်မျှ နက်နက်ရှိုင်းရှိုင်းကြီး ဖွဲ့တည်ထားချေမည့် သံယောဇဉ် အနှောင် အဖွဲ့ ဖြစ်ချေမည်ဆိုတာကိုလည်း သူ မသိနိုင် ..။

ထိုသို့ ရှိကြချေသည့် လူနှစ်ယောက်၏ ကြား မှာ .. သူ .. အခွင့်အရေးသမားအဖြစ် နေရာဝင်မယူချင် ..။

သူ၏ ချစ်ခြင်းသည် အခွင့်အရေးကို လက်လွှတ်မခံ တတ်သော အတ္တခပ်ကြီးကြီး အချစ်မဟုတ်။ စေ့စပ်ပွဲ ပျက်လိုက် ရပါသည့် မိန်းကလေးတစ်ယောက်၏ ချစ်ခြင်းကို .. အထင်တ သေးဖြင့် .. ချက်ချင်း လှမ်းကမ်းလှမ်းကာ .. ငါ့ကို ချစ်ပါ



ငွေယုန် .. ဟု ပြောရမှာ .. သူ .. နှုတ်မထွက်ရက် ..။ ငွေယုန့် ကို အထင်တသေးဖြင့် .. သူ .. ပြုမူဆက်ဆံသည်ဟု အဖြစ်မခံ နိုင် ..။

စေ့စပ်ပွဲတစ်ခုကို လူသိရှင်ကြား ဖြစ်ခဲ့ .. ပြန်ပျက် ခဲ့ရပါသည့် .. မိန်းကလေးတစ်ယောက်၏ ရင်ထဲမှာ ရှိနေမည့် သိမ်ငယ်အားငယ်မှုကို သူ နားလည်သည် ..။ ဒလောလောဆယ် မှာ .. သူ .. ငွေယုန့်ထံမှ ချစ်ခြင်းကိုလည်း မတောင်းခံသင့် ..။ လက်ထပ်ခွင့်လည်း မပန်သင့် ..။ စေ့စပ်ပွဲပျက်ခဲ့ရသည့် မိန်းက လေးတစ်ယောက်၏ ဘဝကို .. ထိုအဖြစ်တစ်ခုအား .. အားနည်း ချက်တစ်ခုနှယ်ထား၍ .. ငါက ကမ်းလှမ်းလျှင် .. သူ့ဘက်က လက်ခံရမည်မှာ သေချာနေသည် .. ဟူသော သဘောမျိုးဖြစ်သွား မှာကို သူ စိုးရိမ်သည်။ သူ၏ချစ်ခြင်းကိုလည်း .. ထိုအမဲစက် အစွန်းမခံနိုင် ..။

"နားထောင်နေတယ် ဆိုရင်လဲ .. တစ်ခုခုတော့ ပြောသင့် တာပေါ့ သားရယ် .. သား ပြန်လာသင့်နေပြီ .. အဲဒီက အလုပ်ကိစ္စကို .. သားရဲ့လူယုံမန်နေဂျာ စိုင်းနောင်နဲ့လွှဲ ခဲ့လဲ ဖြစ်တာပဲ သား .. သားဟာ .. အရင်ကိစ္စတွေကို တော့ .. ရှောင်လွှဲနေလို့ ဖြစ်တယ် .. မလာဘဲနေနေလို့ရ သေးတယ် .. ခုကိစ္စက .. ငွေယုန့် ရေးနေ့ ဖြစ်နေတယ် သား .. သား လာသင့်တာပေါ့ .."

ဟု ပြောနေတော့ သူ ငြိမ်သက်နေသည်။ သူ မသွားချင် ..။ ကြေကွဲခြင်းများဖြင့် .. သိမ်ငယ်နေခြင်းများဖြင့် .. ငြိမ်သက်နေမည့် ငွေယုန့်ကို .. သူ မကြည့်ရက် ..။

www.burmeseclassic.com

www.burmeseclassic.com



ထိုမျက်နှာလေးကို ကြည့်ဖို့ သူ့နှလုံးသားမှာ ခံနိုင်စွမ်း မရှိ ..။

ပြီးတော့ .. ပြီးတော့ .. ခုလို .. အဝေးမှာရှိနေရင်း ကိုယ့်ချစ်ခြင်းကို ကိုယ်ထိန်းချုပ်၍ .. ငွေယုန့်ကို ချစ်နေမိသေးသမျှ .. ဖွင့်မပြောဘဲ ထားနိုင်စွမ်းပေမယ့် ..။

သူ တသသထား၍ ချစ်ရပါသော .. သူ၏ချစ်ဦးသူ .. ရွှေနွယ်ဦး .. ရွှေနွယ်ဖူးလေး ဖြစ်ပါသည့် ငွေယုန့်ကို အနီးတကပ် မြင်ရချိန်မှာ ..။ မျက်နှာလေးညှိုးဖျော့နေလျက် .. သူ့ကို မျက်ရည်တွေ ဝဲနေရင်း ငေးကြည့်နေလေသမျှကို သူ ဆုံကြုံချိန်မှာ ..။

"အကြာကြီး ချန်ထားရက်တယ်နော် ကိုကိုရယ် .."

ဟု အသံ တိမ်ဖျော့ဖျော့ကလေးနှင့် ပြောလာချိန်မှာ ..။

သူ .. သူ .. သူ၏ချစ်ခြင်းများကို နှလုံးသားဆီမှ ထွက်ကျ .. ပွင့်ကျမလာနိုင်ဖို့ တားမြစ်နိုင်စွမ်းတော့မည် မဟုတ် ..။

နှစ်လကြာရှည် ဝေးနေရလေသမျှ .. ပြန်ဆုံရချိန်ခိုက် .. အလွမ်းများစွာဖြင့် တံနင့်နင့်နေအောင် သတိရတမ်းတနေရပါသော သူ၏ချစ်ခြင်းများကို ဟန်ဆောင်ထိန်းချုပ်ထားနိုင်စွမ်းတော့မည် မဟုတ် ..။

ချစ်လိုက်ရတာ ယုန်လေးရယ် .. ဟု မပြောမိအောင် .. သူ့နှုတ်ခမ်းများကို .. သူ တားမြစ်ထားနိုင်စွမ်းတော့မည် မဟုတ် ..။

ဒီကြောင့် ..။ သြော် .. ဒါကြောင့် .. သူ၏ချစ်သူလေးနှင့် ဝေးရာမှာသာ သူ နေမှကို .. ဖြစ်ရချေမည်သာတကား ..။



ထိုသို့ .. သူ ဆုံးဖြတ်ထားရခြင်းသည်လည်း လွယ်လွယ်ကူကူ မဟုတ် ..။ ရင်ကိုရင်း၍ ..။ နှလုံးသားဆီမှ ငိုကြွေးရှိုက်ငင်နေမှုများကို .. နှာခံ၍ ..။ နှလုံးသားသွေးကြောမျှင်တို့ ဆတ်ခနဲ ဆတ်ခနဲ ပြတ်တောက်နေသည်သို့ ခံစား၍ ..။ သြော် .. ရင်နှင့်ရင်း၍ .. ဆုံးဖြတ်ရခြင်းပါတည့် ..။ ဒါတွေကို .. သူ .. မေမေ့ကို ဖွင့်မပြောချင် ..။

သူသည် ငွေယုန့်ကို .. တုနှိုင်းမရအောင် ချစ်သော စိတ်ဖြင့် .. ရင်ကိုနှစ်၍ ချစ်နေမိရသည်နှင့် အမျှ ..။

သူ၏ချစ်ခြင်းများကို .. အထင်သေး မခံနိုင်သည့်နှယ် ..။

ချစ်ရသူလေးကို အထင်တသေးဖြင့် ဆက်ဆံသည် ဟုလည်း အဖြစ်မခံနိုင်သော သူတစ်ယောက် ဖြစ်ခြင်းမက ဖြစ်လာနေရပါ၏။ ဤသို့သော ခံစားမှုများသည် .. ခိုင်တည်သန့်စင်မွန်မြတ်သော ချစ်ခြင်းနှင့်အတူ .. ရင်ကို အပ်နှင်းတတ်ချေသည်ကော .. ဟု သူ ကိုယ်တိုင် ခံစားနားလည်လာရပါချေသည့် အဖြစ်ပါတည့် ..။

ချစ်ရသူလေးကို ပြေးတွေ့ချင်သော်လည်း .. မတွေ့ရက်နိုင်ခြင်းနှင့် .. အဝေးမှနေ၍ .. လွမ်းဆွတ်ကမ်းတနေမိရခြင်းများသည် .. သူ၏ရင်မှ ဖြစ်တည်သော ချစ်ခြင်းကြောင့်ပင်ဖြစ်ရလျက် ..။ ထိုခံစားမှုသည်လည်း .. သူ၏ချစ်သော အချစ်တစ်ခုတည်းနှင့်သာ သက်ဆိုင်လျက် .. သူ တစ်ယောက်တည်းနှင့်သာ သက်ဆိုင်ခံစားနေရပါသော သူ၏ ကိုယ်ပိုင်ခံစားမှုများဖြစ်နေကာ ..။

www.burmeseclassic.com



ထိုအရာများသည် .. အခြားသူတို့အတွက်တော့ .. ထူးဆန်းနေပါချေလိမ့်မည်။ လက်ခံချင်မှလည်း လက်ခံနိုင်ကြပါလိမ့်မည် ..။

ဒါပေမဲ့ .. သူ့ကိုယ်ပိုင်ခံစားမှုအဖြစ် .. သူ့အတွက်ကတော့ .. ကြေကွဲစွာပဲ .. လိုအဖြစ်များကြားထဲမှာ .. နစ်မြုပ်ပျော်ဝင်နေရသည့် သူတစ်ယောက်အဖြစ် ရှိနေစေရအောင် .. သူ၏အချစ်ကပင်လျှင် .. သူ့ကို ဆုံးဖြတ်ကာ .. နာခံနေခဲ့ချေသည် တကား ..။

"အေး .. မေမေ .. ထပ်ပြောမယ် သား .. သား .. ငွေယုန်ကို ချစ်နေတယ်ဆိုတာ .. မေမေ သိတယ် .. ဘဝကို ဆောက်တည်ရာမှာ ဖြစ်သင့်တာကို ဖြစ်အောင်လုပ်ရတာဝန်ဟာ .. သားရဲ့တာဝန်ပဲ .. ကိုယ်ချစ်နေတဲ့ မိန်းကလေးတစ်ယောက်နဲ့ အဝေးခံနေခြင်းဟာ .. တစ်ဖက်က မိန်းကလေးဘက်က .. ချစ်နေတဲ့ ချစ်ခြင်းကိုပါ စော်ကားကြေကွဲနေစေသလိုမျိုး မဖြစ်သင့်ဘူး သား .."

ဟု မေမေ ပြောလာတော့ သူ တစ်ချက် ရင်ထဲတွင် တသိမ့်သိမ့် ခုန်လာသည်။

ငွေယုန်သည် .. သူ့ကို မျှော်နေချေသည်တဲ့လား .. သူ၏ချစ်ခြင်းများ ဖွင့်ပြောလာဖို့ စောင့်ဆိုင်းနေချေသည်တဲ့လား .. ဒါဆိုလျှင် .. ဒါဆိုလျှင်ဖြင့် .. သူသည် ငွေယုန့်အပေါ် အပြစ်ကြီးကြီးနှင့် ဘဝင်ကိုင်ပြနေသည့် သူတစ်ယောက် ဖြစ်နေမှန်းမသိ ဖြစ်နေပါချေတော့မည့်အဖြစ် ..။



"ငွေယုန်လေးက ပြောတယ် သား .. ကိုကို .. ဘယ်တော့မှ .. ယုန်လေးရဲ့ မွေးနေ့ကို လာချင်တော့မှာ မဟုတ်ပါဘူးတဲ့ .. ဘာလို့လဲဆိုတော့ .. ယုန်လေးဟာ အရင် ငွေယုန်လေးမှ မဟုတ်တော့တာတဲ့လေ .. သူ .. ဘာကိုဆိုလိုတယ်ဆိုတာ မေမေ သိတယ် သား .. သားလဲ သိမှာပါ .. မိဘအလိုကျ သူ ခေါင်းညိတ်လိုက်ခဲ့ရတဲ့ စေ့စပ်ပွဲဝေစခုမှာ .. သူဟာ အပြစ်ရှိနေတယ်လို့ ခံစားရရှာတယ် .. သားဘက်ကလဲ .. သူ့အပေါ် .. အဲသလိုပဲ အပြစ်မြင်နေခဲ့တယ်လို့ သူ ထင်နေတယ် .. ဘယ်တုန်းကမှ .. သားဟာ သူ့ဆီကို .. ဖုန်းလေးတစ်ကြိမ် .. စာလေးတစ်စောင် .. ဆက်သွယ်ခဲ့တာမျိုးတောင် မရှိခဲ့ဘူး ဆိုတာကိုလဲ .. သူ .. မနေ့ကမှ .. ပြောလာတယ် သား .. သူ .. ခံစားနေရရှာတယ် .. မေမေ .. ယုန်လေးကို သနားတယ် သားရယ် .. ယုန်လေးဟာ .. သားဆီက အချစ်ကို မမျှော်လင့်ရဲရှာသောက်အောင် အားငယ်ညှိုးသိမ်နေရှာတာပါ .. ဒါပေမဲ့ .. သားဆီက .. အရင်တုန်းကလို .. ဂရုတစိုက်နဲ့ထားတဲ့ အဖြစ်လေးတွေ .. ဘဝလေးတွေကို .. သူ .. တောင့်တရှာမှာပါ .."

ဟု ပြောလာစဉ်ခိုက် သူ့ရင်တွေ ဆောက်တည်ရာမရချင် ..။ ငွေယုန်လေး အရမ်းကို စိတ်ထိခိုက်နေရှာပြီဆိုတာကို သူ သိလာနေသည်။ သူ မလာသည့်အတွက် ..။ သူ မဆော်သည့်အတွက် .. ထိုသို့ ခံစားနေရခြင်းပါလား ဆိုတာကိုလည်း သူ သိလာနေရပြီ ..။ သိနေရသည်နှင့်အမျှ .. သူ ဆောက်တည်

www.burmeseclassic.com



ရာမရနိုင် ..။ နေစိမ့်နိုင်လေခြင်းဟု သူ့အပေါ် .. ယုန်လေးမျှော ရင်း မျက်ရည်ကျနေမှာကို .. သူ .. ခုကျတော့ သိလာနေရပြီ .. သူ .. သူ .. မနေရက်နိုင်စွမ်းသာပြန် ..။

"ယုန်လေးကို .. မေမေ့ထက် .. သားက ပိုသိပါတယ် ကွယ် .. ယုန်လေး ခံစားနေရတာကို .. ယုန်လေးရဲ့မိဘ များကလဲ .. ခုကျတော့ ပိုသိလာနေကြရတယ် .. သား ထွက်သွားတာကိုလဲ .. သူတို့ .. သဘောပေါက်နေကြတယ် ဆိုတာ မေမေ သိနေတယ် သား .. ဒီကိစ္စမျိုးဆိုတာ ဖွင့် ပြောလို့ မကောင်းတတ်ကြတာမို့သာ .. သူတို့ဘက်က ဖွင့်မပြောလာကြတာပါ .. သား ဘယ်တော့ပြန်လာမလဲ လို့ .. ကိုရှိန်တောင်မှ မနေ့က မေးလာရှာတဲ့အထိ .. သူ တို့ဘက်က .. ဖွင့်မေးလာတာမျိုးပါ .. တစ်ဖက်ကလဲ .. ယုန်လေးကို စေ့စပ်ပေးခဲ့ဖူးတာ ရှိတော့ .. သူတို့မှာ အခဲ ထက်တော့ ဘယ်ဖွင့်မေးတော့မလဲကွယ် .. မေမေတို့နှစ် အိမ်ထောင်ဟာ .. တစ်ယောက်ကိုတစ်ယောက် သိနေကြ တဲ့သူတွေပါ .. အစကတည်းကိုက သားကို ငွေယုန်နဲ့ ရည်မှန်းခဲ့ကြတာကို မေမေ သိသလို .. မေမေတို့ဘက်က လဲ ယုန်လေးကို သမီးလေးလို မှန်းနေကြတာ သိကြတာ ပဲ .. ဒါပေမဲ့ အဲသလိုဖြစ်ဖို့ဆိုတာက .. ကလေးချင်းသင့် မြတ်မှ .. ဖွင့်ပြောမှ မဟုတ်လား .. အဲဒီအဖြစ်ကို မဖြစ် စေခဲ့တဲ့သူဟာ .. သားကိုယ်တိုင်ပဲ ဖြစ်နေတယ် .. အပြစ် ရှိသူဟာ .. သားကိုယ်တိုင်ပဲ ဖြစ်နေတယ် .. ငွေယုန် ..



စပ်မယ်ဆိုမှ သား မျက်ရည်ကျခဲ့တာ .. မေမေ မြင်ရတော့ ဘယ်ထိ စိတ်ထိခိုက်ခဲ့ရသလဲ .. ဟင် .. ခု ‚ သားဟာ .. ထပ်ပြီးမှားဖို့ပဲ လမ်းရွေးထားတဲ့သူ ဖြစ်နေတယ် .. ယုန် လေးကို .. စေ့စပ်ပွဲ ပျက်ခဲ့တဲ့ မိန်းကလေးမို့ .. သားက အဖက်မတန်သလိုကြီး လုပ်နေသလို ဖြစ်နေပြီ သား"

မေမေ့ စကားသံတွေထဲမှာ သူ့ကို စိတ်မရှည်သော .. အပြစ်တင်ရိပ်တွေ ပါလာနေပြီ။ သူ .. ငွေယုန့်ကို မတူမတန် သလိုကြီး မှတ်ယူကာ .. ရှောင်ဖယ်ဖယ် လုပ်နေသည်ဟု ပြော လာသလိုကြီးပေမို့ .. ထိုသို့ သူ အဖြစ်မခံနိုင် ..။

"ဟာ .. မေမေ .. ငွေယုန့်ကို .. သား .. ဘာလို့ အဖက် မလုပ်ချင်ပဲ ဖြစ်ရမှာလဲ .. မေမေ့သားရဲ့ ရင်ထဲကအဖြစ် တွေကို .. မေမေ မသိတော့ဘူးလား .. မသိနိုင်တော့ဘူး လား မေမေရာ .. ခုထိ .. ငွေယုန့်ကို .. ဖြူဖြူစင်စင် .. မွန်မွန်မြတ်မြတ် .. သား .. ချစ်တာပါ ‚ တန်ဖိုးထား နေရတာပါ .."

ဟု သူ ချက်ချင်းကြီး ဖြေမိရစဉ်ခိုက် ..

"အဲဒါဆို .. ဘာလို့ .. သားဟာ .. အမှန်တရားတစ်ခု ကို .. ရင်မဆိုင်ချင်ဘဲ .. ရှိရှိနေရတာလဲ .. ကစ်ကြိမ်မှာ .. သားဟာ .. နောက်ကျခဲ့ပြီးပြီ .. နောက်တစ်ကြိမ် ထပ် နောက်မကျသင့်တော့ဘူး သား .. ငွေယုန့်ကို နောက်တစ် ယောက်ယောက်နဲ့ စေ့စပ်လိုက်ချိန်ကျမှ သား မျက်ရည်ကျ နေတာ ဆိုရင်ဖြင့် .. မေမေ .. သားကို . မသနားတော့

www.burmeseclassic.com



ဘူး သိလား .. အပြစ်ပဲ တင်မယ် .. အပြစ်ပဲ တင်မယ် သား .. တစ်ဖက်က .. မိန်းကလေးရှင် ဆိုတာကို .. သားနားလည်သင့်တယ် ..

ကဲ .. မေမေ ပြောသင့်သမျှ စကားကုန် ဒီတစ်ကြိမ်မှာတော့ ပြောလိုက်ပြီ .. သား ဆုံးဖြတ်ပါ .. မေမေကတော့ ငွေယုန်ကို ဇီမမေ့သမီးလေးအဖြစ် ချစ်ချင်နေတာပါပဲ .. သား .. ဒီကိုပြန်လာမယ် .. မလာဘူးဆိုတာ .. သား ဆုံးဖြတ်ပေတော့ .. နောက်တစ်ကြိမ်မှာ နောက်ကျလေခြင်း ဆိုပြီး သား မျက်ရည်ကျလာရင် .. ကိုယ့်မျက်ရည်ကို .. ကိုယ်သာသုတ်ပေတော့ ..”

ဟု ပြောပြီးမှ တစ်ချက် စကားကို တန့်သည်။

“နောက်ထပ် ပြောစရာရှိနေတယ် သား .. ငွေယုန်လေးလဲ .. မျက်ရည်ကျနေတယ် သား .. အဲဒါ ဘာကြောင့်ကျတယ်ဆိုတာ သား သိနေအောင် မေမေ ပြောပြီးပြီ .. အဲဒီမျက်ရည်ကို .. မသုတ်ချင်ဘဲ ခေါင်းလွှဲနိုင်စွမ်းရင်လဲ .. သား .. အဲဒီမှာပဲ .. နေနေပါကွယ် ..”

ဟု ပြောပြီးတာနှင့် မေမေ့ဘက်က ဖုန်းချသွားသည်။

သူ .. ဖုန်းကို မချဖြစ်သေး။ ငိုင်နေမိရပါ၏။

အကြည့်က လရိပ်လွှမ်းသော ညဥ့်ယံ၏ မြင်ကွင်းထက်မှာ တန့်နေသည်။

သူ .. ဘာကိုဆုံးဖြတ်ရမည်ဆိုတာ .. ခုအချိန်မှာ ဘာအဟန့်အတားမှ မရှိစွာဘဲ ရင်မှာ ဖြစ်တည်နေခဲ့ပြီ ..။



သူ၏ လက်အစုံသည် .. ငွေယုန်၏ မျက်ရည်စက်များကို .. မသုတ်ပေးဘဲ .. နေရက်နိုင်လောက်အောင် .. ခံနိုင်ရည်စွမ်း မရှိ ..။

မင်းရဲ့ မျက်ရည်စက်လေးတွေကို .. ကိုကို .. ပစ်ပယ်မေ့ဖျောက်ထားလိုက်နိုင်မှာ မဟုတ်ပါဘူး မောင့်ယွန် ငွေယုန်ငယ် ..။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

မှက်နှဝေ၏ ခြံဝင်းတံခါးကြီးဘက်ကို ယွန်းငွေယုန် တစ်ချက် လှမ်းမျှော်ငေးကြည့်မိရပါ၏။ ခြံတံခါးကြီးကတော့ ပိတ်ထားဆဲ ..။

ကိုကို ရောက်မလာနိုင်တော့ပြီပဲ .. ဟု အားလျော့စိတ်ဖြင့် နားလည်လာမိရစဉ်ခိုက် ရင်ထဲတွင် ကျင်ခနဲ ခံစားရသည်။ ဝေးရချေပြီကောလေ .. ဟု နားလည်ထားမိရပေမယ့် ..။ ကိုကို့ထံမှ တစ်ချိန်သောအခါက .. ရခဲ့ဖူးသော ကြင်နာမှုလေးတွေကိုတော့ ယွန်းငွေယုန် မျှော်လင့်ချင်ပါသည်။ ထိုအရာကို အတ္တဟုများ ခေါ်ချင်ပါသလား ကိုကိုရယ် ..။

အစဉ်တစိုက် ကိုကို့ အလိုလိုက်မှုများကြားမှာ ယွန်းငွေယုန် နေခဲ့ရသည်မှ ..။ ကိုကြီးနှင့် စေ့စပ်ကြောင်းလမ်းရသည့် အကြောင်းရင်းခံတစ်ခုဖြင့် ကိုကိုနှင့် အဝေးကြီး ဝေးခဲ့ရသည်မှာ .. ထာဝရအတွက်ဆိုတာ ငွေယုန် နားလည်ထားနှင့်မိခဲ့ပြီးသားပါ ..။ လူတစ်ယောက်နှင့် စေ့စပ်ကြောင်းလမ်းသည်မှ



လူသိရှင်ကြားကြီးကို ဖြစ်ခဲ့ရပါသည့် ယွန်းငွေယုန် ဆိုသည့် မိန်းကလေးတစ်ယောက်သည် .. ကိုကြီးနှင့် စေ့စပ်ကြောင်းလမ်းမှုကို ဖျက်သိမ်းခဲ့ရပေမယ့် .. ကိုကို့ကို မမျှော်လင့်ဘဲသည်ကတော့ ထာဝရအတွက်ပါ ကိုကို ..။

ကိုကို ကမ်းလင့်လာလျှင်ပင် .. ယွန်း ငွေယုန် ဆိုသည့် မိန်းကလေးတစ်ယောက်ကဖြင့် ကိုကို့လက်ကို ပြန်မကမ်းလင့်ရဲတော့ပါ ..။ မကမ်းလင့်ရက်တော့ပါ ..။

ဤသည်ကို .. အချစ်ဟု ခေါ်ပါသည်ပဲ ကိုကို ..။

ဒါပေမဲ့ .. ကိုကိုနှင့် ယခင်ငယ်စဉ်တုန်းကနှယ်ပင် .. နေ့စဉ်တွေ့ခွင့်ရနေသော ဘဝ ..။ ကိုကို့ ဂရုစိုက်မှုတွေကို ညီမလေးတစ်ယောက်နှယ် ခံစားခွင့်လေး ရနေပိုင်ခွင့်သော ဘဝကိုတော့ဖြင့် .. ယွန်းငွေယုန် အရူးအမူး တမ်းတမျှော်လင့်ချင်နေမိရပါသည် ..။ ထိုအရာကို အတ္တဟု ခေါ်ပါမည်လား ..။ ကိုကို့ကို မချစ်ရဲတော့သော .. မချစ်ရက်တော့သော ယွန်းငွေယုန် ဆိုသည့် မိန်းကလေးတစ်ယောက်ထံမှာ ဖြစ်တည်နေသော .. ထိုမျှော်လင့်မှုလေးတွေကို အတ္တဟု ခေါ်ရက်ပါမည်လား ကိုကိုရယ် ..။

ကိုကို့ကို .. ချစ်နေလျက်ဖြင့် .. ကိုကြီးနှင့် စေ့စပ်ခဲ့ရပါသော ယွန်းငွေယုန်ပါ ကိုကို။ ကိုကြီးနှင့် စေ့စပ်ကြောင်းလမ်းမှု ဖျက်သိမ်းလိုက်ရပြီးစဉ်ခိုက်မှာလည်း .. ကိုကို့ကို ချစ်နေသော ယွန်းငွေယုန် အဖြစ်သာ အစဉ်တစိုက် ရှိနေခဲ့ပါသည် ကိုကို ..။

ဒါပေမဲ့ .. ထိုချစ်ခြင်းများကို ငွေယုန် နှလုံးအိမ်တွင်သာ ဖြစ်တည်ခံစားခွင့် လွှမ်းတခွင့် .. ပြုထားပါသည် ကိုကိုရယ် ..။ ထိုထက်ပို၍ .. မည်သည့်အခွင့်အရေးကိုမှ ကိုကိုနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်၍ ငွေယုန် မယူပါ ကိုကို ..။ ငွေယုန့် ချစ်ခြင်းတစ်တည်းကိုသာ ရိုးသားစွာ နှလုံးအိမ်မှာ ခံစားခွင့် .. လွှမ်းတခွင့် .. ပြုထားရုံမျှသာ ငွေယုန်၏ နှလုံးအိမ်နန်းကို ခွင့်ပြုထားခြင်းပါ ကိုကိုရယ် ..။

ထိုသို့ ခွင့်ပြုထားမိသည့် အတွက်လည်း ကိုကို့ကို အားနာပါ၏ ..။ ငွေယုန် အားနာရပါ၏။

အတွေးများဖြင့် ယွန်းငွေယုန် မျက်လွှာလေးချလိုက်မိရာမှ ခြေလှမ်းလေးတွေက ကုံကော်ပင်ဆီသို့ ဦးတည်၏။

ပင်စည်ကို ပတ်လည်ရိုက်လားသော သစ်သားကွပ်ပျစ်ခုံထက်မှာ ယွန်းငွေယုန် ထိုင်မိသည်။ မျက်လွှာကို ချထားမိဆဲ ..။

ဘာကြောင့်ပဲ ဖျက်ရ .. ဖျက်ရ .. ဖျက်ရ ဖျက်ရ .. စေ့စပ်ထားခြင်းကို ဖျက်သိမ်းခဲ့ရသည်ဆိုခြင်းမှာ အေးလူတွေအတွက်ကတော့ သို့လော သို့လော တွေးတောစရာ .. ဝေဖန်စရာတွေတော့ အထိုက်အလျောက် ဖြစ်စေသည်ခဲ့ရမည်သာ ..။

မျက်နှာပန်းမလှသော ဘဝတစ်ခုပေပဲဟု မိမိဘာသာနားလည်နေရင်း ယွန်းငွေယုန် အပြင်တို သိပ်မထွက်ချင်ခဲ့ဟောသည်မှာလည်း ကြာခဲ့ပြီ ..။

ရင်ဘတ်ဆီမှ အောင့်ခနဲ ဝေဒနာကို ယွန်းငွေယုန်ခံစားမိရပါ၏။

ဘယ်သူ့ကိုမှ မပြောပြခဲ့သော ဝေဒနာ ..။

ထိုဝေဒနာကို မျိုသိပ်ခံစားရင်း ဖြစ်သန်းလာနေစဉ်ခိုက် .. ဘာကြောင့် .. ကိုကို့ကို .. ပို၍ သတိတရရှိရှိနေရပါသတဲ့လဲ ..။ နေမကောင်း ဖြစ်စပြုနေသည်ပဲ .. ဟု မိမိဘာသာ



နားလည်နေရစဉ်ခိုက်မှာ .. ကိုကို့ကို .. တမ်းတနေမိပြင်းသည် .. ချစ်ခြင်းသက်သက်တစ်ခုဖြင့် ရင်မှာဖြစ်နေသော ခံစားမှုဆိုတာ သိနေရပြန်သည်။ နေမကောင်းလျှင် .. ချစ်ရသူကို .. ပို၍တမ်းတတတ် .. ချစ်ရသူ၏ အယုအယကို .. ခံယူချင်တတ်သည်မှာ မိန်းမသားတို့၏ .. သဘာဝ .. ဟု ငွေယုန် နားလည်ထားပါသည် ..။ ဒါပေမဲ့ .. ကိုကိုသည် .. ငွေယုန် မြတ်နိုးစွာ ချစ်အပ်သော ကိုကို ဖြစ်နေရလျက် ..။ ငွေယုန်သည် .. ကိုကို၏ ချစ်သူအဖြစ်ဘယ်သောအခါတွင်မှ မရောက်စေရသော .. ငွေယုန်သာလျှင် ဖြစ်ရချေမည် ဆိုတာကိုတော့ ငွေယုန် ဆုံးဖြတ်ထားပါသည်။

စူးအောင့်နာကျင်စ ပြုနေသော ဝေဒနာကို ခံစားရစဉ်ခိုက်မှာ .. ကိုကို့ကို မြင်တွေ့ခွင့် ရရုံမျှသက်သက် အဖြစ်သာ .. ငွေယုန် .. မျှော်လင့်ထားချင်ပါသည် ..။

ကိုကို၏ ချစ်သူအဖြစ် ငွေယုန် မနေရက်တော့ပါ ကိုကို ..။

ကိုကို့ကို .. တွေ့မြင်ခွင့်ရသော ငွေယုန် အဖြစ်မျှသာ ငွေယုန် စိတ်ကူးယဉ်နေမိခြင်းသာ ဖြစ်ပါသည်။

ငွေယုန် မျက်ဝန်းတွေကို မှိတ်ထားမိသည်။ မျက်ရည်တွေ တလိမ့်လိမ့်ကျလာနေကြတာကို မတားလိုက်နိုင် ..။ အိမ်မှာ ဒက်ဒီမရှိ ..။ စက်ရုံသို့ သွားပြီ ..။ မာမီလည်းမရှိ ..။ ဈေးသွားနေသည်။ ဒေါ်ကြီးဆွေနှင့်တူတူ ဈေးဝယ်ထွက်နေသော မာမီသည် တော်တော်နှင့် ပြန်ရောက်လာဦးမည် မဟုတ် ..။ ညီညီကတော့ ထုံးစံအတိုင်း နောက်ဖေးမီးဖိုဆောင်မှာ အိုးတိုက်ခွက်

www.burmeseclassic.com

www.burmeseclassic.com



တိုက်နှင့် အလုပ်ရှုပ်နေပါလိမ့်မည် ..။ အန်ကယ်ဂျက်က ဥယျာဉ်မှာ ..။ ဒါကြောင့် .. ဤနေရာလေးမှာ ငွေယုန် လွတ်လပ်စွာ မျက်ရည်တွေ ကျစေခွင့် .. ကျနေခွင့် ပြုထားနိုင်သည်။

ဘယ်သူမှ ငွေယုန့် မျက်ရည်စက်တွေကို မမြင်နိုင်စွမ်းပြီ ..။

ဘယ်ဘက်ရင်အတ်ဆီမှ တစ်ခါတစ်ခါမှာ အောင့်သော ဝေဒနာဖြစ်တည်လာနေတာကိုလည်း မာမီ့ကိုပင် မပြောပြ ဖြစ် ..။ ကျိတ်၍သာ ခံစားနေမိရဆဲ ..။ ငွေယုန် ခါတိုင်းထက်ပို၍ ပိန်လာနေတာကို မာမီရော ဒက်ဒီရော .. မြင်နေရတာမို့ ..

"မာမီတို့ .. မောင်ဘုန်းကျော်နဲ့ တီမခဲ့တာ .. မှားပါရောလားကွယ် .."

ဟုသာ ယူကျုံးမရ ညည်းရှာကြပါသည့် အဖြစ် ..။

ငွေယုန့် ရင်ထဲမှာ .. သိသိပ်စွာ အားငယ်နေရသည့် ဝေဒနာကဖြင့် ကိုကိုနှင့် မထိုက်တန်တော့ပြီပဲ .. ဟု ခံစားရခြင်းမှ နွယ်လာသည့် ဝေဒနာ ..။ ထိုဝေဒနာသည် ငွေယုန့်ကို အိပ်မရနိုင်သည့်ညများစွာကို ဖြတ်သန်းလာစေခဲ့ပြီးပြီ ..။

နောက် .. နောက် .. ငွေယုန့်မှာ .. ဘယ်ဘက်ရင်ဘတ်ဆီမှ .. နာကျင်သော ဝေဒနာသည် လွန်ခဲ့သော လဝက်လောက်ကတည်းက တစ်ချက် တစ်ချက်မှာ ဖြစ်ဖြစ်လာတတ်သည်ပါပဲ ..။

ငွေယုန် .. စိတ်ပန်းလျက် .. ပိန်လာရသည့်နယ် ..။ ထိုနာကျင်သည့် ဝေဒနာကြောင့်လည်း ပိန်လာရသည်ဟု နားလည်နေမိရပါ၏။



မျက်လွှာလေး ပိတ်ချကာ ရင်ပေါ်မှာ လက်လေးဖိ၍ ငွေယုန် ငြိမ်နေမိရစဉ်ခိုက် ..

"နေမကောင်းဘူးလား ငွေယုန် .. ဟင် .. နေမကောင်းဘူးလား .."

ဟု စိုးရိမ်တကြီး မေးလာသံကိုကြားတော့ ငွေယုန့်ကိုယ်လေး တောင့်ခနဲ ဖြစ်၏။

မျက်စိကို မဖွင့်ရဲ ..။ မဖွင့်ရဲ ..။ မျှော်လင့်တကြီးဖြင့် မျက်ဝန်းကို ဖွင့်ကြည့်လိုက်လျှင် .. ထိုမျှော်လင့်ခြင်းဆိုတာ မဟုတ်ဘဲ ဖြစ်သွားမှာကို စိုးရိမ်နေသည်။ တုန်လှုပ်နေသည်။

ဒါပေမဲ့ .. ဒါပေမဲ့ .. ကိုကို့ အသံကို ငွေယုန် မမှားနိုင်တာကိုလည်း ငွေယုန် စိတ်ချနေမိရပြန်သည်။ ကိုကို .. ကိုကို .. ငွေယုန့်ရှေ့မှာ ရပ်နေချေပြီတကား ...။

ရင်တွင်း သိမ့်သိမ့်ခါနေသည်။ လက်ဖျားလေးတွေ တုန်ခါလာနေပြီဆိုတာကို သိနေသည်။ မျက်ရည်ဥတွေ သီးနေသော မျက်တောင်ရှည်တွေသည် မျက်ရည်ကြောင့် ပို၍စိုငိုက်နေကြကာ မျက်ဝန်းတွေကို ပိတ်ချထားနေရင်းမှ မျက်တောင်လေးတွေ လှုပ်နေအောင် စိတ်တွေလှုပ်ရှားနေသမျှ .. မျက်ရည်ဥ၏ အထိအတွေ့သည် မျက်ဝန်းအနားသတ်နေရာလေးတွေထက်မှ တဲ့တွဲ့ထိထိ ..။ အေးအေးစက်စက် ..။

ငွေယုန့်ဘေးနေရာတွင် လူတစ်ယောက် ထိုင်လိုက်သည်ဆိုတာကို လှုပ်ရှားသံဖြင့် ငွေယုန် သိနေသည်။ ငွေယုန့်လက်ကို စိုးရိမ်တကြီး လာ၍အုပ်မိုးလိုက်တာကိုလည်း ခံလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ..။ ကိုကိုမှ ကိုကိုပါ ..။ ကိုကို့အသံ
ရှုသံကို နီးနီးကပ်ကပ် ငွေယုန် ကြားနေရသည်။ ကိုကို့ခေါင်း
မှာလှူးနေကျ .. ခေါင်းလိမ်းဆီ၏ ရနံ့ကို ငွေယုန်ရှူရှိုက်နေ
သည်။ ကိုကို့လက်ဖဝါးတွေ ငွေယုန့်လက်ဖမိုးထက်မှာ အုပ်မိ
အုပ်ယှက် ရှိနေချေသည်တကား ..။

"ငွေယုန်လေး .. ကိုကို ပါကွယ် .. ကိုကိုပါ .."

ကိုကို့ အသံတွေ လှိုက်ခါနေသည်။ ငွေယုန့် ဒူး
ဝန်းတွေ ဖွင့်လိုက်မိရစဉ်ခိုက် ငုံမိုးငေးစိုက်ကြည့်နေသည့် ကို
မျက်ဝန်းနှင့် ဆုံ၏။ ကိုကို အရမ်းကို ပိန်သွားသည်ပဲဟု ချ
ချင်း သိလိုက်ရလျက် ရင်ထဲမကောင်းနိုင် ..။ ကိုကိုသည်လည်း
ငွေယုန်နှင့် ဝေးသောအရပ်မှာ တစ်ယောက်တည်း ကြေကွဲစွာ
စိတ်ထိခိုက်စွာ နေရချေသည်တကား ..။

ကိုကို့နဖူးပြင်ထက်မှာ ဆံနွယ်တချို့ ဝဲပြိုကျနေသည်
ကိုကို့အကြည့်တွေက ငွေယုန့်မျက်နှာထက်မှာ တန့်နေ၏။ အငေး
တစိုက် ကြည့်နေသည်။ မျက်တောင်မခတ် ကြည့်နေသည်
ကိုကို့ မျက်နှာထက်တွင် စိုးရိမ်ရိပ်တွေ အုပ်မိုးနေ၏။ မျက်ဝန်း
တွေထဲမှာ ပူပန်မှု၏ အငွေ့အသက်တွေက ဖုံးဖိမရပေါ်နေသည်

"ပိန်သွားလိုက်တာ ယုန်လေးရယ် .. ဟင် .. ပိန်သွား
လိုက်တာကွာ .."

ဟု ခပ်ညည်းညည်း ပြောသည်။ ကိုကို့လက်ချော
ခုထိမလွှတ်သေး ..။ နောက်တော့မှ လက်တစ်ဖက်က ငွေယုန်
နဖူးပြင်ထက်မှ ဆံစလေးတွေကို သပ်ပေးသည်။ အကြည့်ကတော့
ဖြင့် .. ငွေယုန့် မျက်နှာထက်မှာ ရှိနေမြဲ ..။



"နေမကောင်းဘူးလားဟင် .. ဖျားသေးလား .. ဖျားနေ
သလား ..။

ဟုမေးလာသံတွင် ထိခိုက်ခံစားရသည့် ခံစားမှုများက
စီးမျောတိုးဝင်၏။ ကိုကို့ကို .. လွမ်းလို့ပါ ကိုကိုရယ် .. ဟု
ငွေယုန် ဖြေချင်သည်။ ချည်သားဘလောက်လက်ရှည်အဖြူရောင်
ပွပွ ဖားဖားလေးနှင့် အပြာနုရောင် ပါတိတ်ထဘီပန်းရိုက်လေး
ကို ဝတ်ထားသော ငွေယုန်သည် .. ခါကယ့်ကို ပိန်ပါးပါးလျား
လျားလေး ဖြစ်နေတာအမှန် ..။

"ငွေယုန့်မွေးနေ့အမီ .. ကိုကို လာခဲ့တာ ငွေယုန် .."

ကိုကို ခပ်တိုးတိုးပြောသည်။ မျက်တောင်မခတ်ကြည့်
နေဆဲမှ ..

"ကိုကို .. မလာခင်တုန်းကတော့ .. ဆုံးဖြတ်ထားတာကို ..
မပြောင်းလဲစေရဘူးလို့ .. မှတ်ယူခိုင်မြဲစေခဲ့တာပဲ ငွေယုန် ..
အဲဒါကလဲ .. ငွေယုန့်ကို တန်ဖိုးထားလို့ .. အားနာလို့ ..
ကိုကို .. အဲသလို ဆုံးဖြတ်ခဲ့တာ .. ဒါပေမဲ့ ငွေယုန် ..
အစကတည်းက .. ကိုကို သိတယ် .. ယုန်လေးကိုမြင်ရင် ..
ကိုကို .. ဘယ်လိုမှ ဟန်ဆောင်ထိန်းချုပ်ထားနိုင်မှာ
မဟုတ်ဘူးဆိုတာ သိနေတယ် .. တစ်ခါ နာကျင်ခဲ့ရဖူး
တဲ့ ဝေဒနာ .. နာကျင်နေရဆဲဖြစ်တဲ့ ဝေဒနာကို .. နှလုံး
အိမ်ဆိုတာက .. ဒီလိုအချိန်မျိုးမှာတော့ .. ဘယ်လိုမှ ..
ခံနိုင်ရည်စွမ်း ရှိတော့မှာ မဟုတ်ဘူး ဆိုတာကို .. ကိုကို
သိထားနှင့်ခဲ့ပါတယ် .."

www.burmeseclassic.com

www.burmeseclassic.com



ကိုကို ပြောနေရင်းမှ အသံတွေ တိုးအက်အက်ဖြစ်လာသည်။ ကိုကို့ အကြည့်တွေထဲမှာ မခွဲနိုင် မခွာရက် ဖြစ်သည့် အရိပ်တွေ အုပ်အုပ်မှိုးမှိုး ..။ ငွေယုန် ခေါင်းလေးငုံ့ချလိုက်သည်။ ဟင့်အင်း ..။ ဟင့်အင်း ..။ ပြောမလာပါနှင့် ကိုကိုရယ် ..။ ဝန်းကျင်မှာ အပြစ်အနာ မရှိသော စင်းလုံးချော ကိုကို အပြစ်ရှိနေပါသည့် ကိုကို့လက်တွေ .. ငွေယုန့်လို .. စေ့စပ်တာဖျက်ခဲ့ရသော မိန်းမတစ်ယောက်၏ လက်ဳတွေကို ကမ်းမလာပါနှင့် ကိုကို ..။ လှမ်းမလာပါနှင့်တော့ ကိုကိုရယ် ..။

"ကိုကိုတို့ ဘာကို ဟန်ဆောင်ထားကြမလဲ ငွေယုန် .. ဒီလောက် ခြိုးခြိုးကျအောင် .. ဘုံးဘုံးလဲလုအောင် ခံစားနေရတဲ့ ဝေဒနာကို .. ကိုကိုတို့ရဲ့ နှလုံးသား .. ကိုကိုတို့ရဲ့ ခန္ဓာ .. ကိုကိုတို့ရဲ့ဦးနှောက် .. အားလုံးက သိနေတယ် .. ယုန်လေးရော .. ကိုကိုရော .. ပင်ပန်းသွားကြပြီ .. ကိုကို ပြောမယ် ငွေယုန် .. အို .. ခေါင်းမခါနဲ့ ငွေယုန်ရယ် .. ကိုကိုတို့ .. ကိုကိုတို့ .. ကိုယ့်နှလုံးသားကို .. ဝန်ခံရမယ် .. ကိုယ့်ဘဝကို တည်ဆောက်ရဲရမယ် .. တစ်ကြိမ် .. တစ်ကြိမ်ပဲ ကိုကိုတို့ ကြုံလိုက်ရတယ် ငွေယုန် .. ဝေးကြရပြီတော .. လို့ ကြုံလိုက်ရတယ် .. ရှုံးမတတ် ခံစားရတာ ကိုကိုတို့ သိထားကြရပြီ .. နောက်တစ်ကြိမ်ဆိုတာကို .. ကိုကိုတို့ .. ဘာလို့အပြစ်ခံမလဲ .. ကိုကို အပြစ်မခံနိုင်ဘူး ငွေယုန် .."

စိတ်လှုပ်ရှားခြင်း၏ အငွေ့အသက်တွေ ကိုကို့ မျက်နှာထက်မှာ ထင်နေသည်။ ငွေယုန် မော့ကြည့်ရင်း မြင်နေ



ရပါသည့် ကိုကို့ မျက်နှာသည် စိတ်လှုပ်ရှားခြင်းများဖြင့် အုပ်မိုးထားသော မျက်နှာတစ်ခု ဖြစ်နေသည်။ ဒါပေမဲ့ .. မပူလောင်သော မျက်နှာ ..။ အေးချမ်းသော အငွေ့အသက်များ လွှမ်းခြုံထားသော မျက်နှာ ..။ မေတ္တာ၏ အငွေ့အသက်များသည် .. အေးချမ်းမှုကိုသာ ဆောင်နှင်းချေသည်တကား။

ပြီးတော့ .. ကိုကို့ အသံတွေက .. အရမ်းကို တည်ငြိမ်နေသည်။ ပြတ်သားနေသည်။ နောက်မဆုတ်သော သူတစ်ယောက်၏ လေငွေ့များအဖြစ် ပြည့်ဝတည်ငြိမ်နေသည်။

"မဟုတ်တာ ကိုကိုရယ် .. ကိုကို ဘာပြောတော့မယ်ဆိုတာ ငွေယုန် သိနေတယ် .. မပြောပါနဲ့ ကိုကို .. မပြောပါနဲ့ ကိုကို .. ငွေယုန်လေ .. ကိုကို့ကို မြင်ချင်တာ တွေ့ချင်တာပဲ ရှိပါတယ် .. အလှမ်းဝေး မြင်ရရုံသက်သက်လောက်သာ မျှော်လင့်ရဲတာပါ .. စိတ်ကူးယဉ်ရတာပါ .. အဲဒီထက် မပိုရက်ပါဘူး ကိုကိုရယ် .."

ငွေယုန် အဆွေးများဖြင့် ခေါင်းလေး တွင်တွင်ခါနေခိုက် ကိုကို ငွေယုန့် မျက်နှာလေးကို လက်ဖဝါးနှစ်ဖက်ဖြင့် ဖေးမော့လာပါ၏။ ပါးပြင်ထက်မှာ ကိုကို့လက်တွေက ညှဲညှံသက်သက် .. နူးနူးညံ့ညံ့ ..။

"ငွေ .. ငွေယုန် .. စေ့စပ်ခဲ့ .."

ငွေယုန် အားယူပြောစဉ်ခိုက် ကိုကို ခေါင်းယမ်းသည်။ ငွေယုန့်မျက်နှာကိုသာ ငုံ့မိုးငေးစိုက်ကြည့်နေရင်းမှ ..

"အဲဒါ .. ကိုကို အသုံးမကျလို့ .. ဖြစ်ခဲ့ရတာပဲ ငွေယုန် .. ငွေယုန့်ကို ချစ်လို့ချစ်နေမှန်းတောင် ကိုကို မသိခဲ့ဘူး ..

www.burmeseclassic.com

www.burmeseclassic.com



အဲသလောက်ညှိုးတဲ့ ကိုကိုဟာ .. ငွေယုန်နဲ့ ဓေစပ်ရတော့မယ်ဆိုတာ သိရချိန်မှာ ကလေးတစ်ယောက်လိုပဲ ငိုခဲ့တယ် ငွေယုန် .. အဲဒီအဖြစ်ကို .. ကိုကို ပြန်မရောက်ချင်တော့ဘူး .. စေ့စပ်ခဲ့ရတာ .. ကိုကို့ အပြစ်ကြောင့် ဖြစ်ခဲ့ရတာ ပြီးတော့ .. စေ့စပ်တဲ့ကိစ္စကို ခေါင်းထဲက ထုတ်ပစ်လိုက် ငွေယုန် .. စေ့စပ်တယ်ဆိုတာ .. လက်ထပ်တာမှ မဟုတ်ဘဲ .. အို .. ငွေယုန် စေ့စပ်ပွဲ ပျက်လိုက်ရတာမျိုးကို မပြောနဲ့ .. လက်ထပ်ပြီး ကွဲကွာသွားရတယ် ဆိုရင်တောင်မှ .. ကိုကိုက ငွေယုန့်ကို .. ချစ်မြတ်နိုးစွာ လက်ထပ်မယ့် တည်ကြည်ခန့်ပါ .."

ဟု ပြောချလိုက်သံတွင် နှောက်ဆုတ်မည့် အရိပ်အရောင်တွေ လုံးဝကင်းမဲ့နေသည့်သူတစ်ယောက်၏ လေသံများဖြင့် ပြည့်နှက်နေသည်။ မျက်နှာကလည်း တည်တည်ငြိမ်ငြိမ်။

"ကိုကိုလေ .. ဟိုမှာ .. ငွေယုန့်ကို လွမ်းနေတာ .. သတိရနေတာ .. မခွဲနိုင်တဲ့ ဝေဒနာကို လိုမ့်နေအောင် ခံစားခဲ့ရတာ .. ကိုကို တစ်ယောက်တည်း ရူးနေရတယ် ငွေယုန် .. အရူးအမူး ခံစားရတယ် .. အဲဒီဝေဒနာ ဘယ်ထိပြင်းထန်တယ်ဆိုတာ ကိုကို သိသလို .. ငွေယုန်လဲ သိနေတယ် .. မညာနဲ့ ငွေယုန် .. လူတွေဟာ တခြားလူကို ညာနိုင်တယ် .. ကိုယ့်ကိုယ်ကိုယ် မညာနိုင်ဘူး .. ကိုယ့်နှလုံးသားကို မညာနိုင်ဘူး .. ကိုကိုတို့ရဲ့ နှလုံးသားအပေါ်မှာ ကိုကိုတို့ ရိုးသားစွာ ဝန်ခံကြရလိမ့်မယ် ငွေယုန် .. ကိုကို ပြောမယ် ..



ပြောမှလဲ ဖြစ်မယ် .. ကိုကို .. ငွေယုန့်ကို အမြန်ဆုံးလက်ထပ်မယ် ငွေယုန် .. ဘယ်လိုမှ မခွဲနိုင်ဘဲ ငွေယုန့်ကို .. ကိုကို လက်ထပ်မှ ဖြစ်မယ် .. လက်ထပ်ခွင့်ရမှ .. ကိုကို့ဘဝဟာ တည်ငြိမ်တဲ့ဘဝ ဖြစ်မယ် ငွေယုန် .. ငွေယုန့်ကို .. ကိုကို သိပ်ချစ်တယ် ငွေယုန် .. သိပ်ချစ်တယ် .. အဲဒါပဲ ပြောတတ်တယ် .. ပြောချင်တေယ်ကွယ် .."

ဟု ပြောပြီးတာနှင့် ငွေယုန့်ကို ကိုကို သိမ်းပွေ့သည်။ ငွေယုန့်ကိုယ်လေးကို အပျော့ဆုံး ခံနိုင်တော့သူတစ်ယောက်နှယ် မလွှတ်တမ်း ပွေ့ပင်ထားသည်။ ကိုကို့ မေးဖျားသည် ငွေယုန့် ပခုံးထက်မှာ ဖေးတင်နေ၏။ ကိုကို့ အသက်ရှူသံကို ငွေယုန် ကြားနေရသည်။ ရှိုက်သံမျှင်မျှင်ပါသည့်နှယ် ရှိနေပါသည့် ကိုကို့ အသက်ရှူသံ ..။ ကိုကို .. မျက်ရည်ကျနေရှာသည်တကား ..။

"ကိုကို .. ငွေယုန့်ကို သိပ်ချစ်တယ် .. တစ်ချိန်က .. ကိုယ့်အချစ်ကို .. မမြော်ပြတတ်အောင် .. နားမလည်နိုင်ခဲ့တဲ့ ကိုကိုဟာ .. ယူကျုံးမရတဲ့ နောင်တနဲ့အတူ .. မျက်ရည်ကျခဲ့ရတယ် ငွေယုန် .. ကိုကို .. ငွေယုန့်ကို အဆုံးရှုံး မခံနိုင်ဘူး .. တခြား ဘာကိုပဲ ပေးဆက်ရ .. ပေးဆက်ရ .. ကိုကို ပေးနိုင်တယ် .. အဆုံးစွန် .. ကိုကို့အသက်ကိုတောင် ကိုကို ပေးရဲတယ် .. အဆုံးရှုံးခံရဲတယ် .. ငွေယုန့်ကို .. ကိုကို .. အဆုံးရှုံးမခံပါရစေနဲ့ .. မခွဲပါရစေနဲ့တော့ ကလေးရယ် .. ခွဲခွာနေရတဲ့ ကာလတွေမှာ ကိုကို ခံစားနေရတာ .. ရင်နဲ့မဆန့်ဘူး .. ရင်နဲ့ မဆန့်ဘူး ငွေယုန်"

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ စကားသံတွေသည် ရှိုက်သံမျှင်မျှင်ဖြင့် ငွေယုန့်နားမှာ တိုးဝင်၏။ ကိုကို့နှုတ်များမှ နွေးထွေးသော လေငွေ့တွေလည်း စကားသံနှင့်အတူ ပါးပြင်ကို ဖြတ်၏။ ငွေယုန့်ကို ရင်ခွင်မှခွာ၍ ကိုကို ငုံ့မိုးကြည့်စဉ်ခိုက် ကိုကို့ မျက်နှာမှာ မျက်ရည်စတွေ စိုနေသည်။ မျက်ရည်များ ဖြာကျနေသည့် ငွေယုန့်ကိုလည်း ကိုကို့မျက်ဝန်းများက မမှိတ်မသုန် ငေးစိုက်ကြည့်နေသည်။

"ငွေယုန့်ကို .. ကိုကို အသက်ကိုနှင်းပြီး ချစ်တယ် ငွေယုန် – ငွေယုန် မရှိဘဲ .. ကိုကို ဘယ်လိုမှ မရပ်တည်နိုင်ဘူး – ငွေယုန်ရှိမှ ဖြစ်မယ် .. ဒါ .. သစ္စာစကားပဲ .. ငွေယုန် ကလဲ ဖြေပါ .. ကိုကို့ကို ကြည့်စမ်း ငွေယုန် .. မညာစတမ်း ဖြေစမ်းပါ .. နေဦး .. ငွေယုန် ငြင်းမယ်ဆိုတာ ကိုကို သိနေတယ် .. ဘာကြောင့် ငြင်းမယ်ဆိုတာကိုလဲ ကိုကို သိနေတယ် .. ကိုကို့ကိုကြည့် .. ကြည့်စမ်းပါ – ကျနေတဲ့ ကိုကို့မျက်ရည်တွေကိုကြည့်ပြီး ဖြေစမ်းပါ – ကိုကို့ အချစ်ကို တိုင်တည်ပြီး ဖြေစမ်းပါ .. ကိုကို့အသက်ကို တိုင်တည်ပြီး ဖြေစမ်းပါ .. ငွေယုန် .. ကိုကို့ကို မချစ်ပါဘူးလို့ .. ဖြေရဲလား .. ဟင် .. ဖြေရဲလား .. ကိုကို့အသက်ကို .. တိုင်တည်ပြီး ဖြေရဲသလား ကလေးရယ် .."

ငွေယုန့် မျက်ရည်တွေ ဖြာကျလာသည်။ ကိုကို့လက်မောင်းကြားမှာ ငွေယုန့်ကိုယ်လေး အားပျော့သလို .. ညွတ်ကျလာသည်။ ကိုကို့ ရင်ခွင်ထဲ ခေါင်းသည် တိုးဝင်ငိုကြွေကျ၏။ ကိုကို၏ အသက်ကိုရင်း၍ .. တိုင်တည်၍ .. ငွေယုန် မညာရဲပါ ကိုကိုရယ် ..။



ငွေယုန် ညာလျှင် .. ကိုကို့အသက်ကို ထိခိုက်စေမည့် သစ္စာမျိုးကိုတော့ ငွေယုန် ညာ၍မဆိုဝံ့ပါ ကိုကိုရယ် ..။

ငွေယုန် ကိုကို့ရင်ခွင်မှာ ခေါင်းဝင်ရင်း ရှိုက်ရှိုက်ငင်ငင် ငိုချလိုက်ရင်းမှ ..

"ကိုကို့ကို .. ငွေယုန် ချစ်ပါတယ် ကိုကိုရယ် .. ချစ်ပါတယ် .. ရှုးမတတ် .. ချစ်တာပါ .. အနိုင်းမဲ့ ချစ်တာပါ .. ငွေယုန့် အသက်ထက် .. ပိုချစ်တာပါ .. ပိုချစ်တာပါ ကိုကိုရဲ့ .."

ဟု ပြောဆိုစဉ်ခိုက် ကိုကို့ လက်တွေ ငွေယုန့်မျက်နှာလေးကို စိတ်လှုပ်ရှားစွာ ဖေးမော့လာနေကြသည်။ ငွေယုန့်မျက်ရည်စတွေ စိုလူးနေသည့် ပါးပြင်ကို .. ကိုကိုသည်လည်း .. တောက်လျှောက် နမ်းနေချေသည်တကား ..။

အချစ်သည် .. အချစ်ကိုတိုင်တည်၍ .. သစ္စာဆိုရမည်ဆိုလျှင် .. မှန်သောသစ္စာကိုသာ ဆိုဝံ့ပါချေသည်တည့် ...။

* * *

www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းကင်ကြီးကို မော့ကြည့်လိုက်ပါကွယ် ...။

အပြာရောင် မိုးကောင်းကင်ကြီးဆီက ..

အရောင်စုံတဲ့ ပန်းပွင့်လေးတွေဟာ ..

အရောင်ခြယ်ထားတဲ့ မိုးပွင့်ရောင်စုံတွေလိုပဲ

ကြွေကျနေကြလေရဲ့ ...။

အဖြူရောင် တိမ်ဆုပ်တိမ်ခဲတွေကို ဖြတ်သန်းနှက်ဆက်ရင်း

ကြွေကျလာနေကြတဲ့ ပန်းမိုးတွေကို

ကိုယ်က မင်းအတွက် ဖန်ဆင်းပေးခဲ့တာပါ ..

ဘာလို့လဲဆိုတော့ ..

ဒီနေ့ဟာ ..

ကိုယ်နဲ့မင်း လက်ထပ်တဲ့နေ့မို့လို့ပါပဲ အချစ်ရယ် ...။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

သူ့ဘေးမှာ ယွန်းငွေယုန်လေး ယှဉ်တွဲပါနေခြင်းဆိုဘာကို တွေး၍မဝ .. ကြည့်၍မဝ .. ကြည်နူး၍ မဝနိုင်ဘဲ .. သူ့ရင်သည် ချစ်ခြင်းနှင့် အဆုံးမသတ်နိုင်စွာ ဖြစ်ခဲ့တည်၏။

ဆံနွယ်ရှည်နက်နက်လေးတွေကို ခေါင်းလျှော်ထားပြီးစမို့ ဖြန့်ချထားပါသည့် ငွေယုန်။ အပြာနုရောင် ဆွယ်တာလေးနှင့် အပြာရင့်ရောင် ပြောင်ထဘီလေးကို ခြေမျက်စိဖုံး ဝတ်ထားပါသည့် ယဉ်စစ .. နွဲ့လျလျနှင့် နန်းဆန်ကြော့စင်စွာ လှလိုက်ပါသည့် သူ၏ ယွန်းငွေယုန် ..။

ဩော် .. ယွန်းငွေယုန်သည် သူ၏ဇနီးသည် ..။ သူ၏ဘဝဖော် ..။ သူ၏ လက်တွဲဖော် .. သူ .. သက်မျှနှင်း၍ ချစ်မြတ်နိုးအပ်ပါသော မိန်းကလေး ..။

ရင်သည် .. အနှိုင်းမဲ့သော ကြည်နူးခြင်းနှင့် ကိုယ့်ဘဝကို .. ကျေနပ်စွာ ဖြတ်သန်းနေသည့် ခံစားမှုများဖြင့်ပြည့်ဝနေချေသည်တကား ..။

www.burmeseclassic.com

www.burmeseclassic.com



ငွေယုန့် အကြည့်လေးတွေက လှမ်းလင့်မြင်ရာ တောင်ပြာတန်းများဆီမှာ ငေးငေးလေး ရှိနေပါ၏။ ပြီးတော့ စမ်းရေ စမ်းပေါက်များဆီမှ ရေစီးသံတွေကို ကြားနေရပြီဖြစ်သည့် တစ်ဖက်တောင်ကုန်းလေးဆီသို့လည်း ရောက်၏။

"အဲဒီတောင်ကုန်းလေးကို ကျွေ့ပတ်လိုက်ပြီးရင် .. ကိုကိုတို့ စမ်းပေါက်လေးဆီကို ရောက်မယ် .. စမ်းချောင်းလေးကို မြင်ရမယ် .. အဲဒီမှာ ကိုကိုတို့ တူတူထိုင်ကြတာပေါ့ ငွေယုန် .."

ငွေယုန့်လက်ကို ဖွဖွလေး ဖျေးဆုပ်၍ သူပြောတော့ ယွန်းငွေယုန် မော့ကြည့်လာပါ၏။ ငွေယုန့် မျက်ဝန်းများတွင် မျက်ရည်စေနေသည်။ တစ်ခုခုကို .. ဖြေဆည်မရနိုင်သည့် အကြည့် သည် မျက်ဝန်းဝယ် အရိပ်ထင်၏။ လက်ချောင်းသွယ်လျလျ ဖြူဥဥလေးသည် သူ့လက်မောင်းထက်မှာ ဖွဖွဖေးတင်လာသည်။

"ငွေယုန့် ရင်ထဲမကောင်းလိုက်တာ ကိုကိုရယ် .. ကိုကို .. ငွေယုန့်ကို ချစ်လေလေ .. အရိပ်တကြည့်ကြည့် မြတ်နိုး နေလေလေ .. ရင်ထဲမချိလေလေပါ .. ငွေယုန်က .. ငွေယုန်က .. လူတစ်ယောက်ကို လက်ထပ်ဖို့အတွက် ခေါင်းညိတ်ခဲ့ဖူးတဲ့ ငွေယုန် ဖြစ်ခဲ့တယ် .. အဲဒီလူနဲ့လူသိ ရှင်ကြား စေ့စပ်ခဲ့သေးတဲ့ ငွေယုန် ဖြစ်ခဲ့တယ် .. တကယ် က .. အရမ်းကို ဖြူစင်ပြီး ငွေယုန့်ကိုချစ်တဲ့ ကိုကို့ရင်ထဲ က .. နလုံးအိမ်ကို .. မြင်နိုင်အောင် ငွေယုန် အဲဒီတုန်း က .. ကြိုးစားသင့်ခဲ့တာပါ .. ကိုကို ငွေယုန့်ကို မချစ်ဘူး လို့ ထင်မိတာ တစ်ခုနဲ့ပဲ လူတစ်ယောက်ကို စေ့စပ်ပစ်ဖို့



အထိ ငွေယုန် ခေါင်းညိတ်ပေးလိုက်ခြင်းဟာ ဘယ်လောက် ထိ ရူးသွပ်မိုက်မဲနေတဲ့ အဆုံးအဖြတ်ကြီးလဲ ကိုကိုရယ် .. ဟင် .."

ငွေယုန့် အသံတွေ တိမ်ကျလာက မျက်ရည်ကျ လာတော့ သူ့ ရင်ထဲ ဘယ်လိုမှနေ၍မရ .. ။ ရင်ထဲ မကောင်းနိုင် တော့ .. ။ ဖျောင်းဖျဖို့ သူ့ လက်ကာစဉ်ခိုက် ငွေယုန် ခေါင်းခါ သည်။

"နေပါဦး ကိုကိုရယ် .. ငွေယုန့် ရင်ထဲမှာ .. လိပ်ပြာမသန့် ဘဲ ဖြစ်နေရလေသမျှ .. ငွေယုန် ရင်ဖွင့်ပြပါ ရစေ .. ကိုကို မတားပါနဲ့ .. သိပ်ကို မွန်မွန်မြတ်မြတ်ကြီး ဖြူစင်နက်ရှိုင်း တဲ့ ကိုကို့ကို .. ငွေယုန် ရင်ဖွင့်ပြပါရစေ .. ငွေယုန်လေ .. ဒီခံစားမှုကို ဝန်မခံရမချင်း .. အသေတောင် ဖြောင့်နိုင်မှာ မဟုတ်ဘူး ကိုကို .."

"ဟာ .. ငွေယုန် .. ဘယ့်နယ်ကြီး ပြောလိုက်တာလဲ ကလေးရယ် .. မဦးမချွတ်ကွာ .. ဘာလို့ .. ဘာလို့ .. အဲသလို နိမိတ်မကောင်းတာကြီးကို .. ခုလို .. မင်္ဂလာဦး အချိန်ကြီးမှာ ပြောရတာလဲ .. ဟာ .. ဟာကွာ .. ရင်ထဲ လေးလိုက်တာ ငွေယုန်ရာ .."

သူ့ မျက်စိမျက်နှာကြီး ပျက်ကျလာရလျက် ရင်ထဲ လေးကျသွားရရင်း စိတ်ထဲ ချောက်ချားစိတ်ဖြင့် ပြောမိရပါ ပြီ .. ။

ရှမ်းမြေမြင့်၏ အလှတရားများကို .. ငွေယုန်နှင့် တူတူခံစားရင်း .. စမ်းချောင်းလေးဘေးမှာ လမ်းဘူဘူလျှောက်

www.burmeseclassic.com

www.burmeseclassic.com



ရင်း .. လှပသော ငှက်လေးတွေ ပျံဝဲနေကြတာကို တူတူငေး ကြည့်ရင်း .. ညှိုညနေခင်းလေးကို ဖြတ်သန်းမည်ဟု သူ ဆုံးဖြတ်ကြည့်နူးခဲ့ရလေသမျှတို့သည် .. ငွေယုန့်စကားတစ်ခွန်း ကြောင့် လွင့်ခနဲ ပျောက်သွားရတော့မည့်နယ်ပင် .. သူ့ရင်ကို ချောက်ချားလာရစေပါပြီ။ အသေဖြောင့်မည်မဟုတ် .. ဆိုသည့် စကားကို .. သူ မကြိုက် ..။ ဘာကြောင့် သူ၏ ယွန်းငွေယုန် သည် .. သေရမည်တဲ့လဲ ..။ သူ .. ထိုအဖြစ်ကို .. ကြုံရဖို့ အား အင်မရှိနိုင်သည်မှ .. ခုလို .. ဥပမာပြောလိုက်တာမျိုးဖြင့်ပင် လူ သည် ချောက်ချားတုန်လှုပ်ခြင်းများဖြင့် ဖိဆီးခံနေရပါသည့် သူ တစ်ယောက် ဖြစ်နေရပြီ ..။

"ငွေယုန် ပြောချင်တာတွေကို ပြောခွင့်ပေးပါ ကိုကိုရယ် .. ငွေယုန်လေး .. ကိုကို့အပေါ်မှာ မတရားခဲ့ဘူး .. ကိုကိုက မချစ်ဘူးလို့ ထင်မိတာ တစ်ခုတည်းနဲ့ .. လူတစ်ယောက် ကို စေ့စပ်ခဲ့တယ် .. အဲဒီလူနဲ့ လက်ထပ်ဖို့အထိ .. ဖြစ် ခဲ့တယ် .. သူနဲ့ ငွေယုန် လက်မထပ်ဖြစ်ခဲ့တဲ့ အချိန်မှာ .. ကိုကို့ကို .. ငွေယုန် လက်ထပ်ခဲ့ပြန်တယ် .. ကိုကိုဟာ .. စေ့စပ်ပွဲပျက်ခဲ့တဲ့ မိန်းမတစ်ယောက်ကို .. လက်ထပ်ယူခဲ့ တယ် .. အဲဒီမှာ ကိုကို ပြောတယ်လေ .. ကိုကို .. ငွေယုန့် ကို အရင်ကတည်းက ချစ်နေတာပါ .. ချစ်နေမှန်း မသိ အောင် ညှိခဲ့တာပါလို့ .. ဒါပေမဲ့ .. ငွေယုန်က .. အဲဒီ အချိန်တုန်းက .. ကိုကို ငွေယုန့်ကို ချစ်နေမှန်း .. ကိုကို့ ဘာသာ ကိုကိုမသိဘဲ .. ရှိနေခဲ့တုန်းကတည်းက .. ကိုကို့ ကို .. ငွေယုန် ချစ်နေတာ ငွေယုန့်ကိုယ်ကို .. ငွေယုန်



သိခဲ့တဲ့သူပါ .. ဒီတော့လေ .. ကိုကိုက ငွေယုန့်ကိုမချစ် ဘူးလို့မဲ ထားပါဦး .. ငွေယုန်က .. ကိုကြီးကို စေ့စပ်ဖို့ ခေါင်းညိတ်ပြလိုက်ရမှာတဲ့လား .. ကိုကို ချစ်သည်ဖြစ်စေ .. မချစ်သည်ဖြစ်စေ .. ငွေယုန်ဟာ ငွေယုန်ချစ်နေတဲ့သူ တစ်ယောက်အပေါ်မှာ .. သစ္စာရှိနေရမှာ .. ငွေယုန့်နှလုံး သားအပေါ်မှာ သစ္စာရှိနေရမှာ .."

ပြောနေရင်း ငွေယုန် ယူကျုံးမရသလို ငိုချလိုက် တော့ သူ ငွေယုန့်ကို ငုံ့မိုးငေးစိုက်ကြည့်နေရင်းမှ ရှေ့ကိုဆက် မလျှောက်တော့ဘဲ တောင်ကုန်းလေး မရောက်ခင်မှာပဲ ပင်စိမ်း ပင်အောက်မှာ ငွေယုန့်ကို ထိုင်စေသည်။ သူလည်း ဘေးမှာထိုင် သည်။ ငွေယုန့်လက်လေးတွေကို ထွေးဆုပ်သည်။ မျက်ရည်တွေ ကို သုတ်ပေးသည်။ သူကိုယ်တိုင် ရင်ထဲမကောင်း ..။ ငွေယုန့် ကို ဖျောင်းဖျ၍ လောလောဆယ်မှာ မရနိုင်တော့ပြီ ဆိုတာကို လည်း သိနေသည်။

ငွေယုန်သည် .. တော်ရုံမျှ မဟုတ်သော နာခင်တ များဖြင့် လုံးထွေးရင်း .. မျိုသိပ်စွာ .. သိုသိပ်စွာ .. ငိုကြွေးနေ ခဲ့ပါချေလိမ့်မည် ..။ ခု .. ရင်ဖွင့်နေရှာသည့် ငွေယုန် ဖြစ်လာ ခဲ့သည်မို့ ..။ လောလောဆယ်မှာ .. သူ .. မတားရက်တော့။ တား၍ လည်း ငွေယုန့် သောကသည် .. ပျောက်လွင့်နိုင်မည် မဟုတ် ..။ မပြောရလေ ပို၍ .. ရင်ထဲမှာရှိနေသည့် နာခင်တသည် .. ကြေ ကွဲမှုအရှိန်ပို၍ ပြင်းလာရလေ ဖြစ်ချေမည် ..။

ဒါပေမဲ့ ခက်သည်က .. ငွေယုန့် မျက်ရည်များကို သူ မကြည့်နေနိုင် ..။ ခံနိုင်ရည်မရှိ ..။ ရင်သည် ဆောင်မြိုက်

www.burmeseclassic.com

www.burmeseclassic.com



လာရပါ၏။ ငွေယုန့်ကို သနားစိတ်သည်လည်း သူ့ထံမှာ အုပ်မိုးအုပ်စီးထားနေပြီး ဖြစ်နေပြီ ..။

"ကြည့် .. ကြည့်လေ .. ငွေယုန် စေ့စပ်လိုက်မေမယ် .. ကိုကိုက .. တခြားတစ်ယောက်ကို စေ့စပ်ခဲ့သလား .. ဟင် .. ငွေယုန် စေ့စပ်လိုက်လို့ဆိုပြီး .. ကိုကိုက တခြားမိန်းကလေးတစ်ယောက်နဲ့ လက်ထပ်လိုက်ခဲ့လို့လား .. ကိုကိုဟာ .. ကိုကိုချစ်နေတဲ့ ငွေယုန့်ကို .. ဝေးနေရတဲ့ ဘဝထဲကပဲ .. ဆက်ချစ်နေတာ .. မြတ်နိုးနေတာ .. လွမ်းဆွတ်တမ်းတနေတာ .. အဲသလို .. ကိုကိုက ငွေယုန့်ကို လွမ်းနေချိန်မှာ .. ငွေယုန်က .. ကိုကြီးနဲ့ လက်ထပ်ရမယ့် ငွေယုန် အဖြစ် ရှိနေခဲ့တယ်လေ .. ဘယ်လောက်ထိ ငွေယုန် မတရားခဲ့သလဲ .. ကိုကိုက .. ကိုကို့အချစ်အပေါ်မှာ သစ္စာတည်တယ် .. သစ္စာရှိတယ် .. ရိုးသားတယ် .. အို .. အို .. ငွေယုန်ဟာ ကိုကို့အချစ်နဲ့ မထိုက်တန်တဲ့ ငွေယုန်ပါ ကိုကိုရယ် .. ကိုကို့ကို ငွေယုန် လက်ထပ်ခဲ့တာဟာ .. ကိုကို့ကို ချစ်လွန်းလို့ဆိုတာ ငွေယုန် သိပါတယ် .. ကိုကိုလဲ သိပါတယ် .. ဒါပေမဲ့ .. သစ္စာတရားဘက်မှာ ငွေယုန်ဟာ .. တာဝန်မကျေတဲ့ ငွေယုန် ဖြစ်နေတယ် ကိုကို .. အဲဒီအဖြစ်အတွက် .. ငွေယုန် .. ယူကျုံးမရဖြစ်ရတယ် .. အို .. အို .. ဘယ်လိုမှ .. ဘယ်လိုမှ .. ခွင့်မလွှတ်နိုင်လောက်အောင် ဖြစ်နေရတယ် ကိုကို .."

ပြောရင်း ငွေယုန် ငိုသည်မှ ရှိုက်ကြီးငင်ငင်ပါ ..။ သူ့ရင်ခွင်ထဲ ခေါင်းလေးတိုးဝင် ငိုချပုံလေးမှာ အပြစ်ရှိနေသည့်



ကလေးတစ်ယောက်မှ အားကိုးရာ ရင်ခွင်ထဲ တိုးဝင်ငိုချနေပုံလေးနှင့် တူနေသည်။ သူ့လက်မောင်းတွေကို ဆုပ်ကိုင်ထားပါသည့် ငွေယုန့် လက်ချောင်းလေးတွေ၏ ဆုပ်အားက ပြင်းသည်။ သူ့လက်မောင်းတွေ နာလာသည်။ ဒါပေမဲ့ .. သူ မရုန်းဖယ်ရက်။ စိတ်ထိခိုက်မှုအား ပြင်းသည်နှင့်အမျှ .. ထိုခံစားမှုတွေက ငွေယုန့် လက်ချောင်းလေးတွေထိ တိုးဝင်နေကြသည်ဆိုတာ သူ သိနေသည်လေ ..။ အံခဲထားရင်း သူကိုယ်တိုင်လည်း မျက်ရည် လည်နေသည်။

ငွေယုန့် ကိုယ်လေးကို သူ ထွေးပိုက်ထားရင်း ရင်ထဲမှာ ဖြေဆည်ရာမရ ..။

ငွေယုန်လေး ပိင်ပန်းခြင်းမက ပင်ပန်းနေရှာပြီဆိုတာ သူ သိနေရသည်ကိုက ရင်ကို ဆောက်တည်ရာမရ ဖြစ်နေစေသည်။

"တောက် .. ကိုကို မိုက်တာ .. ကိုကိုသာ အပြစ်ရှိတာ .. ကိုကို .. ဘာလို့ ငွေယုန့်ကို ချစ်နေတယ်ဆိုတာကြီးကို .. မသိလောက်အောင် .. အညံ့ကြီး ညံ့ခဲ့ရပါသိမ့် .. ဟင် .. ကိုကို့ကြောင့် .. ကိုကို့ ငွေယုန်လေး .. မတန်တဆကြီး .. ခံစားနေရတာ ကိုကို မြင်နေရတယ် .. ငွေယုန့် မျက်ရည်တွေကို တန့်ရပ်သွားအောင် ကိုကို .. ခုအချိန်မှာ ဘာမှမလုပ်ပေးနိုင်ဘဲ ဖြစ်နေရတယ် .. ကိုကို .. အဲဒီအတွက် .. ရင်ထဲမှာ .. ရင်ထဲမှာ .. ဖြောင်းဆန်နေရပြီ ငွေယုန် .."

သူ မချိတင်ကဲကြီး ပြောချလိုက်သည်မှ အသံတွေ အက်ကျလာသည် အထိပါ ..။ သူ .. တကယ်လည်း နာ့င်တ

www.burmeseclassic.com

www.burmeseclassic.com



များဖြင့် လောင်မြိုက်ပင်ပန်းနေသည့် တည်ကြည်ခန့် ဖြစ်နေရပြီ။ ငွေယုန်လေး ခံစားရလေ ..။ သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်လေ..။

ငွေယုန့်ကို ချစ်လိုက်တာ .. ကိုကို ချစ်လိုက်တာ.. ဟု .. သူသည် .. ဘာကြောင့် .. ဆောစောပိုင်းတုန်းက .. မပြောမိခဲ့ရပါသတဲ့လဲ ..။ ထိုစကားတစ်ခွန်းကို မပြောမိခဲ့လောက် အောင် .. ကိုယ့်နှလုံးအိမ်ကို ကိုယ်မသိသည့်သူတစ်ယောက်အဖြစ် ရှိခဲ့ခြင်းအတွက် .. သူရော .. ငွေယုန်ရော .. ထိုဒဏ်ကို လူးလှိမ့် နေအောင် ခံစားနေရချေသည်တကား ..။

သူ .. ငွေယုန့်မျက်နှာလေးကို ဖေးမော့သည်။ မျက်ရည်ကို သုတ်ပေးမိသည်။ မျက်တောင်ထူအိအိ ရှည်စင်းစင်း လေးတွေထက်မှာ စိုစွတ်နေသည့် မျက်ရည်သည် မျက်တောင် လေးတွေကို ပို၍ နက်မှောင် ဖြောင့်စင်းမေးဝိုက်နေစေသည်သို့ ရှိ၏။ အကြော ပြိုင်တို့ ရိုးရိပ်ထင်သည့် မျက်နှာနုနုလေးသည် ငိုထားရှိန်ဖြင့် ပန်းဆီရိပ်ရင့်ရင့်ဘက်ကို လှနေသည်။

"ကိုကို ပြောမယ် .. အခု .. ငွေယုန်ဟာ ကိုကို့ဇနီးဖြစ် နေပြီ .. နှစ်ဖက်မိဘကလဲ ကြည်ဖြူဝမ်းသာ .. ကိုကိုတို့ ကလဲ .. ချစ်မြတ်နိုးကြလို့ လက်ထပ်ခဲ့ကြပြီးတဲ့သူနှစ် ယောက် ဖြစ်ကြပြီ .. တစ်ခါတစ်ခါမှာ လူတွေဟာ ကြေကွဲစရာ အတိတ်ဆိုတာကို .. မေ့ဖျောက်ပစ်သင့်ရင်.. မေ့ပျောက်ပစ်လိုက်ရတယ် ငွေယုန် .. မေ့လို့မရသေးရင် တောင်မှ .. မေ့နိုင်အောင် ကြိုးစားယူရတယ် .. အဲဒီကြေကွဲ မှု ဝေဒနာတွေကို .. ပိုပြီးခိုင်မာအင်အားကြီးလာအောင် မလုပ်ရဘူး ငွေယုန် .. အဲဒါတွေကို ပြန်ပြန်တွေးပြီးမျက်



ရည်ကျနေခြင်းဟာ .. ကိုကိုတို့ရဲ့ ဖြစ်ဘည်သင့်နေတဲ့ ပျော်ရွှင်စရာ အိမ်ထောင်တစ်ခုအတွက် ဆုံးရှုံးမှုပဲ ငွေယုန် .. ပျော်ရမယ့် အချိန်မှာ .. ငိုနေခြင်းကိုက .. ကိုကိုတို့ဆုံး ရှုံးနေရတာ အရင်က .. ဝေးခဲ့ရတယ် .. ခု .. ဘဝဖော် ဖြစ်ကြပြီ .. ဒါ .. ကိုကိုတို့ရဲ့ စစ်မှန်တဲ့ ချစ်ခြင်းကြောင့် ဖြစ်တည်လာရခြင်းပဲလို့ .. မှတ်ယူပြီး ရင်ထဲမှာ ကြည်နူးစမ်း ပါ ကလေးရယ် .. ကိုကိုတို့ နှစ်ယောက်အတွက် အရေး အကြီးဆုံးဟာ ဘာလဲ သိလား .. ကိုကိုတို့ ချစ်ကြဖို့ပဲ .. ချစ်နေကြဖို့ပဲ .. ကိုကိုတို့ နှစ်ယောက်စလုံးဟာ တစ်ယောက် ကို တစ်ယောက် .. အရမ်းကို ချစ်ကြတဲ့ .. ပြောမပြတတ် လောက်အောင်ကို ချစ်ကြတဲ့သူတွေ ဖြစ်နေကြတယ်ဆို တာ .. တစ်ယောက်ကိုတစ်ယောက် သိနေကြတာပဲ .. အဲဒီထက်အရေးကြီးတာ .. ဘာရှိဦးမလဲ ငွေယုန် .. ဟင် .."

သူ တိုးတိုးပြောသည်။ ငွေယုန့် မျက်ရည်လေးတွေ တအိအိ ပြိုကျနေသမျှ လိုက်သုတ်နေရင်း တိုးကိုးသာသာ ပြော သည်။ ငွေယုန့်နားထဲဝင်အောင် ပြောသည်။ ကလေးလေးလိုပဲ မော့ကြည့်ရင်း မျက်ရည်လေးတွေ စိုနေသည့် မျက်တောင်လေးတွေ ကို တဖျပ်ဖျပ်ခတ်ရင်း နားထောင်နေသည့် ငွေယုန့်ကို သူ ငုံ့မိုး ငေးစိုက်ကြည့်ရင်း အသနားပိုရပါ၏။ အဘယ်မျှသိ ကလေးလေး နယ် အပြစ်ကင်းစင်သော အဖြူထည် မိန်းကလေးပါလဲလေ ..။

"ခုလို .. ယုန်လေး ငိုနေရင် .. ကိုကို ဘယ့်နှယ်လုပ် စိတ် ချမ်းသာပါတော့မလဲ .. ကိုကို ငွေယုန့်ကို လက်ထပ်တာ ဟာ .. ငွေယုန် ငိုနေဖို့အတွက်လို ဖြစ်နေပြီ .. ကိုကို

www.burmeseclassic.com

www.burmeseclassic.com



အချစ်တွေကို ငွေယုန် သိနေရလို့ဆိုဆိုပြီး .. ယှဉ်ကျူးမရတဲ့ စိတ်တွေနဲ့ .. ငွေယုန်က အပြစ်ရှိသူတစ်ယောက်လို ခံစားပြီး ငိုကြွေးနေဖို့အတွက် .. ကိုကိုက ငွေယုန့်ကို လက်ထပ်ခဲ့သလို ဖြစ်နေပြီ .. အဲဒီကတည်းကိုက .. အယ်ကောင်းတော့မလဲ .. ကိုကို .. မတရားသလိုကြီး ဖြစ်နေတာပေါ့ .. နားလည်စမ်းပါ ကလေးရယ် .. ဘဝဆိုတာ .. တည်ဆောက်လိုက်တဲ့ အချိန်ကစပြီး .. လျှောက်ကြရမယ့် ခရီးပါ .. ကိုကိုတို့ရဲ့ အိမ်ထောင်သည်ဘဝကို .. ကိုကိုတို့ တည်ဆောက်လိုက်ရပြီဖြစ်တဲ့ ခုအချိန်ကစပြီး .. ပျော်ပျော်ရွှင်ရွှင် .. အရိပ်တကြည့်ကြည့်နဲ့ တည်ဆောက်လျှောက်လှမ်းကြဖို့ပဲ အရေးကြီးတယ် .. ကိုကို ပြောခဲ့တယ် မဟုတ်လား .. ထားရစ်သင့်တဲ့ အရာကို .. ထားရစ်ခဲ့ရခြင်းဆိုတာမျိုးက .. အိမ်ထောင်ရေးဆိုတဲ့ အရာမှာ .. တစ်ခါတစ်ခါ လိုအပ်လာတတ်တယ် .. အဲသလို လိုအပ်လာတဲ့ အခါမှာ .. အဲဒီ ချန်သင့်ထားသင့်တဲ့ အရာကို .. ချန်ထားပစ်ခဲ့လိုက်ရလိမ့်မယ် ငွေယုန် .."

သူ ပြောပြီး ငွေယုန့် နဖူးပြင်လေးကို နမ်းသည်။ ဆံစလေးတွေကို သပ်ပေးသည်။ ခေါင်းလေးကို ရင်မှာဖေးအပ်ထားမိသည်။ အုန်းဆီရနံ့သင်းသော ဆံစဆီမှ သင်းပျံ့သောရနံ့သည် .. မျက်ရည်ကြောင့် ပို၍စိုလဲ့စွာ ရှိလာပါသည့် ရင်မတောင်သနပ်ခါးရနံ့နှင့်အတူ .. သူ နှာဖျားဝယ် ခိုဝင်၏။

"ကိုကိုတို့ ပြန်တွေးရင်း ရယ်မောသင့်တဲ့ အတိတ်ဆိုတာ ရှိနေတာပဲ ငွေယုန် .. ကိုကို သေနတ်ပစ်ခံယောင်ဆောင်



ခဲ့တာမျိုး .. ဟော .. ငွေယုန် နှုတ်ခမ်းနီတွေ ဘာတွေနဲ့ .. ပေါင်ဒါတွေဖွေးအောင်ရိုက်ပြီး မင်းသမီးလုပ်ကတဲ့ ဥစ္စာမျိုး .. ဘာတဲ့ .. ကိုကို မှတ်မိသေးတယ် .. အဲဒီနေ့က သီချင်း .. အန်တီဖူးရဲ့အင်္ကျီကို တုတ်ခါးမှာထောက်ထိုးပြီး ထိုင်မသိမ်းအင်္ကျီလုပ်ကတဲ့ ကောင်မလေးလေ .. သူဆိုတာ .. အဟမ်း .. ဟမ်း .. ခါးတောင်ကလေးဝတ်တော့ အလွန်ပင်ယဉ်သော် .. မြမြတစ်ကိုယ်လုံး မမုန်းနိုင် ကျွန်တော် .. သီချင်းချရှက်တယ် .. မင်းအလုပုက်မယ် .. ချွေးကလေးစိုစို ကိုကို သနားသော် .."

သူ .. သံနေသံထားဖြင့် ဆိုတော့ ယွန်းငွေယုန်မျက်ရည်လေးတွေ လည်နေသည့်ကြားမှ ကလေးလေးလိုပဲ တစ်ချက်ပြုံးလာသည်။

စိတ်အစဉ်သည် .. ငယ်တုန်းကဆီသို့ ရောက်မုံပေါ်၏။

သူ့ပခုံးပေါ် ခေါင်းလေးကို ခပ်နွဲ့နွဲ့တင်သည်။

"အဲဒီတုန်းက .. အကကောင်းတဲ့ ကောင်မလေးကို .. ကိုကိုက ချောင်းကြည့်နေတာ .. ကလိုက်တာမှ ကွေးနေတာပဲ .. ဒါပေမဲ့ ခက်တာက .. အသံလေ . သူ့အသံက .. နဲ့အသေးစားလေး မှုတ်နေသလိုပဲ .."

ဟု ပြောတော့ ငွေယုန် သူ့ပခုံးကို ထုသည်။ သူ ရယ်တော့ ငွေယုန်လိုက်ရယ်၏။

နှုတ်ခမ်းလေး မသိမသာစူ၍ မော့ကြည့်သည်။ ခုမှ သူ့ရင်ထဲမှာ ကြည်နူးလာရပါ၏။ ငွေယုန်သည် ကလေးလေးစိတ်

www.burmeseclassic.com

www.burmeseclassic.com



ကောက်နေသည့်နှယ် သူ့ကို မျက်စောင်းလေးနှင့် ကြည့်လာပြီ..။ ရင်ထဲမှာ ဝမ်းနည်းရှိန်လေးတွေ အတန်အသင့် ပြေလာပြီထင့်..။

"အဲမယ် .. ဒေါ်ကြီးချွေတို့ ညိုဥတို့ .. မာမီတို့က ပြောပါတယ်နော် .. ငွေယုန့် အသံက အသံကောင်းတဲ့ .."

"ဟုတ်လား .. အံ့ဩစရာပဲ .. တကယ်က .. အဲဒီစကားဟာ .. ညာပြောနေတာပဲ ဖြစ်ရမယ်ကွယ် .."

ဟု သူပြောလာတော့ ငွေယုန် သူ့ကို မျက်စောင်းနှင့် ထပ်ကြည့်၏။ သူ ပြုံး၍ ငွေယုန့်ကို ကလေးလေးထွေးပိုက်လိုက်သလို တယုတယ ထွေးပိုက်မိရင်းမှ ..

"ကဲ ... ဒေါ်အသံကောင်းလေးရဲ့ .. ဆိုစမ်းပါဦး .. အဲဒီသီချင်းလေး .. ကိုကို ကြိုက်တယ်ဗျ .. ဆရာထာရှဲ့ခင့်သဘောသီချင်းကို ဆိုခဲ့တဲ့ လေဘာတီဒေါ်မြရင်ရဲ့ အသံကိုမီအောင် ဆိုနိုင်ပါ့မလား .. ကဲ .."

ဟု ပြောတော့ ယွန်းငွေယုန် တစ်ချက် မော့ကြည့်သည်။ ငွေယုန့်ကို ပျော်အောင် စကားခေါ်နေခြင်း ဆိုတာကို ငွေယုန် သိလာပုံရပါ၏။ ဒါပေမဲ့ .. သူ့ကိုချစ်စိတ်ဖြင့် ငွေယုန် လည်ချောင်းလေးတစ်ချက် ရှင်းလိုက်ပြီးမှ ..

"ခါးတောင်ကလေး ဝတ်တော့ အလွန်ပင် ယဉ်သော် .. မြမြ တစ်ကိုယ်လုံး မမုန်းနိုင် ကျွန်တော် .. သီချင်းချုရက်တယ် .. မင်းအလှပျက်မယ် .. ချွေးကလေးစိုစို ကိုကို သနားသော် .."

ဟု တိုးတိုးလေး ဆိုပြပါ၏။

သူ .. ငုံ့မိုး၍ မျက်နှာနုနုဥဥလေးကို ကြည့်မိသည်။



ဩော် .. မျက်ရည်လေးစိုစို .. ကိုကို သနားလိုက်ရပါဘိသည်ကော မောင့်ငွေယုန်ငယ်ဟု ရင်ထဲမှ ညည်းမိရပါ၏။

ထိုနေ့က .. သူ .. ငွေယုန့်ကို ပခုံးလေးသိုင်းငင်ရင်းမှ လမ်းတူတူ လျှောက်ဖြစ်ခဲ့ပြန်ကာ ..။

အဝါရောင်တောပန်းလေးတစ်ခိုင်ကို ငွေယုန့်ခေါင်းမှာ ပန်ဆင်ပေးမိရလျက် ..။ စမ်းချောင်းလေးမှာ .. တူတူလမ်းလျှောက်ဖြစ်ခဲ့ကြကာ ..

ငွေယုန် ဆိုသာ သီချင်းလေးကို နားထောင်ရင်း အိပ်တန်းပျံငှက်တို့ကို ကြည့်ခဲ့ရသည့် ဘဝတစ်ခု၏ .. တစ်ညနေခင်းကို .. နောင်များမှာ .. လွမ်းဆွတ်စွာ တမ်းတနေရမည့်သူ တစ်ယောက် ဖြစ်လာချေလိမ့်ဦးမည်ဟု .. မမျှော်လင့်မိခဲ့ ..။

ဩော် .. မသိနိုင်ခဲ့ပါချေသည်ကောလေ ..။

ထိုနေ့က .. ငွေယုန် ဆိုခဲ့သော သီချင်းလေးသည် သူ့ရင်ခွင်မှာ ခေါင်းလေးတိုးဝင်ရင်း .. စမ်းချောင်းဘေးမှာ ဆိုခဲ့ချေသေးသည်မို့ ..။

ထိုတေးသံလေးသည် .. သူ့ရင်ကိုဖြတ်၍ .. သူ့နှလုံးအိမ်သို့တိုင်အောင် .. ပို့နှံပေးခဲ့ပါသော .. တေးတစ်ပုဒ်အဖြစ် ရှိခဲ့ချေသည်ပဲ .. ဟု ထိုစဉ်ကတော့ သူ မသိခဲ့ပါချေ ..။

သူ .. မသိနိုင်ခဲ့ပါချေသည်ကော ငွေယုန်ငယ် ..။

"ကုသိုလ်ကနော် ဖန်လာသော် .. ကံဇာတာကျော်ဆယ့်နှစ်နှစ်လောက်က ရောက်ခဲ့ရသော် .. ခုထက်ထိမှ မိလောအောင်နော် .. အဆိုတော် ..."

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၇)

"စားကောင်းလိုက်တာ ငွေယုန်လေးရာ .. ပဲပုပ်ထောင်းတွေ ဘာတွေနဲ့ကို .. ထမင်းကြော်က .. စပါယ်ရှယ်ဖြစ်နေပြီ .. ကဲ .. အမိလေး ... အဲဒီပဲပုပ်ထောင်းကို .. ဘယ်သူ့ဆီက တတ်လိုက်တာတဲ့လဲ .."

ကိုကို စားမြိန်နေတာကို ကြည့်ရင်း ငွေယုန်ရင်ထဲမှာ ကြည်နူးနေမိရသည်ပါပဲ ..။ အသားဖြူဖြူ အရပ်မြင့်မြင့်ကြီးနှင့် ကိုကိုကတော့ဖြင့် သန့်ပြန့်မွန်ရည်သော ရုပ်အဆင်းဖြင့်ခန့်သော .. ချောသော ကိုကိုပါ ..။ အမြဲ စိတ်ကောင်းထားတတ်သူပေမို့ မျက်ဝန်းတွေကအစ ကြည်လင်နေလျက် တောက်ပနေတတ်ပါသည့် ကိုကို ..။

ကိုကို့ကို .. ငွေယုန်၏ဘဝမှာ အားကိုးမြတ်နိုးရာခင်ပွန်းသည်အဖြစ် လက်တွဲနိုင်ခွင့် ရလိုက်ပါသည့် ကံကြမ္မာကို ငွေယုန် ကျေးဇူးတင်ပါသည်။



ငွေယုန့် ဆန္ဒအတိုင်း .. တရားရုံးမှာ နှစ်ဖက်မိဘနှင့်အတူ လက်ထပ်ခဲ့ဖို့အတွက်လည်း သဘောတူခဲ့ရှာသည့် ကိုကိုပါ ..။ တခမ်းတနားကြီး လက်မထပ်လိုပါ .. ဟု ငွေယုန် ဘာကြောင့် ပြောသည်ဆိုတာကို .. ကိုကို နားလည်ပေးရှာသည်ပါပဲ ..။

တခမ်းတနား စေ့စပ်ခဲ့သည်က ဒေါက်တာဘုန်းကျော်ဖြစ်ခဲ့လျက် ..။

တခမ်းတနား လက်ထပ်သည်က .. တည်ကြည်ခန့်ဆိုသူ ဖြစ်နေတာမျိုးကို .. ဝန်းကျင်အလယ်မှာ ငွေယုန် အဖြစ်မခံနိုင် .. ရင်မဆိုင်ရဲခဲ့တာကို .. ကိုကို နားလည်ပေးခဲ့ရှာသည်ပါပဲလေ ..။ ငွေယုန်နှင့် ပတ်သက်လာလျှင် ကိုကိုသည် .. အရမ်းကို နားလည်ပေးတတ်ပါသော ကိုကို .. မျှဝေခံစားပေးရှာပါသောကိုကို အဖြစ် သိလာရလေလေ .. ကိုကို့ကို မခွဲနိုင်စွာ ချစ်မြတ်နိုးရလေလေပါ ..။ တစ်ဆက်တည်းမှာလည်း ကိုကြီးနှင့် စေ့စပ်ခဲ့ဖူးသည်အထိ ရှိခဲ့ရလေသည့်မှုကို .. ငွေယုန့်ဘက်က .. သစ္စာမဲ့ခြင်းတစ်ခုအဖြစ် .. ကိုကို့အပေါ်မှာ ငွေယုန် လိပ်ပြာမသန့်ရဲနိုင်ဘဲ ရှိရှိနေရသည်ပါပဲ ..။

ကိုကိုနှင့် တရားရုံးမှာ လက်ထပ်ခဲ့ကာ ..။ မင်္ဂလာဆွမ်းကျွေးခဲ့ပြီးသည့်နောက်မှာ .. ငွေယုန်သည် .. ကိုကို၏ သစ်သီးစည်သွပ်ဘူးစက်ရုံ တည်နေသည့် ဤနောင်တရေး ဆိုသော ရှမ်းမြေမြင့်ဆီမှ လှပအေးချမ်းသော နေရာလေးဆီသို့ ရောက်လာခဲ့ရခြင်းပါ ..။

www.burmeseclassic.com

www.burmeseclassic.com



မနက်စောစောထ၍ ငွေယုန် ကြော်ထားပါသော ထမင်းကြော်ကို .. ကိုကို နှစ်နှစ်ခြိုက်ခြိုက် စားသောက်နေသည့်အတွက် ငွေယုန် ကြည်နူးနေမိရသည်ပါပဲ ..။

စားနေရာမှ ကိုကို လှမ်းကြည့်လာသည်။ ငေးကြည့်နေသည့် ငွေယုန့် အကြည့်နှင့် ဆုံ၏။ ငွေယုန့် ထမင်းပန်းကန်ဆီသို့ ကိုကို့ အကြည့်ရောက်၏။ ခုထိ မစားဖြစ်သေးသော ထမင်းကြော်သည် အငွေ့တထောင်းထောင်းဖြင့် ရှိနေဆဲ ..။ မုန်လာဥနီနှင့် ပွေပဲသီးတောင့်လေးတွေဖြင့် ထမင်းကြော်၏ရနံ့က အစာအိမ်ကို ဆာဆာလောင်လောင် ပို၍ဖြစ်လာနေစေမှန်း ငွေယုန် သိနေသည်။ ဒါပေမဲ့ .. ကိုကို စားနေတာကို ငွေယုန် ကြည့်နေချင်သည်လေ ..။

"ဟိတ်ကောင်မလေး .. ဘာငေးနေတာလဲ .. ထမင်းစားလေ .. ဘာလဲ .. ပဲပုပ်ထောင်းနည်းကို .. ဒေါ်လေးခမ်းအိမ်ဆီက သင်ထားတာ ပြောပြဖို့ ..ုက်နေတယ်ပေါ့လေ .. ဒေါ်လေးခမ်းက .. အချက်ကောင်းဗျ .."

"ဟင် .. ငွေယုန်က အချက်မကောင်းဘူးပေါ့ .."

နေရင်း နေရင်း ဒေါ်လေးခမ်းအိမ်လို သဘောသားကောင်းကြီး အပေါ်မှာ ငွေယုန့် စိတ်တွေက /မနာလိုချင်ချင်ဖြစ်လာနေတာကို ငွေယုန့် ဘာသာလည်း အံ့ဩချင်စ ပြုလာပြီ။ ကိုကို့ကို ချက်ပြုတ်ကျွေးပါသော ဒေါ်လေးခမ်းအိမ် ဆိုတာက .. ကိုကို ဤစက်ရုံကို .. လာတည်သည် ဆိုကတည်းက .. မန်နေဂျာ ကိုနိုင်းနောင်မှ စီစဉ်ပေးသော ထမင်းချက် အဒေါ်ကြီးပါ ..။ ကိုကို့ကို အစဉ်တစိုက် ချက်ပြုတ်ကျွေးရှာသည့်သူပါ ..။



ခု .. ကိုကိုက .. ဒေါ်လေးချက်တာကို ချီးကျူးနေတော့ ငွေယုန် မနာလိုချင်ပဲ ဖြစ်ဖြစ်လာနေသည်။ ငွေယုန် .. ငွေယုန် .. ကိုကို့အတွက် အရမ်းကိုတော်သော သူတစ်ယောက် အဖြစ် အစစအရာရာမှာ ဖြစ်ချင်လာနေသည်ပဲ ..။ ဒါ .. ကိုကို့ကို ချစ်လွန်း၍ ကိုကို့ထံမှ ဂရုတစိုက်ရှိမှုတွေ ချီးကျူးမှုတွေကို .. လောဘတကြီးဖြင့် ငွေယုန် အပိုင်သိမ်းချင်နေမှန်း မိမိဘာသာလည်း သိသိလာနေရပါသည့် အဖြစ်။

ကိုကိုကတော့ .. ငွေယုန့် မနာလိုမှုတွေကို နားလည်ပုံဖြင့် ရယ်နေသည်။ စားလက်စထမင်းကို ထားခဲ့လိုက်ရင်း ငွေယုန့် ဘေးမှာ လာကပ်ထိုင်သည်။ နာဖျားလေးကို ဆွဲလိမ်ရင်းမှ ထမင်းကြော်တစ်ဇွန်းကို ခပ်ယူ၏။ ငွေယုန့်ကို ခွံ့ကျွေးလာတော့ ငွေယုန့် ရင်ထဲမှာ ကျေနပ်ကြည်နူးမိရပြန်ပါ၏။ အလိုက်သင့်ပါးစပ်လေး ဟပေးကာ ထမင်းကြော်ကို စားဖြစ်သည်။ နောက်တစ်ဇွန်း ကိုကို ခွံ့ကျွေးတော့ ငွေယုန် စားလိုက်ရင်းမှ အကြည့်က ကိုကို့ပန်းကန်ဆီသို့ ရောက်၏။

"ကိုကို စားဦးလေ .. ငွေယုန်လဲ စားပါ့မယ် .. ငွေယုန်က မစားဖြစ်ဘဲ ရှိနေရတာ ဘာကြောင့်လဲဆိုတော့ .. ကိုကို စားနေတာကို .. ငေးနေချင်လို့ပါ .."

.. ဟု အမှန်အတိုင်း ဝန်ခံမိတော့ ကိုကို ငွေယုန့် ပါးပြင်လေးကို နမ်းလာပါ၏။

"ကိုကို စားနေတာ .. ကြည့်နေလို့ .. ငွေယုန့်ဗိုက်က ဝလာမှာတဲ့လား ကလေးမလေးရဲ့ .. ဘာလဲ .. ကိုကိုက ပိုချောချော လာနေလို့လား .. ကိုကို ထင်းဘာ ပြောရရင် ..

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက ပိုချောချောမလာဘဲ .. ပိုမောမောလာနေရတာ ခင်ဗျ .. ကိုယ့်မိန်းမ ထမင်းမစားဘဲ ကိုယ့်ငေးနေတော့ .. ငါ့မိန်းမလေးတော့ဖြင့် .. ထမင်းဆာတော့မှာပဲဆိုပြီး ရင်ထဲမှာ စိတ်ပူလက်ဂူ ဖြစ်ရ .. စိတ်ထဲမောရဖြစ်နေရရော .. စားစမ်းပါ ကလေးမရဲ့ .. ပိန်လာပြီဗျနော် .. တော်နေကြာ .. အန်ကယ်ရှိန်နဲ့ အန်တီဖွားက .. ငွေယုန်ကို .. အငတ်ထားတယ် ထင်နေပါမယ် ..”

ဟု ပြောနေတော့ ငွေယုန်ရယ်သည်။

ထမင်းကြော် တူတူစားဖြစ်ကြပြီးမှ ..။ သကြားလုံးဝမပါသော .. ဆိမ့်နေသည့် နွားနို့စစ်စစ် တစ်ဖန်ခွက်စီကို ပူပူလေး မှုတ်သောက်ပြီးကြသည့် နောက်မှာ ထမင်းပန်းကန်တွေ သိမ်းဖို့ ငွေယုန် ထတော့ ကိုကို လက်ကာသည်။ ကိုယ်တိုင် ပန်းကန်တွေသိမ်းကာ သွားဆေးနေတော့ ငွေယုန် ဘေးမှ အတင်းကပ်လိုက်ရင်း ..

“ငွေယုန် ဆေးမှာပေါ့ ကိုကိုကလဲ .. ကိုကိုကယောကျ်ား .. ငွေယုန်က မိန်းမပဲ ဥစ္စာ .. ငွေယုန့် ပန်းကန် ကိုကို ဆေးနေတာကိုက .. ငွေယုန် ငရဲရနေပါပြီ ..”

“ဟာ .. မောင်တစ်ထမ်း မယ်တစ်ရွက်တဲ့ .. ငွေယုန်က ထမင်းကြော်တော့ ကိုကိုက ပန်းကန်ဆေးမှာပေါ့ .. ကောင်မလေးနော် .. ပိန်နေတယ် သိလား .. ကြာလေပိန်လာလေ ဖြစ်နေပြီ .. အနားယူ .. နားနားနေနေ .. နေစမ်းပါ .. ဒေါ်လေးခမ်း အိမ်လုပ်ပေးနေတာပဲ ဥစ္စာ .. မနက်အစောကြီး ထထပြီး .. မုန့်လုပ်ရတာနဲ့ .. ထမင်း



ကြော်ရတာနဲ့ .. ရာသီဥတုကလဲ အေးတယ် ငွေယုန် .. မိုးအေးအေးနဲ့ဥစ္စာ ..”

နှင့် ကိုကို ဆူနေသည်။ ကိုကိုနှင့် ငွေယုန် လုယက်၍ ပန်းကန်လုဆေးနေရတာကို ကြာတော့ ငွေယုန် ပျော်လာသည်။ ထိုသို့ .. ငွေယုန် ဆိုသည့် ကောင်မလေးတစ်ယောက်သည် .. ဤမျှလှပအေးချမ်းသော နေရာ .. ဤမျှ လှပသာယာသောနေရာကလေးတစ်ခုမှာ .. ခုလို .. ကိုကိုနှင့် ပန်းကန်လုဆေးနေရသည့် ဘဝမျိုးကို ပိုင်ဆိုင်ခွင့် ရချေလိမ့်မည်ဟုပင် မမျှော်လင့်ရဲခဲ့ ..။ ခု .. ထိုဘဝကို .. ငွေယုန် ပိုင်ဆိုင်လာရပြီ ..၊ သြော် .. ထိုအဖြစ်ထက် .. ငွေယုန့် ရင်ကို .. ပို၍ အေးချမ်းကြည်နူးစေနိုင်စွမ်းသော အရာသည် မရှိတော့ပြီ ..။ ထိုမျှပြည့်စုံသော ဘဝဆိုတာလည်း မရှိလာနိုင်တော့ပြီပဲလေ။

ကိုကို့ကိုချစ်သော ငွေယုန်သည် ကိုကို့ကိုလက်ထပ်ခွင့် ရခဲ့ချေသည်မို့ ..။ ကိုကို့ အကြင်နာတွေကို ပိုင်ဆိုင်ခွင့် ရခဲ့ချေသည်မို့ ..။ ငွေယုန့်လောက် ကံကောင်းသော မိန်းကလေးပင် မရှိတော့သည့်နှယ် ငွေယုန် ခံစားမိရပါ၏။

ပန်းကန်လေးနှစ်ချပ်နှင့် ပဲပုပ်ထောင်းပန်းကန်လေးတစ်လုံး .. နွားနို့ဖန်ခွက်ရှည်လေး နှစ်လုံးကို .. ရေကြီးခွင်ကျယ်လုပ်၍ .. တစ်ယောက်နှင့် တစ်ယောက် လုရင်း ဆေးကြောရင်း ဖြစ်နေရလေသမျှ .. ငွေယုန် ရင်ထဲမှာ ပျော်လာသည်။ ပန်းကန်ဆေးဇလုံထဲမှာ လက်တွေရောထွေး ထိခတ်ရှုပ်ထွေးနေရင်း နွားနို့ဖန်ခွက်တစ်လုံးကို သူ့လက် ကိုယ့်လက်ထဲ ပြယက်ယူနေရင်း ဆေးနေရတာကိုလည်း ငွေယုန် ရယ်မောနေမိသည်။ ကိုကို့ကို

www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်တော့ ငေး၍ငုံ့စိုက်ကြည့်နေသည့် အကြည့်နှင့်ဆုံ၏။ ကိုကို့မျက်ဝန်းတွေထဲမှာ အေးချမ်းရိပ်တွေ ပြည့်နေသည်။ ချမ်းရိပ်တွေ ပြည့်နေသည်။ ခုလို ငွေယုန် ရယ်မောနေတာကို ရင်ထဲမှာ .. ချမ်းမြေ့နေသည့် အသွင် ..။ ကိုကို့လက်တွေ ငွေယုန့်ကိုယ်လေးကို ထွေးပိုက်၍ ခေါင်းလေးကို ရင်ခွင်ထဲမှာ ဖေးအပ်ထားလာပါ၏။ ငွေယုန်ကလည်း ကိုကို့ ရင်ခွင်ထဲမှာ ခေါင်းလေးဖေးတင်အပ်ထားရင်းမှ ကလေးလေးလိုပဲ ငြိမ်သက်နေမိရပါ၏။ ဤရင်ခွင်ကျယ်ကြီးမှာ ငွေယုန် ခုလိုပဲ .. မှေးမှိခေါင်းဝင်ထားရင်း ..။ ကိုကို့ နှလုံးခုန်သံကို ကြားနေရသည့် ရင်အုံကျယ်ကျယ်ကြီးထဲမှာ မျက်ဝန်းတွေကို မှေးယှက်ထားရင်း ..။ ကိုကို့ အကြင်နာတွေဖြင့် နှစ်မြုပ်နေသည့် ငွေယုန် အဖြစ် .. နေနေလိုက်ချင်သည်ပါပဲ ..။

ထိုစဉ်ခိုက် .. ငွေယုန့် ဘယ်ဘက်ရင်အုံဆီမှ အောင့်ခနဲ ထိုးတက်လာသည့် ခံစားမှုက ဝင်လာ၏။ ငွေယုန့်ကိုယ်လေး တစ်ချက် တောင့်ခနဲ ဖြစ်သွားရသည်။

"ဘာဖြစ်တာလဲ ငွေယုန် .. ဘာဖြစ်တာလဲ .."

လွှတ်ခနဲ တစ်ချက်ညည်းသံလေး ပေါ်သွားတာမို့ ကိုကို ချက်ချင်း ငွေယုန့် မျက်နှာလေးကို ဖေးမော့ကာ စိုးရိမ်တကြီး မေးလာတော့ ငွေယုန် အားယူ၍ ပြုံးပြလိုက်ရပါ၏။ တစ်ချက်မျှ ရိုးရိပ်ထင်သွားနိုင်ပါသည့် နာကျင်မှု ဝေဒနာ၏အရိပ်တွေဖြစ်တည်ရာ ငွေယုန့် မျက်ဝန်းတွေကို .. ကိုကို ငုံ့မိုး၍ တိတ်ဆိတ်စွာ စိုက်ကြည့်နေသည်။ အကဲခတ်ကြည့် ..။ ငွေယုန် အသံလေးထွက်အောင် ရယ်လိုက်ရပါ၏။ ငွေယုန့် အတွက် ကိုကို့

စိတ်မပူပန်စေချင် ..။ ကိုကိုနှင့် ဝေးရချေပြီကော ..လ.. ဟု သိလာခဲ့ရပါသည့် ကျန်ရစ်ခဲ့သောကာလဆီက .. ဤဝေဒနာ .. ဤနာကျင်စူးအောင့်မှုတွေကို ဘယ်ဘက်ရင်ညွှန့်ဆီမှ ခံစားလာခဲ့ရသည့်မှာ ကာလကြာခဲ့ချေပြီပဲလေ ..။ ထိုဝေဒနာကို ဒက်ဒီနှင့်မာမီတို့ မသိအောင် ငွေယုန် ဟန်ဆောင်ထားနိုင်ခဲ့သည်မို့ ..။ ဘိုဟန်ဆောင်မှု အတတ်ကို အသားတကျ ရှိနေစေနိုင်သည့် ယွန် ငွေယုန်အဖြစ် .. ခုလည်း .. ကိုကို့ကို ငွေယုန် လုပ်ပြနိုင်စွမ်းခဲ့ပါပြီ ..။

"ငွေယုန် .. တစ်ချက် .. ညည်းပြတာပါ . ကိုကို .. ဘယ်လောက်ထိ စိတ်ပူသွားမလဲဆိုတာ ကြည့်ချင်လို့လေ .. ကိုကိုက သိပ်ရယ်ရတာပဲ .. ထစ်ဆို .. ပူပန်တကြီးနဲ့ကိုဖြစ်ဖြစ်နေတာ .. အဲဒါ မကောင်းဘူး ကိုကိုရဲ့ .. စိတ်တော့ပူပေါ့ .. ခုဥစ္စာက .. ဟျာနေတာပဲ .. ကိုကိုရောဂါရလိမ့်မယ် သိလား .. စိတ်သောကတွေနဲ့ နှစ်နေရင်း နှလုံးရောဂါဖြစ်ရင် .. ဘယ့်နှယ်လုပ်မယ်လဲ .. ကဲ .."

ဟု ပြောတော့ ကိုကို ခေါင်းယမ်းသည်။ ငွေယုန့် နှာဖျားလေးကို ဆွဲလိမ်သည် ..။

"ဒါ နောက်စရာလား ငွေယုန် .."

"ကိုကိုကျတော့ အနောက်သန်ခဲ့ပြီးတော့ .. ငွေယုန့်ကို .. ငယ်တုန်းက ရေတ်ဆီတွေနဲ့ သွေးလုပ်ပြီ .. သေနတ်မှန်ခံရတယ် လုပ်ပြခဲ့ပြီးတော့ .."

ဟု ပြောတော့ ကိုကို အော်ရယ်သည်။

အိမ်ရှေ့မှာ ကားရပ်သံကြားရပြီ ..။ ဒေါ်လေးခင်အိမ်ဈေးမှ ပြန်လာမှန်း သိလိုက်ရပါ၏။ သူ ငွေယုန့်ကို ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ နားပါ ကလေးမလေးရဲ့ .. ကိုကို စက်ရုံကို သွား ချိန်မှာ နားနားနေနေ .. နေပါ .. ဒေါ်လေး ချက်ပြုတ်လိမ့် မယ် .. ကြားရဲ့လား .. ဏဲ .. လောလောဆယ် .. ကိုကိုနဲ့ လိုက်ခဲ့ .. ငွေယုန့်ကို ပြစရာရှိတယ် .."

ကိုကို သိုင်းငင်တင်ထားပါသည့် ငွေယုန့် ပခုံးပေါ်မှ လက်ကို ငွေယုန် ခပ်ဖွဖွ ဖေးတင်လိုက်သည်ကိုက ငွေယုန့်လက် နုနုလေးတွေဖြင့်ပါ ..။ မနက်မှာ ငွေယုန် ရင်ထဲမှာ ကြည်လင် နေသည်။ ပျော်နေသည်။

ကိုကို ပြောသည့် စကားကို ကြားကြားနေမိရသည် လေ ..။ ဘဝဆိုတာ .. ပျော်ရမည့်အချိန်မှာ ငိုနေခြင်းသည် .. ဆုံးရှုံးခြင်းပေပဲ .. တဲ့လေ ..။

ထိုခံယူချက်တစ်ခုကို .. ငွေယုန် တတ်နိုင်သမျှ .. လိုက်နာဖို့ ကြိုးစားနေရပါသည့် အဖြစ် ..။ ကိုကို့ အပေါ် သစ္စာ မဲ့သလို ဖြစ်ခဲ့လေခြင်း ဆိုသည့် ခံစားမှုကတော့ဖြင့် ရင်တွင်းဆီ မှ .. လုံးဝမထွက်ခွာနိုင်စွမ်းသေး ..။

ကိုကို .. စာကြည့်ခန်းသို့ ခေါ်လာသည်။ ပိတ်ထား သော ပြတင်းကို ဖွင့်သည်။

ငွေယုန့်ကိုလည်း ဘေးမှာရပ်နေစေဆဲ ..။ ခန်းဆီး ပြာပြာကို ဘေးတစ်ဖက်ဆီသို့ ကိုကို ဆွဲယူ၏။

မြင်ကွင်းသည် .. လှပစွာပဲ ပေါ်လာပါသည့်အဖြစ် ..။

တောင်ကုန်း တောင်ပန်းများ ..။ နွားစားကျက်ခင်း စိမ်းမြမြလွင်ပြင်ကျယ်များ ..။ တောင်ယာခင်းများသည် .. လှ



သော ပန်းချီကားတစ်ချပ်နှယ် ရှိလင့်၏။ မနက် နေခြည်သည် .. နူးညံ့ခြင်းနှင့်အတူ .. ရှိနေပါသည့် အဖြစ် ..။

မြေတစချို့ကို .. အပင်တွေ မစိုက်ရသေးသည်မို့ .. မြေနီများက နီညိုရောင်ဆေးတွေ ခြယ်ထားသော လေးထောင့် ကွက်လေးတွေအဖြစ် ရှိနေစေကြကာ .. အာလူးခင်းတွေက အစိမ်း ရောင်ဆေးခြယ်သော အကွက်လှလှတွေအဖြစ် သုခ်းလင့်မြင်ရာ လွင်ပြင်ကျယ်ဆီမှာ ရှိလင့်နေကြသည် ..။ ဂျုံခင်းများ ..။ စပါး ခင်းများကလည်း ရှိနေကြသည်ပါပဲ ..။ မြင်ကွင် သည် .. လှလွန်း နေသည် ..။

နှစ်ထပ်အဆောက်အအုံ မြင့်မြင့်ဆီမှ ကြည့်နေရ သည်မို့ .. ရထားလမ်းနှင့် .. ဘူတာရုံကိုလည်း .. လှပသောမြင် ကွင်းထဲတွင် ရောထွေး၍ မြင်နေရစေသည်ပါပဲ ..။ နောက် .. လှမ်းလင့်တွေ့ရသည်က .. အပြီးသတ်လုပြီးဖြစ်သော .. စည်သွပ် ဘူးစက်ရုံ ..။ ကိုကို့စက်ရုံ ..။

ကိုကိုသည် .. ငွေယုန့်ကို လက လွှတ်ဆုံးရှုံးရချေ ပြီကော .. ဆိုသည့် ခံစားမှုတွေဖြင့် ကြေကွဲနေသောရင်နှင့် .. ဤနေရာဆီသို့ ရောက်ခဲ့ရချေလျက် ..။

ခုတော့ .. ငွေယုန့်ကို ပိုင်စိုးသော ခင်ပွန်းသည် အဖြစ် .. ရှိရပြန်ချေသည် တကား ..။ ကိုကို့ စက်ရုံသည် .. ငွေယုန်နှင့် ဝေးကွာရချိန်မှ စတင်တည်ဆောက်ခဲ့ခြင်းဖြင့် အစ တည်ခဲ့ရလျက် ..။ ခုကျတော့ .. ငွေယုန်နှင့် ကိုကို လက်တွဲရ ခြင်းဖြင့် အဆုံးသတ်ရချေဦးတော့မည် ..။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုးမှာကြည့်စမ်း ငွေယုန် .. ကောင်းကင်ကြီး ပြာနေလိုက်တာ .. အဲဒီကောင်းကင်ကြီးဆီက .. မိုးတိမ်တွေ .. အဲဒီမိုးတိမ်တွေဆီက .. အရောင်စုံတဲ့ ပန်းပွင့်တွေကို ခြွေချကြွေကျနေကြစေတယ်လို့ မြင်ကြည့်စမ်းပါကွယ် .. အရောင်စုံတဲ့ ပန်းပွင့်တွေ ကြွေကျလာနေတဲ့ နေရာတစ်ခု အဖြစ် ခံစားကြည့် .. အဖြူရောင် တိမ်ဆုပ်တိမ်ခဲတွေကို နှုတ်ဆက်ရင်း .. ကြည်နူးချမ်းမြေ့ခြင်းနဲ့ လှပခြင်းဆိုတဲ့ အရာတွေကို သယ်ဆောင်လို့ ကြွေကျလာနေတဲ့ ပန်းမိုးတွေကို .. ကိုကို ဖန်ဆင်းထားတဲ့ အရာတစ်ခု ရှိနေတယ် .. မင်းအတွက် ဖန်ဆင်းပေးခဲ့တာပဲ ငွေယုန် .. ဘာလို့လဲဆိုတော့ .. အဲဒီနေ့ဟာ .. ကိုကိုနဲ့ ငွေယုန်တို့ လက်ထပ်ရတဲ့နေ့ ဖြစ်နေခဲ့လို့ပဲ .. အဲဒီနေ့အတွက် .. ကိုကို .. ရည်မှန်းဖန်ဆင်းပေးခဲ့တဲ့ အရာတစ်ခုဟာ .. ဘာလဲ သိလား .."

ကိုကို ပြောနေသည့် အရာတွေကို ငွေယုန် စိတ်အာရုံဖြင့် ဖမ်းဆုပ်၍ သိမြင်နိုင်အောင် ကြိုးစားကြည့်သည်။ ပြာသော ကောင်းကင် ..။ အဖြူရောင် တိမ်ဆုပ်တိမ်စိုင်များ ..။ ထိုတိမ်ဖြူဆုပ်တို့နှင့် ပြာသောကောင်းကင်ဆီမှ .. လှပစွာ ရွာချလာသော ရောင်စုံပန်းပွင့်တို့ ဖြစ်တည်ရာ .. ပန်းမိုး ..။ ထိုပန်းတွေလှပစွာ ဖေးတင်နေမည့် မြေပြင် ..။ အားလုံးကို ငွေယုန် ခံစားကြည့်နေစဉ်ခိုက် ကိုကိုသည် ဗီရိုတွင်းဆီမှ အရာတစ်ခုကို ယူလာသည်။

**ပန်းချီကားတစ်ချပ် ..။**



အို ¡.. ပန်းမိုးတို့ ရွာချနေသော ကောင်းကင် ..။ တိမ်ဖြူဆုပ်နှင့် .. လှပသော ပန်းမြေပြင်တို့ဖြင့် ရှိနေသော ပန်းချီကားတစ်ချပ်ပါတကား ..။

ကောင်းကင်သည်လည်း ပန်းတို့ဖြင့် ပြည့်ဝနေသည် ..။

ကျလာသော ပန်းတို့သည်လည်း မြေပြင်ဆီမှာ လှပစွာ ရှိနေလျက် ..။

ကောင်းကင်သည်လည်း ပန်းတို့ဖြင့် ပြည့်ဝနေသော ပန်းကောင်းကင် ..။

မြေပြင်သည်လည်း .. ပန်းရောင်ငုတို့ဖြင့် ထုံလွှမ်းလှပနေသည့် ပန်းမြေပြင် ..။

ကောင်းကင်နှင့် မြေပြင်ကြားတွင်လည်း ပန်းတို့ဖြင့် ပြည့်ဝစေစည်နေသည့် ပန်းရောင်စုံမိုးတို့ဖြင့် ရှိနေကြချေသည်တကား ..။

ပန်းကောင်းကင် ..။

ပန်းမြေပြင် ..။

ဩော် .. ပန်းမိုးတို့သည် .. ကိုကို့ အချစ်တို့ကို သက်သေတည် ဖော်ကျူးနေချေသည်ကော ကိုကိုရယ် ..။

အနှိုင်းမဲ့ အချစ် ..။ အေးချမ်းသော အချစ် ..။ အေးမြသော အချစ် ..။ မွှေးထုံသော အချစ်တို့ဖြင့် .. ကိုကို၏ အချစ်များစွာတို့ ဖြစ်တည်နေရလေသမျှ .. ဤပန်းချီကားချပ်က .. ငွေယုန့်ကို .. ပြောပြနေကြချေပြန်သည်ကော ကိုကိုရယ် ..။

www.burmeseclassic.com



ငွေယုန် .. ပန်းချီကားကို ငေးစိုက်ကြည့်နေမိရင်း မျက်ရည်လည်လာနေသည်။

ကြည်နူးသော မျက်ရည်ပါ ကိုကိုရယ် ...။

ကိုကို့ကို မော့ကြည့်မိတော့ ငေးစိုက်ကြည့်နေသည့် ကိုကို့မျက်ဝန်းတွေနှင့် ဆုံသည် ..။

အကြင်နာတရားတို့ဖြင့် ချမ်းမြေ့နေပါသော ကိုကို့ မျက်ဝန်းများ ..။

အချစ်တို့ဖြင့် ဖွဲ့တည်နေအပ်ပါသော ကိုကို့ မျက်ဝန်းများ ..။

"အဲဒီပန်းချီကားကို .. ကိုကို ငွေယုန့်ကို လက်ထပ်ခွင့်ရမယ်ဆိုတဲ့အခါမှာ ဆွဲခဲ့တာ ငွေယုန် .. ငွေယုန့်ကို .. ဒီနေရာရောက်လာမှ .. ကိုကို .. ပြမယ်လို့ ဆုံးဖြတ်ထားတာ .. ငွေယုန့်ကို .. ကိုကို .. သိပ်ချစ်တာပဲ ငွေယုန်ရယ် .."

ကိုကို ပြောပြီး ငွေယုန့် ပခုံးလေးထက်မှ လက်ကို ဖေးတင်သည်။ နဖူးပြင်လေးကို နမ်းရှိုက်သည်။ ရယ်နေရင်း ကြည်နူးစွာ ကျလာသည့် ငွေယုန့် မျက်ရည်များကိုလည်း တယုတယ .. သုတ်ပေးသည်။

"ကိုကို့ကို .. ငွေယုန် .. ကျေးဇူးတင်ပါတယ် ကိုကို .. ငွေယုန့်ကို သိပ်ချစ်တဲ့အတွက် .. ငွေယုန် .. ကျေးဇူးတင်ပါတယ် ကိုကိုရယ် .. ငွေယုန့်လောက် ဘယ်သူမှ ကံမကောင်းနိုင်ကြပါဘူး ကိုကိုရယ် .. ကိုကို့ဇနီး ဖြစ်ရတဲ့ အတွက် ငွေယုန် .. ကံကြမ္မာကိုလဲ ကျေးဇူးတင်ပါတယ် ကိုကို .."



ဟု ပြောကာ ငွေယုန် ပန်းချီကား လေးကို စားပွဲပေါ် တင်သည်။

ကြမ်းပြင်တွင် ပျပ်ဝပ်စွာ ထိုင်သည်။ ကိုကို့ကို .. ကန်တော့မိရသည်က ငွေယုန်ပါ ..။ ထိုသို့ ငွေယုန် လုပ်ချေလိမ့်မည်ဟုပင် ကိုကို ထင်ထားပုံမရ ..။ ချက်ချင်း ကိုယ်ကြီးကိုင်း သွားရကာ ငွေယုန့် ပခုံးလေးကို ဆွဲယူထိန်း ပွေ့သာပါ၏။

"ကိုကို့ကို .. ဒီလောက်ကြီး .. ချစ်ရှိသေတဲ့ ငွေယုန့်ကို .. ကိုကို .. အချစ်ပိုရပါတယ် .. ဘဝချမ်းမြေ့ဖို့အတွက် .. ကိုကို့နဲ့ မဝေးကြဖို့အတွက်လဲ ဆုပေးပါတယ် .. ဒါပေမဲ့ ကလေးရယ် .. ဒီလောက်ကြီးထိ .. ကိုကို့ကို တရိုတသေကြီး မလုပ်ပါနဲ့ကွယ် .. ကိုကို မနေတတ်လို့ပါ .. ညတိုင်းလဲ ငွေယုန် ကိုကို့ကို ကန်တော့အိပ်တော့ .. ကိုကို .. ဆုတွေပေးနေရင်းနဲ့ .. အနေကျပ်နေရတာပါ .. ငွေယုန် ကိုကို့ကို လက်ထပ်တာဟာ .. ကိုကိုက ငွေယုန့်ကို လက်ထပ်တာဟာ .. ဘဝဖော်အဖြစ် ချစ်မြတ်နိုးကြဖို့ပါကွယ် .. အစေခံတစ်ယောက်ကြီး .. ကိုကို့ကို .. ငွေယုန် ရိုသေနေစေဖို့ အတွက် .. မဟုတ်ပါဘူး .."

ဟုပြောနေရင်း ကိုကို ငွေယုန့် ပါးပြင်လေးကို ဖွဖွ ညင်ညင် .. သိမ်သိမ်မွေ့မွေ့ နမ်းရှိုက်လာပါ၏။

"ကဲ .. ကလေးမ .. ကိုကို .. အစီအစဉ်ပြောင်းတယ် .. ငွေယုန် .. ကိုကို့နဲ့ .. စက်ရုံကိုလိုက်ခဲ့ .. ငွေယုန့်ကို .. ကိုကို .. မချန်ထားခဲ့ချင်ဘူး .. မျက်စိအောက်မှာပဲ ထားမယ်ကွာ .. ရေသွားချိုး .. ရေနွေးရှိနေတယ် .. ရေနွေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



စပ်ချိုး ..၊ ငွေယုန် ချိုးပြီးမှ ကိုကို ချိုးမယ် .. ကဲ .. ရေချိုး .. ”

ဟု မခွဲနိုင်သလို ပြောနေတော့ ငွေယုန် ရယ်လိုက်မိရကာ ရေချိုးခန်း ဝင်ရပါ၏။ ရေချိုးနေရင်း လက်၏အထိအတွေ့က အမြဲထိစမ်းနေမိကျ နေရာလေးဆီသို့ ရောက်၏။ လွန်ခဲ့သော ရှစ်လကျော် ကိုးလ ကာလဆီကတည်းက စမ်းစမ်းနေမိရပါသည့် အကျိတ်လေး ..။

နာကျင်မှုလုံးဝမရှိပါသော အကျိတ်လေးပေမို့ ငွေယုန် သိပ်တော့ အရေးတကြီး မရှိခဲ့ ..။ အလေးမထားမိခဲ့ ..။ ညာဘက်ရင်အုံ၏ အထက်ဘက် .. အပြင်ဘက် ချိုင်းအနီး၌ ရှိခဲ့ပါသော အကျိတ်အခဲ မာမာလေး ..။ တစ်ဆင့် တစ်ဆင့် ကြီးကြီးလာသည်ဟု ထင်ရပေမယ့် .. လုံးဝမနာကျင်သည့် အကျိတ်လေး ..။

ဤနေ့မှာတော့ .. ထူးခြားနေသည် ..။

လိမ္မော်ခွံအတိုင်း အဖုလေး ပေါ်လာနေသည့်အဖြစ် ..။ လက်နှင့်ပွတ်ကြည့်လိုက်စဉ်ခိုက် သွေးစို့ထွက်လာသည်။ အနာလေး တစ်ခု .. ဖြစ်နေချေသည်တကား ..။

ဒါပေမဲ့ .. မနာကျင် ..။ မကိုက်ခဲ ..။ ငွေယုန် တစ်ချက် ခပ်တွေတွေလေး စဉ်းစားမိသည်။ ရေပြောင်း မြေပြောင်းပေမို့ .. အအေးကြောင့်များ အနာဖြစ်လာခြင်းများပေလား ..။

ငွေယုန် ရေမိုးချိုးပြီးတော့ တဘက်လေးခြုံကာ အပြင်သို့ ထွက်လာတော့ ခုတင်ထက်မှာ ထိုင်ရင်း ငွေယုန် ရေချိုးအပြီးကို စောင့်နေသည့် ကိုကို့ကို မြင်ရပါ၏။



ကိုကို စောင့်နေရတာကို ငွေယုန် အားနာသည်။ ခုတင်ထက်တွင် ခြေတွဲလွဲချ ထိုင်နေရာမှ ကိုကို ထရပ်ပါ၏။

သနပ်ခါးသွေးနေပြီ ဖြစ်ပါသည့် ငွေယုန့်ကိုကြည့်ကာ ..

“အဝတ်အရင်လဲလေ ငွေယုန် .. အအေးပတ်မှာပေါ့ .. ရေနွေးနဲ့ ချိုးတာဆိုပေမယ့် .. ဒါ .. ဆောင်းပေါ်ဒေသရဲ့လေဗျ .. အေးတယ် ငွေယုန် .. ဒီနေ့ .. နှင်းမအုံ့လို့ အအေးသက်သာနေတာ ..”

ဟု ပြောတော့ ငွေယုန် ရယ်မိသည်။ ကိုကိုကတော့ ငွေယုန်နှင့် ပတ်သက်လာလျှင် အမြဲစိုးရိမ်နေတတ်သည့် ကိုကိုပါပဲလေ ..။ ငွေယုန် ဖျားမှာ ကြောက်နေသည့် ကိုကိုသည် ရေချိုးဖို့ စွပ်ကြယ်လေးနှင့်ပဲ စောင့်နေသည့် ကိုကို ဖြစ်နေတာကိုကျတော့ မေ့နေပုံရပါ၏။ ခေါင်းဖြီးလေး လှဘ်ကျသွားတာမို့ ငွေယုန် ကုန်း၍ကောက်စဉ်ခိုက် သိုင်းခြုံထားပါသည့် တဘက်လျောခနဲ ပြုတ်ကျသည်မို့ ကိုကို ကောက်ပေးသည်။ တဘက်လေးကို ကိုကိုကိုယ်တိုင်ပဲ ခြုံပေးလာသည်မို့ ငွေယုန် ခလိုက်စဉ်ခိုက် ကိုကို့ အကြည့်က တစ်နေရာမှာ တန့်၏။

“ဟင် .. ဒီမှာ အနာလေးပါလား .. ခရင်နေ့က ကိုကို မတွေ့ပါလား .. ဒီနေ့မနက်မှ ဖြစ်တာလား ငွေယုန် .. ငွေယုန် ရေချိုးထွက်လာတဲ့အခါ ကိုကို တွေ့တွေ့နေတုန်းက .. ဒီအနာလေး မရှိပါဘူး ငွေယုန် ..”

ငွေယုန် အအေးမိမှာ ကြောက်သည့် ကိုကိုသည် ငွေယုန့်ကို တဆုပ်ပုပ်ဖြင့် တဘက်နှင့် ရေစက်တွေကို ကလေး

www.burmeseclassic.com

www.burmeseclassic.com



သုတ်ပေးသလို သုတ်ပေးတတ်သည့် ကိုကိုပါ .. ။ ခု .. အနာလေးတွေ့တာနှင့် .. ကိုကို .. ပူမန်သလဲ ဖြစ်နေပြန်ပါသည့်အဖြစ် .. ။ ငွေယုန် ရယ်လိုက်မိကာ ..

"မနာပါဘူး ကိုကိုရဲ့ .. ရေပြောင်း မြေပြောင်းမို့ .. အနာပေါက်တာ နေမှာပါ .. ပျောက်သွားမှာပါ ကိုကို .. ငွေယုန် ဆေးလူးလိုက်ပါ့မယ် .."

"မဟုတ်တာ ငွေယုန် .. အသားနုနုနဲ့ ဥစ္စာကွာ .. ဒါ .. ပေါ့ဆဆ မလုပ်အပ်ဘူး ငွေယုန် .. အဝတ်အစားလဲ .. ဆရာဝန်ဆီ အရင်ဝင်မယ် .. အဲဒီမှာ .. ကိုကိုနဲ့ ခင်နေပြီဖြစ်တဲ့ ဒေါက်တာဒေါ်နွယ်နွယ်မော် ဆိုတာ ရှိတယ် .. ပြမှဖြစ်မယ် ငွေယုန် .. အနာရင်းလာရင် ဘယ့်နှယ်လုပ်မလဲ"

ဟု ကိုကို ပြောတော့ ငွေယုန် ခေါင်းလေးခါ၍ ..

"ဟင် .. ရှက်ပါတယ် ကိုကိုရယ် .."

ဟု ပြောမိပေမယ့် မရ .. ။ ကိုကို ခေါင်းခါနေသည်။

ဆေးရုံသို့ မလိုက်၍ဖြစ်မှာ မဟုတ်တာကို ငွေယုန် သိနေရပါ၏။

အနာပေါက်လာသည့် နေရာလေးကို ပြရမှာ ငွေယုန် ရှက်သည်။

ပြီးတော့ .. နောက်တစ်ခု စိတ်လေးနေတာ ရှိသည်။ ငွေယုန့်ကို နားကြပ်တွေ ဘာတွေနှင့် ထောက်စမ်းလျှင် .. ငွေယုန် ရင်ဘတ်ထဲ အောင့်နေသည့် ဝေဒနာကို ကိုကို သိသွားမှာ စိုးသည်။



အနာနေရာက နာတာမျိုး မရှိ .. ။

ဘက်ဘက်ရည်ညွှန့်ဆီကသာ ခေါင့်တာပဲ ရှိနေသည်။

ငွေယုန့်မှာ နှလုံးရောဂါ ရှိနေတာ .. ဖြစ်နေမှာကို .. ငွေယုန် စိုးရိမ်သည်။

ငွေယုန့်မှာ နှလုံးရောဂါ ရှိနေတာ ကိုကို သိလျှင် .. စိတ်ပူရတာနှင့် ကိုကို .. ရော၍ နှလုံးရောဂါပင် ဖြစ်သွားနိုင်သည်လေ .. ။

အနာက သေးသေးလေး .. ။

နာတာလည်း မဟုတ် .. ။ စိုးရိမ်ရောမရှိ .. ။ ထိုသို့ပဲ ငွေယုန် နားလည်ထားသည်။

စိုးရိမ်သည်က .. ညာဘက်ဆီမှ အနာမဟုတ် .. ။

ဘယ်ဘက်ဆီမှ တစ်ခါတစ်ခါ စူးအောင့်သော ဝေဒနာကို ဖြစ်စေသည့် အရာ .. ။

ထိုအတွက်သာ ငွေယုန် စိုးရိမ်သည် .. ။

ငွေယုန့်မှာ နှလုံးရောဂါ ဖြစ်မနေပါစေနှင့်ဟုသာ ငွေယုန် ဆုတောင်းမိရပါသည့် အဖြစ် .. ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

မျက်နှာထက်မှာ အုပ်မိုးထားသော လက်ဖဝါးသည် ဆတ်ဆတ်ခါနေ၏။ မျက်ရည်များ အတောမသတ် ကျနေပြီဆိုတာကို သိနေသည် ..။ ဆောက်တည်ရာမရနိုင်ခြင်း၏ တစ်ဖက်တွင် ခံစားမှုတစ်စုံတစ်ရာ ရှိသည်ဆိုပြားအံ့ ..။ ထိုခံစားမှုသည်ပင် ရင်ကို လိုက်မမီနိုင်ချေတော့ပြီကော ဆိုတာကို မိမိဘာသာ သိနေရသည်။ ရင်သည် ဆို့နေ၏။ ကျပ်ခဲတစ်ဆို့နေသော အရာကြီးတစ်ခုသည် ရင်တစ်အုံလုံးကို ညှစ်ထားသည့်နှယ် ကျပ်ခဲနေသည်။ ကလေးတစ်ယောက်နှယ် သူ့နှုတ်ဆီမှ ငိုရှိုက်ချသံတွေကို မိမိဘာသာ ကြားနေရသည့် အဖြစ် ..။ ခေါင်းတစ်ခုလုံး ပေါက်ကွဲတော့မည့်နှယ် ကိုက်ခဲနေသည် ..။

"ဖြစ်ရလေ ငွေယုန်ရယ် .. ဖြစ်ရလေ ကလေးရယ် - ကိုကို မယုံရက်လိုက်တာ .. မယုံရက်လိုက်တာ .."

သူ့နှုတ်မှ ငိုရှိုက်သံများနှင့် ရောထွေး၍ မချိတင်းသည်းသံက အဆက်မပြတ်နိုင် ..။ ရှေ့ဖြစ်လာမည့် အနာဂတ်



ကာလကို သူ မတွေးရက် ..။ သူ့နှလုံးအိမ်ကလည်း မတွေးရက် ..။ သူ့ဦးနှောက်ဆီမှလည်း မတွေးရက် ..။ သနားစိတ်နှင့် ကြေကွဲမှုသည် ရင်ကို လောင်မြိုက်၏။ အထီးကျန်ခြင်း ဘဝကို ရောက်ရချေမည်ကော ဆိုတာကို သိနေနှင့်သည့်သူတစ်ယောက်၏ ခံစားမှုက ရင်ကို ဆိုးဝါးစွာ တုန်လှုပ်ချောက်ချားနေစေနှင့်ပြီ ..။ ထို့ထက်ပိုဆိုးသော ချောက်ချားမှုက ငွေယုန်လေး ခံစားရမည့် ဝေဒနာ ..။ ထိုဝေဒနာကို .. သူ သိနှင့်နေသည်။ တုန်လှုပ်ချောက်ချားနေနှင့်သည်။ ငွေယုန့်ကို မကယ်နိုင်တော့ပြီ ဆိုတာကို သိနေရခြင်းကိုက .. သူ့ရင်ကို လောင်မြိုက်နေစေခဲ့သည့် အဖြစ် ..။

"ကျွန်တော့် ငွေယုန်လေးကို ကယ်ကြပါဦး ဗျာ .. ကယ်ကြပါဦး .."

ဟု လောကကြီးတစ်ခုလုံး ကြားအောင် သူ အော်ဟစ်၍ ငိုယိုတောင်းပန်ချင်နေသည်။ လည်ချောင်းတွေဆီမှ ဆောင့်၍ ဆောင့်၍ ထွက်ကျလာနေသည့် ရှိုက်သံသည် ညှင်ညင်သာသာ မရှိ ..။ ရင်ကိုဆောင့်၍ ခုန်ပေါက်ထွက်လာသည့် ရှိုက်ငင်မှုသည် လည်ချောင်းတွေကို ခပ်ကြမ်းကြမ်းပဲ ထိုးဆောင့်ဖြတ်သန်း၍ နှုတ်ဖျားဆီမှ ပွင့်ကျလာနေခြင်း ..။

သူ့လည်ချောင်းမှာ ရှိနေသည့် အကြောတွေ တင်းထောင်ခုံးထ ရှန်းကြွနေကြသည်။ ရင်သည် ပန်းဟိုက်နေ၏။ ဒါပေမဲ့ ရှိုက်နေသည့် အရှိုက် .. ကျနေသည့် မျက်ရည်တို့သည် မတန့်နားနိုင်သေး ..။ သူလည်း မတားဆီးနိုင်ပုမ်း ..။

ကင်ဆာ ..။

ရင်သားကင်ဆာတဲ့လားလေ ..။

www.burmeseclassic.com

www.burmeseclassic.com



သူ မည်သို့ယုံကြည်ပေးရမှန်းပင် မသိ ..။ ဤမနက်မှာပဲ သူသည် ငွေယုန်လေးကို ဒေါက်တာဒေါ်နွယ်နွယ်မော်ထံသို့ ခေါ်သွားခဲ့သည် ..။ ဒေါက်တာ ဒေါ်နွယ်နွယ်မော်မှ ငွေယုန်လေးကို စမ်းသပ်ခဲ့သည်။ ပြီးတော့ .. ရယ်မော၍ ငွေယုန့်ကို ကြည့်ကာ ..

"အားလုံး ကောင်းနေပါတယ် .. ဒီမှာက အေးလို့ပါ .. ရာသီဥတု အေးတော့ .. ဖြစ်တာမျိုးပါ .. အမြန်ဆုံးရန်ကုန်ကိုသာ .. ပြန်နေလိုက်ရင် ကောင်းမှာပါ .."

ပြောခဲ့သည်မို့ သူလည်း ရင်ထဲအေးသွားရ ..။ ငွေယုန်လေးလည်း မျက်နှာလေး လန်းသွားခဲ့ပါသည့် အဖြစ် ..။ ဒေါက်တာ့ကို စိတ်လက်ပေါ့ပါးစွာပဲ သူ နှုတ်ဆက်ကာ ငွေယုန်နှင့်အတူ ရပ်ထားသော ကားရှိရာသို့ ဆင်းလာခဲ့ကြကာ .. ငွေယုန်လေး ကားပေါ်တက်ပြီးချိန်ကျမှ ..

"ကိုတည်ကြည်ခန့် .. ဒီမှာ .. ရှင့်လက်ကိုင်ပဝါ ကျန်နေတယ် .."

ဟု ဒေါက်တာဒေါ်နွယ်နွယ်အေးမှ ပြတင်းမှာလာရပ်၍ ပြုံးခေါ်တာမို့ သူ တစ်ချက် တွေခနဲ ဖြစ်၏။ သူ့လက်ကိုင်ပဝါသည် သူ့အကျႌထူ အိတ်ကပ်ထဲမှာပဲ ရှိနေသည်။ ဒါကို သူ သိနေသည်ပဲ ..။ ဒေါက်တာ့ကို လှမ်းကြည့်တော့လည်း ပြုံး၍ ..

"လာပါဦးရှင့် .."

ဟု ခေါ်တာမို့ သူ တစ်ကျော့ ပြန်တက်ခဲ့ရသည် မဟုတ်ပါလားလေ ..။ ဒေါက်တာသည် သူ့ကို သီးသန့်တစ်ခုခု ပြောချင်၍ဆိုတာ သူ နားလည်လာခဲ့သည်ကိုး ..။



ငွေယုန် မသိစေချင်၍ ဆိုတာကိုလည်း နားလည်မိခဲ့သည်မို့ ထိုစဉ်ကတည်းက သူ ရင်ထဲ လေ ခနဲ ဖြစ်ခဲ့ရသည်ပါပဲ ..။

"ယွန်းငွေယုန်ကို အိမ်ပြန်ပို့ပြီးရင် .. ဝင်ခေါက်ပြန်လာခဲ့ပါဦး .. သူ မသိအောင် .. ကျွန်မ ရှင့်ကို အသိပေးစရာ ရှိနေလို့ပါ .."

ဟု ညွှန်ခန်းမှာ အသိပေးစကား ပြောလာခဲ့သည်မို့ သူ ထိုကတည်းက ရင်ထဲမှာ တုန်လှုပ်ချင်၏။ ငွေယုန့်ကို အမြန်ဆုံးပြန်ပို့ ..။ နောက်တစ်ကျော့ သူ .. ဒေါက်တာ့ထံ ရောက်စဉ်ခိုက်မှာ ..

"ယွန်းငွေယုန်ရဲ့ ညာဘက်ရင်သားမှာ ကင်ဆာဖြစ်နေပါပြီ ကိုတည်ကြည်ခန့် .. အဲဒီစကားကို အသိပေး ပြောပြရတဲ့အတွက်လဲ ကျွန်မ စိတ်မကောင်းပါဘူး .. သူ့ရောဂါက .. ခုထိလဲ .. မနာကျင်သေးတာမို့ သူကတော့ .. အဲဒီအနာလေးအတွက် စိတ်သိပ်ပူနေမှာ မဟုတ်ပါဘူး .. သာမန်လို့ပဲ ထင်နေတာပါ .. ဒါပေမဲ့ .. သူ့ရင်သားက အကျိတ်လေးကနေ .. ခု .. အနာလေး ဖြစ်တဲ့အထိအဆင့် ရောက်နေပြီမို့ .. ဝေဒနာက .. လွန်နေပြီ .. နောက်ဆိုရင် .. အနာကြီးလာမယ် .. နာလာပါလိမ့်မယ် .. အကောင်းဆုံးကတော့ .. ရန်ကုန်ကို ခေါ်သွားပြီး .. ဟိုကဆရာဝန်ကြီးများနဲ့ ပြသတိုင်ပင်သင့်ပါတယ် .. အမြန်ဆုံးသွားပါ ကိုတည်ကြည်ခန့် .. ဒီရောဂါဟာ .. မြန်မြန်ကုသမှုခံယူလေ .. ကောင်းလေပါ .. ဒါပေမဲ့ .. ကျွန်မ အသိမပေး

www.burmeseclassic.com

www.burmeseclassic.com



မဖြစ် ပေးရမယ်ဆိုရင် .. လူနှာနဲ့ ပတ်သက်လို့ ခင်မွန်းသည်ဖြစ်တဲ့ ရှင့်ကိုပဲ ပေးမှဖြစ်မှာမို့ .. ရင်သားကင်ဆာဆိုတာက .. အကျိတ်လေးစပြီး စမ်းမိသိမိပြီ ဆိုကတည်းကိုက .. ချက်ချင်း နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်ကို ပြသရမှာမျိုးပါ .. အကျိတ်က မနာကျင်တော့လဲ အများအားဖြင့် ပေါ့ပေါ့ပဲ ထားတတ်ကြတာ များကြပါတယ် .. အဲဒီအကျိတ်လေး ကြီးလာပေမယ့်လဲ မနာပဲရှိတာမို့ .. ဒီလိုပဲနေတတ်ကြပြန်ပါတယ် .. ယွန်းငွေယုန်လို အနာလေးဖြစ်လာပြီဆိုတာတောင်မှ မနာသေးတဲ့ အနာလေးပဲ ရှိနေသေးတာမို့ .. ဆက်ပြီး ပေါ့ဆနေမိတတ်ကြတာ များပါတယ် .. အကျိတ်ကို စမ်းမိတာနဲ့ ချက်ချင်းပြသင့်ပေမယ့် .. ရှစ်လကျော်လောက်မှ ပြတာမျိုး ဖြစ်လာတတ်ရင် .. အလွန်နောက်ကျသွားရတာမျိုး ဖြစ်ရတာပါ .. ယွန်းငွေယုန်ကို စမ်းကြည့်တော့ .. သူ .. ဒီအကျိတ်ကို စမ်းမိသိမိခဲ့တာ .. ကိုးလကျော်လောက်တောင် ရှိနေပါပြီ .. သူ့ကို .. ကျွန်မတို့ ကယ်တင်နိုင်ဖို့ဆိုတာ .. နောက်ကျနေပြီလို့တော့ ပြောရမှာပါ .. ဒါပေမဲ့ .. ရန်ကုန်ကိုတော့ ခေါ်သွားပါ .. ဟိုမှာ .. ဘယ်လိုဆက်ပြီး ကုသမှု ခံယူရမယ်ဆိုတာ .. ဆရာကြီးများက ပြောပြကြမှာပါ .."

ဟု ပြောခဲ့သည့် စကား ..။ မျက်နှာမကောင်းဘဲ ရှိခဲ့ပါလေသော ဒေါက်တာ ..။ ပြီးတော့ .. ငွေယုန့်မှာ .. ကင်ဆာဝေဒနာအပြင် .. နှလုံးရောဂါပါ ဖြစ်နေသည် ဆိုတာကိုပါ ကြားခဲ့ရသည်မို့ .. ထိုဒေါက်တာဒေါ်နွယ်နွယ်မော်၏ အိမ်မှာပင် သူ



သည့် အရုပ်ကြိုးပြတ်မျှ သောကများဖြင့် ပိတ်ပိတ်ဖုန်းခဲ့ရသည် အထိပါ ..။

နောက်တော့လည်း ဒေါက်တာကြီးသာ အနိုင်နိုင် ကျေးဇူးတင်ပါသည် ဆိုတာကို ပြောခဲ့ရကာ .. သူ ကားဖြင့်ပြန်ထွက်ခဲ့ရပေမယ့် ..။ အိမ်သို့ သူ ပြန်မရောက်သေး ..။ ဘယ်လိုမှ ထိန်းမထားနိုင်စွမ်းတော့သည့် ကြေကွဲလောင်မြိုက်နေမှုများ .. တုန်လှုပ်ချောက်ချားနေမှုများ ..။ အနာဂတ်ကို ရင်မဆိုင်ရဲသလို ဖြစ်နေရသည့် ဝေဒနာများဖြင့် နစ်မြုပ်နေသည့် လူတစ်ယောက်အဖြစ် ဤနေရာလေးမှာ သူသည် တစ်ယောက်တည်း ရှိနေသည့် အဖြစ် ..။ ရပ်ထားသော ကားသည် လမ်းဘေးရှိ သစ်ရိပ်အောက်မှာ ရှိနေပါသည့် အဖြစ် ..။ သူကတော့ .. ပင်စိမ်းပင်ကြီး တစ်ပင်အောက်မှာ အားကုန်နေသည့် သူတစ်ယောက်နှယ် အရုပ်ကြိုးပြတ် ဖြစ်နေသည်။ ရင်ထဲမှာ တစ်ခုပဲ ရှိနေသည် ..။ ငွေယုန့်မှာ ကင်ဆာဖြစ်နေပြီ ..။ အသိလည်း နောက်ကျနေခဲ့ပြီ။

ငွေယုန့်ကို ကယ်တင်နိုင်ဖို့ အလားအလာ နည်းပါးနေပြီ ..။ သူ ဘယ်လိုမှ .. နားမလည်ရက်နိုင်တော့သည့် ကံကြမ္မာ ..။ သူ၏ဇနီးသည် ငွေယုန်လေးသည် အကောင်းပကတိနှယ် ရှိနေသည်။ ဟုတ်သည် ..။ ရှိနေသည် .. ကင်ဆာရောဂါ၏ ကြောက်မက်ဖွယ်ကောင်းသော ပရိယာယ်ဆန်းကြီးထဲမှာ ငြိနေသည့် ငွေယုန့်ကို .. သူ မကြာမလင့်မီသော ကာလများဆီမှာ .. ကင်ဆာရောဂါသည်တစ်ယောက် အဖြစ် မြင်ရတော့မည် ..။ အတိုင်းအဆမဲ့သော နာကျင်ကိုက်ခဲမှုများကို ငွေယုန်လေး ခံစားနေရချိန်သည့် နောင်ကာလဆီမှာ ဖြစ်တည်လာတော့မည် ..။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို .. ဒါကို .. သူသည် တားဆီးနိုင်စွမ်းတော့မည် မဟုတ် ..။ ကင်ဆာဆိုတာ .. မနာကျင်သော အရာတစ်ခုအဖြစ် .. လှုံခန္ဓာထဲမှာ စတင်ဝင်ရောက်လာတတ်ကြလျက် .. ပရိယာယ်ဆိုးကြီးဖြင့် လူတို့ကို .. ဘာမျှရောဂါမရှိသေးသည့်နှယ် ထင်ယောင်စေတတ်ကြလျက် ..။ လူကို သေစေသည်အထိ .. ဒုက္ခပေးတတ်ချေသည်တကား ..။

"ငွေယုန်ရယ် .."

သူ ညည်းနေမိရဆဲ ..။ ငွေယုန့်ကို ထိုဝေဒနာဆိုးကြီးမှ ဖယ်ရှားလိုက်နိုင်ချေမည်ဆိုလျှင် .. သူ့ကိုယ်ခန္ဓာအစိတ်အပိုင်းကိုပဲ ပေးရ ပေးရ ..။ အို .. သူ့အသက်ကိုပဲ ပေးရ ပေးရ .. သူ ပေးပါမည်။ ငွေတုန်ကြေးကျ မည်မျှရှိစေ .. သူ့စည်းစိမ်ပြုတ်စေဦး ..။ သူ .. ကုန်ကျခံပါမည် ..။ ဒါပေမဲ့ .. ခေါက်တာဒေါ်နွယ်နွယ်မော်၏ စကားအရ ဆိုလျှင်ဖြင့် .. သိချိန်သည်နှောက်ကျနေချေပြီတကား ..။

"ကိုကို့ဇနီးလေး .. ကိုကို အရိပ်တကြည့်ကြည့် ချစ်ရတဲ့ကလေး .. ကိုကို့ ရင်ထဲမှာ .. ညီမလေးလိုလဲချစ် .. ချစ်ရတဲ့ ဇနီးသည်လေးလိုလဲ ချစ်ရတဲ့ ငွေယုန်လေးရယ် .. လက်ထပ်လို့မှ မကြာသေးဘူး .. ဒီရှမ်းမြေမြင့်ရဲ့အလှကို ခံစားရင်း .. ကိုကို့ကို ချစ်ရတဲ့စိတ်တွေ .. ကိုကို့နဲ့အတူ နေနေရလို့ ကြည်နူးချမ်းမြေ့နေရတဲ့ အဖြစ်တွေနဲ့ ရှိနေရှာတဲ့ ငွေယုန်လေးရယ် .. နုနုဖန့်ဖန့်လေးရှိလှတဲ့ ကိုကို့ ငွေယုန်လေး .. နာကျင်ကိုက်ခဲတဲ့ ဝေဒနာကို .. မနိုင်ရင်ကာ ခံစားရရှာချေတော့မယ် .. အဲဒါကို .. ကိုကို .. ဘယ်လို



ရင်ဆိုင်ရပါ့မလဲ .. ငွေယုန်လေး ကိုကို့ကို ချန်ရစ်ခဲ့ရတော့မယ် .. ထားရစ်ခဲ့ရတော့မယ် .. အထီးကျန်တဲ့ ဘဝတစ်ခုထဲမှာ ကိုကို ကျန်ခဲ့ရတော့မယ် .. အဲဒီအဖြစ်ဟာ ကိုကို့ကို ချောက်ချားနေစေတယ် .. ဆောက်တည်ရာမဲ့ ဖြစ်နေစေတယ် .. ဒါပေမဲ့ .. အဲဒီထက် ဆိုးတဲ့အရာက .. ငွေယုန်လေး ခံစားနေရမယ့် ဝေဒနာတွေကို လက်ပိုက်ကြည့်ပေးနေရမယ့် အဖြစ်ပဲ .. အဲဒီဝေဒနာတွေကို .. ခံစားနေရမယ့် ငွေယုန်ကို .. ကိုကို သနားတယ် .. မကြည့်ရက်ဘူး .. သနားတယ် .. အို .. အို .. ငွေယုန့်ကို .. ကိုကိုသနားတယ် .."

သူ တစ်ယောက်တည်း ပြောနေမိသည်။ ငိုနေမိသည်။ ဝေဒနာတွေနှင့် လူးလိမ့်ညည်းညူနေမည့် ငွေယုန်လေး ..။ မချိမဆန့် ခံစားရရှာမည့် ငွေယုန်လေး ..။ ထိုအဖြစ်ကို .. သူ .. ခံနိုင်စွမ်းမရှိ ..။

ကူကယ်ရာမဲ့ခြင်းဆိုသည့် စကား တစ်ခု၏ အတိမ်အနက်သည် မည်မျှပြင်းထန်သည် ဆိုတာကို သူ နားလည်လာနေမိပြီ ..။ ငွေယုန်လေးသည် ကူကယ်ရာမဲ့သည့် အဖြစ်တွေဖြင့် အနာဂတ်ကာလမှာ ဝေဒနာဆိုးကြီးနှင့်အတူ ရှိနေရချေဦးတော့မည်။

"ကျွန်တော့် ငွေယုန်လေးကို သနားပါ .. သနားပါ .."

ဟု သူ .. ငိုယို၍ တောင်းပန်ချင်နေသည်။ ရင်သည် အရှူးအမူးဆန်နေ၏။ သောကဝေဒနာသည် ခိုးဝါးစွာ လူကိုဖိစီးအုပ်မိုးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



လှမ်းလင့်မြင်နေရပါသည့် တောင်တန်းညို့ရရီ..။ တောအုပ်စိမ်းမြမြ ..။ နောက် .. မြေနီလွင်ပြင်ကျယ် ..။ တောင်ယာစိုက်ခင်းများ ..။ ခလောက်သံတွေဖြင့် စီတန်းသွားနေသော နွားဝန်တင်တန်း ..။ အားလုံးကို .. သူသည် .. ရီဝေစွာငေးကြည့်နေမိသည်။ ရင်သည် ဟင်းလင်းပြင်ကျယ်ကြီး တစ်ခုနှယ် ဖြစ်နေ၏။ ဟာနေသည်။ လှိုက်ခါနေသည်။ ခေါင်းတွေကတော့ ကိုက်ခဲနေဆဲ ..။

သူ .. အတတ်နိုင်ဆုံး ပြန်၍ စိတ်တွေကို စုစည်းယူနိုင်ဖို့ ကြိုးစားနေရပါ၏။

ဤအတိုင်း .. သူ နေနေ၍ မဖြစ်သေး ..။ ငွေယုန်ကို .. သူ .. ရန်ကုန်သို့ ခေါ်သွားဖို့ကိစ္စ ရှိနေသေးသည်။

သူ .. ငွေယုန်ကို .. သေမင်းဆိုသည့် ခံတွင်းဝမှ လုယူလိုက်နိုင်သည့် အဖြစ်တစ်ခုကို .. မျှော်လင့်ထားချင်သည်။ ငွေယုန်ကို သူ .. ချစ်လွန်း၍ မခွဲနိုင် ..။ မခွဲနိုင်သည့် သူတစ်ယောက်၏ အရူးအမူးနိုင်နေသော အချစ်ကြောင့်ပင်လျှင် ငွေယုန်ကို .. သူ .. သေမင်းခံတွင်းဝဆီမှ လုယူလိုက်သူတစ်ယောက်အဖြစ် .. ဖြစ်လိုသော မျှော်လင့်ချက်များကို ဖြစ်တည်လိုက်ချင်နေပြန်သည်။ အားလျော့နေသည့် မျှော်လင့်ချက်တစ်ခုကို .. အင်အားကြီးမားသော မျှော်လင့်ချက်ကြီး တစ်ခုအဖြစ် ပြောင်းယူလိုက်နိုင်ဖို့ သူသည် သူ့ကိုယ်သူ ညာနေသူတစ်ယောက် ဖြစ်နေပြန်သည်။ ငွေယုန်ကို .. သူ .. ကင်ဆာဆိုသည့် ဝေဒနာဆိုးကြီးထဲမှ .. ဖယ်ရှားဖို့အတွက် .. စွမ်းဆောင်နိုင်သူတစ်ယောက်



အဖြစ် .. ရှိနေသည်ဟု ပြန်၍ .. ကိုယ့်ကိုယ်ကိုယ် .. ညာနေမိပြန်သည်။

ငွေယုန်ကို နောက်မကျနိုင်သော အချိန်တစ်ခုအတွင်းမှ ကုသနိုင်လိုက်ပြီ ဆိုတာမျိုးကိုဖြစ်လာနေစေချင်သည် ..။

သူ .. မျက်ရည်ကို ကြမ်းကြမ်းပွတ်ပစ်မိရပါ၏။ ထရပ်လိုက်ချိန်မှာ ကိုယ်သည် တစ်ချက် ယိုင်ခနဲသည်။ ခေါင်းသည် မိုက်ခနဲဖြစ်၏။ ခြေထောက်တွေမှာ အားမရှိ ..။ ခြေသလုံးတွေ တောင့်နေသည်။ ကြွက်သားတွေ ဆိုင်းကုန်သည်သို့ ခံစားရပါ၏။

ဘုရားရေ ..။ ဤမျှတိုတောင်းသော အချိန်တိုလေးအတွင်းမှာ .. သူသည် .. ဤမျှအထိ အားကုန်အားပြတ် ဖြစ်သွားရသည်တဲ့လား ..။ အရုပ်ကြိုးပြတ် ဖြစ်သွားရသည်တဲ့လား ..။ အာခေါင်တစ်ခုလုံး ခြောက်သွေ့နေသည်သို့ ရှိ၏။ နှုတ်ခမ်းတွေကို လျှာဖြင့် သပ်မိစဉ်ခိုက် ခြောက်သွေ့သည့် အထိအတွေ့ကိုပဲ ရသည်။

"မဖြစ်ဘူး .. ဒီလောက် မျက်စိမျက်နှာပျက်ပျက်ကြီးနဲ့ .. ငါ .. ငွေယုန့်ရှေ့မှာ သွားရပ်လို့ မဖြစ်ဘူး .. သူ သိသွားလိမ့်မယ် .. သူ့မှာ ကင်ဆာဖြစ်နေပြီဆိုတာကို မသိဘူးပဲထား .. သူ့မှာ ရောဂါတစ်ခုခု ဖြစ်နေပြီးတော့ .. အဲဒီရောဂါဟာ သေးသေးမွှားမွှား မဟုတ်ဘူးဆိုတာကို သူ သိသွားလိမ့်မယ် .. ငါ .. ငါ .. ဒီပုံကြီးနဲ့ သူ့ရှေ့မှာသွားရပ်လို့ မဖြစ်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



ဟု သူ့ဘာသာသူ တွေးနေမိရသည်။ ပင်စည်ကို မှီရပ်၍ မျက်ဝန်းများကို ပိတ်ထားမိရဆဲ ..။ မျက်ရည်တွေကျလာ နေချိန်မှာ သူ လက်ဖမိုးဖြင့် ပွတ်သုတ်ပစ်မိသည်။

ဟန်ဆောင်ခြင်းဆိုတာ တစ်ခါတစ်ခါမှာ အရေးတ ကြီး လိုအပ်လာတတ်လျက် ..။

ထိုဟန်ဆောင်မှု တစ်ခုအတွက် ရင်းရသည့် ကြေကွဲ လောင်မြိုက်ခြင်းဆိုသည့် အရာသည် အနှိုင်းမဲ့ ပြင်းထန်စွာနှလုံး အိမ်ကို နှိပ်စက်တတ်ချေသည် ဆိုတာ သူ ရင်နှင့်ရင်း၍ သိနေ ရပါချေသည်ကော ..။

"ငါ .. သူ့ရှေ့မှာ ဖြုံးဖြုံးရွှင်ရွှင်ရပ်ရမယ် .. ဘာမှမဖြစ် တဲ့အတိုင်း ပေါ့ပေါ့ပါးပါး ရပ်ရမယ် .. အဝတ်အစားတွေ သိမ်းတော့ ယုန်လေးရေ .. လို့ ပျော်ရွှင်နေတဲ့ အသံတွေနဲ့ ပြောနိုင်တဲ့သူတစ်ယောက် ဖြစ်နေရမယ် .. အေးတဲ့ဒရပ် ကနေပြီး .. ရန်ကုန်ကို ပြန်မှဖြစ်တော့မယ် ယုန်လေးရေ.. လို့လဲ .. ပြောတဲ့အခါမှာ .. ငါဟာ သောကတွေနဲ့ဘာမှ မဆိုင်ဘဲ ရှိနေတဲ့ တည်ကြည်ခန့် ဖြစ်နေရမယ် .. အဲသလို ဖြစ်အောင် .. ငါ .. ကြိုးစားရမယ် .. အို .. ဖြစ်ကိုဖြစ်နေ စေရမယ် .. ငွေယုန့်ကိုချစ်တဲ့ငါ .. အဲသလို .. ဖြစ်ကိုဖြစ် နေအောင် .. လုပ်နိုင်စွမ်းနေရမယ် .."

ဟု တွေးနေရင်း သူ စတင်၍ .. ငွေယုန့်ကို ဟန် ဆောင်စွာ ပြောဆိုနိုင်စွမ်းမည့် သူတစ်ယောက်အဖြစ် ရောက်ရှိလာ အောင် ကြိုးစားယူရပါ၏။



သူ .. ငွေယုန့်ရှေ့မှာ ရပ်နေသည့်သို့ ကိုယ်ကို မတ်လိုက်မိသည်။ ရှေ့မှာရှိနေမည့် ငွေယုန့်ကို ပြုံးကြည့်သည်သို့.. စတင်၍ နှုတ်ခမ်းကို ပြုံးနိုင်ဖို့ ကြိုးစားယူနေရသည်။

ဘာဆိုဘာမျှ သောက၏အငွေ့အသက်သော့မျှ မရှိ သည့် သူတစ်ယောက်နှယ် သူ တည်ငြိမ်စွာ ရပ်နေစွမ်းရှိဖို့ လို သည်လေ ..။

ဖြစ်နိုင်လျှင် .. ကားပေါ်က ဆင်းလာတည်းကိုက .. လေလေးတချွန်ချွန်ဖြင့် ဆင်းလာသည့် တည်ကြည်ခန့် ဖြစ်နေဖို့ လိုသည် ..။

သွက်လက်ပေါ့ပါးစွာ .. ဆင်းလာသည့် တည်ကြည် ခန့် ဖြစ်နေရမည် ..။

ဘဝတစ်ခုလုံးကို .. ပြည့်စုံချမ်းမြေ့စွာ ဖြတ်သန်းသည့် တည်ကြည်ခန့် ..။ ကိုယ့်ဘဝကို ကျေနပ်နေသည့် တည်ကြည်ခန့် ဖြစ်နေဖို့ လိုသည် ..။

သူ .. မည်သည့်သီချင်းကို လေချွန်၍ ကားပေါ်မှ ဆင်းကာ အိမ်ပေါ်သို့ တက်ရမည်လဲ ..။ ကားပေါ်မှ ကြည်လင် ပေါ့ပါးစွာ ဆင်းလာသည့် သူတစ်ယောက်အဖြစ် သူ့အမြင်အာရုံ မှာ သူ့ကိုယ်သူ ဖော်ကြည့်မိသည် ..။ ရင်သည်းကြွေမျှ ငိုကြွေး ခဲ့သော သူတစ်ယောက်နှင့် လုံးဝဆန့်ကျင်ခြားနားနေသော သူ တစ်ယောက်အဖြစ် ငွေယုန့်ရှေ့မှာ သူ ရှိနေဖို့ လိုသည်။ ဟုတ် သည် ..။ ထိုသို့ ရှိနေဖို့ လိုသည် ..။ သူ လေချွန်၍ ဆင်းပြီးသည့် နောက်မှာ ကားတံခါးကို ပေါ့ပါးစွာပဲ ပိတ်မည် ..။ နောက် .. သီချင်းကို နှုတ်မှဆိုလိုက်သင့်သေးသည်။ သူသည် .. ပျော်ရွှင်

www.burmeseclassic.com



ခြင်းများဖြင့် ပျော်ဝင်နေသည့် တည်ကြည်ခန့် ဖြစ်နေရမည်လေ ..။ သူ့နှုတ်ခမ်းတွေ တုန်ခါလျက် လှုပ်ခတ်လာ၏။

"ခါးတောင်ကလေးဝတ်တော့ .. အလွန်ပင်ယဉ်သော် .. မြမြ တစ်ကိုယ်လုံး မမှန်းနိုင် ကျွန်တော် .. သီချင်းချ ရှက်တယ် .. မင်းအလှပျက်မယ် .. ချွေးကလေးစိုစို .. ကိုကို .. သ .. နား .. သော် .."

သူ့အသံတွေ တုန်ခါလာသည် ..။ တဖြည်းဖြည်း အက်လာသည် ..။ နေးလာသည် ..။ သူ့မျက်ဝန်းဆီမှ မျက်ရည်တွေ စီးကျလာနေကြပါ၏။

ဤတစ်ကြိမ်မှာလည်း .. သူသည် .. ကလေးတစ်ယောက်နှယ် .. ရှိုက်ကြီးတငင် .. ငိုချလိုက်မိရပြန်ပါပြီတည်း ..။

တိတ်ဆိတ်သော နေရာလေးမှာ .. သူ့ ငိုရှိုက်သံသည်သာလျှင် .. လေနှင့်အတူ .. လွင့်ရရှင့်ပြန့်လျက် ရှိချေသည်တကား ..။

* * *



## အခန်း(၁၅)

"ခါးတောင်ကလေးဝတ်တော့ .. အလွန်ပင်ယဉ်သော် .. မြမြ တစ်ကိုယ်လုံး မမှန်းနိုင် ကျွန်တော် .. သီချင်းချ ရှက်တယ် .. မင်းအလှပျက်မယ် .. ချွေးကလေးစိုစို .. ကိုကို သနားသော် .."

သူ့အသံတွေ ပုံမှန်အတိုင်းဖြစ်အောင် သူ့ကိုယ်သူ မနည်းကြိုးစား၍ ထိန်းယူနေရသည့် အဖြစ် ..။ လေလေးတချွန်ချွန်ဖြင့် သူ ကားပေါ်မှ ဆင်းခဲ့သည်။ အိမ်တံခါးဆီသို့လည်း သီချင်းလေး တညည်းညည်းဖြင့် ဝင်ခဲ့ရပါ၏။ ဧည့်ခန်းမှာ ငွေယုန်လေး မရှိ ..။ မီးဖိုဆောင်မှာလည်း မရှိ ..။

ဧည့်တွေမိတော့မှာပဲ .. ဟု စိုးရိမ်နေရစိတ်ကဖြင့် တစ်ချက် အေးသွားရသည်။ အပေါ်ထပ်ဆီသို့ သူ တေးလေး တညည်းညည်းဖြင့် ဆက်တက်ခဲ့ရပါ၏။ လှေကားထစ်တွေကို ပေါ့ပါးစွာ တက်နေသည့် သူတစ်ယောက် ဖြစ်နေအောင်လည်း အနိုင်နိုင် ကြိုးစားယူနေရသည်။ ရင်သည် လောင်မြိုက်နေ၏။ ဆို့နေ၏။ ပေါက်ကွဲလုလု ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရင်တစ်အုံလုံး ဆုပ်ခြေခံရနေသည်သို့ ရှိ၏။ ဒါပေမဲ့ ငွေယုန့်ကို ချစ်မြတ်နိုးသောစိတ်ဖြင့် ကြေကွဲလောင်မြိုက်နေသည့် ခံစားမှုများကို .. ဖုံးကွယ်ယူနိုင်ဖို့ .. ထိန်းယူနိုင်ဖို့ ကြိုးစားနေရရခြင်းသည်လည်း ငွေယုန့်ကို ချစ်မြတ်နိုးစိတ်ကြောင့်ဖြင့်ပင် ဖြစ်တည်နေရချေသည်တကား ..။

ဩော် .. ချစ်ရသူလေး မသိပါစေနှင့် ..။

သေခြင်းတရားနှင့် လက်တစ်ကမ်းမှာ ရှိနေသည့်အရူး တစ်ယောက် ဖြစ်နေချေသည်ကော ဟူ၍ မသိပါစေနှင့် ..။

သိနှင့်နေရသည့် သူ့ရင်သာ ကြေကွဲခြင်းဖြင့် နစ်မြုပ်မွန်းကျပ်နေကြပါစေတော့ ..။

ငိုကြွေးနေခြင်းများဖြင့် ရင်သည် ကြေကြေပြန်းမှု ဖြစ်နေကြပါစေတော့ ..။

သူသည်သာ .. သိုဝှက်စွာ .. သိုသိပ်စွာ .. အနှိုင်းမဲ့ ခံစားနေလိုက်ပါတော့မည်။ ချစ်ရသူလေးကို .. လောလောဆယ်မှာ .. ဤအဖြစ်ဆိုးကြီးကို မသိစေချင် ..။ မသိစေရက် ..။

အခန်းတံခါးရှေ့ ရောက်တော့ သူ တစ်ချက်ငြိမ်ရပ်သည်။ အိပ်ခန်းတွင်းမှာ ငွေယုန်လေး အိပ်များအိပ်နေချေသည်လား မသိ ..။ ငွေယုန့်ကို သူ ထားခဲ့၍ စက်ရုံဆီသို့ သွားမည်ဟု ပြောကာ ဒေါက်တာဒေါ်နွယ်နွယ်မော်၏ အိမ်သို့ နောက်တစ်ကျော့ သူ သွားခဲ့သည့် ကာလနှင့် ..။ သစ်တောအုပ်လေးဆီမှာ သူ ငိုကြွေးပန်းဟိုက်နေရသည့် ကာလတွေသည် မနည်းလှ ..။ အိမ်မှာ ငွေယုန်လေး တစ်ယောက်တည်း ရှိနေရင်းများ ပျင်းလာလျက် .. အိပ်များ အိပ်နေချေသည်လား မသိ ..။



သူ .. သိချင်းကို မညည်းဖြစ်တော့ ..။ အကယ်၍များ ငွေယုန်လေး အိပ်ပျော်နေလျှင် သူ့အသံကြောင့် နိုးသွားမှာ စိုးသည်။ အိပ်နေစေတော့ ..။ ဩော် .. ဝေဒနာတွေ ပြင်းပြစွာ မခံစားရခိုက် .. အိပ်ခွင့်ရခိုက် အိပ်စေတော့ ..။ အတွေးသည် တမြေ့မြေ့ နာကျင်ကြေကွဲနေသည့် နှလုံးအိမ်က ငှမ့ချေသည်သို့ ရှိလင့်လာပြန်သည်။

အတန်ကြာမျှ သူ နေရာမှ မရွေ့ဘဲ ငြိမ်ငြိမ်သက်သက်ကြီး ရပ်နေမိရပါချေ၏။ စိတ်ကို မနည်းကြီး ပြန်၍စုစည်းယူနေရသည်ပဲလေ ..။ တစ်ယောက်တည်း ဖိစီးခံစားနေရသည့် ထိခိုက်ကြေကွဲနေခြင်းနှင့် တုန်လှုပ်ချောက်ချားနေခြင်းများသည် ကူကယ်ရာမဲ့နေသည့် သူတစ်ယောက်နှယ် သူ့ကို နှိပ်စက်ဝါးမျိုနေကြသည်သို့ ရှိချေ၏။

အတန်ကြာမှ သူ့ကိုယ်ကို ပြန်တော်သည်။ တံခါးကို ခပ်ဖြည်းဖြည်းဖွင့်၍ အခန်းတွင်းကို ခပ်ဖွဖွ ဝင်လည်းဝင် ..။ ငွေယုန့်ကိုလည်း ခုတင်ထက်မှာ ရှိနေချေသည်လားဟု ချက်ချင်းကြည့်လည်းကြည့်နှင့် ရှိသွားရပေမယ့် .. ခုတင်ထက်မှာ ငွေယုန်လေး ရှိမနေ ..။

အကြည့်က စာကြည့်စားပွဲဘက်ဆီသို့ ရောက်ရချေသည့် အဖြစ်။ လူရိပ်လေးသည် စာကြည့်စားပွဲခုံမှာ ရှိနေချေသည်မို့ လှမ်းကြည့်မိခြင်း ..။ ငွေယုန်လေးသည် တိတ်တိတ်ဆိတ်ဆိတ်စွာ ထိုင်နေပါချေ၏။ အကြည့်က .. စားပွဲထက်မှာ ငါန့်နေသည်။ သူ မြင်လိုက်ရသည်က .. စားပွဲထက်ဆီမှာ ရှိနေသည့် .. စက္ကူတွေ ..။ ဩော် .. သူ .. ငယ်စဉ်ကာလက ငွေယုန့်ကို ပေးနေကျဆောင်

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ပေးခဲ့ဖူးသော .. အိမ်လေးဆောက်ပေးခဲ့ဖူးသော .. ဖိုင်ဘာတုံးလေးတွေ ရှိနေပါသည့် စက္ကူဘူး ..။ ရင်သည် ကျင်ခနဲဖြစ်၏ ..။ သူ၏ ငွေယုန်လေးသည် ဤလက်ဆောင်စက္ကူဘူးကို ဤနေရာထိတိုင် .. ယူဆောင်လာခဲ့ချေသည် တကား ..။

ငေးငေးလေး ကြည့်နေသည့် ငွေယုန့် မျက်ဝန်းလေးတွေ ရီဝေဖျော့ကျနေတာကို သူ မြင်ရစဉ်ခိုက် ရင်သည် ထိတ်ခနဲ ဖြစ်၏။ ငွေယုန်သည် .. တစ်ခုခုကိုများ ကြိုတင်တွေးယူနားလည်နေနှင့်သည့် သူတစ်ယောက်များ ဖြစ်နေချေသည်လား မသိ ..။

ငွေယုန့်မှာ .. ဆိုးဝါးသော ရောဂါကြီးတစ်ခုခု ဖြစ်နေသည်ဟုများ ထင်မှတ်နေချေသည်လား မသိ ..။ ငွေယုန့် မျက်နှာလေး မလန်းဘဲ ရှိနေတာကို မြင်နေရခြင်းဖြင့်ပင် .. မြင်နေရရုံမျှဖြင့်ပင် .. သူ့ရင်သည် .. လောင်မြိုက်လာရပြန်သည်။ သူ့ ခပ်ဖြည်းဖြည်း ငွေယုန့်ထံ လျှောက်တော့ ငွေယုန် ထိုအခါမှ ကြည့်လာပါ၏။ သူ့ ရောက်နေတာကို ငွေယုန် သိနေချေသည် ပဲ ..။

"ငွေယုန့်ကို .. ရန်ကုန်ခေါ်သွားတော့မယ်ပေါ့ .. ဟုတ်လား ကိုကို .. ငွေယုန် အဝတ်အစားတွေ အားလုံးသိမ်းထားပြီးပါပြီ ကိုကိုရယ် .."

ဟု ပြောလာတော့ သူ ရင်ထဲဆို့နေသည်။ ငွေယုန့်ကို အကဲခတ်သလို ခပ်ငေးငေး ငုံ့မိုးငေးစိုက်ကြည့်စဉ်ခိုက် ငွေယုန့် မျက်ဝန်းလေးတွေက ဖိုင်ဘာအိမ်လေးဆောက်ဖို့ ထည့်ထားပါသည့် စက္ကူဘူးထက်မှာ တန့်၏။



"ငွေယုန်က .. ဒီမှာ အမြဲနေရမယ်လို့ မှတ်နေတာ .. မှတ်ထားတာ .. ကိုကိုနဲ့ ငွေယုန် လက်ထပ်ခဲ့ပြီ မဟုတ်လား .. ကိုကို့ စည်သွပ်ဘူးစက်ရုံကလဲ ဒီမှာပဲ ရှိနေပြီဆိုတော့ .. ကိုကို အမြဲနေရမယ့် နေရာဟာ ဒီနေရာပေါ့ .. ဒီနေရာလေးက .. သာယာတယ် ကိုကို .. ရှုခင်းတွေလဲ သိပ်လှတယ် .. ဒီအိမ်မှာ ငွေယုန် ကိုကိုနဲ့ တစ်သက်နေရမယ်လို့ မှတ်ထားတာ .. ပျော်နေမိတာ .. ဒါကြောင့် .. ဒီစာကြည့်စားပွဲလေးပေါ်မှာ ဒီဖိုင်ဘာအိမ်လေးတစ်လုံးကို .. ကိုကို့ကို ဆောက်ခိုင်းမယ်လို့ မှတ်ထားတာလေ .. ဒါပေမဲ့ .. ငွေယုန် .. ကိုကို့ကို ချက်ချင်းမပူဆာခဲ့သေးဘူး .. ငွေယုန်တို့ လက်ထပ်တာ .. တစ်လပြည့်တဲ့အခါကျမှ .. အထိမ်းအမှတ် တစ်ခုအဖြစ် .. ကိုကို့ကို ဆောက်ခိုင်းမယ်လို့ မှတ်ထားတာ .. တွေးထားတာ .. ခုတော့ .. ခုတော့ .. ဒီတစ်ခါလဲ .. လွဲပြန်ပြီ ကိုကိုရယ် .."

ငွေယုန့်အသံလေးတွေ အက်နေသည်။ တုန်ခါနေသည်။ မျက်ဝန်းဝယ် မျက်ရည်ဝေ့ချင်နေ၏။ မျက်လွှာကို ဖျတ်ခနဲချလိုက်စဉ်ခိုက် ငွေယုန့် မျက်ဝန်းမှ မျက်ရည်စက်တွေ အိခနဲ ပြိုကျလာတာကို သူ မြင်နေရသည်။ ရင်သည် ခံနိုင်ရည်မရှိစွမ်းပြီ ..။ ငွေယုန်လေးရယ်ဟု သူ ရင်ကွဲသံကြီးနှင့် ခေါ်ပစ်လိုက်ချင်သည်။ ဒါပေမဲ့ .. သူ့လည်ချောင်းဆီမှ ဘာသံမျှ ထွက်ကျမလာနိုင် ..။

အိမ်လေးနှင့် ပတ်သက်၍ စွဲလမ်းလွန်းစွာ .. ရှိလပါချေသော ငွေယုန်လေး ..။ ငွေယုန့် ဆန္ဒအတိုင်း .. သူသည် ..

www.burmeseclassic.com

www.burmeseclassic.com



ဤစာကြည့်စားပွဲထက်မှာ ဖိုင်ဘာအိမ်လေးတစ်လုံးကို ဆောက်ပေးလိုက်ချင်ပါသည်။

ထို့နောက် ‥ ငွေယုန်လေးနှင့်တူတူ ‥ အိမ်လေးကို ကြည့်လိုက်ချင်သည်။ မီးခိုးခေါင်းတိုင်လေးတစ်လုံးလည်းပါသော ‥ အစိမ်းနှင့် အပြာရောင်လေးတွေ နံရံအဖြစ်လည်း ရှိပါလေသော ‥။ အမိုးနီနီလေးနှင့် လှပစွာ ရှိနေပါချေမည့် တစ်ထပ်တိုက်အိမ်လေးပမာ ‥ ဖိုင်ဘာအိမ်လေးကို ငွေယုန်နှင့်တူတူ ‥ သူ ရယ်မောစွာ ဆောက်လိုက်ချင်ပါသည်။ ထိုဖိုင်ဘာအိမ်လေးမှာ ‥ တိုင်ယံစဉ် တုန်းကနှယ်ပင် သူသည် ‥ ရေကန်နေရာလေးတွေ ‥ ပန်းဥယျာဉ်နေရာလေးတွေကိုလည်း ဖိုင်ဘာတုံးလေးတွေကို ဆက်၍ဆက်၍ ပုံဖော်ပေးလိုက်ချင်ပါသည်။ လှပသောပန်းခင်းနှင့် ‥။ လှပသော ရေကန်ပြာနှင့် ‥ လှပစွာရှိနေမည့် အိမ်လေးတစ်လုံးအဖြစ် ‥ သူ ‥ ဆောက်ပေးလိုက်ချင်ပါသည်။

ဒါပေမဲ့ ‥ ငွေယုန်လေးသည် ‥ ဤအချိန်မှာ အိမ်လေးကို ဆောက်ခွင့်ပြုတော့မည် မဟုတ် ‥။ ဘာကြောင့်ဆို ‥ ဤဖိုင်ဘာအိမ်လေးတစ်လုံးသည် ‥ ငွေယုန် အမြဲရှိနေသည့်နေရာမှာပဲ ‥ ရှိခွင့် ‥ ငွေယုန်က ပြုချေမည်ကိုးလေ ‥။

သူ ‥ ကိုယ်ကိုကိုင်းလိုက်မိသည်။ ငွေယုန့် ကိုယ်လေးကို ထွေးပိုက်ယူလိုက်သည်မှ ‥ ဘယ်လိုမှ မခွဲနိုင်စွာ ‥။ အဝေးမခံနိုင်စွာ ‥။ အဆုံးရှုံး မခံနိုင်စွာဖြင့် ပေါက်ကွဲလုလုဖြစ်နေသည့် နှလုံးအိမ်ဖြင့်ပါ ‥။ သူ ငိုချလိုက်ချင်သည်။ ငွေယုန့် ရင်ခွင်မှာ ခေါင်းကိုတိုးဝင်၍ ကလေးလေးလိုပဲ ငိုချလိုက်ချင်သည်။ ငွေယုန့် ခေါင်းလေးကို ရင်ခွင်မှာလည်း သိမ်းပွေ့ထားလိုက်ချင်



ပြန်သည်။ ငွေယုန့် ဆံစလေးတွေကိုလည်း သပ်ပေးနေချင်သည်။ ငွေယုန့် မျက်နှာ နုနုလေးကို ဖေးမော့၍ တစိမ့်စိမ့်မျှ မျက်တောင်မခတ် ကြည့်နေချင်သည် ‥။ သူသည် ဆောက်တည်ရာမဲ့ ဖြစ်နေ၏။ တည်ငြိမ်ရင့်ကျက်ခြင်း ဆိုတာကို ‥ သူ ‥ အနိုင်နိုင်ပြန်ထိန်းယူနေရသည့် အဖြစ် ‥။ ဦးနှောက်တွင်ရှိ အစိတ်အပိုင်းတွေ ပေါက်ကွဲလွင့်စဉ်ကုန်နေကြသည်သို့ အခံရခက်သော ဝေဒနာနှင့်အတူ ခေါင်းတွေကိုက်တက်နေသည်။ လူသည် ရူးလုမတတ်ဖြစ်နေ၏။ သေလုမျောပါး ဖြစ်နေသည့် သူဘစ်ယောက်ထက်ပင် ‥ သူ့ကိုယ်သူ ‥ အခြေအနေဆိုးနေသည်ဟု ထင်နေရသည်အထိ အသက်ကို အနိုင်နိုင် အားယူရှိုက်ရှုလိုက်ရပါသည့် အဖြစ် ‥။ သူ့ကိုယ်သူပင် စိုးရိမ်လာနေသည်။

ရုတ်တရက်များ ‥ သူ မူးမေ့လဲကျသွားချေတော့မည်လားဟု ထင်မှတ်စိုးရိမ်လာနေမိရပါ၏ ‥။ ထိုသို့ သူအဖြစ်မခံနိုင် ‥။ မဖြစ်စေရ ‥။ ထိုမျှ သူ ဣန္ဒြေပျက်နေလျှင် ‥ မူပျက်နေလျှင် ‥ ငွေယုန် သိသွားချေမည် ‥။ သိ၍ မဖြစ် ‥။ အသိမခံနိုင် ‥။ သူ ‥ ငွေယုန့်ကိုယ်လေးကို ထွေးပိုက်ထားရင်း စိတ်တွေကို မနိုင်မနင်း ပြန်ထိန်းယူနေရသည့်သူ တစ်ယောက် ဖြစ်နေရပါချေသည်တကား ‥။

ငွေယုန့် မျက်နှာလေးကို သူ ဖေးမော့သည်။ ပါးပြင်နုနုကို ဖွဖွညင်ညင် ‥ သိမ်သိမ်မွေ့မွေ့ နမ်းရှိုက်သည်။

ဤမျှ နူးညံ့ဖွေးဥနေသည့် ငွေယုန့်ထံမှာ ကင်ဆာရောဂါဆိုးကြီးသည် အမြစ်တွယ်နေချေပြီတဲ့လား ‥။ ထိုအဖြစ်ကို ‥ သူသည် ‥ ဘာမျှမတွန်းလှန်သာတော့သည့် ကသီကြည်ခန့်

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ရှိနေရချေသည်တဲ့လား ..။ အဖြစ်တို့သည် ယုံကြည်ရန်ပင် မရှိပြီ ..။ ယုံကြည်ပေးလိုက်ဖို့ .. အလွန်ပင် .. ခက်ခဲနေလောက်အောင် .. လောလောဆယ်မှာ ငွေယုန်လေးသည် .. ကျန်းမာသူတစ်ယောက်နှယ်ပင် ရှိနေချေသည်တကား ..။

ဝေဒနာဆိုးကြီးကို ခံစားရင်း .. သူ့ကို .. တစ်နေ့မှာ .. ချန်ထားထွက်ခွာသွားရချေဦးတော့မည့် ဇနီးသည်လေးကို .. သူ .. ကျန်ရစ်ခဲ့ရချေတော့မည့် အထီးကျန်သူ တစ်ယောက်၏ ခံစားမှုဖြင့်ပင် .. ငွေယုန်လေး သိအောင် မကြည့်ရက် ..။

"လောလောဆယ်မှာ သိပ်အေးတော့ .. ငွေယုန်လေး ရန်ကုန်မှာ ခဏနေရမှာပေါ့ .. မိုးရယ် .. ဆောင်းရယ် .. ဟိုမှာနေ .. နွေရာသီကျတော့ ဒီမှာပြန်လာနေကြတာပေါ့ .. ကိုကိုလဲ .. ငွေယုန့်ကို .. ဒီမှာပဲ ရှိစေချင်တာ .."

ဟု သူ တိုးဖွဖွပြောတော့ ငွေယုန် သူ့ကို မော့ငေးကြည့်နေသည်။ ငွေယုန့် မျက်ဝန်းများကို ငုံ့မိုးကြည့်နေရင်း သူ မလုံမလဲ ဖြစ်ချင်၏။ ငွေယုန်သည် .. သူ့မျက်နှာထက်မှာ အကြည့်တွေကို ရှိုးရှိုးကြည့်နေသည်ဟု မထင် ..။ တစ်ခုခုကို အဖြေရှာထုတ်နိုင်ဖို့ ကြိုးစားနေသည်ဟု သူ ထင်လာနေသည်။ ကလေးလိုပဲ .. သူ .. အနေခက်လာရပါ၏။ မနေတတ် မထိုင်တတ် ဖြစ်လာနေရသည်။

"ငွေယုန်က .. ကိုကိုနဲ့ လက်ထပ်ခွင့် ရလိုက်ကတည်းက .. ပျော်နေတာ .. ငွေယုန်ချစ်တဲ့ ကိုကိုနဲ့ မခွဲရတော့ဘူးဆိုပြီးတော့ပေါ့ ကိုကိုရယ် .. ခု .. ကိုကိုနဲ့ ဝေးရဦးမယ် .. ငွေယုန်က ရန်ကုန်မှာနေ .. ကိုကိုက .. ဒီမှာ



စက်ရုံဆောက်နေတာ အပြီးသတ်ဖို့အတွက် ပြန်လာနေ .. အဲသလို ရှိနေရတော့မှာ .."

ဟု သူ့ကို မခွဲနိုင်သလိုလေး ငိုးစင်းပုံလေးဖြင့် ပြောလည်းပြော ..။ သူ့ပခုံးပေါ် ခေါင်းလေးတင်လိုက်တော့ သူ မျက်ရည်လည်ချင်နေသည်။ ခေါင်းလေးပေါ် သူ့လက်ဖဝါးတွေကို ဖေးအုပ်ထားရင်းမှ ..

"ကိုကို လိုက်နေမှာပေါ့ .. ဟိုမှာ ငွေယုန်နဲ့တူတူ ကိုကိုနေမှာ .. ဒီမှာက .. ကိုစိုင်းနောင် ရှိနေတာပဲ .. တစ်လတစ်ခါလောက်ဖြစ်ဖြစ် ကိုကို ခဏ ဒီကိုလာကြည့်လိုက်လဲ ဖြစ်တာပဲ .. ကိုကိုကလဲ ငွေယုန့်ကို မခွဲနိုင်ပါဘူးဗျာ .. ဒီစက်ရုံဆောက်နေတဲ့ကိစ္စထက် .. ငွေယုန်က ပိုအရေးကြီးပါတယ်ကွယ် .. ငွေယုန့်ကို .. ကိုကို မခွဲနိုင်တာကပိုအဓိကကျပါတယ် .. ကိုကိုတို့ .. မိုးရယ် .. ဆောင်းရယ် .. ဟိုမှာနေမယ် .. နွေကျတော့ ဒီမှာလာနေမယ် ဟုတ်ပြီလား .."

ဟု ပြောတော့ ငွေယုန် တစ်ချက်ပြုံးသည်။ သူ .. အတူတူ လိုက်နေမည်ဆို၍ စိတ်ထဲ သက်သာရ သွားသည့်နှယ်ရှိ၏။ သူ့ကို .. ဘယ်လိုမှ မခွဲနိုင်အောင် ချစ်ရှာသည့် ငွေယုန်လေးကို .. သူကလည်း .. ဘယ်တော့မှမခွဲ ..။ မချန်ရစ်နိုင်စွမ်း ..။ ငွေယုန့် အတွက် ကျန်သမျှ .. ကာလလေးသည် .. သူနှင့်အတူ ရှိနေရသည့် ကာလအဖြစ်ပဲ .. ဖြစ်တည်စေရမည် ..။

"ဒါဖြင့် .. ဒီအိမ်လေးကို .. ဘယ်လိုလုပ်မလဲ ကိုကို .. ဟိုမှာလဲ အမြဲမနေဖြစ် .. ဒီမှာလဲ အမြဲမနေရနဲ့ .. ဒီလိုပဲ .. စက္ကူဘူးထဲမှာပဲ ရှိနေရတော့မှာလား ဟင် ... ငွေယုန်

www.burmeseclassic.com

www.burmeseclassic.com



က .. အိမ်လေးကို ဆောက်ပြီးရင် .. အဖျက်မခံနိုင်ဘူး ကိုကို .. ပြီးတော့ .. ငွေယုန်နဲ့ အဲဒီအိမ်လေး တစ်နေရာ စီလဲ အဖြစ်မခံနိုင်ဘူး .. ကိုကိုနဲ့ဝေးရပြီဆိုတုန်းက .. ဒီ အိမ်လေးကို ငွေယုန် ကိုယ်တိုင် ဖျက်ခဲ့ရတာ .. ရင်ထဲကို အောင့်နေ .. နာကျင်နေတာပဲ သိလား .. ငွေယုန်လေ .. ကိုကိုနဲ့ ပတ်သက်လာရင် .. ဘယ်အရာမဆို .. အသေး အမွှားရယ်လို့ကို မရှိတာပါ .. ကိုကို့လက်နဲ့ဆောက်ပေးခဲ့ တဲ့အိမ်လေးကို .. ငွေယုန် ဖျက်ခဲ့ရတုန်းက .. ရူးမတတ် .. ငိုခဲ့မိရတာပါ .. ခုကျတော့လဲ ကိုကိုရယ် .. ဒီအိမ်လေး ဟာ .. အတည်တကျ နေရာလေးတစ်ခုကိုတောင် .. မရှိ နိုင်သေးတဲ့ အဖြစ်နဲ့ပဲ .. ကြုံနေရတုန်းပဲနော် .."

ဟု ပြောလာတော့ သူ့မျက်ဝန်းတွေကို စုံမှိတ်ချ လိုက်မိသည်။ လည်ချောင်းတွေ ဆို့ကျပ်နေသည့် အဖြစ်။ တံတွေးတနင်နင်ဖြင့် ရှိနေပေမယ့် တံတွေးကို မျိုချ၍မရလောက် အောင် လည်ချောင်းတွေ ကျပ်ခဲတစ်ဆို့နေသည်။ မေးကြောတွေ မာတင်းနေသည်။ မေးရိုးသည် တင်းခဲတောင့်ခံနေသည်။ ကြေကွဲ နေစိတ် .. တမြည့်မြည့်ကြေနေအောင် ခံစားနေရသည့် နှလုံးအိမ် တို့သည် .. သူ့ကိုယ်ခန္ဓာရှိ သွေးကြောတွေ .. ကြွက်သားတွေကို ကမြောင်းကပြန်ဖြစ်အောင် .. တင်းခဲဆို့ကျပ်နေအောင် လုပ်ထား ချေသည်သို့ ခံစားရပါချေသည့် အဖြစ် ..။

"ဘယ်တော့လောက် .. ရန်ကုန်ကို သွားမလဲ ကိုကို .."

ဟု မေးလာတော့ သူ ငွေယုန့်ကို ထွေးပိုက်ထားရင်း မှ ..



"မနက်ဖြန် .. သွားကြရင် ကောင်းမလား ကွယ် .. ဟင် .."

ဟု ပြောမိသည်။ ငွေယုန် တစ်ချက်ငြိမ်နေ၏။ နောက်တော့ သက်ပြင်းလေးရှိုက်၍ ..

"အေးလေ .. ကိုကိုက .. ငွေယုန်နဲ့ ပတ်သက်လာရင် အရမ်းစိတ်ပူတတ်တာ ငွေယုန် သိနေတာပဲ .. ရေပြောင်း မြေပြောင်းမို့ .. အနာလေးတွေ ပေါက်လာမှာ ကိုကို ကြောက်နေတယ်ဆိုတာ ငွေယုန် သိပါတယ် .. ကိုကို့ သဘောပါ .. ဒါပေမဲ့ ကိုကိုရယ် .. ဒီနေရာလေးက သိပ် လှတာနော် .. ငွေယုန်ဖြင့် .. ပျော်နေမိတာ .."

ဟု ပြောလာတော့ မျက်နှာလေးကို လက်ဖဝါးဖြင့် ဖေးမော့ညှပ်ထိန်းယူ၍ တစိမ့်စိမ့် ကြည့်မိသည်။

ကံကြမ္မာရယ် ..။ ဒီလောက် သာယာအေးချမ်းနေ စေသင့်ပါတဲ့ .. ဘဝကို .. ဘာကြောင့် .. ခွဲခွာခြင်းဆိုတဲ့အရာ နဲ့ အဆုံးသတ် စေရက်ရတာလဲ .. ဟု မေးချင်နေသည်။ ဤ မျက်ဝန်းနက်နက်လေးတွေ ..။ ရွှန်းမျက်တောင် ထူထူလေးတွေ ..။ လှပဖွေးဥနေသည့် မျက်နှာလေး ..။ နွဲ့ပျောင်းနန်းဆန်သည့် ကိုယ်ဟန်လေး ..။

ဘယ်လိုမှ .. ဘယ်လိုမှ .. သူ .. မခွဲနိုင်ပါသည့် သူ၏ဇနီး ..။ အရိပ်တကြည့်ကြည့်မှု .. ချစ်ရပါသည့် သူ၏ဇနီး ..။ သူ၏ဘဝဖော် ..။ သူ၏မြတ်နိုးရဲ ..။

"တဖြည်းဖြည်း .. ဒီရာသီဥတုကို .. ငွေယုန်လေး ခံနိုင် ရည်ရှိလာအောင်တော့ လုပ်ယူရမှာပေါ့ကွယ် .. ဒါကို ခံနိုင်ရည်ရှိလာအောင် .. နောက်တော့ .. ဆောင်းကိုခံနိုင်

www.burmeseclassic.com

www.burmeseclassic.com



ရည်ရှိလာအောင် .. တဖြည်းဖြည်း ဒီမှာ .. နေနေယူရမှာပေါ့ .. လောလောဆယ်ကျတော့ .. ရန်ကုန်လိုနေရာကနေပြီး .. ဒီနေရာ .. အအေးကိုရောက်လာရတာဆိုတော့ ငွေယုန်လေး ခံနိုင်ရည်မရှိဘဲ ဖြစ်နေတာပါ .. ငွေယုန် ဒီမှာ နေသားတကျ နေလို့ရလာတဲ့အခါကျတော့ .. ဒီစားပွဲလေးပေါ်မှာ .. ကိုကို .. အိမ်လေးဆောက်ပေးမယ်လေ .. နော် .. ငွေယုန်လဲ .. ဒီမှာအမြဲနေ .. တစ်ခါတစ်ရံပဲ .. ရန်ကုန်ကို အလည်အပတ်သောက်ပဲသွား .. ဟုတ်ပြီလား ..”

ဟု အားယူ၍ ပြုံးပြောတော့ ငွေယုန့် မျက်ဝန်းလေးတွေ ရွှန်းလဲ့တောက်ပလာသည်။ မျက်နှာလေး ပြုံးလာသည်။ ကြည်လင်လာသည်။ ခေါင်းလေးညိတ်ပြရင်း သူ့ရင်ခွင်မှာ ခေါင်းလေးတိုးခဲ့သည်။

“ဒါကြောင့် ငွေယုန် ပြောတာ .. ကိုကိုက .. ငွေယုန့် ကို သိပ်ချစ်တာပဲ ဆိုတာကိုပေါ့ .. ယုံကြည်နေရတာပေါ့ ကိုကိုရယ် .. ငွေယုန်တို့ မနက်ဖြန် သွားရတော့မယ်ဆိုတော့ .. စမ်းချောင်းလေးကို သွားကြရအောင် ကိုကို .. တောပန်းလေးတွေကို .. ငွေယုန် ပန်မယ် .. ကိုကိုကခူးပေးပေါ့ .. စမ်းချောင်းလေးဘေးမှာ တူတူလျှောက်ကြမယ် ကိုကို .. စမ်းချောင်းလေးကိုရော .. တောအုပ်လေးကိုရော တောပန်းလေးတွေကိုရော .. ငွေယုန် နှုတ်ဆက်လိုက်ဦးမယ် ..”

ဟု ပြောလာတော့ သူ မငြင်းရက် ..။



ငွေယုန် ပိုင်ဆိုင်နေသော အချိန်လေးတွေကို .. ငွေယုန် စိတ်တိုင်းကျ .. ဆုံးဖြတ်၍ .. ဖြတ်သန်းပါစေတော့ ..။ သူ .. ခေါင်းလေးညိတ်ပြရသည်။ ငွေယုန့်ကို သူကိုယ်တိုင် ဆွယ်တာထူထူ ပန်းနုရောင်လေးကို ဝတ်ပေးသည်။ အကျီထူ နှစ်ထပ်ဖြင့် ငွေယုန်သည် .. ကလေးလေးတစ်ယောက်နှင့် ပိုတူနေ၏။ မိခင်က .. အဝတ်ထူထူ ဝတ်ပေးကာ .. ပွဲခင်းတစ်ခုဆီသို့ ခေါ်သွားတာကို ခံရမည့် ကလေးတစ်ယောက်နှယ် .. ရွှင်ပျနေသည်။ မျက်နှာလေး လန်းနေသည်။

နေ့လယ်စာ မစားဖြစ်ကြသေးသည်မို့ ..။ ငွေယုန် မဆာအောင် .. နွားနို့ပူပူ တစ်ခွက်နှင့် ဘီစကစ်မုန့်ကို .. ငွေယုန့်ကို စားစေသည်။ သူလည်း စားသည်။

နောက်တော့ .. ငွေယုန့် လက်လေးကို ထွေးဆုပ်၍ .. ငွေယုန် သွားလိုသော .. စမ်းချောင်းလေးဆီသို့ တူတူ လျှောက်ဖြစ်ခဲ့ကြပါ၏။

ပင်စိမ်းပင်အုံ့အုံ့များ ရှိနေသော လွင်ပြင်ကျယ်လေးကိုလည်း ဖြတ်သန်းသည်။

နွားစားကျက်ခင်း စိမ်းမြမြ .. ပြန့်လျားလျားကိုလည်း ဖြတ်သန်းသည် ..။

တောင်ကုန်းလေးကိုလည်း ကွေ့ပတ်လျှောက်သည်။

အဝါရောင်တောပန်းလေးတွေကိုလည်း သူ ခူးပေးကာ .. ငွေယုန့် ဆံနွယ်လေးမှာ သူကိုယ်တိုင် ပန်ဆင်ပေးမိရပါ၏။

စမ်းရေသံကို တောင်ကုန်းလေး ကွေ့ပတ်ပြီးလိုက်တာနှင့် ကြားရပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



စမ်းချောင်းလေးဆီသို့ သူတို့ လျှောက်ဖြစ်ကြစဉ်ခိုက် ငွေယုန်ခေါင်းလေးက သူ့ပခုံးပေါ် အလိုက်သင့် ဖေးတင်လာသည်။ ငွေယုန် ခေါင်းလေးသည် သူ့ပခုံးကြီးကို သိပ်မမီလှ ..။ သူ့လက်မောင်းရင်းထက်မှာ ခေါင်းလေးက ဖေးတင်သည်သို့ ရှိ၏။ ငွေယုန့်ပါးပြင်သည် သူ့လက်မောင်းဆီမှာထိသည်။

အုန်းဆီရနံ့သည် .. ငွေယုန့် ဆံနွယ်နက်နက်မှောင်မှောင်တွေဆီမှ သင်းပျံ့စွာ သူ့နှာဖျားဆီသို့ တိုးဝင်သည်။

စမ်းချောင်းဘောမှာ တူတူလျှောက်စဉ်ခိုက် .. ကိုင်းထံတို့ ညွတ်ကျနေသည့် ပနားမားငုပွင့်တို့ဆီမှ .. အဝါရောင်ဖန်းပွင့်တို့သည် စမ်းရေဆီမှာ မျောမျောပါနေကြတာကို ငေးကြည့်ဖြစ်သည်။ ကျောက်စရစ်ခဲ လုံးဝန်းဝန်းတွေသည် စမ်းရေမှာ အတိုင်းသား ရှိနေကြချေသည့် အဖြစ် ..။

"ခါးတောင်ကလေးဝတ်တော့ .. အလွန်မင်ယဉ်သော် .. မြမြ တစ်ကိုယ်လုံး မမုန်းနိုင် ကျွန်တော် .. သီချင်းချရုက်တယ် .. မင်းအလှပျက်မယ် .. ချွေးကလေးစိုစို .. ကိုကိုသနားသော် .."

ဟု ငွေယုန်လေး သီချင်းဆိုစဉ်ခိုက် .. သူ ၎င်းမိုး၌ တကယ်လည်း ကြည့်မိ ..။ ငွေယုန့်နဖူးစပ်လေးဆီမှာ ရှိနေသည့် ချွေးလေးစိုစိုကို .. လက်ကိုင်ပဝါဖြင့် သူ တို့သုတ်ပေးနေမိရပါ၏။

ငွေယုန့်သီချင်းသံလေးသည် .. လွင်လွင်သာ၏။ ငွေယုန့် မျက်နှာနုနုလေးသည်လည်း လန်းလန်းမြ၏ ..။ ခြော်ဖွေးနုဥလွန်းသည်မို့ .. မြရောင်ရိုးရိပ်ထင်သည်သို့ စိမ်းဖန့်ဖန့်



နိုင်လောက်အောင် .. ဖွေးနုနေပါသည့် ငွေယုန့်မျက်နှာနုနုဖူးလေးထက်ဆီမှ ချွေးလေးတွေကို သူ ဖွဖွညင်ညင် သုတ်ပေးမိစဉ်ခိုက် .. ငွေယုန့် သီချင်းသံလေးကဖြင့် .. စမ်းချောင်းလေးဘောမှာ ..။ လေပြည်နှမှာ ..။ စီးမျောပျံ့လွင့်ချေသည်တကား ..။

နားထောင်လိုက်ပါ ငါ့နှလုံးသား ရယ် ..။ မင်းသိပ်ချစ်ရတဲ့ သူလေးရဲ့ .. ဆိုခဲ့တဲ့ တေးသံလေးကို နားထောင်နေလိုက်စမ်းပါ ..။ လွမ်းတဆွတ်ဆွတ် .. ဝေမ်းတရမယ့် .. ကြေကွဲနေရမယ့် .. အထီးကျန်ရက်တွေမှာ .. ဒီနေရာလေးကို .. မင်းရောက်လာပြီး .. ဒီမှာလွင့်ပျံ့ခဲ့တဲ့ တေးသံလေးတွေကို .. ဖမ်းဆုပ်ခံစားနိုင်ဖို့ .. ခုကတည်းက .. ရင်ထဲမှာ သိမ်းဆည်းနားထောင်လိုက်စမ်းပါ ..။

ဒီနေရာလေးမှာ .. ဒီတေးသံလေကို .. တေးအုပ်လေးတွေ ..။ တေးပန်းလေးတွေ ..။ ဟောဒီက စမ်းချောင်းလေးတွေကလည်း .. သိမ်းဆည်းထားကြမှာပါ ..။ သိမ်းဆည်းထားကြမှာပါ ..။

ကိုကို့ နှလုံးအိမ်ထဲမှာ .. သိမ်းဆည်းထားသလို .. သူတို့ကလည်း .. သိမ်းဆည်းထားကြမှာပါ .. ကိုကို့ ငွေယုန်လေးရယ် ..။

ပြီးတော့ .. ပြီးတော့ .. သူတို့ဟာ ကိုကို့လိုပဲ .. ကိုကို့နဲ့အတူ ငိုကြွေးကြမှာပါ ..။ ငိုကြွေးကြမှာပါ .. ..။

* * *

www.burmeseclassic.com



## အခန်း(၂၀)

မေမေ့ရင်ခွင်မှာ သူ ခေါင်းတိုးဝင်ရင်း ကလေးလို မျက်ရည်ကျနေခိုက် မေမေကိုယ်တိုင်သည်လည်း မျက်ရည်ဖြိုင်နေရှာသည်ပါပဲ ..။ မေမေ့ လက်ဖဝါးတွေက သူ့ဆံစကို သပ်ပေးနေသည်။ သူ့ရင်မှာလှောင်နေသည့် သောကမီးသည် အဘယ်မျှထိ အရှိန်ပြင်းထန်သည်ဆိုတာ မေမေ သိနေချေမည်သာ ..။

"ဘာတတ်နိုင်တော့မလဲ သားရယ် .. မေမေ့ချွေးမလေး .. မေမေ့သမီးလေးကို .. မေမေတို့ မကယ်တင်နိုင်တော့ဘူးဆိုတာကို သိနေရတဲ့နောက်မှာ .. မေမေတို့ ဘာတတ်နိုင်တော့မှာလဲ သားရယ် .."

မေမေ့အသံတွေ တုန်ခါနေသည်။ သူ မျက်ရည်ကျနေရင်းမှ ခေါင်းကို ဘယ်ညာခါရင်း ..

"မဟုတ်ဘူး မေမေ .. သား .. အဲသလို လက်ပိုက်ကြည့်နေရတာကို .. ရင်ထဲမချိတာ .. အဆုံးစွန် .. နည်းနည်းလေးလောက်ပဲဖြစ်ဖြစ် .. ငွေယုန့်ကို တတ်သိကျွမ်းကျင်တဲ့



သမားနဲ့ ပြသကုသခွင့် တစ်ခုကို သား ရခဲ့မှ ဒီအခြေအနေကို .. သား လက်ခံလိုက်ရတယ်ဆိုရင် သား .. အဲဒီ .. နောက်ကျသွားပြီဆိုတဲ့ အဖြေတစ်ခုကို လက်ခံလိုက်ရတာ .. ခေါင်းညိတ်ပေးလိုက်နိုင်ပါရဲ့ မေမေ .. ခု .. ခု .."

သူ့အသံတွေ တိမ်ကျစဉ်ခိုက် မေမေ သက်ပြင်းငွေ့ငွေ့ချသည်။ သူ့မျက်နှာကို မေမေ့လက်ဖဝါးတွေက ဖေးမှာလာကြစေပါ၏။ သူ့မျက်နှာကို မေမေသည် ကလေးလေးတစ်ယောက်ကို ကြည့်သည့်နှယ် ငုံ့မိုးငေးစိုက်ကြည့်သည်။ ငယ်စဉ်ကာလတုန်းက .. သူ .. လိမ့်ကျ၍ပဲဖြစ်ဖြစ် ..။ ဖျားနေ၍ပဲဖြစ်ဖြစ် ..။ တစ်ခုခုနာကျင်ခံစားရချိန်မှာ ငိုကြွေးရင်း မေမေ့ရင်ခွင်မှာ ခေါင်းတိုးဝင်ခဲ့စဉ်တုန်းက .. မေမေသည် .. ခုလိုပဲ .. ကြည့်တတ်ပါ၏။ ခုကျတော့ .. တော်ရုံနာကျင်နေမှုမျိုးဖြင့် သူ ငိုကြွေးနေခြင်း မဟုတ် ..။ နှလုံးသားတွေ ပွဲပွဲကြွေမျှ နာကျင်နေသည့် ဝေဒနာတွေဖြင့် တနင့်နင့်ပါအောင် ခံစားနေရသည့် ငိုကြွေးမှု ..။

"မေမေ့သားကို မေမေ သနားလိုက်တာ .. ဝေဒနာတွေနဲ့ ရှိနေတဲ့ မေမေ့သမီးလေးကို .. မေမေ သနားလိုက်တာကွယ် .. ရင်ထဲ မချိလိုက်တာ"

ဟု မေမေ ခပ်ညည်းညည်း ပြောသည်။

သူ ရင်ထဲမှာ ဆို့နေသည်ပါပဲ ..။

သူ ရန်ကုန်ကိုရောက်တော့ ဖေဖေနှင့် မေမေ့ကိုရော ..။ အန်ကယ်ရှိန်နှင့် အန်တီမှူးကိုရော .. တိုးတိုးတိတ်တိတ်ပဲ .. ဒေါက်တာဒေါ်နွယ်နွယ်မော် ပြောပြသည့် ငွေယုန့် ကင်ဆာရောဂါ ဆိုတာကို ပြောပြခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ..။ ဩော် .. ဒါပေမဲ့ .. အန်တီဖူးမှ .. ငွေယုန့် အနာလေးကို ထိုနေ့ညနေမှာ ကြည့်ခဲ့ပြီးသည့်နောက်မှာ ..

"အို .. ဒီလောက် အနာလေးကိုများ .. ကင်ဆာရယ်လို့ ဖူးက လက်ခံပေးလိုက်ရမှာလား .. ဆရာဝန်ကြီးတွေကိုပြ .. နောက် .. သူတို့ပြောလာမယ့် စကားတွေကို .. အန်တီဖူး ကြိုသိနေတယ် .. ရင်သားကိုခွဲစိပ်ဖြတ်တောက်လိုက်မယ်ဆိုတာတို့ .. ဓာတ်ကင်မယ် ဆိုတာတို့ .. အဲဒါပဲ .. ဖြစ်တည်လာမှာ .. နောက်ကျနေပြီ ဆိုတာတို့က ပါလာဦးမယ် .. အန်တီဖူးရဲ့ သမီးလေးကို .. အလှလဲ အပျက်မခံနိုင်ဘူး .. ဓာတ်ကင်တဲ့ အပူဒဏ်ကိုလဲ မခံနိုင်ဘူး .. ရင်သားကို ခွဲစိပ်ဖြတ်တောက်တာမျိုးကို ဒီအနာသေးလေးတစ်ခုကြောင့်လဲ အဖြစ်မခံနိုင်ဘူး .. အန်တီဖူး ငွေယုန့်ကို မေးကြည့်တယ် .. မနာဘူးတဲ့ .. ကင်ဆာဆိုရင် .. နာရမှာပေါ့ .."

ဟု ခေါင်းမာမာနှင့် အတင်းငြင်းဆန်ကာ ..။ ဆရာဝန်လည်းမပြ ..။ ဆေးမြီးတိုတွေနှင့် အနာလေးပေါ်အုံပေး .. ဖန်ဆေးရေနှင့် ဆေးကြောပေးနှင့် တောက်လျှောက်လုပ်လာခဲ့သမျှ ..။ သူသည် .. ငွေယုန့် ခင်ပွန်းသည် ဖြစ်သည်ဆိုပေမယ့် .. အန်တီဖူးက အမေရင်းပေမို့ .. လက်ပိုက်ကြည့်ပေးနေခဲ့ရသည့်နောက်မှာ ...။

တဖြည်းဖြည်း .. အနာလေးမှာ ကြီးလာနေသည့် အဖြစ်နှင့် ကြုံကြရချေသည့်အဖြစ်။ အနာမှာ အတွင်းဘက်ကို ပြန့်



သထက် ပြန့်သွားခဲ့ကာ .. ကိုက်ခဲလာချိန်ကျမှ .. အန်တီဖူးမှာ ငွေယုန့်ကို .. သမားတော်ကြီးများထံ ပူပန်သလဲ ထိုအခါမှပြ ..။ ကင်ဆာဆိုတာ သေချာစွာ .. အန်တီဖူးကို ဆရာဝန်ကြီးမှ အသိပေးတာကို ကြားခဲ့ရသည့်နောက်မှာ ..။ မှားလေချင်းဟူ၍ အန်တီဖူး ခမျာ သူ့ဘာသာသူ အပြစ်တင်၍ မဆုံးနိုင်ဘဲဖြစ်ရ ..။ ငွေယုန့် ကွယ်ရာမှာ မျက်ရည်ပြိုကျနေရမှု သည့် အဖြစ်နှင့် ကြုံနေကြရချေသည်တကား ..။

ငွေယုန့်ကို ဆရာဝန်နှင့် ပြသလိုက်လျှင် ကင်ဆာဟု ပြောကြကာ ခွဲစိပ်လိုက်ကြလိမ့်မည် ..။ ဓာတ်ကင်ခိုင်းလိမ့်မည်နှင့် အတွေးလွဲကာ .. ဆေးမြီးတိုနှင့်သာ ဆေးတွေအုံပေး ..။ ဖန်ရေဆေးပေးနှင့် ရှိခဲ့လေသမျှ .. အန်တီဖူး ခမျာ .. ရင်ထုမနာဖြစ်ရချေသည့် အဖြစ် ..။ ဒါပေမဲ့ .. ထိုအဖြစ်သည် .. ပြန်၍ နောက်ဆုတ်ပြုပြင်ယူ၍ မရနိုင်တော့ပြီ ..။

ငွေယုန့်ကို .. ဒေါက်တာမြသီတာ ဆိုသူကို အိမ်သို့ပင့်၍ နေ့စဉ် ဆေးထိုးပေးနေရ ..။ ဆေးကိုက်နေရနှင့် ဖြစ်နေလျက် ..။

ကိုက်ခဲမှုသည် ဆေးရှိန်ပြယ်သည်နှင့် ပြင်းထန်လျက်ရှိနေချေသည့် အဖြစ်သို့ ဆိုက်နေချေပြီတကား ..။

"ဒေါက်တာ ဒေါ်မြသီတာက ပြောတယ် မေမေ .. မနာကျင် မကိုက်ခဲသေးတဲ့ အကျိတ်အခဲလေးအဖြစ် ရှိနေတဲ့အချိန်မျိုးမှာသာ .. ဆရာဝန်ကို ပြသနိုင်ခဲ့ရင် .. ငွေယုန့်ကို ကယ်တင်နိုင်တယ်တဲ့ .. လုံးဝကို .. ကယ်တင်နိုင်တယ်တဲ့ မေမေရယ် .."

www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားတို့သည် ရင်သား၌ အကျိတ်ကလေးပေါ် ပေါက်လာလျှင် .. ချက်ချင်း နီးရာဆရာဝန်နှင့် ပြသတိုင်ပင်ရန် လိုအပ်သည့် ကျန်းမာရေးအသိတစ်ခုသည် .. လူ့အသက်တစ်ချောင်းအတွက် အဘယ်မျှထိ အရေးပါသော နေရာ၌ ရပ်တည်နေသည်ဆိုတာ မသိခဲ့သည်မို့ ..။

ငွေယွန်းလေး၏ ဝေဒနာများကို .. ခု .. သူသည်.. [illegible]ကြည့်နေ[illegible]ချသည့် အဖြစ်ကို .. လက်ခံပေးနေရချေသည် ကောလေ ..။

"သား မကြည့်ရက်ဘူး မေမေ .. သား မကြည့်ရက်ဘူး.. ငွေယုန်လေး ခံစားနေရတာ .. ပြင်းထန်တယ် မေမေ ..သူ ကျိတ်ခံနေတာ.. သူ့ကိုယ်သူလဲ သိနေပုံရတယ် မေမေ .. သူအတွက် .. အချိန် .. သိပ် .. မကျန် .. တော့ဘူးဆိုတာ .. သူ .. သူ .. သိနေပုံရတယ် .. မေမေ .. သား.. အဲဒါကို သိနေတယ် .. သူ သိနေတယ် ဆိုတာကို .. သား သိနေတယ် မေမေ .. ဒါပေမဲ့ .. သူ့ကို .. သက်သာလာမှာပါ ယုန်လေးရယ် .. နဲ့ .. သား ပြောနေရတယ် .. အနှစ်မပါတဲ့ .. စကား .. မဟုတ်မှန်း သိနေတဲ့ စကားကို .. ဝေဒနာသည်ရဲ့ရှေ့မှာ .. သား .. သိသိကြီးနဲ့ပြောနေရတာပါ .. အဲဒါ အမှန်စကား မဟုတ်ဘူး ဆိုတာ ငွေယုန် သိနေမှန်း သား သိနေတယ် မေမေ .."

ဟု ပြောကာ သူ ငိုချလိုက်တော့ မေမေ မျက်ရည်လိုက်ကျနေသည်။



ကြာရိပ်မြိုင်မှာရော .. ရွှက်နုဝေမှာရော .. ဖြတ်သန်းနေရသည့် ကာလများသည် တုန်လှုပ်ချောက်ချားစွာဖြင့် .. တစ်ခုသော အချိန်ကို .. မျက်ရည်စက်လက်နှင့် စောင့်ဆိုင်းနေကြရသည်သို့ ရှိ၏။

ဟုတ်သည် ..။ မျက်ရည်စက်လက်နှင့် စောင့်ဆိုင်းနေရခြင်း ..။ တုန်လှုပ်ချောက်ချားစွာဖြင့် စောင့်ဆိုင်းနေရခြင်း ..။ ငွေယုန်လေး ကွယ်လွန်မည့်ရက် ..။

ထိုရက်သည် .. တဖြည်းဖြည်းချဉ်းနင်း၍ ဝင်ရောက်လာနေပြီဆိုတာ သိနေရသည်။ နီးကပ်လာနေပြီဆိုတာ သိနေရသည် ..။

သူ .. ရွှက်နုဝေမှာ .. ငွေယုန်လေးနေခဲ့သောအခန်းမှာ .. တူတူလိုက်နေသည်။ ငွေယုန့် ဝေဒနာကို .. ရင်နှင့်မဆန့်အောင် .. မကြည့်ရက်ဘဲ ကြည့်ရ .. မြင်ရနှင့် ပြင်းထန်သော ဝေဒနာမီးများနှင့်အတူ သူသည် ကြည့်နေရပါသည့်အဖြစ်။

နှလုံးရောဂါကလည်း ရှိနေသည်မို့ .. ငွေယုန်လေးသည် .. မြန်ဆန်လွန်းစွာပဲ ဆုတ်ယုတ်လာနေသည်ဟု သူထင်သည်။ ဝေဒနာ၏ဒဏ်ကို နှလုံးက ခံနိုင်ရည်မရှိ။ အရှိန်းကို ဖျော့ကျပိန်ကျသွားလျက် .. ဆေးရှိန်နှင့်မှ အိပ်မောကျသွားရတတ်ကာ ..။ ဆေးရှိန်ပြယ်သည်နှင့် နိုးလာရင်း .. ဝေဒနာနှင့် လုံးထွေးနေရသည့် ငွေယုန်လေး ..။

သူ .. ခံနိုင်ရည်မရှိတော့ပြီဆိုလျှင် .. ကြာရိပ်မြိုင်သို့ကူးခဲ့ကာ .. တစ်ယောက်တည်း စိတ်ကိုလွှတ်ချ .. ငိုချလိုက်ရသည်ချည်းပါ ..။

www.burmeseclassic.com

www.burmeseclassic.com



ခုလည်း .. မေမေ့ရင်ခွင်မှာ ငိုချလိုက်ပြီးသည့်နောက် .. ကြာကြာဆက်မနေနိုင်။ မျက်ရည် သုတ် ..။ မျက်နှာပြန်သစ် ..။ မေမေ တိုက်သော နွားနို့တစ်ဖန်ခွက်ကိုသောက်ကာ .. သုတ်သုတ်မျှ .. ရွက်နုဝေသို့ ပြန်လာခဲ့ရပါ၏။

မေမေကတော့ .. တစ်အောင့်လောက်နေလျှင် .. လာခဲ့မည်ဟု မှာသည် ..။

သူ .. ငွေယုန်လေးအနားမှာ .. ကြာကြာမရှိဘဲ ဖြစ်နေတာမျိုးကို မဖြစ်စေရ ..။ ငွေယုန့်အနီးမှာ သူ အမြဲလိုလို ရှိနေချင်သည် ..။ ငွေယုန်လေး အိပ်နေစဉ် .. သူ .. ကြာရိပ်မြိုင်သို့ ရောက်လာခြင်းမှာ တအောင့်တနားသာ ..။

ရွက်နုဝေသို့ သူ ပြန်ရောက်ကာ ငွေယုန့် ခုတင်ဘေးမှာ ခုံလေးတစ်လုံး ချထားသည့်အတိုင်း ရှိနေသည့် နေရာမှာ သူ ထိုင်သည်။ ထိုခုံသည် .. သူ .. အစဉ်တစိုက် ထိုင်နေကျ .. ခုံ ..။

အိပ်ပျော်နေသည့် ငွေယုန့်ကို သူ ငေးစိုက်ကြည့်နေမိရပါ၏။ ထူထဲသော မျက်ခုံးနက်နက်ခုံးခုံးလေးနှင့် ထူပိတ်သော မျက်တောင်ရှည်စင်းစင်းလေးတွေကတော့ မပြောင်းလဲဘွာ ရှိနေမြဲ ..။

ဒါပေမဲ့ .. ငွေယုန်လေးသည် .. အသားတွေ ဖြူဖျော့ကျနေလျက် .. ပါးရိုးလေးတွေ ထင်းနေကာ ..။ ပိန်ကျနေသော ငွေယုန်လေး ဖြစ်နေပြီ ..။ နုဖန့်သော လက်ချောင်းသွယ်သွယ် ဖြူဖြူလေးသည်လည်း သေးသွယ်ခြင်း ပိုလာလျက် လက်မောင်းလက်ဖျံလေးတွေလည်း ပိန်ပိန်ခြိုးကျလာနေကြကာ ..။



အစကတည်းက ပျောင်းနွဲ့သော ကိုယ်လေးသည် .. ပိန်သေးသွယ်ခြိုးကျနေ၏။

ငွေယုန်လေး နိုးမှာစိုး၍ .. သူ . အသက်ကိုမင်ပြင်းပြင်းမရှူရဲ။ လက်ဖျားလေးကို သူ့လက်ဖျော့ဖြင့် တို့ထိထားချင်သည်။ နိုးမှာစိုး၍ မထိရက် ..။ ပါးပြင်လေးပေါ်မှာ သူ့ပါးကို အပ်ထားချင်သည် ..။ ဒါပေမဲ့ .. ငွေယုန်လေး နိုးမှာစိုးသည်မို့ မထိရက် ..။ တကယ်တော့ .. ငွေယုန့်ကို .. သူ့ရင်ခွင်ထဲမှာ သိမ်းကြုံးပွေ့ထားချင်သည်။ ဆံစလေးတွေကို သပ်ပေးနေချင်သည်။ ရှည်လျားသော ဆံနွယ်လေးတွေသည်ပင်လျှင် ကျွတ်လွန်းသည်မို့ ယခင်တုန်းကလို .. ထူထဲသော ဆံနွယ်တွေအဖြစ်မရှိတော့ပြီ ..။

ဒါပေမဲ့ .. သူ၏ ငွေယုန်လေးသည် .. ကလေးလေးနှယ်ပင် .. ချစ်စဖွယ်လေး ရှိနေဆဲ ..။ ဘယ်လိုမှ .. ပစ်ရက်စရာမရှိ ..။ ခွဲရက်စရာမရှိ ..။ မကြာမလင့်မီသော ကာလတစ်ခုမှာ ကွယ်လွန်သွားချေတော့မည့် လူသားတစ်ယောက်အဖြစ် ထင်ရက်စရာ မရှိ ..။ ယုံရက်စရာ မရှိ ..။ သူ .. မျက်ရည်လည်လာသည်။

မျက်တောင်မခတ် .. ငွေယုန့်ကို သူ ငေးငေးစိုက်စိုက်ကြည့်နေမိရပါ၏။

အန်တီဖူး အခန်းထဲဝင်လာတော့ သူ နှုတ်ခမ်းမှာ လက်ညှိုးကပ်ထောင်ပြသည်။ ငွေယုန်လေး နိုးမှာစိုးသည်ဆိုသည့် သဘော ..။ အန်တီဖူးမှ ကြက်ပေါင်ပန်းကန်ကို .. ဘေးရှိစားပွဲမှာ ခပ်ဖွဖွချသည်။

www.burmeseclassic.com

www.burmeseclassic.com



ယုန်လေးနိုးမှာစိုး၍ အသံမမြည်အောင် သတိထား၍ အန်တီဖူးမှ ပန်းကန်ကို ချခြင်းပါ ..။ ခြေသံဖွဖွဖြင့် အန်တီဖူး ပြန်ထွက်သွားပါ၏။ အန်ကယ်ရှိန်ရော အန်တီဖူးရော .. သိသာစွာ ပိန်ကျလာကြလျက် စိတ်ထိခိုက်ခြင်း၏ဒဏ်ကို .. လှူးလှူးလဲလဲ ခံစားကြရရှာပါ၏။

ငွေယုန့်ကို .. ကင်ဆာဖြစ်နေပြီဆိုတာ .. ဘယ်သူကမှ .. အသိမပေးရက်ကြ ..။ အသိမပေးလိုကြ ..။ အသိပေးရန်လည်း မသင့် ..။

ဒါကြောင့် .. ငွေယုန်လေး၏ အနာကို .. ဖန်ဆေးရေနှင့် ဆေးကြောပေးကာ .. ပေါင်းထားသော တဘက်ငယ်လေးတွေ ထည်လဲဖြင့် အနာပေါ် ဖေးတင်အုပ်ထားပေးကာ .. သန့်သန့်စင်စင် ထားပေးကြခြင်းဖြင့် .. အနံ့အသက်ဆိုး ထွက်မလာအောင် လုပ်ကိုင်ပေးကြခြင်းမျှသာ .. ဆေးထိုး .. ဆေးတိုက်ခြင်းမျှဖြင့်သာ .. ပြုစုပေးနေကြရပါချေသည့် အဖြစ် ..။

ငွေယုန်လေး၏ ကိုယ်လေး လွန့်ခနဲဖြစ်တော့ သူ ကိုယ်ကြီးကိုင်းလိုက်ကာ မျက်နှာလေးကို မိုး၍ကြည့်မိသည်။ ငွေယုန့်မျက်ဝန်းလေးတွေ ပွင့်လာ၏။ သူ့ကိုမြင်တော့ ပြုံးပြသည်။ ပါးချိုင့်လေးသည် ရေးရေးပေါ်၏။ ဖွေးစင်သော သွားတန်းလေးသည်လည်း အလှတရားတစ်ခုအဖြစ် .. ငွေယုန့်ထံမှာ ရှိနေဆဲ ..။

"ဗွဒ်မောနင်း ကိုကို .."

ငွေယုန် ခပ်တိုးတိုးပြောတော့ သူ ငွေယုန့်ဆံစလေးတွေကို သပ်ပေးသည်။ ပြုံး၍ကြည့်သည်။ နဖူးပြင်လေးကိုနမ်းသည်။ ပါးပြင်လေးကို နမ်းသည်။ နဖူးချင်း ထိထားမိရင်းမှ ..



"နေသာရဲ့လား ငွေယုန် .. ကိုကို မျက်နှာသစ်ပေးမယ်နော် .. ပြီးရင် .. အန်တီဖူး ပေါင်းထားတဲ့ ကြက်ပေါင်းနဲ့ .. ကြက်ပေါင်းရည် သောက်ရမယ် .. နွားနို့တစ်ခွက် သောက်ရမယ် .. ပေါင်မုန့်နှစ်ချပ်လောက်တော့ ကုန်အောင် စားရမယ် .. ကိုကို ကျွေးမှာနော် .. ကိုကို့ကို ချစ်တယ်ဆိုရင် .. စားရမယ် .. ကြားရဲ့လား ယုန်လေး .."

ဟု ပြောတော့လည်း ထုံးစံအတိုင်း ငွေယုန်သည် မငြင်းဆန်စွာပဲ ခေါင်းညိတ်သည်။ ငွေယုန်လေးသည် .. ဝေဒနာတွေ ပြင်းလာချိန်မှာ .. အားလုံးကို စိတ်ချမ်းသာအောင် လိုက်လျောပေးသော ငွေယုန်လေးအဖြစ် ပို၍ပင် ရှိလာပါ၏။ အစားအသောက်တွေကို မစားချင်ဘဲ ရှိမှာစေဦး ..။ ကျိတ်၍စားသည်။ မစားချင်ပါ .. ဟူ၍ ဂျီမကျ ..။ မငြင်းဆန် ..။ အားလုံးကုန်အောင် မစားနိုင်စေဦး ..။ ကျွေးသမျှကို တစ်ဖဲ့တစ်ချပ်လောက်တော့ ဝင်အောင် စားပေးရှာသည်။ တိုက်သည့်နွားနို့ .. ဟောလစ် .. ဘာပဲဖြစ်ဖြစ် .. တစ်ဖန်ခွက် မကုန်စေဦး .. တစ်ဝက်လောက်တော့ ဝင်အောင် သောက်ပေးရှာသည်။ ဝပြီ ကိုကိုရယ် .. ဆိုလျှင် .. သူ .. ကျန်သည့်နွားနို့ကို မော့သောက်လိုက်တတ်စမြဲ ..။ ငွေယုန်မှ .. ငေးကြည့်နေတတ်စမြဲ ..။

ခုလည်း .. ငွေယုန့်ကိုပွေ့၍ ဝီးလ်ချဲထက်မှာ သူ တင်သည်။ ရေချိုးခန်းသို့ သူ ခေါ်ခဲ့ပါ၏။ ငွေယုန့်ကို မျက်နှာသစ်ပေးသည်။ ရေအိမ်တက်သည်ကအစ .. သူကိုယ်တိုင်ပဲ ငွေယုန့်ကို ပွေ့ချီပေးသည်။ အားလုံး သူ လုပ်နေသမျှ ငွေယုန်သည် ကလေးလေးတစ်ယောက်နယ် ခံရှာပါ၏။ ငေးကြည့်တတ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ငွေယုန့်ကို ပြန့်ခေါ်လာခဲ့ကာ ဝရန်တာဆောင်လေးဆီသို့ သူ ဝီးလ်ချဲလေးကို တွန်းလာခဲ့မိရပါ၏။ နံနက်၏ နေခြည်နုတို့ ကျနေသည့် လသာဆောင်မှာ ငွေယုန့်ကို သူ ကြက်ပေါင်းရည် တိုက်သည်။ ကြက်ပေါင်းကို ခွဲ့ကျွေးသည်။ နွားနို့ပူပူတစ်ခွက် .. ညိုညို လာပေးခိုက် သူယူကာ .. ငွေယုန့်ကို ကိုယ်တိုင်တိုက်သည်။

"ဝပြီ ကိုကို .."

ဟု ငွေယုန်လေး ပြောတော့ ထုံးစံအတိုင်း .. ကျန်နေသည့် နွားနို့ဖန်ခွက်ကို ကုန်အောင် သူ မော့သောက်လိုက်တော့ ငေးခနဲကြည့်ကာ ..

"အကျန်ကြီး ကိုကိုရယ် .. ပြီးတော့ .. ငွေယုန် သောက်ထားတဲ့ အကျန်ကြီး .. ကိုကို့ကို ရောဂါကူးပါ့မယ် .."

ဟု ဤနေ့ကျမှ ဖွင့်ပြောလာသည်။ သူ .. ငွေယုန့်ကိုကြည့်ကာ ..

"ယုန်လေးက .. ကိုကို့ယုန်လေးပဲ .. ကိုကိုချစ်တဲ့ ငွေယုန့်အကျန်ကြီးကို စားရတယ်လို့ ပြောရလား .. ချစ်လို့ဥစ္စာကွာ"

ဟု ပြောကာ ဆေးတိုက်တော့ ငွေယုန် သောက်ပါ၏။ ဆေးမတိုက်ဘဲနေ၍မရ ..။ ကိုက်ခဲလွန်းတတ်သည်ကိုးလေ ..။ ငွေယုန် ဝီးချဲ၏ ကျောမှီကို မှီလိုက်ကာ လှမ်းလင့်မြင်နေရပါသည့် ပန်းခင်းလေးဆီသို့ အကြည့်ကို တစ်ချက်တန့်သည်။ ဤနေ့မှာ ငွေယုန်ပို၍ လန်းနေသည်ဟု သူ ထင်သည်။ မျက်ဝန်းလေးတွေဆီမှာ ရွှန်းလဲ့သော အရောင်လေးတွေ ဖြတ်သန်းနေကြသည်ပဲ ..။



"ငွေယုန် စိုးရိမ်တယ် ကိုကို .. ငွေယုန် သောက်ထားတဲ့ ဖန်ခွက်ထဲက .. ဘာကိုပဲဖြစ်ဖြစ် .. ကိုကို သောက်ပစ်တတ်တယ် .. ရောဂါကူးမှာ ငွေယုန် စိုးရိမ်တယ် .. ငွေယုန့်ကို ချစ်လို့ ကိုကို သောက်ပေးမယ့် .. ငွေယုန် အဲဒါကို မသောက်စေချင်ဘူး ကိုကို .. ငွေယုန့်လို .. ကိုကိုရောဂါရမှာ.. ငွေယုန် စိုးရိမ်တယ် .. ဒီလိုဝေဒနာမျိုးကို .. ကိုကို့ကို မခံစားစေချင်ဘူး ကိုကို .. ကိုကိုက .. ငွေယုန့်အပေါ်မှာ သိပ်တာဝန်ကျေတာ .. သိပ်ကို တာဝန်ကျေတာ .. အဲဒီအတွက် .. ငွေ .. ယုန် .. ကျေး .. ဇူး .. တင် .. ပါ .. တယ် .. ကိုကို .."

ပြောနေရင်း ငွေယုန့် အသံလေးတွေ တိမ်ကျလာတော့ သူ စိုးရိမ်တကြီး ချောက်ချောက်ချားချားကြီး ကြည့်မိရပါ၏။ ဘုရားရေ..။ ငွေယုန်သည် .. ငွေယုန့်ကိုယ်ကို .. ငွေယုန် .. အဘယ်မျှထိ .. နေရချိန်ပဲ ရှိတော့သည်ဟုများ အချိန်ကိုမှန်းဆနေမိချေပြီတဲ့လား ..။ ဟင့်အင်း ..။ ထိုအဖြစ်ကို .. သူ လက်မခံနိုင်။ ငွေယုန် သူ့ကို ကြည့်လာပါ၏။ ငေးငေးငေးကြည့်နေသည့် သူ့အကြည့်ကို ဤတစ်ကြိမ်မှာတော့ တည်ငြိမ်စွာ ကြ...

...စကားတွေကို ဟန့်သလို

သူ ပို၍ ချောက်ချားလာရပါပြီ ..။

...မွှာဖျတ်ခနဲ ခုသည်။

အရမ်းကို တည်ငြိမ်နေသည့် ...ချောင်းလေးတွေက ချည်သားအကျီ

တစ်ခုခု စိတ်ဒုန်းဒုန်းချမှု ...သီးကို ဖြတ်နေ၏။ အဖြူရောင်အကျီ

မျက်ဝန်းမျိုး ဖြစ်နေသည် ...ယ် ပျောင်းနွဲ့နွဲ့လေးကြောင့် ပို၍ကြီးနေ

များသည့် ရင့်ရင့်ကျက် ...ပါသည့် အဖြစ် ..။

မဆို .. ရင်ဆိုင်ရန်

www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်ရင့်ကျက်မှုမျိုး ဖြစ်နေသည်။ ထိုသို့ဖြစ်လာခြင်းကို .. သူ .. ငေးကြည့်နေရင်း .. ရင်သည် ဆောက်တည်ရာမရချင် ..။ ဘုရားရေ ..။ ငွေယုန်သည် .. သူ့ကို .. နှုတ်ဆက် သောအကြည့်များဖြင့် ကြည့်နေခြင်းများပေလား ..။ ထွက်ခွာ တော့မည့်သူ တစ်ယောက်၏ နှုတ်ဆက်ခြင်းမျိုးဖြင့် .. သူ့ကို ကြည့်နေခြင်းများ ပေလား ..။

"ငွေယုန် .."

သူ့နှုတ်မှ ခေါ်သံသည် ဤတစ်ကြိမ်မှာ ဟန်ဆောင်၍ မရနိုင်သော တုန်ခါနေမှုများဖြင့် ပိတ်ဖုံး၏ ..။ ငွေယုန့် လက်လေးကို သူ မလွှတ်တမ်း၊ ဆုပ်ကိုင်လိုက်သည်က အနည်းငယ်တော့ အားအင်တကြီးနိုင်၏။ နောက်တော့မှ .. ငွေယုန်လေး နာမည်စိုး၍ လက်ကို ပြန်လျှော့သည် ..။ ဒါပေမဲ့ .. ငွေယုန်လေးက .. သူ့လက်ကို .. ချက်ချင်းပြန်၍ ထွေးဆုပ်ထားပါ၏။ ထိုတုံ့ပြန်ထွေးဆုပ်မှုသည်လည်း .. အားအင်တကြီး နိုင်နေသည်။ ဤမျှ .. နာတာရှည် .. ဝေဒနာကို .. ခံစားထားရပါသည့် ငွေယုန်လေး၏ လက်လေးတွေဆီမှ .. တုံ့ပြန်ထွေးဆုပ်ထားမှုဟုပင် ယုံရင်မရှိ။

ပါ၏။ ဆေးမတုံ ... နိုင်နေသည့် တုံ့ပြန်ထွေးဆုပ်လေ ..။ ငွေယုန် ဝိုးချဲ၏ ကျော်

နေရပါသည့် ပန်းခင်းလေးဆီသို့ အဂြ .. တာဝန်အရမ်းကျေနေ ဤနေ့မှာ ငွေယုန်ပို၍ လန်းနေသည်ဟု လို .. အားလဲနာတယ် လေးတွေဆီမှာ ရှန်းလှဲသော အရောင်လေး လဲ ကိုကို မအိပ်ဖူး .. သည်ပဲ ..။

.. နေ့လဲမအိပ်ဖူး..



မနားဖူး .. ကိုကိုဟာ .. ကိုကို့ကိုယ်ကို မေ့နေတယ် .. ငွေယုန့်အတွက်ပဲ ဖြစ်နေတယ် .. အဲသလို .. ကိုကိုပင်ပန်းနေတာကို .. ငွေယုန် သနားတယ် ကိုကို .. အားနာတယ် ကိုကို .. ကိုကို လဲသွားရင် .. ဘယ့်နှယ်လုပ်မလဲ .. ကိုကိုဟာ .. ငွေယုန့်ကို ပြုစုဖို့ကလွဲပြီး အာ လုံးကို မေ့နေပေမယ့် .. မေ့နေနိုင်ပေမယ့် .. ငွေယုန်က တော့ .. ကိုကို.. ရောဂါကူးမှာကို စိုးတဲ့စိတ် .. ပင်ပန်းမှာကို .. လဲမှာကို .. ပူပန်တဲ့စိတ်တွေနဲ့ ... မောနေရတာ .. ဘာလို့လဲဆိုတော့ .. ငွေယုန်ဟာ တာဝန်ကျေနိုင်မှာမှ မဟုတ်တော့တာ .. ကိုကို့ကို .. ပြုစုနိုင်တဲ့ ငွေယုန် အဖြစ် .. အချိန်ဆိုတာကြီးက .. ခွင့်ပြုတော့မှာမှ .. မဟုတ်တာ .."

သူ မိုက်ခနဲ ဖြစ်သည်။ ရင်သည် ဆို့လာ၏။ မျက်ရည်ဝဲနေမေမယ့် မျက်ရည်မကျအောင် ထိန်းထားရင်း .. တည်ငြိမ်စွာ .. သူ့ကို ပြောနေသည့် ငွေယုန့်ကို သူ မကြည့်ရက် ..။ မကြည့်ရက်ဘဲ ရှိနေပေမယ့် မကြည့်ပဲလည်း မနေနိုင်သည်မို့ ကြည့်မိရရင်းမှ စိုးရိမ်တကြီးနှုတ်မှ ..

"ငွေယုန် .."

ဟု ဆက်ပြောလာမည့် စကားတွေကို ဟန့်သလို သူ တားတော့ ငွေယုန် မျက်လွှာဖျတ်ခနဲ ချသည်။

ငွေယုန့် လက်ချောင်းလေးတွေက ချည်သားအကျီ ပွပွ ဖားဖားကြီး၏ ကြယ်သီးကို ဖြုတ်နေ၏။ အဖြူရောင်အကျီ ပွပွကြီးသည် ငွေယုန့်ကိုယ် ပျောင်းနွဲ့နွဲ့လေးကြောင့် ပိုရှည်ကြီးနေသည်ဟုပင် ထင်ရစေပါသည့် အဖြစ် ..။

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီကို ရင်ဖွင့်၍ ငွေယုန် ပြလာတော့ သူ ခေါင်းခါသည်။ မျက်ရည်ဝဲနေပြီ ..။ ထိုအနာကို .. သူ .. တယုတယ ဖန်ဆေးပေးနေကျပါ ..။ ဂေါ်ဖီပန်းကဲ့သို့ အပြင်သို့စုပြီး ပြူထွက်လာခဲ့ပြီး ဖြစ်ပါသည့် အနာ ..။

"ကိုကို .."

ငွေယုန် အင်္ကျီကြယ်သီးကို ဖွင့်ရင်း ပြောတော့ သူ ခေါင်းခါသည်။ သူ့လက်တွေက ကယောင်ကတမ်း ဆန့်ဖွာပဲ ငွေယုန့် အင်္ကျီကြယ်သီးတွေကို တပ်ပေးနေသည်။

"မပြောနဲ့ ငွေယုန် .. ငွေယုန် မပြောနဲ့တော့ .. ကိုကို မကြားရက်ဘူး .. မကြားပါရစေနဲ့ .. မကြားပါရစေနဲ့ ..."

သူ အရူးအမူးဆန့်ဖွာ ပြောနေသည်မှာ ချောက်ချားမှု ဖြင့်ပါ ..။ ငွေယုန်သည် .. သူ့ရောဂါ၏အမည်ကို .. သိနေသည် ဆိုတာ .. သူ နားလည်နေရပြီ ..။ ဒါပေမဲ့ .. ငွေယုန့်မှာ ကင်ဆာဖြစ်နေတာ ငွေယုန် သိနေပါတယ် ကိုကို .. ဟု ပြောလာမှာကို .. သူ .. သူ .. နားမထောင်ရက်နိုင် ..။ မကြားရက်နိုင် ..။ သူ အရိပ်တကြည့်ကြည့်မှုထား၍ .. ချစ်ရပါသော .. သူ၏ဖန်းသည်နှုတ်ဖျားဆီမှ .. ထိုသေမင်းတမာန်ရောဂါဆိုးကြီး၏ အမည်တွေ ဖွင့်ကျလာတာကို .. သူ မကြားဝံ့ ..။ မကြားချင် ..။ သူ့ရင်သည် မခံနိုင် ..။ သူ့နှလုံးအိမ်သည် မခံနိုင် ..။

ငွေယုန်၏ မျက်ဝန်းလေးတွေက သူ့ကို မမှိတ်မသုန် ကြည့်နေကြသည်။ ငွေယုန့် လက်ဖျားလေးတွေ သူ့မျက်နှာကို ထိလာပါ၏။ နောက်တော့ သူ့မျက်နှာကို ပေးယူဆွဲယူသည်မို့ သူ မျက်ရည်လည်လာသည်။ ငွေယုန်လေး၏ ရင်ထဲမှာရှိနေသည့်



ဆန္ဒကို သူ သိနေသည်။ ခေါင်းကို ငွေယုန့်ဘက်ကို အလိုက်သင့် ဖေးငိုက်ချပေးစဉ်ခိုက် ငွေယုန့် နှုတ်ခမ်းလေးက သူ့နဖူးပြင်ပေါ် ဖေးတင်လာပါ၏။ နောက် .. သူ့ပါးပြင် ..။ သူ့မျက်ဝန်းများ ..။ အားလုံးကို ငွေယုန် ဖွဖွလေး နမ်းရှိုက်သည်။ သူ .. သူ .. အရုပ် တစ်ရုပ်လို ငြိမ်ခြင်းမက ငြိမ်ကျလျက် ရှိနေရာမှ ရင်သည် လှိုက်လာ၏။ သူ .. ငွေယုန့်ကိုယ်လေးကို ရင်မှာသိမ်းကြုံးပွေ့ငင်လိုက်မိကာ ငွေယုန့် ပခုံးပေါ် ခေါင်းကို ဖေးငိုက်ချလိုက်မိရပါပြီ ..။ မေးဖျားသည် ငွေယုန့် ပခုံးသေးသေးလေးထက်မှာ ဖေးတင်သည်။ မျက်ရည်က လှူးလှိမ့်စီးကျလာနေကြပါသည့် အဖြစ် ..။ ဒါပေမဲ့ သူ့နှုတ်မှ ရှိုက်သံပွင့်မကျစေရ။ သူ အံခဲ၍ ထိန်းထားရသည်။

ဒါပေမဲ့ .. ဩော် .. ဒါပေမဲ့ .. ငွေယုန်သည် အံ့ဩဖွယ်ကောင်းလောက်အောင် တည်ငြိမ်ခြင်းကြီးစွာဖြင့် ရှိနေသည့် ငွေယုန် ဖြစ်နေချေသည်တကား ..။ ငွေယုန့် မျက်ဝန်းမှာ မျက်ရည်မရှိ ..။ မျက်ရည်ကျမလာ ..။ အရာရာကို .. သိနေသည့်သူ တစ်ယောက်၏ တည်ငြိမ်ခြင်းများပဲ ပြည့်ဝနေသည်။

သူသည်သာလျှင် .. ငွေယုန်လေးနှင့် ဆန့်ကျင်စွာ .. ဆောက်တည်ရာမဲ့ ဖြစ်နေသည်။ ရင်တွေ ဆုပ်ချေခံနေရသည်သို့ မွန်းကျပ်နာကျင်နေရသူတစ်ယောက် ဖြစ်နေသည်။ ငွေယုန့်ကို မခွဲရက်နိုင်ဘဲ ဖြစ်နေသည့် .. မခွဲနိုင်သည့် .. သူတစ်ယောက် အဖြစ် ရှိနေသည် ..။ သူ .. ထိတ်လန့်လာနေသည်။ ကြောက်ရွံ့လာနေသည်။ ငွေယုန့် ရင်ထဲမှာ .. သူ့ကို ထားရစ်ခဲ့တော့မည် ဟုများ .. ဆုံးဖြတ်ပြီး လျှော့ချလိုက်သည့် စိတ်တွေ ဖြစ်တည်နေချေပြီလား ..။ ဟင့်အင်း ..။ သူ .. သူ .. ထိုသို့ အဖြစ်မခံနိုင် ..။

www.burmeseclassic.com

www.burmeseclassic.com



ငွေယုန့်ထံမှာ .. ထိုစိတ်တွေ ရင့်ကျက်စွာ .. တည်ငြိမ်စွာ .. တိုးဝင်လိုက်မှာကို အဖြစ်မခံနိုင် ..။

"ကိုကို .."

ငွေယုန့် ခေါ်သံတိုးတိုးကြောင့် သူ .. မျက်ရည်ကို အကျီလက်မောင်းစဖြင့် ပွတ်သုတ်လိုက်မိရကာ ..

"ဟင် .. ဘာလဲ ငွေယုန် .. ကိုကို ဘာလုပ်ပေးရမလဲ .."

ဟု မေးမိရပါ၏။ ငွေယုန် .. သူ့ရင်ခွင်မှ ခွာသည်။ သူ့ကို မော့ကြည့်လာရာမှ ..

"ကိုကို .. ငွေယုန့်ကို .. ဟိုးငယ်တုန်းက .. ဖိုင်ဘာအိမ်လေး ဆောက်ပေးခဲ့ဖူးတယ်လေ .. အဲဒီစက္ကူဘူးကို ယူပါကိုကို .. ငွေယုန့် ခုတင်ဘေးက စာကြည့်စားပွဲလေးပေါ်မှာ .. အိမ်လေးဆောက်ပေးပါ .. ငွေယုန်က .. ငွေယုန်က .. ဒီမှာပဲ နေရတော့မှာ .."

ဟု ပြောလာတော့ သူ ကလေးလိုပဲ ငိုချလိုက်ချင်သည်။

ဒီမှာပဲ နေရတော့မှာ ..။ နေရတော့မှာ ..။ ငွေယုန်သည် .. ဤနေရာဆီမှ အခြားတစ်နေရာဆီသို့သွားရန် အကြောင်းမရှိတော့ပြီဆိုသည့် .. လမ်းခရီး၏ အဆုံးကို သိထားနှင့်နေချေသည့်စကားမျိုးကို ဤမနက်မှာ ပြောနေချေပြီတကား ..။

သူ .. ငွေယုန့် ရှေ့မှာ ငိုချလိုက်တော့မတတ် ဖြစ်နေရသည်။ လည်ချောင်း တနင်နှင့်ဖြင့် သူ ရှိုက်ကြီး ငိုင်တျ သွားစဉ်ခိုက် ငွေယုန့် လက်လေးတွေက သူ့ငါက်ပေါ် ဖေးတင်လာကြပါ၏။



"မငိုပါနဲ့တော့ ကိုကိုရယ် .. ငွေယုန် မမြင်နိုင်တဲ့ နေရာမှာ .. ကိုကို ငိုနေခဲ့တာတွေ ကြာခဲ့ပါပြီ .. ကိုကို ပင်ပန်းလှပါပြီ .."

ဟု ပြောလာတော့ သူ ဖျတ်ခနဲ ငွေယုန့်ကို အံ့ဩစိတ်ဖြင့် ကြည့်မိသည်။ ငွေယုန်သည် .. ကာရိုပ်မြိုင်သို့သွားတာ သူ ငိုနေခဲ့လေသမျှတွေကို .. သိနေခဲ့ချေသည်တကား ..။ ငွေယုန် သူ့ကိုပြုံး၍ ကြည့်သည်။ အတန်ကြာမျှ ကြည့်သည်။

"ကိုကိုဟာ .. ငွေယုန် ချစ်တဲ့ ကိုကိုပါ .. ကိုကို့ကို အရိပ်ကြည့်သလို .. တသသ ကြည့်နေ ချစ်နေရတဲ့ ငွေယုန်ဟာ .. ကိုကို့ကို မြင်ရင် .. ကိုကို့ ရင်ထဲကအရာ .. ကိုကို့ မျက်ရည် .. အဲဒါတွေကို .. ငွေယုန် သိနေခဲ့တာတ်ပါတယ် ကိုကို .. နောင်တာရားမှာ .. ကိုကို .. အိမ်ကိုပြန်လာတုန်းက .. ကိုကို ဘယ်လောက်ပဲ ဟန်ဆောင်ဆောင် .. သိချင်းညည်းညည်း .. အဲဒီတုန်းက ကိုကို့ကို မြင်တာနဲ့ .. ကိုကို ငိုခဲ့တယ်ဆိုတာ ငွေယုန် သိခဲ့ပါတယ် ကိုကို .. အဲဒီနေ့က .. ကိုကို .. စက်ရုံနေရာကို မသွားဖြစ်ခဲ့ဘူး ဆိုတာကိုလဲ ငွေယုန် သိခဲ့တယ်လေ .. ဘာလို့လဲဆိုတော့ .. ငွေယုန့်ကို ဒေါက်တာ့အိမ်က ပြန်ခေါ်လာခဲ့ပြီးတာနဲ့ .. ချက်ချင်း .. ကိုကို အရေးတကြီး သွားလိုက်တာကို ငွေယုန် သိနေတာကိုး .. အရမ်းကိုရိုးတဲ့ ကိုကိုဟာ .. ဘယ်လောက်ပဲ ဟန်လုပ်နေမေမယ့် .. ဒေါက်တာ့အိမ်က အပြန်မှာ မျက်နှာရိပ်ကဲ မကောင်းဘဲ ဖြစ်နေတာ ငွေယုန် မြင်ခဲ့ရတာပဲ .. ဒေါက်တာ .. တစ်ခုခု .. ပြောဖို့ ထပ်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တယ် ဆိုတာကိုလဲ ငွေယုန် တွေးမိတယ် .. လက်ကိုင်ပဝါ ကျန်တယ်ဆိုပြီးတော့ ခေါ်ကတည်းကလေ .."

ဟု ပြောနေတော့ သူ ခေါင်းငိုက်စိုက် ကျရပါပြီ ..။

ငွေယုန်သည် .. အစောကြီးကတည်းက .. ဝေဒနာနှင့် ပတ်သက်၍ သိနေနှင့်ခဲ့ချေသည်တကား ..။ သူကသာ .. ငွေယုန် မသိ .. ဟု ထင်နေမိခဲ့ခြင်း ..။

"ကိုကို .. စက်ရုံကို မရောက်ဘူး ဆိုတာက .. စက်ရုံက အစ်ကိုကြီးဦးစိုင်းနောင်ကို ဖုန်းဆက်မေးကြည့်တော့ .. ကိုကို မရောက်သေးဘူးဆိုတာ ဖြေခဲ့တာမို့ သိခဲ့ရတာ .. အိမ်ကိုလဲ ကိုကို ပြန်မရောက်လာဘူး .. စက်ရုံမှာလဲ မရှိဘူး .. အကြာကြီးကြာမှ .. ကိုကို ပြန်ရောက်လာတယ် .. လေချွန်လာတယ် .. သီချင်းညည်းလာတယ် .. ပျော်နေဟန်ဆောင်ဖြစ်ခဲ့တယ် .. အဲသလိုလုပ်တာဟာ .. ငွေယုန့်ကို .. ကိုကို ချစ်လို့ဆိုတာ ငွေယုန် သိပါတယ် .. ငွေယုန့်မှာ ရောဂါတစ်ခု ဖြစ်နေပြီဆိုတာကို အသိမပေးရက်လို့ဆိုတာ ငွေယုန် သိပါတယ် .. ကိုကို ငိုထားခဲ့တယ်ဆိုတာကိုလဲ ငွေယုန် သိနေခဲ့ပါတယ် .. ဒါပေမဲ့ .. အဲသလို ကိုကို ငိုခဲ့တာဟာ .. ဒီရောဂါကြီး ဖြစ်နေလို့ဆိုပြီးတော့ ငွေယုန် မသိခဲ့ဘူး .. ငွေယုန် ထင်တာက .. ငွေယုန့်မှာ နှလုံးရောဂါ ရှိနေတာကို .. ကိုကို သိခဲ့ပြီးတော့ .. ငိုခဲ့တယ်လို့ပဲ ထင်မိတာ .."

ဟု ပြောကာ ငွေယုန် ခေါင်းလေးတစ်ချက် ငုံ့ချသည်။ ထိုနေ့က အဖြစ်ကို .. သူ ပြန်၍ မြင်လာသည်။ ဖိုင်ဘာ



အိမ်လေးကို မဆောက်ဖြစ်တော့ပြီ .. ဟု ငွေယုန် ပြောခဲ့သော နောင်တရားမှ အိမ်လေးဆီမှ စကား ..။

ခုကျတော့ .. ထိုအိမ်လေးကို .. ဤနေရာမှာ ငွေယုန်လေးသည် .. သူ့ကို ဆောက်ခိုင်းနေချေသည်တကား ..။ ရင်သည် ဆို့တက်လာနေ၏။

"ငွေယုန့်ကို .. အိမ်လေး ဆောက်ပြပါ ကိုကို .. ဆောက်ပေးပါ"

ဟု ပြောလာတော့ သူ မငြင်းဆန်နိုင် ..။ ငြင်းရန် သူ့မှာ စကားရှာမတွေ့ ..။ ငြင်းလည်း မငြင်းဆန်ရက်တော့ပြီပဲ ..။ ငွေယုန့်ကို ဝီးလ်ချဲလေးတွန်း၍ .. စာကြည့်စားပွဲရှိရာသို့ ခေါ်လာခဲ့ရပါပြီ ..။

ဖိုင်ဘာအိမ်လေး ဆောက်ပြဖို့ စက္ကူဘူးကို သူ ဗီရိုထဲမှယူသည်။ နောက်တော့ .. သူ .. တုန်ခါနေသည့်လက်ချောင်းများ ..။

ငိုရှိုက်နေသည့် နှလုံးအိမ် ..။ ကွဲကြေနေသည့် ရင်ဖြင့် .. အိမ်လေးကို ဆောက်ပေးနေမိရပါပြီ ..။

မီးခိုးခေါင်းတိုင်လေးနှင့် တစ်ထပ်တိုက် နီနီစိမ်းစိမ်း စပ်ကြားလေးသည် .. ပေါ်လာပါ၏။ ပြတင်းတံခါးချပ်လေးတွေဖြင့် ချစ်စရာအိမ်လေး ..။

ပြီးတော့ .. ရေကူးကန်ပြာပြာလေး အဖြစ် ဖိုင်ဘာတုံးလေးတွေကို ဆက်ယူသည်။ ပန်းခင်းလှလှလေးတွေကို သူ ဖိုင်ဘာတုံးလေးတွေဆက်ရင်း တစ်ထပ်တိုက်လေးရှေ့မှာ သူအလှဆင်ပေးနေမိရဆဲ ..။ ရင်သည် .. အတိတ်ဆီသို့ ရောက်၏ ..။

www.burmeseclassic.com

www.burmeseclassic.com



ကလေးဘဝက ငွေယုန့်ကို အိမ်လေးဆောက်ပြခဲ့သည့် ပုံရိပ်လေးတွေ ရင်ကိုတိုးဝင်၏။ ငွေယုန့်ကို သူ ကြည့်မိသည်။

ငွေယုန့် မျက်ဝန်းလေးတွေက သူ ဆောက်သည့် အိမ်လေးဆီမှာ တန့်နေ၏။ မျက်ဝန်းလေးတွေ ရွှန်းလဲ့နေသည်။

နောက် .. သူ့ကို ကြည့်လာပါ၏။ အကြည့်သည် လန်းနေသည်။ ကြည်နေသည်။ ဘာပဲဖြစ်ဖြစ် .. စိတ်ဆောင်လာ၍ထင့် ..။ မျက်နှာလေး ပိုလန်းလာသည်။ ပိုလှလာသည်။ ပါးပြင်သည်ပင်လျှင် ကာလကြာရှည် ဖြူဖျော့ဖျော့ ရှိနေရာမှ .. ခု တစ်ကြိမ်မှာ ပန်းနုရိပ်လေး ပျပျသမ်းလာသည်။

ငွေယုန့် အကြည့်သည် ဤတစ်ကြိမ်မှာတော့ သူ့ထံမှာ တန့်နေပါ၏။ ဆောက်ပြီးသွားပြီဖြစ်သည့် အိမ်လေးကို ကြည်နူးစွာ ကြည့်နေရာမှ .. သူ့ထံသို့ အကြည့်ကို ပြောင်းယူကာ ခပ်ငေးငေး ကြည့်နေပါသည့် အဖြစ် ..။

"ကိုကို အရင်တုန်းက ဆောက်ပေးတဲ့ အိမ်လေးအတိုင်းပဲနော် .. ငွေယုန် .."

သူ တိုးဖွဖွ ပြောမိသည်က ငွေယုန် ပျော်လာအောင်ပါ ..။

ကလေးဘဝက .. အဖြစ်တွေကို ပြန်တွေးရင်း .. ပေါ့ပါးသော အပြုံးလေးတစ်ခု ငွေယုန့် ထံမှာ .. ငယ်ဘဝအလွမ်းပြေအဖြစ် ဖြစ်တည်လာအောင်ပါ ..။

ငွေယုန် မဖြေ ..။ သူ့ကို ခပ်ငေးငေးကြည့်နေဆဲ ..။



အကြည့်သည် ငြိမ်နေ၏။ တန့်နေ၏။ မျက်တောင်ရှည်လျားလျား စင်းစင်းလေးတွေနှင့် မျက်နက်ဝန်းလေးတွေသည် .. ငြိမ်နေ၏။ သူ .. ရင်ထဲထိတ်ခနဲ ဖြစ်လာသည်။

"ငွေယုန် .."

သူ .. စိုးရိမ်ချောက်ချားစွာ ခေါ်မိသည်။ ငွေယုန့်နှုတ်ဆီမှ ထူးသံ ပွင့်ကျမလာ။ အကြည့်သည်လည်း မပြောင်းလဲ ..။ မရွေ့လျား ..။ သူ ငွေယုန့် လက်လေးကို ဆွဲယူ၍ လက်ကောက်ဝတ်လေးကို အရူးအမူး ဖြစ်နေပြီဖြစ်သော စိုးရိမ်ဇောဖြင့် စမ်းမိရပါပြီ ..။

"ငွေယုန် .. ငွေယုန် .. အို .. ငွေယုန်လေးရယ် .."

သူ .. ဤတစ်ကြိမ်မှာတော့ ဟန်ဆောင်နေဖို့ မလိုအပ်တော့ပြီ ..။ ထိန်းချုပ်တားဆီးနေဖို့လည်း မလိုအပ်တော့ပြီ ..။ ငွေယုန်လေး မသိအောင် တစ်နေရာဆီမှာ .. သွား၍ငိုနေဖို့လည်း မလိုအပ်တော့ပြီ ..။ ရင်ထဲမှာ ကြွေနေသည့် နလုံးသားတွေကို သူ တားရန်မလိုအပ်တော့ ..။ ငိုချလိုက်သည်မှ ငွေယုန့် ရင်ခွင်မှာပါ ..။

ငွေယုန်သည် .. သူ့မျက်ရည်ကိုလည်း မမြင်နိုင်စွမ်းတော့ပြီ ..။ သူ့သောကကိုလည်း မမြင်နိုင်စွမ်းတော့ပြီ ..။

သူ .. ငွေယုန့် ရင်ခွင်မှာ ခေါင်းကို ဘယ်ညာနွဲ့၍.. ကလေးတစ်ယောက်လို .. ရှိုးရှိုးချ ငိုနေတာကိုလည်း မမြင်နိုင်စွမ်းတော့သည့်နှယ် ..။ သူ၏ မျက်ရည်စက်တွေကိုလည်း မသုတ်ပေးနိုင်စွမ်းသာချေတော့ပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ .. မြတ်နိုးရပ်လေး ..။ သူ၏ ချစ်ရလေသော ဇနီး ..။ သူ .. အရိပ်တကြည့်ကြည့် .. ရင်ကိုရင်း၍ .. ချစ်ရလေသော .. သူ၏ဇနီး ..။

ကျန်ရစ်ခဲ့သူ ဘဝကို တုန်လှုပ်ချောက်ချားစွာ .. နှလုံးအိမ်က .. လက်မခံနိုင်ဘဲ ရှိနေရလေသမျှ ..။ ခု .. ခုတော့ သူ၏ ငွေယုန်လေးသည် .. သူ ဆောက်နေခဲ့ပါသော အိမ် ..။ ဪ .. ငွေယုန်လေး မြတ်နိုးစွဲလမ်းစွာ ရှိပါလေသော အိမ်လေးကို နောက်ဆုံးကြည့်၍ ..။ ငွေယုန် ချစ်မြတ်နိုးပါလေသော သူ့ကို .. မျက်တောင်မခတ်မှု .. နောက်ဆုံးအချိန်ထိ .. ငေးစိုက်ကြည့်၍ ..။

"ကိုကို့ကို ပြုစုနိုင်တဲ့ ငွေယုန်အဖြစ် .. အချိန်ဆိုတာကြီး
က .. ခွင့်ပြုတော့မှာမှ မဟုတ်တာ .."

ဆိုသည့် စကားကို .. တာဝန်မကျေနိုင်စွမ်းသော ဇနီးအဖြစ် ရှိရပါချေမည်ဆိုသည့် အားနာစကားတစ်ခွန်းကို .. လောလောလတ်လတ်လေးမှာပဲ ပြောခဲ့၍ ..။

သူ၏ ယွန်းငွေယုန်သည် .. သူ့ကို .. ထာဝရ .. ချန်ထားရစ်ခဲ့လျက် ထွက်ခွာသွားခဲ့ချေသည် တကား ..။

သူ .. ငွေယုန့်ကို ကြည့်မိသည် ..။

သူ့ကိုကြည့်နေသော မျက်ဝန်းများ ..။ စောစောလေးကပင်လျှင် .. သူ့ကို ငေးစိုက်ကြည့်ခဲ့လေသော မျက်ဝန်းများ ..။ အသက်ရှိနေခဲ့သော .. ခံစားမှုများဖြင့် ပြည့်ဝနေခဲ့သော မျက်ဝန်းများ ..။ ချစ်ခြင်းများဖြင့် ရှိနေသည့် မျက်ဝန်းများဆီမှ နှုတ်ဆက်မှု၏ အငွေ့အသက်များ ..။



အားလုံးသည် .. ယခုတိုင် .. ငွေယုန့် မျက်ဝန်းအိမ်ဆီမှာ .. ထင်ကျန်နေဆဲ ..။ ရှိနေဆဲ ..။

ထိုမျက်ဝန်းများကို သူ မမှိတ်ရက် ။ သူ့ကိုနောက်ဆုံးအချိန်မှာ ကြည့်ခဲ့ပါလေသော ထိုမျက်ဝန်းမ္ားကို သူ မပိတ်ရက် ..။ သူ .. ငွေယုန့် မျက်နှာလေးထက်မှာ မ္က်နှာကို အပ်မိသည်။ နဖူးချင်း ထိမိသည်။

"ကိုကို့ကို .. ကြည့်နေပါတော့ ငွေယုန် .. ငွေယုန် ချစ်တဲ့
ကိုကို့ကို .. ဆက်ကြည့်နေပါတော့ .. ဆက်ကြည့်နေပါ
တော့ .."

သူ .. ကလေးတစ်ယောက်နယ် .. တဖွဖွပြောနေမိရ .. ငိုနေမိရဆဲ ..။

အခန်းသည် တိတ်ဆိတ်နေ၏။

သူနှင့် ငွေယုန့်အားမှာ .. သူ .. ဆောက်ခဲ့သော အိမ်လေးသည် .. စားပွဲထက်ဆီမှာ ငြိမ်သက်စွာ ရှိနေလျက် ..။ ငွေယုန့် မျက်ဝန်းများရှေ့မှာ .. သူသည် .. အနိုင်းမဲ့သော .. ကြေကွဲမှုများ .. အထီးကျန်မှုများဖြင့် .. ငိုရှိုက်နေသူတစ်ယောက် ဖြစ်နေရချေသည်တကား ..။

***

www.burmeseclassic.com





တစ်ယောက်တည်းသာရှိ
လွမ်းတသည့် ညနေရာ ... ။

တစ်ယောက်တည်းသာသိ
ကြေကွဲသည့် မျက်ရည်တရာ ... ။

တစ်ယောက်တည်းသာသိ
မမေ့နိုင်သည့် ကဗျာပါ ... ။

မင်းချစ်သည့် ညနေရာ
ညစမ်းရေမှာ ကိုယ်သာရှိ
အထီးကျန်သည့်သူ တစ်ယောက်
မျက်ရည်ပေါက်များကျနေ
ဝေနေသည့် မျက်ရည်စက်
ကြွေနေသည့် မျက်ရည်စက်
မင်း၏လက်ဖြင့် မဆုံသာချေ
ခြော် ...
မင်း၏လက်ဖြင့် မဆုံသာပေ ... ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၁)

ဆောင်းဦးကာလ၏ နှင်းငွေ့တွေက စမ်းရေထက်မှာ ဝေ့ဝေ့သိမ့်သိမ့် ..။ သူ .. စမ်းချောင်းနေရာလေးမှာ တစ်ယောက်တည်း ရှိနေသည်။ ဒါပေမဲ့ .. သူတစ်ယောက်တည်း မဟုတ်ဟု ထင်လိုက်ချင်သည် ..။ ထင်နေချင်သည် ..။ သူ့ကို ချစ်သော ယွန်းငွေယုန်သည် .. သူ့ဘေးမှာ ရှိနေသည်ဟု ယုံကြည်နေလိုက်ချင်သည်။ နောက်ဆုံးအချိန်ထိ မျက်နှာကို ေကြည့်ခဲ့လေသော ငွေယုန့်ကို .. သူ ဘယ်သောအခါတွင်မှ .. နှလုံးအိမ်ဆီမှ မေ့ဖျောက်ယူနိုင်စွမ်းမှာ မဟုတ် ..။

သူ.. ဘာကိုမဆို ပေးလိုက်နိုင်ပါသည်။ သူ၏ ဝိညာဉ် ..။ သူမ၏ ဘဝ ..။ သူ့စည်းစိမ် ..။ အားလုံးကို ပေးလိုက်နိုင်ပါသည်။ သူ ချစ်သော ငွေယုန့်ကို .. သူ ... ရမည်ဆိုလျှင် .. သူ၏ ငွေယုန့်အသက်ကို ကယ်တင်နိုင်စွမ်းမည်ဆိုလျှင် .. သူ .. အရာရာကို ပေးဆက်လိုက်နိုင်ပါသည် ..။

www.burmeseclassic.com



ဒါပေမဲ့ .. ထိုအဖြစ်တို့သည် .. ဘယ်သောအခါတွင်မှ .. ဖြစ်တည်လာနိုင်တော့ချေမည်မဟုတ် ..။

သူ့မျက်ဝန်းဆီမှ မျက်ရည်စက်များကို ငွေယုန့်လက်ချောင်းလေးများဖြင့် ထိတွေ့သုတ်ပေးလာနိုင်ချေတော့မည်မဟုတ် ...။

ငွေယုန်သည် .. တစ်ယောက်တည်း ထွက်ခွာသွားခဲ့ခြင်းမမည် ..။

သူ့ဘဝတစ်ခုလုံးကိုပါ .. တစ်ပါတည်း ယူဆောင်သွားသည်သို့ ရှိနေပါ၏။

သူ .. ငွေယုန်ချစ်သော ဉာဏ်စမ်းချောင်းလေးနားမှာ ရှိနေခဲ့သည်မှာ ကြာခဲ့ ပြီ။

နံနက်စောစောကြီးမှာပဲ ဉာဏ်နေရာလေးကို သူ ထွက်ဖြစ်ခဲ့ပါ၏။

ဒါပေမဲ့ .. သူ့ဘေးမှာ ငွေယုန်လေး လိုက်လာသည်ဟု သူ မှတ်ယူသည်။

ကိုကို ...

ငွေယုန်ဟာ .. ကိုကို့ကို ချန်ရစ်ခဲ့ရတော့မယ် ..။ အဲဒါကို ငွေယုန် သိနေတယ် ကိုကို ..။ ငွေယုန့်အတွက် .. ကိုကို .. မျိုသိပ်ခံစားနေတာကိုလည်း ငွေယုန် သိနေတယ် ...။

အဲဒီအတွက် .. ငွေယုန် အားနာတယ် ကိုကို ..။ ကိုကိုဟာ ငွေယုန့်ကို မခွဲနိုင်ဘဲ ဖြစ်နေတယ် ..။ ချောက်ချားနေတယ် ..။ တုန်လှုပ်နေတယ်ဆိုတာ ငွေယုန် သိနေ



တယ် ..။ အဲဒီအတွက် .. ငွေယုန် .. ကိုကို့ကို သနားတယ် ..။ ငွေယုန့်ဝေဒနာထက် .. ကိုကို့ကို သနားတဲ့စိတ်က .. ပိုပါတယ် ..။ ရင်ကို ပိုပြီး ထိခိုက်ခံစားနေစေပါတယ် ..။ ကြေကွဲလောင်မြိုက်နေစေပါတယ် ကိုကို ..။

ကိုကို့ဘေးမှာ ငွေယုန် နေချင်ပါ ဘယ် ..။ ကိုကိုနဲ့ ဝေးရမှာ ငွေယုန် ဘယ်လောက်ကြောက်ရွံ့ခဲ့တယ်ဆိုတာ .. ငွေယုန် ရေးခဲ့တဲ့ ကဗျာလေးတစ်ပုဒ်ကို .. ကိုကိုဖတ်ကြည့်ရင် သိရမှာပါ ကိုကို ..။

ကိုကို့ကို ချစ်စိတ်နဲ့ .. ကိုကို့ဆီက အချစ်ကို မျှော်လင့်ခဲ့တဲ့ ငွေယုန်ဟာ .. ကိုကိုနဲ့ ဝေးရပြီလို့ မှတ်ယူခဲ့ရတဲ့အချိန်တစ်ချိန် ရှိခဲ့ဖူးပါတယ် ကိုကို ..။

ကိုကြီးနဲ့ စေ့စပ်ခဲ့ရချိန်မှာပါ ..။

အဲဒီအချိန်တုန်းက .. ကိုကြီးကို .. ငွေယုန် လက်ခံခဲ့ရဖူးတယ် ..။ စေ့စပ်ဖို့ ခေါင်းညိတ်လိုက်မိခဲ့ဖူးပါတယ် ကိုကို ..။ ဘာလို့လဲဆိုတော့ .. ကိုကိုဟာ ငွေယုန့်ကို မချစ်ဖူးလို့ မှတ်ယူနားလည်လိုက်ရတဲ့ ငွေယုန်ဟာ ..။ ဒက်ဒီ့ ဆန္ဒကို ခေါင်းညိတ်လိုက်ရတာမျိုးပါ ..။ အဲဒီတုန်းက .. ငွေယုန် ငိုခဲ့ရတယ်၊ ကဗျာလေးတစ်ပုဒ်ကို စပ်ခဲ့ရတယ် ..။

အို .. ကံကြမ္မာကြောင့် .. ကိုကိုနဲ့ ငွေယုန် ပြန်ဆုံခဲ့ရပြန်တော့ .. အဲဒီကဗျာလေးကို .. ငွေယုန် ဒိုင်ယာရီရဲ့ စာမျက်နှာထဲမှာပဲ သိမ်းထားခဲ့တော့တယ် ကိုကို ..။ ငွေယုန် မရှိတော့ဘူးဆိုတာ ... တစ်နေရာမှာ ဒေါက်မြှုပ်

www.burmeseclassic.com

www.burmeseclassic.com



နေနေတဲ့ကိုကြီး သိရင်လဲ အံ့သြမှာပါ ..။ စိတ်ထိခိုက်မှာပါ ..။ ကိုကြီးကို ငွေယုန် အစ်ကိုကြီးတစ်ယောက်လို သံယောဇဉ် ရှိတယ်ဆိုတာကိုတော့ .. ကိုကို့ကို ဝန်ခံပါတယ် ကိုကို ..။

ဒါပေမဲ့ ကိုကိုရယ် ..။ ကိုကို့တစ်ယောက်တည်းကိုသာ ငွေယုန် ချစ်တာပါ။ အဲဒါတော့ ယုံပေးပါ ကိုကိုရယ် ..။

ဒီစာကို .. ဝေဒနာတွေကြားထဲက .. ကိုကို မသိအောင် .. ကိုကို မရှိချိန်လေးတွေမှာ ရေးရေးလာခဲ့ရတာပါ။ ကိုကို ပြန်ရောက်လာရင် စာလေးကို အိပ်ရာအောက်မှာ အသာထား ..။ ဖွက်ထား ..။ ကိုကို မရှိတဲ့အချိန်လေးတွေမှာ ငွေယုန် ရေးရေးလာခဲ့ရတာပါ ..။ ငွေယုန် .. ခံစားရတဲ့ ဝေဒနာဟာ ဆိုးပါတယ် ကိုကို ..။

ဒါပေမဲ့ .. ကိုကို .. ငွေယုန့်အချစ်အပေါ်မှာ .. တစ်ချက်လောက် မျက်နေမှာ ..။ ငွေယုန့်ဘက်က .. ကိုကို့အပေါ် .. သစ္စာမရှိဘူးလို့ မျိုသိပ်ခံစားနေမှာ ..။ ငွေယုန် တုန်လှုပ်စိုးရိမ်နေရတဲ့ ဝေဒနာက ပိုဆိုးပါတယ် ကိုကိုရယ်။ ပိုပြီး ပြင်းထန်ပါတယ် ..။

သေရတော့မယ့် သူတစ်ယောက်ရဲ့ သစ္စာစကားကို .. ကိုကို ယုံပေးပါနော်၊ ကိုကို့ကို .. ငွေယုန် .. မျက်စိအောက်ကကို အပျောက်မခံနိုင်အောင် ချစ်မိတာပါ ..။ အဖျိုငယ်ထွေး .. အရွယ်လေးကတည်းကိုက .. ချစ်နေမိခဲ့ရတာပါ ကိုကို ..။



ဘဝဆိုတာ တိုတိုလေးလို့ .. ပြောကြတာပါပဲ ကိုကိုရယ် ..။

ဒါပေမဲ့ .. ငွေယုန့်ဘဝကိုက အရမ်းကို တိုလွန်းခဲ့ပြန်ပါတယ်။

ကံကြမ္မာဆိုတာကြီးကို .. ငွေယန် နာကြည်းလိုက်တာ ကိုကို ..။

နောက်ထပ် ငါးနှစ်လောက်ဖြစ်ဖြစ် .. ငွေယုန့်ဘဝလေးကို .. အသက်လေးကို .. ရှိစေခွင့် နေခွင့်လေးပေးလိုက်မယ်ဆိုရင် .. ငွေယုန် သေပျော်ပါတယ် ..။

ခုတော့လေ .. ငွေယုန် .. ကိုကိုနဲ့ .. မခွဲနိုင်ပဲ ဖြစ်နေတယ် ကိုကို ..။ သေရမှာကို သိနေတဲ့သူတစ်ယောက်ဟာ .. သူ့ရဲ့ အချစ်ကြောင့် .. သူ့ရဲ့ မျှော်လင့်ခြင်းမကမျှော်လင့်ထားမိခဲ့ရတဲ့ အချစ်ကြောင့် .. အသက်ကို ဆွဲဆန့်ယူချင်နေတယ် ..။ ကိုကိုနဲ့ နေခွင့်ရမယ်ဆိုရင် .. ငွေယုန် .. ဘာကိုပဲ ပေးဆက်ရပေးဆက်ရ .. ငွေကြေးဘယ်လောက်ပဲ ပုံပေးရ ပုံပေးရ .. ငွေယုန် .. ပေးလိုက်ရဲပါတယ် ..။ ကျွန်ပဲခံရခံရ .. ခံပါတယ် ..။ သေမင်းဆိုတဲ့ အရှာရဲ့ ရှေ့မှာ ဒူးထောက်ရထောက်ရ ..။ ခြေသလုံးဖက် တောင်းပန်ရ တောင်းပန်ရ ..။ ခယရ .. ခယရ .. ငွေယုန် အားလုံး လုပ်ပါမယ် ..။ ကိုကိုနဲ့ .. နေခွင့်ပေးပါလို့ .. ငွေယုန် တောင်းပန်ပါမယ် ..။ ကိုကို့ကို .. ငွေယုန် .. ချစ်လွန်းလို့ကို .. မခွဲနိုင်တာပါ ကိုကို ..။

www.burmeseclassic.com

www.burmeseclassic.com



သေရမယ့် သူတစ်ယောက်ဟာ .. သေရမှာကို မကြောက် ပေမယ့် .. မကြောက်တော့ပေမယ့် .. ခွဲရမှာ မခွဲနိုင်တဲ့ ချစ်သူကြောင့် .. သေရမှာကို .. ကြောက်နေမိ ပြန်တယ် ..။

ပြင်းထန်ဆိုးဝါးလာနေတဲ့ ဝေဒနာကြောင့် .. ငွေယုန် သေရမှာ မကြောက်ပါ ကိုကို ..။

ဒါပေမဲ့ .. ကိုကိုနဲ့ ဝေးရမှာ .. ခွဲရမှာ .. ကိုကို့ကို ချန်ထားရစ်ခဲ့ရမှာ ငွေယုန် ပိုမခံနိုင်ပါဘူး ကိုကို ..။

ငွေယုန် မရှိရင် .. ကိုကို ခံစားရမှာကို ငွေယုန် သိနေတယ် ကိုကို ..။ ငွေယုန် မရှိရင် .. အစားအသောက် သတိထားပြီး စားပါ ကိုကို ..။ ငွေယုန့်ကို လွမ်းပါ ကိုကို ရယ် ..။ ဒါပေမဲ့ .. ကိုကို့ ဘဝကိုတော့ ရှင်သန်နေရဦး မှာမို့ .. ကိုကို အသက်ရှည်ကျန်းမာအောင်နေပါ ကိုကို ..။ ငွေယုန် မရှိလို့ .. ကိုကို .. အစားမမှန် အအိပ်မမှန်နဲ့ .. အသက်တိုမှာကို .. ငွေယုန် စိုးရိမ်မိပါတယ် ..။ ကိုကို မကျန်းမာမှာကို ငွေယုန် စိုးရိမ်မိပါတယ် ..။ ငွေယုန် မှာချင်တာတွေအားလုံးကို .. ဒီစာရှည်ကြီးထဲမှာ ထည့်ထည့် ရေးနေရတာပါ ..။

ငွေယုန် သိပ်ချစ်တဲ့ စမ်းချောင်းနေရာလေးကို .. ကိုကို သွားနော်။ အဲဒီအခါမှာ .. ငွေယုန်က ဆောက လိုက်လာမှာပေါ့ ..။ ကိုကို့လက်ထဲမှာ ရှိနေတဲ့ အရိုးပြာ အိုးလေးအဖြစ်နဲ့ပေါ့ ကိုကို ..။



ငွေယုန် ခံစားရတဲ့ .. ကင်ဆာဆိုတဲ့ ဝေဒနာကြီး ကို .. မြေမြှုပ်ခံလိုက်ရတဲ့ ငွေယုန်ဆိုတဲ့ ခန္ဓာထဲမှာ .. သေသည်အထိ သယ်ဆောင်မသွားချင်တာမို့ ..။ ငွေယုန့် ကို .. မြေမမြှုပ်ပါနဲ့ ကိုကို ..။ မီးသဂြိုဟ်ပါ ..။ အဲဒီ အနာတွေ ဝေဒနာတွေ .. ငွေယုန့်သက်မဲ့ ခန္ဓာမှာ ရော ထွေးမြှုပ်နှံသယ်ဆောင်သွားရတဲ့ဘဝကိုတော့ .. ငွေယုန် သေသည်ရဲ့ တစ်ဖက်ကမ်းမှာ မခံစားချင်တော့လို့ပါ ..။

ငွေယုန့် အရိုးပြာအိုးကို .. ကိုကို .. ရှမ်းမြေမြင့် ဆီက .. အရမ်းကို လှပအေးချမ်းတဲ့ .. စမ်းချောင်းနေရာ လေးဆီကို သယ်ဆောင်သွားပါ ကိုကို ..။

အေးမြတဲ့ စမ်းရေ ..။ ဖွေးစင်နေတဲ့ စမ်းရေ ..။ ပန်းလေးတွေ မျောနေတတ်တဲ့ စမ်းရေ ..။ ကျောက်စရစ်ခဲ ဝန်းဝန်းချောချောလေးတွေ မြင်စေနိုင်လောက်တဲ့အထိ .. ကြည်လင်နေတဲ့ စမ်းရေမှာ ငွေယုန့်အရိုးပြာအိုးကို မျော ပေးပါ ကိုကို ..။ အေးမြတဲ့ စမ်းရေမှာ ငွေယုန့်အရိုးပြာ လေးတွေကို မျှောပါ ..။ ပြာလေးတွေ ကုန်သွားတဲ့အခါ .. အိုးလေးကိုပါ .. မျှောချလိုက်ပါ ကိုကို ..။ အေးမြတဲ့ စမ်းရေမှာ .. ငွေယုန်လေး .. အေးအေးမြမြ .. ဖြတ်သန်း သွားလိုက်ပါ့မယ် ..။ ဘဝရဲ့ အဆုံးကို .. ဖြစ်တည်စေ လိုက်ပါ့မယ် ..။

လောင်မြိုက်တဲ့ ဝေဒနာဆိုးရဲ့ ဒဏ်ကို ငွေယုန် ခံခဲ့ရလေသမျှ .. ငွေယုန့်ပြာလေးတွေဟာ .. အေးမြခြင်း ဆိုတဲ့ စမ်းရေမှာ .. အဆုံးသတ်စေလိုက်ချင်ပါတယ်ရှင် ..။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ .. ကိုကို လုပ်ပေးနော် ..။ နောင်ဘဝဆိုတာရှိရင် .. ကိုကိုနဲ့ ငွေယုန် ပြန်ပြီး .. ဘဝဖော်အဖြစ် ဖြစ်တည်ရ လိုပါ၏ ကိုကိုရယ် ..။

အဲဒီအခါမှာ .. ကင်ဆာဆိုတဲ့ ရောဂါဆိုးကြီးကို .. အချိန်မီ သိနိုင်ကာကွယ်လိုက်နိုင်တဲ့ ဘဝမျိုးကို .. လူတို့ သိနားလည်အောင်လည်း ငွေယုန် ပညာပေးဟောပြောနိုင်တဲ့ ဆရာဝန်မလေးတစ်ယောက်အဖြစ် ရပ်တည်ချင်ပါတယ် ..။

ရင်သားကင်ဆာ .. ဆိုတာ .. အချိန်မီသိရင် .. အသက်ကို ကယ်တင်နိုင်တယ်တဲ့ ကိုကိုရယ် ..။

အခါနှောင်းလေတဲ့ ကံကြမ္မာကြောင့် .. ကိုကိုနဲ့ ငွေယုန်တို့ ဝေးကြရချိန်မှာ ..။ ငွေယုန့်ကို လွမ်းနေတဲ့ ကိုကို့မျက်ရည်စက်တွေကို .. ငွေယုန် သုတ်ပေးချင်ပေမယ့် ငွေယုန် လက်တံ .. တိုနေပါပေါ့လား ..။

သေခြင်းတရားဆိုတဲ့အရာရဲ့ တစ်ဖက်မှာ ငွေယုန် ရှိနေတာမို့ .. ကိုကို့ မျက်ရည်ကို သုတ်ပေးချင်ပေမယ့် .. ငွေယုန့်လက်လေးတွေ လှမ်းမမီသာတော့ပါဘူး ကိုကို ..။ ကိုကို့ကို .. ငွေယုန် .. သိပ်ချစ်ပါတယ် ..။

သိပ်ချစ်ပါတယ် ကိုကို ..။

မခွဲရစ်ချင်ပေမယ့် .. ခွဲခဲ့ရစဉ်မှာ .. ငွေယုန် ငိုမိပါတယ် ကိုကို ..။

ကျန်ရစ်ခဲ့ပေတော့ ကိုကိုရယ် ..။

နေ့ရစ်ခဲ့ပေတော့ ..။



အချစ်ဆိုတာ .. ကွယ်လွန်သူတစ်ယောက်ကို .. ကျန်ရစ်သူက ချစ်မြဲချစ်နေနိုင်တယ်ဆိုရင် ..။

ခွဲခွာကွယ်လွန်ခဲ့ရသူတစ်ယောက်ကလည်း .. ရှင်သန်ကျန်ရစ်ခဲ့ရသူတစ်ယောက်အပေါ်မှာ .. အချစ်ဆိုတာက တော့ .. တည်မြဲချစ်ဆဲ .. ရှင်သန်နိုင်စွမ်းစေဆဲ .. လို့.. ငွေယုန် .. မှတ်ယူ .. ယုံကြည်ထားလိုက်ပါတော့တယ် ကိုကို ..။

ကိုကို့ ..
ငွေယုန် ...။

သူ အထပ်ထပ် ဖတ်ဖြစ်ခဲ့ပါလေသော စာလေးတစ်စောင် ..။ သြော် .. ငွေယုန့် အိပ်ရာကို ခေါက်သိမ်းတော့မှ .. မွေ့ရာထူကြီး အောက်မှာ .. ခေါင်းရင်းဘက်၌ သူ တွေ့ခဲ့ရပါလေသော စာအိတ်လေးနှင့် အတွင်းမှ .. စာလေးတစ်စောင် ..။ ငွေယုန် ကွယ်လွန်ခဲ့ခြင်းသည် .. သူ့ဘဝမှာ .. ငွေယုန်တစ်ယောက်တည်းသာမဟုတ် .. သူပါ ရော၍ ကွယ်လွန်သွားရသည်သို့ ခံစားရပါ၏။ သူ၏ အချစ်သည် ငွေယုန့်နောက်သို့ တစ်ပါတည်း ပါသွားရကာ .. အထီးကျန်ခြင်းတွေသာ သူ့ထံမှာ ကျန်ရစ်ခဲ့ရသည် သို့ သူ ခံစားနေရ .. သိနေရသည် ..။

သူ .. မျက်ရည်ကျလာပါ၏။ ဘောပန်းဝါဝါလေး မှ ရနံ့ မွှေးထုံထုံလေးတွေက သူ့ထံ တိုးဝင်သည်။

သူ .. ခေါင်းငုံ့ကြည့်မိသည်က ငွေယုန့်ရိုးပြာအိုး လေး ထည့်ထားရာ မြေအိုးလေး ..။ အဝတ်နီစဖြင့် အိုးနှုတ်ခမ်း

www.burmeseclassic.com



မှာ ပိတ်စည်းချည်နှောင်ထားရာ မြေအိုးလေး ..။ သူ့ဘေးမှာ ငွေယုန်သည် .. ဆံပင်လေးတွေ ဖားလျားဝေနေလျက် .. တော်ပန်းဝါလေးတွေကိုပင် ပန်ဆင်ထားရင်းဖြင့် .. ပါးချိုင့်လေး ပေါ်အောင် ပြုံးကာ ထိုင်နေသည်ဟု ခံစားနေရသည်။

"ငွေယုန် .. ကိုကို ချစ်တဲ့ ငွေယုန်လေးရဲ့ ဆန္ဒအားလုံး
ကို .. ကိုကို ဖြည့်စွမ်းဆောင်ရွက်ပေးနေပါတယ်ကွယ် ..
ကလေး .. ကျေနပ်နိုင်ပါစေ .. အေးမြတဲ့ ရေအစုန်မှာ
အေးအေးမြမြ .. ပျော်ဝင်အေးချမ်းနိုင်ပါစေကွယ် .."

သူ တိုးသဲ့သဲ့ ပြောမိရင်းမှ အရိုးပြာအိုးလေးကို ကိုင်မိသည်။ အဝတ်နီစကို မဖွင့်ရက်။ ထိုအဝတ်စကို ဖွင့်ပြီးသည့် နောက်မှာ .. ငွေယုန် အရိုးအသားတို့၏ ဖွဲ့တည်ခဲ့ရာ .. ပြာတို့ ကို .. သူ .. လက်ဖဝါးတွေဖြင့် ထွေးဆုပ်ယူရလိမ့်မည်။

နောက် .. စမ်းချောင်းရေမှာ မျှောချရလိမ့်မည် ..။ နောက် .. နောက် .. ပြာလေးတွေ ကုန်သွားလျှင် ..။ အိုးလေးကို ရေထဲ မျှောလိုက်ရဦးတော့မည် ..။ သူ အထိုအရာတွေကို .. မစွန့်လွှတ်နိုင်သေး ..။ ငွေယုန့်ပြာအိုးလေးကို မစွန့်လွှတ်နိုင်သေး။ ရင်မှာ မြေအိုးလေးကို သူ ပွေ့ထားမိရင်း တစ်ယောက်တည်း မျက်ရည်ကျနေသည်။

ကိုကို ငိုနေပါတယ် ကလေးရယ် ..။ ကလေးကို မခွဲနိုင်တဲ့ ကိုကိုလဲ ငိုနေပါတယ်ကွယ်။ ငွေယုန်က .. ကိုကို့ကို မခွဲနိုင်ဘဲ .. မခွဲချင်ဘဲ ခွဲခဲ့ရသလို ..။ ငွေယုန့်ကို မခွဲနိုင်တဲ့ စိတ်နဲ့ ကျန်ရစ်ခဲ့ရတဲ့ ကိုကိုဟာလဲ .. ငိုနေရတာပါပဲ ..။ ဒီမျက်ရည်စက်တွေဟာ ဘယ်တော့မှ .. အဆုံးသတ်တော့မှာ မဟုတ်ဖူး



ငွေယုန် ..။ ရက်တွေ .. လတွေ .. နှစ်တွေ .. ကြာသည်အထိ ကိုကို့တစ်သက်အထိ .. ဒီမျက်ရည်ဟာ .. ကိုကို့နှလုံးအိမ်ထဲမှာ ရှိနေမှာပါ ..။ တည်မြဲနေမှာပါ ..။

သူ .. မြေအိုးလေးကို ပိုက်၍ ရှိုက်ငိုနေစဉ်ခိုက် .. အုန်းဆီရနံ့သင်းသော ဆံနွယ်တို့ဆီမှ ရနံ့ကို ရသည်သို့ ခံစားရ၏။

တောပန်းပွင့်လေးတွေ၏ ရနံ့ကို ရှူရှိုက်ရသည်သို့ ခံစားရ၏။ လေပြည်နုနုတွင် .. ငွေယုန့် တိုးသဲ့သဲ့ ရယ်သံလေးကို ကြားရသည်သို့ ရှိလင့်၏ ..။

စမ်းရေဆီမှ ကျောက်စရစ်ခဲလေးတွေ .. ရေစီးနှင့် အတူ လူးလိမ့်ပါသွားတာကို ငွေယုန့်ခြေသံ တိုးမျှင်မျှင်ဟု သူ ထင်ချင်၏ ..။

သူ .. တုန်ခါနေသည့် လက်ချောင်းတွေဖြင့် ပြာအိုးကို ဖုံးချည်ထားသည့် အဝတ်နီစကို ဖွင့်သည်။

အဝတ်နီစသည် သူ့လက်ထဲမှ ဘဖျပ်ဖျပ်ခါရင်း လေ၏ တိုက်ခတ်မှုနှင့် အတူပါလာပါ၏။

အကြည့်က တစ်ချက်မျှ အိုးလေးသက်မှာ တန့်နေသည်။

နောက်တော့ .. သူ .. ပြာတစ်ဆုပ်ကို ယူမိရပါ၏။

ရင်သည် .. ကျင်ခနဲ ခံစားရသည် ..။ သွားတော့ ငွေယုန် ..။ ကိုကို့ ငွေယုန်လေး စမ်းရေအေးအေးမှာ မျောပါ ပျော်ဝင်သွားပါလေတော့ ..။ သွားလေတော့။ သူ .. မျက်ရည်ကျ နေရင်း ပြာမှုန့်ပြာမှုန်လေးတွေကို တစ်ဆုပ်ပြီး တစ်ဆုပ် .. ရေအလျဉ်မှာ မျှောနေမိရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ရေစီးမှာ ပြာတန်းလေးက .. လွမ်းစဖွယ် .. ကြေကွဲစဖွယ် .. မျောပါနေသည်။ ဤနေရာလေးမှာ .. ဘယ်သူမှ မရှိ..။ သူပဲ ရှိနေသည်။ ဩော် .. ငွေယုန်လေး ရှိနေပေမည် ..။

ပြာတန်းလေးကို သူ ကြည့်နေရင်းမှ .. အဖြူရောင်ဝတ်စုံလေးဖြင့် .. နုတ်သမီးလေးနှယ် .. ငွေယုန်သည် .. စမ်းရေမှာ .. တေးလေးညည်းရင်း ကူးခပ်နေသည်ဟု ခံစားဖြစ်၏။

မျက်ဝန်းကို သူ စုံမှိတ်ချလိုက်မိရပါ၏။

သူ့လက်ထဲမှာ နောက်ဆုံးသော ပြာတစ်ဆုပ်က ရှိနေသည်။ ပြာကို .. သူ .. စမ်းရေထဲ မျှောမချနိုင်ဘဲ ဖြစ်နေသည်။ ထိုပြာမှုန့်ပြာမှုန်လေးတစ်ဆုပ်ကို .. သူ့လက်ကိုင်ပဝါလေးထဲ ပြန့်ထည့်၍ သယ်သွားချင်နေသည် ..။ သူ .. အားလုံးကို မျှော၍ မရနိုင် ..။ နှလုံးသားက .. ပြာမှုန့်ပြာမှုန်လေးတချို့ကို ယူခဲ့ဖို့ တစာစာ တောင်းပန်နေသည်။ ပူဆာနေသည်။ ခဲခဲယယ ပြောနေသည် ..။

"ဟင့်အင်း .. ဒါ .. ဒါ .. သူ့ဆန္ဒကို .. ငါ လုပ်ပေးရမှာ .. လုပ်ကိုလုပ်ပေးရမှာ .. ငွေယုန်ရယ် .. ကိုကို ပြောတာကို နားထောင်နေပါကွယ် .. ငွေယုန့်ကို ကိုကို .. သိပ်ချစ်တယ် .. ဘယ်တော့မှလဲ .. မမေ့နိုင်စွမ်းဘူး .. အဲဒါ .. ကိုကို့သစ္စာစကားပဲ .. ငွေယုန်ကလွဲလို့ .. ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးတဲ့ ကိုကိုဟာ .. နောက်လဲ .. ဘယ်သူ့ကိုမှ .. ငွေယုန့်နေရာမှာ ရှိမလာစေနိုင်ဘူးဆိုတာ .. ဟောဒီက .. ကိုကို့လက်ထဲမှာ ရှိနေတဲ့ .. ငွေယုန့် ပြာလေးတွေကို ဆုပ်လို့ သစ္စာတိုင်ပြောလိုက်ပါရဲ့ ကလေးရယ် .."



ဟု ပြောနေရင်းမှ သူ ခြိုးချင့်ချလိုက်မိသည်။ ငိုနေရင်း ပြာလေးတွေကို မျှောလိုက်မိရပါ၏။ မျက်ရည်စက်သည် စမ်းရေထက်မှာ ကြွေ၏ ..။

သူ .. ချထားသော တောပန်းလေးတွေကို .. စမ်းရေမှာ ဆက်မျှောနေမိသည်။ နောက်တော့ .. နှင်းဆီပွင့်ရောင်စုံများ ..။

သူ .. နောက်ဆုံး ဖေးကိုင်လိုက်သည်က .. အိမ်လေးတွေ ဆောက်တည်ရပါသော ဖိုင်ဘာတုံးလေးများ ထည့်သိုရာ စက္ကူဘူးလေး ..။ အိမ်လေးကို သူ ကိုယ်တိုင်ပဲ မျက်ရည်စက်လက် ပြန်ဖျက်ခဲ့ရသည်။

စက္ကူဘူးထဲ ပြန်ထည့်ခဲ့ရသည်။

ဩော် .. ခုတော့ .. ထိုဘူးလေးသည် .. သူ့ဘေးမှာ ငြိမ်ငြိမ်သက်သက် ရှိနေပါ၏။

ငွေယုန်သည် .. အမှန်တကယ်နေရမည့် နေရာကျမှ .. အိမ်လေးကို ဆောက်ချင်ပါသည်တဲ့ ..။ ထိုစကားကို သူ ရင်ထဲမှာ စွဲနေသည်လေ ..။

သူ .. အရိုးပြာတွေ မရှိတော့ပြီဖြစ်သည့် မြေအိုးကို ယူသည်။ ဖိုင်ဘာတုံးလေးတွေကို မြေအိုးလေးထဲ ထည့်သည် ..။

နောက်တော့ .. မြေအိုးလေးကို .. စမ်းရေထဲ မျှောချလိုက်မိရပါပြီ ..။

"ငွေယုန်ချစ်တဲ့ အိမ်လေးကို .. စမ်းရေမှာ .. ကိုကို .. မျှောပေးလိုက်တယ် ငွေယုန် ..။ ဖိုင်ဘာတုံးလေးတွေကို .. ကိုကို .. ငွေယုန်နဲ့အတူ ထည့်ပေးလိုက်တယ် ..။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ .. ကိုကို .. ငွေယုန့်ဆီကို ရောက်လာတဲ့အခါ .. အဲဒီအခါ .. ကိုကို .. အိမ်လိုလှလေးတွေ .. ဆောက်ပြပါ့မယ် အချစ်ဆုံးရယ် .."

သူ တိုးဖွဖွပြောနေမိသည်က .. အစွဲအလမ်းကြီးသူ တစ်ယောက်ဆန်နေသည်။

"ခါးတောင်ကလေးဝတ်တော့ .. အလွန်ပင်ယဉ်သော .. မြမြတစ်ကိုယ်လုံး မမုန်းနိုင်ကျွန်တော် .. သီချင်းချရှက်တယ် .. မင်းအလုပျက်မယ် .. ချွေးလေးစိုစို .. ကိုကို သနားသော် .."

သူ့နားစည်တွင်းဆီသို့ .. ငွေယုန့်တေးသံလေး တိုးဝင်လာသည့်သို့ ရှိ၏။

သူသည် .. ငွေယုန့်ကို လွမ်းလျက် .. ငွေယုန်နှင့် ပတ်သက်၍ .. ငွေယုန့်အသံ .. ငွေယုန့်မျက်နှာ .. ငွေယုန့် အပြုံးများဖြင့် .. ယှဉ်တွဲရပ်တည်နေသည့်သူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်ဖြစ်လာနေရချေသည်တကား ..။

သူ .. စမ်းချောင်းဘေးမှာ တစ်ယောက်တည်း ရှိနေဆဲ။ လေပြည်နုသည် .. သူ့နဖူးပြင်ထက်ဆီမှ ဆံမျှင်စတို့ကို .. ခပ်ဖွဖွ တိုက်ခတ်သွားစဉ်ခိုက် .. သူ့မျက်နှာကို ဖေးကိုင်ကာ .. နောက်ဆုံး နမ်းခဲ့ပါသည့် ငွေယုန့်အနမ်းကို ပြန်၍ တမ်းတ ခံစားဖြစ်၏ ..။

ငွေယုန်၏ ဒိုင်ယာရီလေးကို ကုတ်အင်္ကျီအိတ်ကပ်ဆီမှ ထုတ်မိသည်။



သူ့ကို ချစ်ငွေယုန် ရေးခဲ့သော နေ့စဉ်မှတ်တမ်း ..။ သူ့ကို ချစ်နေလေသမျှ ရေးခဲ့ပါလေသော .. အပျိုစင်ငယ်တွေးလေး၏ ရင်ဖွင့်ရေးရာ နေ့စဉ်မှတ်တမ်း ..။ ပြီးတော့ .. ကြေကွဲစွာ ရေးခဲ့လေသော ကဗျာလေး ..။ ကဗျာလေးထက်မှာ .. သူ့အကြည့်က တန့်၏။

စာအုပ်ကို ဖွင့်ထားသည့် သူ့လက်တွေ တုန်ခါနေသည်။ မျက်ရည်စက်သည် .. သူ့လက်ပေါ်သို့ ကြွေ၏ ..။ စာအုပ်ရှိ စာမျက်နှာထက်မှာ ကြွေ၏ ..။

ငွေယုန် ချစ်သော ကျေးငှက်လေးတို့၏ အသံသည် နံနက်ဦးဆီဝယ် .. ဝေစည်၏။ ငွေယုန် ချစ်သော .. နေခြည်နု၏ အလှသည် တောတောင်တို့ဆီဝယ် ခစား၏။ ဪ .. ငွေယုန် ချစ်မြတ်နိုးသော သူတစ်ယောက်၏ ရင်ဝယ်ဖြင့် .. လွမ်းဆွတ် တမ်းတရာ .. ဝေဒနာများနှင့်အတူ .. အထီးကျန်ခြင်း၏ နှိပ်စက်မှုကို .. တစ်ယောက်တည်း .. အလူးအလဲ ခံစားနေရချေသည်ကောလေ ..။

တစ်နေ့မှာ ပွင့်လန်းလာပေလိမ့်
မျှော်လင့်စွာ စောင့်စားမှုတွေနဲ့
နှစ်များစွာကြာညောင်းခဲ့သော်လည်း
လွမ်းစေရာအဖြစ်များသာပဲ
ကြေကွဲကာဝေဒနာများ တွေပြင်
ရင်ထဲမှာခိုကာနားလေသမျှ
နှမ်းလျှော့ပြမဆည် ..။

www.burmeseclassic.com

www.burmeseclassic.com



ပြတ်နိုးမွှာချစ်နေတတ်ပါရဲ့
ကြေကွဲမှာကိုမသိခဲ့ပေသမို့
တစ်နေ့မှာသူ့လက်တွေကမ်းလာလိမ့်မယ်လို့
မှန်းဆကာမျှော်လင့်နေမိခဲ့လေသမျှ
နှမ်းလျှော့ပြေမဆည် ...။

ချစ်စံအိမ်တူတူဆောက်ကာပ
ချစ်ပန်းလှှာတူတူခူးပါလို့
ချစ်စကားတွေတူတူပြောချေမပေါ့
တစ်နောနေ့ညည်းလေနုနုမှာလ
ကန်ရေပြာရွှေကြာရွက်တွေကြားမှာပြင်
ချစ်ခြင်းလှေလှော်ကာခပ်မယ်လို့
မှန်းဆကာမျှော်လင့်နေမိခဲ့လေသမျှ
(ခုတော့ကွယ် ..)
ဪ ..
နှမ်းလျှော့ပြေမဆည် ...။

သူ .. မျက်ဝန်းတွေကို စုံမှိတ်ချလိုက်မိသည် ..။

ငွေယုန့်ကဗျာလေးသည် .. နှလုံးအိမ်မှာ တိုးဝင်၏။

ကိုကို့နှလုံးအိမ်ဟာလည်း .. နှမ်းလျှော့ပြေမဆည်ပဲ ရှိနေရတာပါ ကလေးရယ် .. ဟု တိုးသဲ့စွာ ပြောလိုက်ချင်သည် ..။



သူနှင့် ငွေယုန်သည် ချစ်စံအိမ်ကို တူတူဆောက် ဖြစ်ခဲ့ပါ၏။

ချစ်စကားတွေလည်း တူတူပြောဖြစ်ခဲ့ပါ၏။

ငွေယုန့်အတွေးလှလှလေးထဲကနယ် .. ရွှေကြာရွက် တွေကြားမှာ .. ချစ်ခြင်းလှေကို .. သူ .. ငွေယုန်နှင့်အတူ .. လှော်ခတ်ချင်သည် ..။ ကြာပွင့်ကြာခိုင်လေးတွေကို ခူးပေးချင် သည် ..။

ဪ ..

ဒါပေမဲ့ .. ကုသိုလ်ကြမ္မာ .. မမီစွမ်းသာခဲ့ပါလေ သည်ကော ငွေယုန်ရယ် ..။

ကျန်ရစ်သူ ကိုကို့အတွက် .. ငွေယုန့်ကဗျာအဆုံး ပိုဒ်လေးသည် .. နှမ်းလျှော့ပြေမဆည်နိုင်စွမ်းသူအတွက် .. ရေးခဲ့ လေခြင်းများပေလား .. မောင့် .. ယွန်းငွေယုန်လေးရယ် ..။

ကဗျာလေးကို နောက်တစ်ကျော့ .. အဆုံးပိုဒ်မှာ သူ ဖတ်ဖြစ်စဉ်ခိုက် .. မျက်ရည်စက်သည် .. နှလုံးအိမ်ဆီမှ .. နာကျင်တွန်းထိုးရုန်းကြွလျက် ထွက်လာသည်သို့ရှိ၏ ..။ ရင်သည် နှမ်းလျှော့ပြေမဆည်သည့် ရင်အဖြစ် အထိုးကျန်သူထံမှာ ဖြစ် တည်ချေ၏။ နှလုံးသားသွေးကြောမျှင်တို့ ပြတ်တောက်ကုန်သည်သို့ ရှိချေသည်ကောလေ ..။

ချစ်စံအိမ်တူတူဆောက်ကာပ
ချစ်ပန်းလှှာတူတူခူးပါလို့
ချစ်စကားတွေတူတူပြောချေမပေါ့

www.burmeseclassic.com

www.burmeseclassic.com



တနေ့ နေ့ညဉ်းလေနုနုမှာလ

ကန်ရေပြာ ရွှေကြာရွက်တွေကြားမှာပြင့်

ချစ်ခြင်းလျှော့ကာခတ်မယ်လို့ ..


မှုန်းဆကာမျှော်လင့်နေမိခဲ့လေသမျှ

(ခုတော့ကွယ် ..) ..

ခြော် ..

နွမ်းလျပြေမဆည် ... ။

မျှဝေခဲ့တာမြင်မြောက်ချွန်



မောင်ရှာ

(လှိုင်ကော်)

၁၈-၁-၂၀၀၄။

www.burmeseclassic.com